

ရွှေကြီးနှင့်
ဒိုးမြင်း
ကိုကိုလတ် (ထည်ပြောင်း)

## စာရေးသူ၏ အမှာစာ

ကျွန်တော်သည် ၂၀၀၄ ခုနှစ်၊ မတ်လထုတ် 'လုံမလေးမဂ္ဂဇင်း' တွင် ပါဝင်သော 'တိုက်ငါးတစ်ကောင်၏ ဖြောင့်ချက်'ဝတ္ထုတိုဖြင့် စာပေလောကသို့ စတင်ဝင်ရောက်လာခဲ့သူ ဖြစ်ပါသည်။

၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလထုတ် 'မဟေသီမဂ္ဂဇင်း' တွင် 'လင်းတတစ်ကောင်၏ ဖြောင့်ချက်' မဂ္ဂဇင်းဝတ္ထုရှည် ဖော်ပြခံရပါသည်။

ထို့နောက် 'ရွှေအမြုတေ' မဂ္ဂဇင်း၊ ကလောင်သစ်ကဏ္ဍ၂၀၀၈ခုနှစ်၊ဖေဖော်ဝါရီလတွင် ''ရှက်သွေး'' ဝတ္ထုတိုကိုလည်းကောင်း၊၂၀၀၈ ခုနှစ်၊ မတ်လတွင် 'ချစ်ဇော' ဝတ္ထုတိုကိုလည်းကောင်း၊နှစ်လဆက်တိုက် ရွေးချယ်ဖော်ပြခြင်း ခံခဲ့ရပါသည်။ ထိုသို့'ရွှေအမြုတေ မဂ္ဂဇင်း' ကလောင်သစ်ကဏ္ဍ၌ နှစ်လဆက်တိုက် ဖော်ပြခံခဲ့ရသော ဝတ္ထုတို(၂)ပုဒ်အနက် 'ချစ်ဇော' ဝတ္ထုတိုအား ဆရာတင့်ခိုင်က (၂၄.၃.၂၀၀၈)ရက်နေ့ထုတ် 'အလင်းတန်းဂျာနယ်' အမှတ်-၄၄၉၊ စာမျက်နှာ (၈)တွင် ရွှေအသစ် ဝတ္ထုတိုသုံးသပ်ချက်အဖြစ် ဝေဖန်ပေးခဲ့ရာမှ 'ကိုကိုလတ်(ဆည်မြောင်း)'
ဟူသောကလောင်အမည်အားစာဖတ်ပရိသတ်များကစတင်၍သတိထားမိလာကြပါသည်။

ထို့ကြောင့် 'ကိုကိုလတ်(ဆည်မြောင်း)'ဟူသော ကလောင်သည် 'လုံမလေး' နှင့် 'မဟေသီ' တို့မှ မွေးဖွား ပေးလိုက်ပြီး 'ရွှေအမြုတေ' မှ စာပေစင်မြင့်ပေါ်သို့ တင်ပေးလိုက်သည့် ကလောင်တစ်ချောင်းဖြစ်ပါကြောင်း မိမိ ခံယူထားပါသည်။

နောက်ပိုင်းတွင်ကျွန်တော်သည်'ရန့်သစ်၊'မြဝတီ၊'ချယ်ရီ၊'ကလျာ'သရပါ၊ပန်းအလင်္ကာ၊ ရုပ်ရှင်အမြုတေ၊ပေဖူးလွှာ' စသည့် ရသစုံမဂ္ဂဇင်းများတွင်လည်းကောင်း'မြတ်ပန်းရဂုံ ''ဓမ္မရတနာ၊''လောကပါလ၊''ပါရမီ'စသည့်ဘာသာရေးမဂ္ဂဇင်းများတွင်လည်းကောင်း၊ 'သောင်းပြောင်းထွေလာရယ်စရာမဂ္ဂဇင်း၊''ဟာဒယရယ်စရာမဂ္ဂဇင်း'စသည့် ဟာသမဂ္ဂဇင်းများတွင်လည်းကောင်း၊'မှုခင်းစုံ' လျှို့ဝှက်သည်းဖို မဂ္ဂဇင်းများတွင်လည်းကောင်း၊ 'ဂန္ဓာရီ၊ သူရဋ္ဌ၊ သိဒ္ဓိမိုး၊ ရောင်ပြန်၊ နက္ခတ္တရောင်ခြည်' စသည့် ဂမ္ဘီရမဂ္ဂဇင်း များတွင် လည်းကောင်း ရေးသားခဲ့ရာ ခြောက်နှစ်တာ ကာလအတွင်း ဝတ္ထုတို (၅၀)ကျော်နှင့် ဆောင်းပါး (၅)ပုဒ်ခန့် ရေးသားခဲ့ပါသည်။

ကျွန်တော်သည် ငယ်ရွယ်စဉ်မှစ၍ ယနေ့တိုင် တိရစ္ဆာန်လေးများကို ချစ်ခင်နှစ်သက် တွယ်တာတတ်သူ တစ်ဦးဖြစ်ပါသည်။ ထို့ပြင် ငယ်ရွယ်စဉ်မှစ၍လည်း တိရစ္ဆာန်ပေါင်းစုံကို ဝါသနာအလျောက် မွေးမြူခဲ့ဖူးပါသည်။ ကျွန်တော် မွေးမြူခဲ့ဖူးသော တိရစ္ဆာန်များမှာ

ခွေး၊
ကြောင်၊
မန်ဒါလီ၊
တိုက်ငါး၊
ငုံး၊
ဆိတ်၊
မွေးမြူရေးကြက်များ၊
နွား၊

ရှဉ့်၊
ဒီးဒုတ်၊
ဘဲ၊
ဝက်၊
တိုက်ကြက်၊
မျောက်၊
ကြက်တူရွေး၊
ဘဲငန်းကြီးများနှင့်
ရွှေငါးအမျိုးမျိုး တို့ဖြစ်ပါသည်။

ထိုသို့ တိရစ္ဆာန် အမျိုးမျိုးကို မွေးမြူခဲ့ဖူးသဖြင့် ၎င်းသတ္တဝါလေးများ၏ ဓလေ့စရိုက် များကို အနီးကပ်မြင်တွေ့လေ့လာခဲ့ဖူးပါသည်။ ထိုသို့ လေ့လာခဲ့ဖူး မှုများကြောင့်လည်း ကျွန်တော်၏ ဝတ္ထုများတွင် ပါဝင်သော သတ္တဝါ လေးများ၏အကြောင်းကို ရေးသားရာ၌ ၎င်းတို့၏ ဓလေ့စရိုက်များကို ပီပြင်စွာ အသေးစိတ် ရေးသားနိုင်ခဲ့ပါသည်။ ထို့ကြောင့် အထက် ဖော်ပြပါ မဂ္ဂဇင်းအသီးသီးတွင် ဖော်ပြခြင်းခံရပြီးသည့် ဝတ္ထုတိုများ အနက်မှ ကျွန်တော် ကြိုက်နှစ်သက်သည့် တိရစ္ဆာန်လေးများ အကြောင်း ရေးသားထားသော ဝတ္ထုတိုများကို သီးသန့်စုစည်း၍ ကျွန်တော်၏ ပထမခြေလှမ်းအဖြစ် ဤဝတ္ထုတိုပေါင်းချုပ်ကို ထုတ်ဝေ လိုက်ခြင်းဖြစ်ပါသည်။

ဤစာအုပ်နှင့်ပတ်သက်၍ ကျွန်တော်ပြောလိုသည့် အချက် (၂)ချက် ရှိပါသည်။
နံပါတ်(၁)အချက် အနေဖြင့် တင်ပြလိုသည်မှာ ကျွန်တော်သည် စိတ်ကူးယဉ်ဇာတ်လမ်းများကို မရေးဖွဲ့တတ်ပါ။ မိမိကိုယ်တိုင် တွေ့ကြုံခံစားခဲ့ဖူးသည့် တကယ့်ဖြစ်ရပ်မှန်များကိုသာ ရေးသားတတ်သူတစ်ဦး ဖြစ်ပါသည်။ ထို့ကြောင့် ယနေ့ ကျွန်တော် ရေးသားပြီးသမျှ ဝတ္ထုတိုများအားလုံးသည် ပြင်ပလောကတွင် အမှန်တကယ် ဖြစ်ပျက်ခဲ့ပြီးသော ဖြစ်ရပ်မှန် ဇာတ်လမ်းများ ချည်းသာဖြစ်ပါကြောင်း ပထမအချက်အနေဖြင့် ပြောကြားလိုပါသည်။

နံပါတ်(၂)အချက်အနေဖြင့် ၎င်းဖြစ်ရပ်မှန် ဇာတ်လမ်းများတွင်မှ စာရေးသူ ကျွန်တော်ကိုယ်တိုင် ၎င်းဇာတ်လမ်းတွင်တစ်ထောင့်တစ်နေရာမှ ပါဝင်ခဲ့သော ဝတ္ထုတိုများမှာ ၇၅%ခန့်ရှိပါသည်။

ဥပမာအနေဖြင့် ပြောရလျှင် ယခုဝတ္ထုတိုပေါင်းချုပ်တွင် ပါဝင်သော ဝတ္ထု (၁၁)ပုဒ်အနက် 'တိမ်စင်တဲ့ညနှင့် လင်းတတစ်ကောင်၏ ဖြောင့်ချက်' ဝတ္ထုတို (၂)ပုဒ်တွင်သာ စာရေးသူ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ပတ်သက်ခြင်းမရှိခဲ့သော်လည်း ပြင်ပ လောကတွင် ကိုယ်တွေ့ လုပ်ကိုင်စားသောက် ကြုံတွေ့ခဲ့သူများ၏
ဖြစ်ရပ်မှန်များဖြစ်ပါသည်။ ကျန်ဝတ္ထုတို (၉)ပုဒ်တွင် စာရေးသူသည် ဝတ္ထုတစ်ပုဒ်လုံးတွင်သော်လည်းကောင်း၊ တစ်ထောင့်တစ်နေရာမှ သော်လည်းကောင်း မိမိကိုယ်တိုင် ပါဝင်ပြီး ကိုယ်တွေ့ကြုံခဲ့ရသည့် မိမိ၏ ဖြစ်ရပ်မှန် အတွေ့အကြုံများကိုသာ ရေးသားထားခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဤဝတ္ထုတိုပေါင်းချုပ်တွင် ပါဝင်သောဝတ္ထုတိုများ အားလုံးသည် ပြင်ပလောကတွင် အမှန်တကယ် ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်မှန်များချည်းသာ ဖြစ်ပါကြောင်း စာရေးသူအနေဖြင့်ဝန်ခံကတိပြုပါသည်။

နိဂုံးချုပ်အနေဖြင့် ကျွန်တော် အထူးတင်ပြလိုသည်မှာ ယနေ့ ရသစာပေလိုင်းတွင် လူ့သဘာဝ၊ လူ့စရိုက်၊ လူ့လောကအကြောင်း အရာများချည်းသာ ရေးသားထားသည့် ဝတ္ထုတိုများက ယနေ့ မြန်မာ့ဝတ္ထုတိုလောကတွင် 'ပထမ' အများဆုံးအနေဖြင့် လွှမ်းမိုးလျက်ရှိပြီး တိရစ္ဆာန်များအား အမဲလိုက်သည့် တောလိုက်ဝတ္ထုတိုများက 'ဒုတိယ' နေရာမှ လွှမ်းမိုးလျက် ရှိနေပါသည်။ ထို့ကြောင့်

ကျွန်တော့်အနေဖြင့် အထက်ဖော်ပြပါ မြန်မာ့ဝတ္ထုတိုလောက၏ အစဉ်အလာလိုင်းများမှ ဖောက်ထွက်ကာ မိမိတို့ အနီးပတ်ဝန်းကျင်ရှိ သတ္တဝါငယ်လေးများအား လူအများမှ သတိထား၊ စိတ်ဝင်စားလာပြီး အကြင်နာတရားများ ပေးလာစေလိုသော ရည်ရွယ်ချက်ဖြင့် ကျွန်တော်၏ ငယ်ရွယ်စဉ်က ကျူးလွန်ခဲ့သော အကုသိုလ် ကိုယ်တွေ့ အမှားအချို့အား ဝန်ခံဖော်ပြကာ ရေးသားထားခြင်း ဖြစ်ပါသည်။ ကျွန်တော်၏ ဝတ္ထုတိုလေးများအား ဖတ်ရှုပြီးနောက် စာဖတ်သူ အနေဖြင့် မိမိပတ်ဝန်းကျင်ရှိ တိရစ္ဆာန်လေးများအပေါ် ကြင်နာသနားစိတ် အနည်းငယ် ဖြစ်ပေါ်လာလျှင်ပင် ဤဝတ္ထုတိုစုအား ကျွန်တော် ရေးရကျိုးနပ်ပြီဟု ခံယူမိပါသည်။

ဤဝတ္ထုတိုပေါင်းချုပ် ထွက်ရှိရေးအတွက် အဖက်ဖက်မှ အကြံဉာဏ်များ ပေးကြသည့် မန္တလေးမှ စာရေးဆရာ စိုးဘားဒိုင်နှင့် မကွေးမှ စာရေးဆရာများအပြင် အခြား ကျေးဇူးတင်ထိုက်သူများ အားလုံးအား ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါ သည်။

ကိုကိုလတ် (ဆည်မြောင်း)

၂၈.၄.၂၀၁၁ (ကြာသပတေးနေ့)

## ဆရာတင့်ခိုင်၏ အမှာစာ

ကိုကိုလတ်၏ ဝတ္ထုစုစည်းမှုအပေါ် ကျွန်တော်၏ သဘောထားအမြင်

(၁) ကိုကိုလတ်(ဆည်မြောင်း)ကို သတိထားမိသည်မှာ ရွှေအသစ် ဝတ္ထုတိုတစ်ပုဒ်ဖြစ်သော 'ချစ်ဇော' ကို ဖတ်မိစဉ်က ဖြစ်သည်။ တိုက်ကြက်ဖတစ်ကောင်၏ ဘဝဖြစ်စဉ်ကို အစီအစဉ်တကျ ခင်းကျင်းပြသနိုင်ခဲ့သည့်အပြင် ကြက်ပွဲတစ်ပွဲ၏ အစဉ်အလာ၊ အခေါ်အဝေါ်၊ အသုံးအနှုန်းများကိုပါ စာဖတ်သူ သိရှိနားလည်သွားစေရန် ဝတ္ထုထဲ၌ သိုသိုသိပ်သိပ် ထည့်သွင်းရေးသားနိုင်ခဲ့၍ ဖြစ်ပါသည်။

ဝတ္ထုထဲ၌ 'သုတ' ကို ထည့်သွင်းရေးဖွဲ့ရသော အလုပ်သည် ထင်သလောက် မလွယ်ကူပါ။ ဝတ္ထုအတတ်ပညာ ကျွမ်းဝင်လိမ္မာ သူများသာ ရေးဖွဲ့နိုင်စွမ်းရှိပါသည်။ သို့ဆိုပါလျှင် ကိုကိုလတ်ကို ဝတ္ထုအတတ်ပညာ ကျွမ်းကျင်လိမ္မာသူဟု ဆိုရချေတော့မည်။ သို့ရာတွင် ကျွန်တော်ကမူ ကိုကိုလတ်အပေါ် ထိုသို့ ကောက်ချက်
မဆွဲရဲသေးပါ။ အဘယ့်ကြောင့်နည်း။ ကိုကိုလတ်သည် စာဖတ်သူအပေါ် 'စေတနာ' ထားသည်။ သူသိထားသမျှတို့ကို စာဖတ်သူအား မျှဝေလိုသည်။ ဝတ္ထုနှင့် မပတ်သက်သော 'သုတ' များကို စာဖတ်သူအား ဖြန့်ဝေလိုသော ဆန္ဒဖြင့် သူ့ဝတ္ထုများတွင် ထည့်ရေးလာတတ်သည်။ ထိုအခါ ဝတ္ထု၏ စီးဆင်းမှုအလျဉ်သည် တစ်ခါတစ်ခါ ပြတ်တောက်သွားသည် မျိုးလည်း ရှိတတ်ပါသည်။

(၂) သူ့ဝတ္ထုများ၏ ထူးခြားချက်မှာ ပဓါန ဇာတ်ကောင်များသည် အားလုံး တိရစ္ဆာန်များချည်း ဖြစ်နေခြင်းပင် ဖြစ်သည်။ ကိုကိုလတ် သည် တိရစ္ဆာန်များ၏ ပေါက်ဖွားကြီးပြင်းပုံ၊ ဘဝဖြစ်စဉ်တို့ကို စနစ်တကျ လေ့လာရှုမှတ်ထားသည်သာမက၊ ဓလေ့အထုံစရိုက် လက္ခဏာများကိုပါ စူးစူးနစ်နစ် လေ့လာထားသူဖြစ်သည်။ သူ့ဝတ္ထုများကို ကြည့်ပါ။ တိရစ္ဆာန်များကို ဇာတ်ကောင်လုပ် ရေးဖွဲ့ထားသည် မှန်သော်လည်း သူ့ဝတ္ထုကို ဖတ်လိုက်ရသောအခါ တိရစ္ဆာန်တို့၏ အမူအကျင့်၊ စရိုက်လက္ခဏာများအပြင် လူ့သဘာဝ စရိုက်များကိုလည်း တိရစ္ဆာန် များနှင့် ချိတ်ဆက် ရေးသားထားသည်ကို တွေ့ရမည်ဖြစ်ပါသည်။
ဤသည်မှာ မြန်မာစာပေလောက၌ ရှားပါးသော အရေးအဖွဲ့မျိုး ဖြစ်ပါသည်။

(၃) ကိုကိုလတ်တွင် ဟာသဓါတ်ခံရှိသည်။ သူ့ဝတ္ထုများကို ဖတ်ရသည့်အခါ အမှတ်မထင် ရယ်စရာ၊ ပြုံးစရာလေးများကို တွေ့ရှိရမည်။ သူသည် သူ့ဝတ္ထုများကို ဟာသနနလေးများဖြင့် ရက်ဖောက် ရေးဖွဲ့ထားသည်။ ကိုကိုလတ်သည် တစ်ခါတစ်ရံ လေရှည်တတ်သည်။ သို့ရာတွင် သူ့လေရှည်မှုကို စာဖတ်သူ မသိရလေအောင် ဖုံးကွယ်နိုင်စွမ်းရှိသည်။ အထူးသဖြင့် စဉ်ဆက်ညီညွတ်မှု မပျက်သဖြင့် သူ့လေရှည်ခြင်းကို စာဖတ်သူ မငြီးငြင်ပါ။ သည့်အပြင် ကိုကိုလတ်သည် စာဖတ်သူ စိတ်မပြောင်းခင်၊ စိတ်မညောင်းခင် သူ၏ဝတ္ထုများကို အဆုံးသတ်နိုင်ခဲ့ပါသည်။ သည့်အတွက်မူ သူ့ကို ချီးကျူးရမည်ဖြစ်ပါသည်။

(၄) နိဂုံးချုပ်ဆိုပါမည်။
သူသည် ကလောင်နသူတစ်ဦးဖြစ်သော်လည်း ဝတ္ထုသဘောကို သိသူဖြစ်သည်။ သူ့ဝတ္ထုများသည် အကိုင်အတွယ်၊ အထိန်းအချုပ် ခက်ခဲသော တိရစ္ဆာန်များကို ဇာတ်ကောင်ပြု ရေးဖွဲ့ထားပါ၏။ သို့ပါလျက်နှင့် သူသည် ယုတ္တိစဉ် မပျက်အောင် ရေးဖွဲ့နိုင်သည်။ စဉ်ဆက် ညီညွတ်မှုကိုလည်း သတိထား ရေးဖွဲ့သည်။ အထူးသဖြင့် တိရစ္ဆာန်များ၏ ခံစားမှုကို ကိုယ်တိုင်ရယူခံစား ရေးဖွဲ့နိုင်သည်။

ထိုအခါ သူ့ဝတ္ထုများသည် တိရစ္ဆာန်များအကြောင်း ရေးဖွဲ့ထားသည်မှာ မှန်သော်လည်း

ဖတ်နေရသူအဖို့ကမူ လူ့သဘာဝ အဖွဲ့ကဲ့သို့ပင် ခံစားနေရပြန်သည်။ မည်သို့ပင်ဖြစ်စေ ကိုကိုလတ် (ဆည်မြောင်း)၏ ဝတ္ထုများသည် မြန်မာ့ဝတ္ထုတိုသမိုင်းတွင် တစ်မျိုးတစ်ဖုံ ဆန်းသစ် နေသော ရှားပါးဝတ္ထုများ ဖြစ်ပါသည်။

တင့်နိုင်
၂၆.၁၀.၂၀၁၀

စာရေးဆရာကြီး (ဦး) ဖိုးကျော့၏ အမှာစာ

စာရေးဆရာတစ်ယောက်၏ စာအုပ်တစ်အုပ်အတွက် အမှာစာဆိုတာကို ရေးပေးရမှာ ကျွန်တော် အင်မတန် ဝန်လေးတတ်သည်။ အကြောင်းမှာ ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ မည်သူ့စာအုပ်အတွက်မှ အမှာစာဆိုတာကို မရေးချင်ပါ။ အကြောင်းမှာ စာဖတ်သူအား အဆိုးအကောင်း၊ အကျိုးအကြောင်းကို ကြိုတင်ပြီး အသိပေး ဆရာလုပ်သလိုဖြစ်နေမှာစိုး၍ ဖြစ်ပါသည်။ ဆိုလိုသည်မှာ စာဖတ်သူများသည် ထိုစာရေးဆရာ၏ စာအုပ်ကို ဖတ်ပြီးလျှင် အဆိုးအကောင်း အကျိုးအကြောင်းကို သူ့ဆန္ဒ သူသဘောအတိုင်း ဆုံးဖြတ်ခွင့်ရှိ၍ ဖြစ်ပါသည်။

တစ်ခြားစာရေးဆရာများ၏ စာအုပ်ကိုသာမဟုတ်။ မိမိစာအုပ်မှာလည်း အမှာစာဆိုတာ ရေးခဲလှသည်။ မိမိ ပထမဦးဆုံးထုတ်ဝေခဲ့သော "မြေဆီမဲမဲ သွေးရဲရဲ" တွင် ထုတ်ဝေသူက မိမိကိုပထမဦးဆုံး လုံးချင်းမို့ အမှာစာရေးပေးရန် အကြိမ်ကြိမ်ပြောသည်။ သူဘယ်လောက်ပြောပြော မိမိက ရေးမပေးခဲ့။ ထိုအခါ ထုတ်ဝေသူ သည် မိမိ၏ ဝတ္ထု (မဂ္ဂဇင်းများထဲက) ကို ချီးကျူးရေးသားဖူးကြသော စာရေးဆရာကြီး နှစ်ယောက် သုံးယောက်စီသွား၍ အမှာစာ တောင်းသည်။ ထိုစာရေးဆရာကြီးများက သူက စာရေးဆရာဖြစ်နေပြီပဲအမှာစာ မလိုပါဘူးဟု ပြောပြီး တစ်ယောက်မှ ရေးမပေးလိုက်ကြ။ ထိုအခါ ထုတ်ဝေသူခမျာ သူ့ဖာသာသူ ကျွန်တော့စာအုပ်မှာ အမှာစာရေးတော့သည်။

ယခု ဆရာကိုကိုလတ်(ဆည်မြောင်း)၏ "ရွှေကြိုးနဲ့ ဒုံးမြင်းအပါအဝင် မဂ္ဂဇင်းဝတ္ထုတိုများ" မှာလည်း မဂ္ဂဇင်းကြီးများတွင်ပါပြီးသား သူ့စာ၊ သူ့ဝတ္ထုတွေကို မဂ္ဂဇင်းများတွင် ချီးကျူးရေးသား ဝေဖန်ထားကြပြီးသားဖြစ်ရာ သူ့စာ၊ သူ့ဝတ္ထုကို အထူးပင် အမှာစာရေးရန် မလိုတော့ဟု ထင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် သူသည် မြန်မာ့စာပေလောကတွင် ရှိသင့်ရှိထိုက်သော (စာ) ဝတ္ထုတွေကို မဂ္ဂဇင်းကြီးများတွင် ရေးသားတင်ပြထားပြီးသော ကြောင့်ဖြစ်သည်။

မဂ္ဂဇင်းဆိုသည်မှာ တစ်နိုင်ငံလုံးက ရောက်လာသမျှသော စာမူများထဲတွင် စာကောင်း၊ စာမွန်များကို ရွေးချယ်ရသည်မှာကျောက်ခဲ သလဲတွေကြားထဲ စိန်ရွှေရတနာတွေကို ရှာဖွေရသလို ရှာဖွေ၍ အယ်ဒီတာကောင်းများက ထည့်သွင်းဖော်ပြတတ်ကြရာ ဆရာကိုကိုလတ်(ဆည်မြောင်း)၏ စာမှာ အဆင့်အတန်းရှိ၍ တစ်နည်းပြောရလျှင် သူ့ကလောင်သည် မိုင်ပေါင်းကုဋေထိ သူ့နည်း သူ့ဟန် သူ့အကြောင်းအရာနှင့် ချီတက်သွားနိုင်လေပြီ ဟူသောယုံကြည်စိတ်ချမှုနှင့် ထည့်သွင်းဖော်ပြ နေရာပေးထားကြပြီးဖြစ်သည်။

ဆရာကိုကိုလတ် (ဆည်မြောင်း)က ကျွန်တော့်အား အမှာစာ ရေးပေးရန် ပြောခြင်းမှာ သူသည်လည်း ကျွန်တော့်လိုပင် တိရစ္ဆာန်လေးများအကြောင်း ရေးသားထားသော ဝတ္ထုများဖြစ်၍ ရေးခိုင်းခြင်းဟု သဘောရသည်။ သို့သော် ကျွန်တော်ကမူ ဆင်အကြောင်း၊ ကျားအကြောင်း၊ မိကျောင်း၊ ဝက်ဝံ၊ တောင်နဂါး စသည့် အကောင်ကြီးများ အကြောင်းကိုရေးသည်။

ကိုကိုလတ်(ဆည်မြောင်း)ကမူ ကျွန်တော် မသိသော မကြားဖူးသေးသော တိုက်ငါး၊ ငါးရှဉ့်၊ ဗီလား၊ ခွေး၊ ကြက်၊ ရှဉ့်ပေါ၊ ငါးဖယ်မ၊ မြွေ စသည့် တိရစ္ဆာန် ဇာတ်ကောင် များဖြင့် ဖွဲ့စည်းရေးသားထားရာ ဝိစရာ၊ ရယ်စရာ၊ အသောအလွမ်းတို့က စုံလှသည်။ သူ ဤသို့ ရေးနိုင်သည်ကိုလည်း ချီးကျူးမိသည်။ ကျွန်တော်ကမူ လူတွေ ကမ္ဘာဦးကပင် ပြိုင်ဘက်၊ သတ်ဖက်၊ နယ်လုဖက်တို့ကြောင့် စိတ်ဝင်တစား ရှိကြသော ဆင်ကျားတို့ကို
ရေးသား၍ နာမည်ယူလာသည်။

ကိုကိုလတ်(ဆည်မြောင်း)ကမူသေးငယ်သော အကောင်လေး၊ အကောင်ငယ်များကိုသာ လူတွေစိတ်ဝင်စားအောင်၊ ဖတ်ချင်စဖွယ်ဖြစ်အောင် ရေးသည်။ ထို့ကြောင့်လည်း သူ့ဝတ္ထုများကိုဖတ်ပြီး ရေးရေးက ဆရာ ဆရာကြီးများ မိန့်မှာခဲ့သော စကားတစ်ခုကို သွားသတိရမိသည်။ အလောင်းစည်သူအကြောင်းကို လူစိတ်ဝင်စားအောင်၊ စာအုပ် တစ်အုပ်ဖြစ်လာအောင် ရေးနိုင်သူသည် ချီးကျူးစရာမဟုတ်ပေ။ ''ဆီမီးခွက်လေးတစ်လုံးကို လူစိတ်ဝင်စားအောင်၊ စာတစ်ပုဒ်ဖြစ်လာအောင် ရေးနိုင်သူသာ စာရေးကောင်းသူ၊ တော်သူဖြစ်သည်ဆို၏။

ဆရာကြီးတွေ၏ အဆိုအမိန့်ကို ကြည့်ခြင်းအားဖြင့် ကိုကိုလတ်(ဆည်မြောင်း)၏ 'ရွှေကြိုးနဲ့ ဒုံးမြင်း အပါအဝင် မဂ္ဂဇင်းဝတ္ထုတိုများ'ကို ဖတ်ကြည့်ကြသောအားဖြင့် ကိုကိုလတ် (ဆည်မြောင်း) အား ချီးကျူး အားရ နှစ်သက်ကြလိမ့်မည်ဟု ထင်ပါကြောင်း။
ဖို့ကျော့
(၁၀.၁.၂၀၁၁)

# ရုက်သွေး

## ကိုကိုလတ် (ဆည်မြောင်း)

### အခန်း (၁)

တပေါင်းလပြည့်ဖြစ်လို့ဧရာဝတီမြစ်ရဲ့ညအလှဟာသာယာနေပါတယ်။ဖြူလွလွသဲသောင်ဖွေးဖွေးလေးတွေဆီကိုတလိမ့်လိမ့်ချဉ်းကပ်လာတဲ့လှိုင်းကြက်ခွပ်လေးတွေရဲ့စည်းချက်ညီညီ ရိုက်ခတ်သံလေးတွေဟာ နားဝင်ပီယံ ရှိလှပါတယ်။ ဝိုင်းစက်ပြီး အေးမြတဲ့ အလင်းရောင်တွေ ထုတ်လွှတ်ပေးနေတဲ့ ငွေလမင်းကြီးရဲ့ သာယာပုံကို နောက်ခံထားပြီး တချက်တချက် 'ထ' 'ထ' ပြန်သွားတဲ့ မြေဝပ်ငှက်တွေရဲ့ ပျံသန်းမှုတွေကလည်း ကြည်နူးဖွယ်ရာ တပေါင်းလပြည့်ညရဲ့အလှကို ပိုပြီးသက်ဝင်လှုပ်ရှားစေပါတယ်။

အေးမြတဲ့ ဧရာဝတီမြစ်ရေပြင်ကို ရှပ်တိုက်လာတဲ့ လေပြေလေညင်းလေးတွေကြောင့်ကျုပ်တို့ ညီအစ်ကိုသုံးကောင် မောရပန်းရမှန်းမသိဘဲ ခရီးရှည်ကြီးကိုချီတက်လာနိုင်ခဲ့ခြင်းဖြစ်ပါတယ်။

သံဘိုကျွန်းရွာက ဝါးလှောင်အိမ်ထဲမှာ သုံးရက်လောက် အလှောင်ခံထားရတဲ့ ကျုပ်တို့ညီအစ်ကို သုံးကောင် လှောင်အိမ်ကို ကိုက်ဖြတ်ပြီး ည ၈ နာရီလောက်ကနေ ထွက်ပြေးလာခဲ့ကြတာ သောင်ပြင်တွေနဲ့ ရေတိမ်တိမ် ချောင်းကော၊ မြောင်းကောလေးတွေကို ကျော်ဖြတ်ရင်း ည ၁၂ နာရီလောက်မှာ ဧရာဝတီမြစ်မကြီးရဲ့ ရေအနက်ဆုံးဖြစ်တဲ့ ဂေါ်ဝိန်ဆိပ်ကမ်းတစ်ဘက်က သောင်ပြင်ပေါ်ကို ရောက်လာခဲ့ကြပြီး မြစ်မကြီးကို ဖြတ်မကူးခင် အဲဒီသောင်ပြင်ပေါ်မှာပဲ အားမွေးတဲ့အနေနဲ့ ခဏအနားယူလိုက်ကြပါတယ်။

အနားယူပြီးတဲ့နောက် တဘက်ကမ်းကို ဖြတ်ကူးဖို့ ရေထဲအဆင်းလိုက်မှာ အေးစက်နေတဲ့ မြစ်ရေရဲ့အထိအတွေ့ကြောင့် ကျုပ်တို့ရဲ့ အိပ်ချင်မူးတူးဖြစ်နေတဲ့ မျက်လုံးတွေ ပြူးကျယ်လာပါတယ်။ ရေနက်ပိုင်းကို ဖြတ်ကူးရတာဖြစ်လို့ ကျုပ်တို့ သုံးကောင်စလုံးသတိဝီရိယနဲ့ ကူးခဲ့ရတယ်။

၁၅မိနစ်လောက် မြစ်ကိုဖြတ်ကူးအပြီးမှာဂေါ်ဝိန်ဆိပ်ကမ်းဘက်ကို ရောက်လာခဲ့ပြီး အိပ်စက်အနားယူဖို့ နေရာကိုတော့ကုက္ကိုပင်ကြီးတစ်ပင်ရဲ့အောက်မှာ ရွေးချယ်လိုက်ကြပါတယ်။ ကုက္ကိုပင်ကြီးရဲ့အောက်မှာ ကျုပ်ရဲ့အစ်ကိုနှစ်ကောင်စလုံးမောမောနဲ့ တရှူးရှူးအိပ်ပျော်သွားကြပေမယ့် ကျုပ်မှာတော့ အိပ်လို့မပျော်နိုင်ဘဲ နဖူးပေါ်လက်တင်ပြီး ကောင်းကင်ကိုမော့ကြည့်ရင်း တပေါင်းလပြည့်နေ့ညမှာ ထိန်ထိန်သာနေတဲ့ဖိုးလမင်းကြီးရဲ့အလှကိုရောချစ်စရာကောင်းတဲ့ငွေကြယ်ပွင့်လေးတွေရဲ့အလှတွေကိုပါ မခံစားနိုင်ဘဲ အတွေးနယ်ချဲ့နေမိပါတော့တယ်။

အခန်း (၂)

"ခွပ်...ခွပ်...ခွပ်...ခွပ်..."
ဆိုတဲ့ မြင်းခွာသံလေးတွေရဲ့ ပြေးလွှားသံတွေနဲ့အတူ မြင်းလှည်းပေါ်မှာ ဂုန်နီအိတ်ထဲ ထည့်ပြီးအထုပ်ခံထားရတဲ့ကျုပ်တို့ညီအစ်ကိုသုံးကောင်အသက်ရှူရတာမွန်းကျပ်လာလို့ ဂုန်နီအိတ်ကို သွားနဲ့ကိုက်ပြီး ခွဲပစ်လိုက်ရတယ်။

အိတ်ကခိုင်နေလို့ ကွဲထွက်မသွားပေမယ့် 'သွား'ရာအပေါက်လေးတွေဖြစ်သွားတော့ အသက်ရှူရတာ နဲနဲချောင်လာပြီး နေသာထိုင်သာရှိလာပါတယ်။ မကြာခင်မှာဘဲ မြင်းလှည်းဟာ မြစ်ဆိပ်ကမ်းတစ်ခုမှာရပ်လိုက်ပါတယ်။ သူတို့ပြောဆိုနေသံအရ ထင်းဝင်းဆိပ်ကမ်းလို့သိလိုက်ရတယ်။မြင်းလှည်းပေါ်ကကျုပ်တို့ညီအစ်ကိုသုံးကောင်ကိုကျုပ်တို့သခင်ေ ကာင်လေးက ထမ်းယူလာပြီး သမ္ဗန်ပေါ် တင်ပေးရင်း...

"ဦးလေးကြီး ! ဒီတစ်ခါတော့ သူတို့ကို သေချာလှောင်ထားဗျာ။ ကျွန်တော်တို့အိမ်အပြန်လမ်းကို ဒီတစ်ခါ မမှတ်မိအောင်လို့သုံးကောင်စလုံးကို ဂုန်နီအိတ်ထဲထည့်ထုပ်ပြီး သူတို့ မျက်စိလည်သွားအောင်လို့ မြင်းလှည်းနဲ့ မန္တလေးတောင်ကို တစ်ပတ်ပတ်မောင်းခဲ့ပြီးမှ ဒီ ဆိပ်ကမ်းကိုမောင်းလာတာ။ ဒီတစ်ခါတော့ ဒီကောင်တွေ အိမ်အပြန်လမ်းကို မမှတ်မိလောက်တော့ပါဘူး၊ စိတ်ချရပါပြီ။ ဦးလေးကြီးဆီမှာ သေချာမွေးပေါ့ဗျာ"

လို့ ပြောသံကြားလိုက်ရတယ်။

သွားပြီ။ရွှေတောင်ကြီး ပြုံပြီဗျ၊ ရွှေတောင်ကြီး ပြုံပြီ။

ထိပ်ချမှ ဓားပြမှန်းသိရတော့တယ်။ ကျုပ်သခင်ပါးစပ်ကဒီလိုစကားတွေ ထွက်လာလိမ့်မယ်လို့ ကျုပ်ဘယ်တုန်းကမှ မျှော်လင့်မထားခဲ့ဘူး။ မနေ့ကလည်း ကျုပ်သခင်အဘိုးရဲ့ တပည့်ဆိုတဲ့လူပဲကျုပ်တို့သုံးကောင်ကို ကြက်ခြင်းကြီးထဲထည့်ပြီး မြင်းလှည်းပေါ်တင်ခေါ်သွားတာ၊ ပြီးတော့ သံဘိုကျွန်းဘက်ကို သမ္ဗန်နဲ့ကူးခဲ့တယ်။

မနေ့က ကျုပ်တို့ကို အဘိုးကြီးတပည့်ဆိုတဲ့ လူကြီးဖမ်းတော့ ကျုပ်တို့က ဘယ်အလွယ်တကူ အဖမ်းခံလိမ့်မတုန်း၊ ပြန်ကိုက်တာပေါ့။ ဒါပေမယ့် ကျုပ်တို့အရွယ်က နို့ခွဲအရွယ်သာသာလောက်ဆိုတော့ အင်အားချင်းမမျှလို့ စိတ်လျှော့လိုက်ရတာပေါ့ဗျာ။ ဒါတောင် ဟိုပြေး ဒီပြေးလုပ်လိုက်တာ အဲဒီလူကြီး ကျုပ်တို့က ိုဖမ်းရတာ လျှာထွက်မတတ်ကိုဖြစ်နေပြီ။ နောက်ဆုံးတော့ ကျုပ်တို့ ညီအစ်ကိုသုံးကောင် အဲဒီလူကြီးနဲ့ပါသွားပြီး သံဘိုကျွန်းရွာကို ရောက်ခဲ့ပါတယ်။

အဲဒီရွာရောက်တော့ ကျုပ်တို့ကို ဝါးလှောင်အိမ်တစ်ခုထဲထည့်ပြီး လှောင်ထားတယ်။ ခရီးရောက်ရောက်ခြင်း မောလို့ ကျုပ်တို့လည်း ငြိမ်နေလိုက်ပါတယ်။ ည မိုးလည်းချုပ်ရော ကျုပ်တို့ သုံးကောင်သား အဲဒီဝါးလှောင်အိမ်ကို ကိုက်ဖျက်ပြီး ထွက်ပြေးခဲ့ကြတယ်။

ပြီးတော့ ဧရာဝတီမြစ်ကြီးကိုဖြတ်ကူးပြီး ကျုပ်တို့သခင်အိမ်ကိုပြန်လာခဲ့ကြတယ်။ တော်သေးတာပေါ့။ နွေရာသီဆိုတော့ ရေစီးက သိပ်မသန်လို့။ ည ၁၂ နာရီလောက်မှာမန္တလေးဘက်ကဂေါဝိန်ဆိပ်ကမ်းကိုရောက်ခဲ့တယ်။အဲ့ဒီဆိပ်ကမ်းမှာပဲ ညအိပ်ပြီး မိုးလင်းတော့မှ ကျုပ်တို့သခင်ရဲ့အိမ်ကို အနံ့ခံပြီး ပြန်လာခဲ့ကြတယ်။

ကျုပ်သခင်ဆိုတာ ကျုပ်တို့သုံးကောင်ကို ငယ်ငယ်လေးထဲကနေ နို့ခွဲပြီး တော်တော်ကြီးတဲ့အထိ ကျွေးမွေးပြီး ပွတ်သပ်ပေးလာခဲ့တဲ့ ၁၀ နှစ်သားအရွယ် ငါးတန်းကျောင်းသားလေး 'ကိုကိုလတ်'ကို ပြောတာပါ။ သူက တိရစ္ဆာန်လေးတွေကို ချစ်တတ်တယ်။ ကျုပ်တို့ညီအစ်ကို သုံးကောင်မွေးတော့ 'ကိုကိုလတ်'ကပဲ ကျုပ်တို့ကို
ကျွေးမွေးပြီး နာမည်တွေပေးခဲ့တာ။ မှတ်မှတ်ရရ ကျုပ်ပြောပြရအုံးမယ်။

ကျုပ်တို့ရဲ့အဖေက ကျားကြီးတဲ့။ ဒီရပ်ကွက်အနီးအနားတစ်ဝိုက်မှာတော့ ကျုပ်တို့အဖေကသတ္တိအကောင်းဆုံးပဲ။ ဘယ်ကောင်နဲ့ကိုက်ကိုက် ကျုပ်တို့အဖေက နိုင်တယ်။ ဒါကြောင့်ကျားကြီးလို့ သူကမှည့်ထားတာတဲ့။ ရပ်ကွက်ထဲက သူနဲ့ရွယ်တူ ကောင်လေးတွေနဲ့တွေ့ရင် ကိုကိုလတ် ကြွား ကြွား နေတာ ကြားဖူးတာပါ။ ကျုပ်အစ်ကို အကြီးကျတော့ ကျားဗိုလ်တဲ့။ အလတ်ကောင်ကျတော့ ကျားမောင်တဲ့။ ကျုပ်ကိုကျတော့ အဖေ့ရဲ့ အမွေးအရောင်တွေနဲ့ ချွတ်စွပ်တူနေလို့ ကျားလေးတဲ့။

ကျုပ်တို့ သုံးကောင်မှာ ကျုပ်ကို သူ အသည်းဆုံးပဲ။
ကျုပ်သခင် 'ကိုကိုလတ်'မှ ကျုပ်ကို သည်းတာမဟုတ်ဘူး။
ကျုပ်မိဘတွေရော၊ ကျုပ်အစ်ကို နှစ်ကောင်စလုံးရော အားလုံးက
ကျုပ်ဆိုရင် 'သည်းသည်းလှုပ်' ပဲ။

အင်း... သူတို့ သည်းသည်းလှုပ်မယ်ဆိုလည်း လှုပ်ရမယ်လေဗျာ။ တကယ်တမ်းကျတော့ သူတို့က ကျုပ်ကို ချစ်တာတင်မဟုတ်ဘူး၊ သနားတာပါ ပိုမှာပေါ့။ ဘာဖြစ်လို့လည်းဆိုတော့ ကျုပ်က ဒုက္ခိတ။ ရှေးကုသိုလ်ကံမကောင်းလို့ ခွေးဖြစ်နေတာတောင်မှခွေးစဉ်မမီတဲ့ ဒုက္ခိတ။
ကျုပ်ရဲ့ပုံပန်းသဏ္ဌာန်ကို ပြောရအုံးမယ်။

ကျုပ်ရဲ့ခန္ဓာကိုယ်က အရွယ်ရောက်တဲ့ခွေးတစ်ကောင်ရဲ့အရွယ်အစားမရှိဘူးဗျ။ နောက်ပြီး ခြေထောက်လေးချောင်းက သိပ်ကိုတိုနေတယ်။ ပြောရရင် ခင်ဗျားတို့ဆီက လူပုလေးတွေလိုပေါ့ဗျာ။

အသက်ကသာ တဖြည်းဖြည်းကြီးလာတာ အရပ်ကမြင့်မလာဘဲပုကွကွ ဖြစ်နေတော့ ခွေးလောကမှာ ကျုပ်ပုံစံက မြင်ယုံနဲ့ မှတ်မိတယ်ဗျ။ ကျုပ်အစ်ကို နှစ်ကောင်ကတော့ ခွေးစဉ်မီပါတယ်။ ကျုပ်ကိုအငယ်ဆုံးလည်းဖြစ်ပြန်၊ ဒုက္ခိတလေးဆိုတော့ ဝိုင်းပြီးချစ်ကြတာပေါ့ဗျာ။ အဲဒီလို ချစ်မှန်းသိလို့လည်း ကျုပ်မှာ အစ်ကိုတွေကို

အမြဲတမ်း အနိုင်ယူတတ်တဲ့အကျင့် ပါလာတယ်။ သူတို့ကို လေးစားရမှန်း မသိတော့ဘူး။ အိမ်ကို ကျုပ်တို့ ပြန်ရောက်တဲ့ညနေပိုင်းမှာ ကျုပ်တို့သခင် 'ကိုကိုလတ်'လေးကို သူ့ဘိုးအေကြီးက ဆူငေါက်နေတာကြားရတယ်။

" ဟေ့ကောင် ကိုကိုလတ် မင်း ငါမနေ့က သံဘိုကျွန်းက ငါ့တပည့်ကို ဟိုခွေးသုံးကောင် ပေးလိုက်ပါဆိုတာ မပေးလိုက်သေးဘူးလား"

အဲဒီတော့ ကျုပ်သခင်က ပြန်ဖြေတယ်။

"ပေးလိုက်ပါတယ် အဘိုး" တဲ့။

"ပေးလိုက်ရင် ဒီသုံးကောင်က ဘာဖြစ်လို့ ဒီမှာတွေ့နေရတာလဲ" လို့ ထပ်မေးနေတုန်းမှာပဲ အိမ်ရှေ့မှာ မြင်းလှည်းကြီးနဲ့ မနေ့ကသူ့တပည့်ဆိုတဲ့သူ ရောက်လာပြီး

"ဆရာ... မနေ့က ကျွန်တော် ဒီခွေးသုံးကောင်ကို ယူသွားပြီး သားပါ၊ မနေ့ညက ဝါးလှောင်အိမ်ကို ကိုက်ဖြတ်ပြီး ဒီကောင်တွေထွက်ပြေးသွားလို့ ပြန်လာပြီး ဖမ်းတာ"

လို့ ပြောတော့ကျုပ်သခင်ရဲ့ အဘိုးက...

"ကိုကိုလတ် ! အဲဒီသုံးကောင်ကို မင်းကိုယ်တိုင်ဖမ်း၊ ဒီတစ်ခါအိမ်ပြန်လမ်း မမှတ်မိအောင်ငှဲ့ ဂုန်နီအိတ်ထဲ သေချာထည့်ပြီးအိတ်ကို သေချာ ကြိုးနဲ့စုချည်။ ပြီးရင် မြင်းလှည်းနဲ့မန္တလေးတောင်ကိုတစ်ပတ်ပတ်ပြီးဒီကောင်တွေမျက်စိလည်အောင်လုပ်ပြီးမှ ထင်းဝင်းဂိတ်က သမ္ဗာန်ပေါ်တင်ပေးလိုက်"

ကျုပ်တို့ သခင်လေးလည်း

'ဟုတ်ကဲ့... အဘိုး"
ဆိုပြီးကျုပ်တို့ကို ဖမ်းတော့တာပါဘဲ။

သူတို့ပြောနေသံတွေကြားရတော့ အရမ်းဝမ်းနည်းမိတယ်။ ကျုပ်တို့ကို သံယောဇဉ်မရှိလို့ တခြားက တောင်းတဲ့လူဆီ အလွယ်တကူ ပေးလိုက်တာပါလားဆိုတဲ့ အသိစိတ်က ဝင်လာတော့ မျက်ရည်တွေ စီးကျလာတယ်။ သူတို့ကတော့ ဆင်ခြေပေးတာပေါ့ဗျာ။ အိမ်မှာ ခွေးတွေ များနေလို့တဲ့။ အကောင်ကြီးပေးလိုက်ရင် အိမ်အပြန်လမ်းကိုမှတ်မိပြီး အိမ်ပြန်လာမှာစိုးလို့ ငယ်သေးတဲ့ကျုပ်တို့နို့ခွဲပြီးစ သုံးကောင်ကို ပေးတာတဲ့။ သူတို့ပြောဆိုနေသံကြားတာပါ။

ခွေးတွေ များနေတော့လည်း ကျုပ်တို့အတွက် ဘာများ အပိုကုန်လို့ လည်းဗျာ။ တခါလာလည်း ထမင်းကြမ်းအကျန်နဲ့ ထမင်းရည်၊ နောက်တခါလာလည်း ထမင်းကြမ်းအကျန်နဲ့ ထမင်းရည်။ ဒါကိုမှမသဒ္ဒါတော့ဘူးဆိုတော့လည်း ကျုပ်တို့ ထွက်ပြေးမနေတော့ပါဘူး။ရုန်းခြင်း၊ ကန်ခြင်းလည်း မလုပ်တော့ဘဲ အလွယ်တကူ အဖမ်းခံလိုက်ပါတယ်။

ခနလှူကြီး စက်ဘီးနဲ့ ထင်းဝင်းဆိပ်ကမ်းကို ကြိုတင်ထွက်သွား ပြီးတဲ့နောက်မှာ ကျုပ်တို့သုံးကောင်စလုံးကို ကျုပ်တို့သခင် 'ကိုကိုလတ်'က ဂုန်နီအိတ်ထဲထည့်၊ ထိပ်ကနေ ကြိုးနဲ့စုချည်ပြီး သူကိုယ်တိုင် မြင်းလှည်းနဲ့ မန္တလေးတောင်ကို တစ်ပတ်ပတ်မောင်းပြီးမှ ထင်းဝင်း ဆိပ်ကမ်းကို လိုက်ပို့ပြီး သမ္ဗာန်ပေါ်ကို တင်ပေးခဲ့ပါတယ်။ အဲ့ဒီနေ့က ကျုပ်တို့သုံးကောင်သား ဂုန်နီအိတ် ထဲမှာ ခေါင်းချင်းဆိုင်ပြီး မျက်ရည် ကျခဲ့ရတာတွေကို ခုထိ မမေ့သေးဘူးဗျာ။

ကျုပ်ဘယ်လောက် အတွေးလွန်သွားတယ် မသိပါဘူး။ ကျုပ်အစ်ကိုနှစ်ကောင် တရေးနိုးတော့ ကောင်းကင်ကို မော့ကြည့်နေတဲ့ ကျုပ်ကိုကြည့်ပြီး 'ညီလေး မအိပ်သေးဘူးလား" လို့ လှမ်းမေးတော့မှ ကျုပ်လည်း အတွေးနယ်ချဲ့နေတာတွေကို ရပ်ပြီး အိပ်လိုက်ရတယ်။

နောက်နေ့မနက်လည်းကျရော ကျုပ်တို့သုံးကောင် ဂေါဝိန်ဆိပ်ကမ်းကနေ မန္တလေးမြို့ထဲကို ကမ်းနားလမ်းကနေ ပိုက်ကျုံးအထိသွားပြီး ပိုက်ကျုံးကနေတဆင့် ၂၆ ဘီလမ်းမကြီးအတိုင်း လမ်းဘေးကနေ လျှောက်လာခဲ့ကြပါတယ်။ ကျုပ်သခင် 'ကိုကိုလတ်'တို့ အိမ် ဆီကိုတော့ ပြန်ပြီးသွားတတ်ပေမယ့် စိတ်နာလွန်းလို့ မသွားတော့ဘဲ ခြေဦးတည့်ရာကို ထွက်လာခဲ့ကြရာက ဈေးချိုမြောက်ဘက် ရေကြည်ရပ်က ညောင်ပင်ကြီးနားမှာ

ကျုပ်တို့အတွက် စခန်းချဖို့နေရာ တွေ့လိုက်ရတယ်။ ကျုပ်တို့ စခန်းချရမှာက ရေကြည်

ညောင်ပင်နားတစ်ဝိုက်ဆိုတော့ အရှေ့ဘက် ကပ်လျှက်က ဆိတ်သားတန်းဗျာ၊ တောင်ဘက်က အမဲသားတန်း၊

တစ်ခါ ခပ်လှမ်းလှမ်းကို ဆက်လျှောက်သွားရင် ငါးစိမ်းတန်း။ ဘယ်လောက် ကျုပ်တို့အတွက် အကွက်အကွင်းကောင်းတုန်း။

ဘေးနားမှာ ရွှေတချောင်းမြောင်းလည်း ရှိတယ်ဗျာ။ ရွှေတချောင်းရေကို ညစ်ပတ်တယ်လို့ထင်ရင် အနောက်မြောက်ဘက်ကို နည်းနည်းသွားလိုက်။ သင်္ဘောချောင်းတွေ့မယ်။ ကဲ..! ဘယ်လောက် အနေ

အထား ကောင်းသလဲ။ ဒါကြောင့် ကျုပ်တို့လည်း စိတ်နာလွန်းလို့ကျုပ်တို့သခင့်အိမ်ကို မပြန်တော့ဘဲ အဲဒီနေရာမှာ စခန်းချပြီးဝမ်းရေးအတွက် လှည့်ပတ်ရှာဖွေ စားသောက်နေကြရာကနေ

ခွေးလား မြောက်ခဲ့ရပြီး တစ်နှစ်ကျော်ကျော်အကြာ တစ်ရက်မှာ..။

အခန်း (၃ )

ညက ရွာထားတဲ့မိုးအရှိန်ကြောင့် ရွှေတချောင်းမြောင်းဘေးက မန်ကျည်းပင်ကြီးအောက်မှာ အေးအေးဆေးဆေးကွေးနေကြတဲ့ကျုပ်တို့ ညီအစ်ကိုသုံးကောင်ရဲ့ နှာခေါင်းတွေထဲကို ထူးခြားတဲ့

အနံ့အသက်တစ်ခုဝင်လာလို့ သုံးကောင်သား လေထဲကို နှာခေါင်း လေးတွေမော့ပြီး တရှုံးရှုံးနဲ့ အနံ့ခံကြည့်လိုက်ကြတယ်။

"ဒီအနံ့ကို ငါ ကောင်းကောင်းရဖူးပါတယ်။"

ကျုပ်ရဲဦးနှောက်ကို ချက်ချင်း အလုပ်ပေးလိုက်တယ်။

"စဉ်းစားစမ်း... ဒီအနံ့ကို ငါဘယ်မှာကောင်းကောင်းရခဲ့ဖူးသလဲ၊စဉ်းစား"

ဟုတ်ပြီ.. သိပြီ။

ကျုပ်က အကောင်သာ ခွေးစဉ်မမှီတာ၊ မှတ်ဉာဏ်ကျတော့ကောင်းမှကောင်း။

ကျုပ်အစ်ကိုနှစ်ကောင် တရှုံးရှုံးနဲ့ အနံ့ခံပြီး စဉ်းစားနေတုန်းမှာပဲ ကျုပ်အော်ပြီးမေးလိုက်တယ်။

"ဟေ့ကောင်... ကျားမောင်နဲ့ ကျားဗိုလ်"

ကျုပ်ကို ရိုင်းတယ် ပြောချင်လည်းပြောတော့။ သူတို့ကညီအငယ်ဆုံး ဒုက္ခိတလေးဆိုပြီး ငယ်ငယ်ထဲက အလိုလိုက်ထားကြလို့သူတို့ကို ကျုပ်က အစ်ကိုလို့မခေါ်ဘူး။ ကျားမောင်နဲ့ ကျားဗိုလ်လို့ပဲခေါ်တယ်။

"မင်းတို့ ဒီအနံ့ကို မမှတ်မိကြဘူးမဟုတ်လား"

လို့ ကျုပ်ကမေးလိုက်တော့ သူတို့က မှတ်မိသလိုလို ပြောကြပေမယ့် ဘာအနံ့ရယ်လို့ တိတိကျကျ မပြောနိုင်ကြပါဘူး။ အဲဒီမှာဘဲ ကျုပ်က

"ဒီအနံ့က ငါတို့သုံးကောင်ကို ငယ်ငယ်က ကျွေးမွေးခဲ့ပြီးတို့နို့ခွဲတော့ သံဘိုကျွန်းက လူကြီးဆီပေးပစ်ခဲ့တဲ့ တို့ရဲ့သခင်ဟောင်းလေး 'ကိုကိုလတ်'ရဲ့ အနံ့လေကွာ"

လို့လည်း ပြောလိုက်ရော သူတို့နှစ်ကောင်စလုံးရဲ့ မျက်နှာတွေ ဝင်းလက်သွားပြီး မျက်လုံးတွေအရောင်တောက်လာတာ ကျုပ်မြင်လိုက်ရတယ်။ ဒါနဲ့ ဒီအနံ့ ဘယ်ကလာသလဲ..! လို့ စူးစမ်းကြည့်လိုက်တော့ကျုပ်တို့နဲ့ မျက်နှာချင်းဆိုင် ပေ ၁၀၀ အကွာလောက်ကနေ ကျုပ်တို့ရှိရာဘက်ကို လွယ်အိတ်ကလေးလွယ်ပြီး မနက်စောစော ကျောင်းတက်ဖို့သွားတဲ့ ကျုပ်တို့ရဲ့ သခင်ဟောင်းလေး 'ကိုကိုလတ်'ကို လှမ်းပြီးမြင်လိုက်ရတယ်။အဲဒီအချိန်မှာအစ်ကိုနှစ်ကောင်ကကျုပ်ကိုဘာပြောသလဲဆိုတော့...

"ညီလေး..! တို့သခင်ဟောင်းလေးကို သွားကြိုရအောင်"တဲ့။

အဲဒီမှာပဲ သူတို့နှစ်ကောင်စလုံးကို ကျုပ်မျက်နှာထားတင်းတင်းနဲ့ ကြည့်လိုက်ပြီး

"ဘာပြောတယ်၊ မင်းတို့ သူ့ကို စိတ်မနာနိုင်ကြဘူးလား.ဟင် "

တို့သုံးကောင်ကို သံယောဇဉ်မရှိလို့မှ သူများပေးပစ်လိုက်တဲ့သူကိုတို့က ခရီးဦးကြိုလုပ်နေရဦးမှာလား။ သူကြင်မှ ကိုယ်ကြင်မယ်။ ကျားလေးမှာလည်း အသည်းနဲ့ကွ။ သူ့ကို အသည်းနာတယ်။ မကျေနပ်ဘူး၊ လုံးဝမကျေနပ်ဘူး။ ငါလည်းမသွားဘူး၊ မင်းတို့လည်းမသွားရဘူး' အစ်ကိုတွေက ကျုပ်ကို ဒုက္ခိတလေးဆိုပြီး ချစ်ရှာလွန်းတော့ကျုပ်စကားကို နားထောင်ကြပါတယ်။ ကျုပ်က မသွားရဘူးဆိုတော့ ကျုပ်စိတ်မချမ်းသာမှာစိုးလို့ မျက်လုံးလေးတွေ ပေကလပ်၊ ပေကလပ်လုပ်ပြီး ခေါင်းနဲ့အမြီးထိအောင်ကွေးပြီး ပြန်အိပ်နေလိုက်ကြတယ်။
သူတို့ကွေးပြီးအိပ်တော့မှ ကျုပ်လည်း ပြန်ပြီးကွေးအိပ်လိုက်တယ်။
ကျုပ်ကြာကြာ မကွေးလိုက်ရပါဘူး။

"ဟဲ့ခွေး....! ဟဲ့ခွေး..! အောင်မယ်လေး... ကယ်ကြပါအုံးဗျို့..."

"ဟဲ့ခွေး... ဟဲ့ခွေး "

ဆိုပြီး ငယ်သံပါအောင် အော်နေတဲ့အသံကိုကြားနေရလို့ ကျုပ်တို့ညီအစ်ကိုသုံးကောင် ဆတ်ကနဲခေါင်းတွေထောင်ပြီး အသံလာရာဆီကို ကြည့်လိုက်ကြတယ်။

"ဟာ "

ကျုပ်တို့ ပါးစပ်တွေကသာ ပြိုင်တူ 'ဟာ' လို့ အော်လိုက်ကြတာ။ ခြေထောက်တွေက ကဆုန်ပေါက်ပြီး ခုနအော်နေတဲ့အသံဆီကို ညီအစ်ကို သုံးကောင်သား ပြေးသွားလိုက်ကြတယ်။ ကျုပ်တို့ရဲ့ မသိစိတ်ပေါ့ဗျာ။ ခုနအော်သံကြားလို့ ကြည့်လိုက်တော့ သခင်ဟောင်းလေး 'ကိုကိုလတ်'ကို ကိုက်မလို့ လမ်းဘေးက
တိုက်ကြီး တစ်တိုက်ထဲက အယ်လ်ဇေးရှင်း ခွေးထီးကြီးတစ်ကောင်ထွက်လာပြီး သူ့နောက်ကိုပြေးလိုက်နေတယ်။ ကျုပ်တို့သခင်ဟောင်း လေးက သူ့ကို မကိုက်နိုင်အောင် လွယ်အိတ်ကြီးတရမ်းရမ်းနဲ့အော်ပြီး ဘေးက လူတွေကိုအကူအညီတောင်းနေလို့ ကျုပ်တို့ညီအစ်ကိုတစ်တွေ အဲဒီ အယ်လ်ဇေးရှင်းခွေးထီးကြီးကို ရင်ဆိုင်ဖို့တဝုတ်ဝုတ်နဲ့ ဟောင်ပြီး ညာသံပေးရင်း ပြေးသွားလိုက်ကြတယ်။

အဲ့ဒီလို အယ်လ်ဖေးရှင်းခွေးကြီးဆီ ကျုပ်တို့ညီအစ်ကိုသုံးကောင်ပြေးသွားရင်း ဟောင်လိုက်တဲ့ "ဝုတ် ဝုတ်...ဝုတ်..." ရဲ့အဓိပ္ပာယ်ကတော့ "ဒီကောင်လေးကို လွှတ်လိုက်" ပေါ့ဗျာ။

ကျုပ်တို့ အဲဒီကောင်ကြီးရဲ့ အနားလည်းရောက်ရော သူ့ကိုပတ်ဝိုင်းလိုက်ကြပြီး တဂီးဂီး တဂဲဂဲနဲ့ မာန်ဖီလိုက်ကြတယ်။ ကျုပ်ကတော့ မလောက်လေး မလောက်စားကောင်မို့ ခပ်လှမ်းလှမ်း ကနေပဲ ဟောင်ဟောင်ပြီး အစ်ကိုတွေကို အားပေးနေလိုက်တယ်။

ကျုပ်အစ်ကိုနှစ်ကောင်ကတော့ သတ္တိကောင်းတယ်ဗျို့။ မျက်စိစုံမှိတ်ပြီး အယ်လ်ဖေးရှင်းခွေးကြီးရဲ့ဝမ်းဗိုက်တစ်ဘက်တစ်ချက်စီကိုပြေးကိုက်ပစ်လိုက်ကြတယ်။ အဲဒီမှာပဲ ခွေးကြီးလည်း ကျုပ်တို့ သခင်လေးကို ရန်မမူတော့ဘဲ သူ့ကိုလာကိုက်တဲ့ ကျုပ်အစ်ကိုနှစ်ကောင်ကို ပြန်ကိုက်တယ်။ မနက်စောစော လူရှင်းချိန်ဖြစ်လို့
ကျုပ်တို့ရန်ပွဲကို ဖျန်ဖြေမဲ့သူမရှိဘူးဗျ။ ခွေးကြီးကြည့်ရတာ သူ့သခင် အလစ်မှာ နည်းနည်းလေး ဟနေတဲ့သံဝင်းတံခါးကြားကနေထွက်လာပုံရတယ်။တိုက်ထဲမှာချည်း အောင်းနေရလို့ သူ့သခင် လစ်တဲ့အချိန်မှာ ထွက်လာတာနေမှာပေါ့။ အဲဒီလို ထွက်လာရင်း လူစိမ်းမြင်လို့ ကိုက်ချင်ပုံရပါတယ်။ နည်းတဲ့ကောင်ကြီး မဟုတ်ဘူးဗျို့

ကျုပ် ဘေးကနေ သူ့ကိုကြည့်ရင်း လန့်လာတယ်။ ကျုပ်အစ်ကိုနှစ်ကောင်နဲ့ကတော့ ဆင်နဲ့ဆိတ်။ ဒါပေမယ့် အစ်ကိုတို့ကလည်းခေသူမဟုတ်တွေလေဗျာ။ ကျားကြီးရဲ့သားတွေပဲ။ သတ္တိခဲတွေဗျ။ တစ်ချိန်က သခင်ဟောင်းလေးကို ကိုက်မှာစိုးလို့ သူတို့အသားကို အနာခံပြီး ဝင်လုံးတာ။ ကျုပ်ကတော့ ဘေးကနေပြီး အလစ်ချောင်းနေရတာပေါ့ဗျာ။ ခဏအကြာမှာ အင်အားချင်းမမျှတော့ ကျုပ်အစ်ကိုနှစ်ကောင် ရွှံ့ဗွက်တွေထဲ လဲကျအသွား အဲဒီကောင်ကြီးက ကျုပ်အစ်ကိုနှစ်ကောင်စလုံးကို ငုံ့ငုံ့ကိုက်နေတာ ကျုပ်မကြည့်ရက်လို့

ကိုယ်ပြန်ကိုက်နိုင်တဲ့နေရာကို ကူကိုက်ပေးပြီး အစ်ကိုတို့ကို ကယ်မယ်လို့ ဆုံးဖြတ်ခါ ကျုပ် သူ့ကိုလှည့်ပတ်ကြည့်လိုက်တယ်။

အဲ...

သူကံဆိုးချင်တော့ ကျုပ်သူ့နောက်အရောက်မှာကျုပ်အစ်ကိုနှစ်ကောင်ကို သူ့ပါးစပ်ကြီးနဲ့ ခဲခဲပြီး ခါလိုက်တိုင်းရမ်းရမ်းသွားတဲ့ သူ့ပေါင်ခြံနှစ်ခုကြားက 'ငယ်ပါ' ကို လှမ်းမြင်လိုက်ရတယ်။ အဲဒီအချိန်လေးမှာ ကျုပ်ခေါင်းထဲ ဖျတ်ခနဲ အကြံတစ်ခုရလိုက်တယ်။ သူ့'ငယ်ပါ'ကို ပြေးကိုက်လိုက်မယ်ပေါ့ဗျာ။ အဲဒီအချိန်
အခိုက်အတန့်လေးမှာ တွေးလိုက်တဲ့ ကျုပ်အတွေး၊ ကျုပ်အတွေး။
သေချာပြန်စဉ်းစားကြည့်ပြန်တော့ ဒီကောင်ကြီးရဲ့အရပ်ကအမြင့်ကြီးဗျ။ ကျုပ်ခြေထောက်လေးတွေက တော်တော်တိုနေတော့၊ သူ့ပေါင်ခြံကြားကို လှမ်းကိုက်ဖို့ မမှီဘူးဖြစ်နေတယ်။ ခုန်ပြီးကိုက်ရင်တော့ ရတာပေါ့ဗျာ။ ဒါကြောင့် ခုန်ပြီးကိုက်ဖို့ ဆုံးဖြတ်လိုက်တယ်။

အဲ့ဒီလိုလည်းဆုံးဖြတ်ပြီးရော ကျုပ်ပြေးတဲ့ပြီး ခုန်ဟပ်ဖို့ ဟန်ပြင်လိုက်တယ်။ ဒါပေမယ့် ကျုပ် အဲဒီကောင်ကြီးရဲ့ ဖင်အနောက်နားလည်း ရောက်ရော ကျုပ်ရဲ့စိတ်တွေ ပြောင်းသွားတယ်ဗျာ။

သူကတော့ ကျုပ်အစ်ကိုနှစ်ကောင်ကိုမဲပြီး ငုံ့ကိုက်နေလို့ သူ့ဖင်နောက်နားမှာ ကျုပ် ရောက်နေတာ မသိဘူးပေါ့။

"ထွိ... ရွှံစရာကြီး။လူမြင်လို့လည်းမကောင်းဘူး။ လူကြားလို့လည်း မကောင်းဘူး"

လို့ တွေးမိပြီး ကျုပ်တွန့်သွားတယ်။ အဲဒီလို ကျုပ်တွေဝေနေတုန်းမှာအကိုက်ခံရလို့ အောက်ကနေငယ်သံပါအောင်တကိန်ကိန်အော်နေတဲ့ကျုပ်အစ်ကိုနှစ်ကောင်ရဲ့အော်သံတွေက ကျုပ်ရဲ့ဇာတိမာန်ကို တပ်လှန့်လိုက်တယ်။

ခင်ဗျားတို့ပဲ "ဇာတိပုည၊ ဂုဏ်မာနဖြင့်၊ သံပဟုန်းစုံး၊ ဖက်မဲ့ကြုံးသား"ဆို။ အရေးကြီးရင် သွေးနီးရမယ်လေ။

တစ်အူတုံဆင်း ညီအစ်ကိုအရင်းခေါက်ခေါက်ကြီးတွေမဟုတ်လား။ အဲ့ဒီမှာပဲ.. သွေးက စကားပြောလာပြီ။ ဖြစ်ချင်ရာဖြစ်တော့။ နောက်ပြဿနာ နောက်မှရှင်း။ ကျုပ်ဘာမှ စဉ်းစားမနေတော့ဘဲ အဲ့ဒီကောင်ကြီးရဲ့ 'ငယ်ပါ'ကို အရှိန်နဲ့ ပြေးပြီး ခုန်ဟပ်လိုက်တယ်။ ကွက်တိပဲဗျို့။

"ကိန်... ကိန်     ကိန်... ကိန်..."

အဲဒီကောင်ကြီးရဲ့ ဝမ်းခေါင်းထဲက ထွက်လာတဲ့ တကိန်ကိန်အော်သံတွေကြားရတာ ကျုပ်နားထဲ နားဝင်ချိုလိုက်တာဗျာ။ ကျုပ်အစ်ကိုတွေရဲ့ အသံတွေမဟုတ်ဘူးဗျ။ ကျုပ်သူ့ ပေါင်ခြံကြားက 'ငယ်ပါ'ကို ကိုက်လိုက်လို့ အော်တဲ့ ဟိုကောင်ကြီးအသံ။ ကျုပ်အစ်ကို နှစ်ကောင်ကျတော့ မညှာမတာကိုက်တယ်။ သူ့ပစ္စည်းလေး ကိုက်မိတာကျတော့ အော်လိုက်တာဗျာ။ ကမ္ဘာပျက်သလား အောက်မေ့ရတယ်။ ကျုပ်နားတွေကို အူသွားတာဘဲ။ သူ့အလှည့်ကျတော့မခံစားတတ်ဘူး။ ငယ်သံများကိုပါလို့။ ပြီးရင်

"ကိုယ်တကယ် မခံစားနိုင်ဘူး အချစ်ရယ်' တွေ ဘာတွေများ အော်အုံးမလားမသိဘူး။
ဟီး   ဟီး..ဟီး..."

ပြောနိုင်ဘူးလေ။ ဒီကောင်တွေက ကျုပ်တို့လို ပင်ပင်ပန်းပန်းရှာဖွေစားသောက် နေရတာမဟုတ်ဘူး။ အိမ်ထဲမှာ ဖိမ်နဲ့နေရတဲ့အကောင်တွေဆိုတော့ နာတာတောင်မာယာလေးနဲ့ အဲဒီလို အော်ချင်အော်နေမှာ။ ကျုပ်သူ့အော်သံကြားလို့ သနားပြီး လွှတ်လိုက်လို့မဖြစ်ဘူးဗျ။

သူ့သနားပြီး လွှတ်လိုက်ရင် ကျုပ်သေမှာ။ ကျုပ်က ကျားလေး ဆိုတဲ့အတိုင်း ပုကွကွ သေးသေးလေးရယ်။ ခွေးစဉ်မှ မမီတာကိုးဗျ။ သူ့တစ်ငုံစာသာသာလောက်ပဲရှိတာ။

"ရွှေဥ ကျားချီခန်း" ခင်ဗျားကြားဖူးတယ်မဟုတ်လား..အခု ကျုပ်အဖြစ်ကပြောင်းပြန်။ ကျားက ရွှေဥကို ချီသွားတာမဟုတ်ဘူးဗျ။ ရွှေဥက ကျားလေးကို ချီသွားတာ။
ဟုတ်တယ်။ မရယ်နဲ့။

ကျုပ်က သူ့'ငယ်ပါ'ကို ပါးစပ်နဲ့ခဲထားရင်းနဲ့ သူပြေးတဲ့နောက်ကို တန်းလန်းကြီး ပါသွားတာဗျ။ နောက်တော့ ဒီကောင်ကြီးသွေးရူးသွေးတန်းနဲ့ ဟာနေတဲ့ သူ့အိမ်ပေါက်က သံဝင်းတံခါးနှစ်ချပ်ကြားထဲ ပြေးအဝင်မှာ ကျုပ်နံဘေးနဲ့ သံတံခါးနဲ့ရိုက်ခဲမိလို့

" အား "

လို့ အော်လိုက်မှ သူ့ကံကောင်းပြီး ကျုပ်ပါးစပ်က လွတ်ငြိမ်းချမ်းသာခွင့် ရသွားတယ်။ ကျုပ်လည်း တော်တော်အီသွားလို့ခဏမှိန်းနေလိုက်ရတယ်။

ကြာကြာမမှိန်းလိုက်ရပါဘူးဗျာ။ အာကျယ် အာကျယ်နဲ့ အိမ်ထဲကနေထွက်လာတဲ့ မိန်းမကြီးတစ်ယောက်ရဲ့အသံကြောင့်ကျုပ် သတိပြန်ဝင်လာတယ်။ အဲ့ဒီမှာ ကျုပ်ကြားလိုက်တာက...

''ဟေ့..ဘယ်သူတောင်းစားရဲ့ အုတ်ကြားမြက်ပေါက်ခွေးလေခွေးလွင့်တွေက ငါ့သားကို ကိုက်လိုက်ရတာလဲ။ နင်တို့မှာကိုက်စရာနေရာ ဒီလောက်ရှားသလား ဟင်..! နင်တို့နဲ့ ငါ့သားနဲ့တန်းချင်းတူလို့လားဟဲ့။ အနူလက်နဲ့ ရွှေခွက်မနိုက်ကြနဲ့ ဟေ့''

ကဲ...အဲဒီမိန်းမကြီး ကျုပ်တို့ကို ကလော်တုတ်နေတဲ့ အသံလည်း နားထောင်ကြည့်အုံး။ သူတောင်းစားရော၊ အုတ်ကြားမြက်ပေါက်ရော၊ ခွေးလေခွေးလွင့်ရော စုံနေတာဘဲ။ ကျုပ် သူကလော်တုတ်တာတွေကို ဂရုမစိုက်ပါဘူး။ ဒါပေမယ့် သူပြောတဲ့ နောက်ဆုံးစကားကိုတော့ကျုပ်ရယ်ချင်တယ်။ဘာတဲ့''အနူလက်နဲ့ရွှေခွက်မနိုက်ကြနဲ့ဟေ့' ဆိုတဲ့ စကားကိုပြောတာပါ။

ကျုပ်က ရွှေခွက်နိုက်တာမှ မဟုတ်ဘဲ။

ရွှေဥ ကိုက်တာဗျ။ ရွှေဥ ကိုက်တာ။

ဟီး...ဟီး...ဟီး..

ပြောရတာ ရှက်လိုက်တာဗျာ။

အခန်း ( ၄ )

တကိန်ကိန်အော်ပြီး အဲ့ဒီကောင်ကြီး ပြေးသွားတော့ကျုပ်အစ်ကိုနှစ်ကောင် ပြေးလာပြီး ကျုပ်တစ်ကိုယ်လုံးကို သူတို့ရဲ့လျှာတွေနဲ့ လျက်ပေးကြပါတယ်။ အကြင်နာတွေ ပေးတာပေါ့ဗျာ။ အဲဒီလို ကျုပ်အစ်ကိုနှစ်ကောင် ကျုပ်ကို ပြုစုပေးနေတုန်းမှာ ခုနမိန်းမကြီး အသံတိတ်သွားလို့ ကျုပ် အဲဒီခြံထဲကို လှမ်းကြည့်
လိုက်တယ်။

''အမယ်လေး...''

ကျုပ်အစ်ကိုတို့ရဲ့ အကြင်နာပေးနေတာကို ငြိမ်ပြီး ခံစားနေရာကနေ ကျုပ် ပြန်းကနဲ ထငုရပ်လိုက်လို့ သူတို့တောင် လန့်သွားတယ်။ မထလို့ မဖြစ်ဘူးလေဗျာ။ ခုန ဆဲနေတဲ့ မိန်းမကြီးကဒေါသတကြီးနဲ့ 'အုတ်ချပ်ခဲ' ကျိုးကြီး ကိုင်ပြီး ကျုပ်တို့ဆီ ပြေးလာတာ။

ကျုပ်လည်း အစ်ကိုတို့ကို 'ပြေးကြဟေ့..!' လို့ အော်ပြောပြီးသုံးကောင်သား တစ်ချိုးတည်း လစ်ပြေးခဲ့ကြတယ်။ ဒီအချိန်ကတော့

''နောက်ကျတဲ့ ခြေထောက်၊ သစ္စာဖောက်'' ပဲဗျို့။

အောင်မယ်..!

အဲ့ဒီလို ဝုန်းကနဲ တစ်ပြိုင်တည်း ထပြေးကြတော့လည်း ကျုပ်တို့သုံးကောင်ရဲ့ခြေထောက်တွေ

ပြေးပုံများ ညီလို့

ဗျာ။ ယိမ်းတိုက်ထားသလား အောက်မေ့ရတယ်။ ယိမ်းတိုက်ထားရင်တောင် အဲ့ဒီလောက်အချိန်တိုတိုလေးနဲ့ ဒီလောက်ညီအောင်ပြေးနိုင်ကြမယ် မထင်ဘူးဗျို့။ အဟုတ်ပြောတာ။

ဒီလိုနဲ့ ကဆုန်ပေါက်ပြီး ဖနောင့်နဲ့တင်ပါး တစ်သားတည်းကျအောင်... နောက်ကိုလှည့်မကြည့်တမ်း ပြေးလာခဲ့ကြတဲ့ကျုပ်တို့သုံးကောင်၊ ရွှေတချောင်းမြောင်းထိပ် ရောက်မှပဲ နားလိုက်ကြတော့တယ်။ မောချက်ကတော့ ကမ်းကုန်ရောပဲဗျို့။

ဒါနဲ့ မြောင်းဘေးမှာ ခဏဝပ်ပြီး နားနေလိုက်ကြတယ်။ အဲဒီလို ကျုပ်တို့ညီအစ်ကိုသုံးကောင် ဝပ်ပြီးနားနေတုန်းမှာ ကျုပ်တို့နောက်ကနေ ကျုပ်တို့ကိုခေါ်တဲ့ အသံတစ်သံ ကြားလိုက်တယ်။

''ကျားလေး.. ကျားလေး...အို့.. အို့...''

''ကျားမောင်...ကျားမောင်...အို့.. အို့...''

''ကျားဗိုလ်..! ကျားဗိုလ်..! အို့.. အို့...''

ကျုပ်သခင်က လက်ဖျစ်ကလေး တဖြောက်ဖြောက်တီးကာသူအချစ်ဆုံးဖြစ်ခဲ့တဲ့ ကျုပ်ကို နာမည်စတပ်ခေါ်ပြီး ကျုပ်အစ်ကိုနှစ်ကောင်ရဲ့ နာမည်တွေကိုပါ ခေါ်လိုက်တယ်။ ကျုပ်တို့ကို ခေါင်းသပ်၊ ကျောသပ်လုပ်ပြီး ကြင်နာမှုတွေပေးဖို့ ချဉ်းကပ်လာတာပေါ့ဗျာ။ ကျုပ်တို့ရဲ့ သခင်ဟောင်းလေး 'ကိုကိုလတ်' ကျုပ်တို့ အနား

ရောက်လာတယ်။ ခါတိုင်းဆိုရင် ဒီ 'အို့..!အို့ !'ဆိုတဲ့အသံဟာ နားဝင်ပီယံရှိတဲ့ အသံလေးပါ။ ဒီအသံလေးကြားရင် ကျုပ်တို့မှာ ကျုပ်တို့သခင် 'ကိုကိုလတ်' ကို အမြီးလေးယမ်းယမ်းပြီး ပါးလျက်ရတာနဲ့၊ နားလျက်ရတာနဲ့ သခင်ကို ကြိုဆိုရတာအမော။ ခုတော့ ဒီအသံဟာ ကျုပ်တို့နားထဲ သံရည်ပူနဲ့လောင်းလိုက်
သလို ခံစားရတယ်ဗျာ။

ခင်ဗျားစဉ်းစားကြည့်။

ကျုပ်တို့က တိရစ္ဆာန်တွေနော်။ ရှေးဘဝကုသိုလ်ကံမကောင်းလို့ အခုဘဝမှာ တိရစ္ဆာန်ဖြစ်တာတောင်မှ အောက်တန်းအကျဆုံးဖြစ်တဲ့ ခွေးဘဝ လာဖြစ်ရတယ်။ နောက်ပြီး ခွေးဘဝ ဖြစ်တာတောင်မှ လမ်းပေါ်ကခွေးလာဖြစ်နေရတယ်။ ကျုပ်တို့ ဒီလို လမ်းပေါ်ရောက်ခဲ့ရတာသူ့ကြောင့်ဗျ။သူ့ကြောင့်။တကယ်ဆိုရင်သူ့ဘိုးအေကြီးကသူ့တပည့်ကို ကျုပ်တို့သုံးကောင်ပေးစဉ်တုန်းက 'ကိုကိုလတ်'ကလေးရှိသေးတာပဲဗျ။ မသကာ သူငိုယိုပြီး 'ဘိုးဘိုးရယ် ဒီခွေးလေးသုံးကောင်ကို သူများ ပေးမပစ်ပါနဲ့။ သူတို့က မြေးလေးရဲ့ အချစ်ဆုံးခွေးလေးတွေမို့ပါ' ဆိုပြီး ဘာညာကွိကွနဲ့ ကလေးပီပီ ချွဲပြီးပြောခဲ့ရင်သူ့အဘိုးက ကျုပ်တို့ကို သူများ ပေးပစ်မတဲ့လားဗျာ။

ခင်ဗျားတို့ပဲ''သားသမီးအချစ် မြေးအနှစ်''ဆို။ သူ့မြေးလေးက ငိုယိုပြီး တောင်းပန်ပြောရင် သူ့ဘိုးအေ ဦးဘသန်းကြီး ဟတ်(Heart) ထိပြီး သူများကိုဘယ်ပေးပစ်မလဲဗျ။ ခုတော့ ကျုပ်တို့ကို သူကပါ အလိုတူအလိုပါ၊

ဟင်းရွက်ကန်စွန်းလို သဘောထားပြီး အလွယ်တကူပေးပစ်ခဲ့လို့ ကျုပ်တို့ သံဘိုကျွန်းဆိုတဲ့ရွာကို ရောက်ခဲ့ရတယ်။ မြို့ခွေးတွေပဲဗျာ။ ဟိုမှာ မနေနိုင်လို့ ကျုပ်တို့ ရောဝတီမြစ်ကို ပင်ပင်ပန်းပန်း ဖြတ်ကူး

ခဲ့ရတယ်။ တော်သေးတာပေါ့၊ ရေအကျဆုံးအချိန်မို့ ရေစီးအားနည်းလို့ ကျုပ်တို့ သေမကုန်တာ။ နို့မို့ကတော့ အကုန် မသာဖြစ်ကုန်ကြမှာ။

တော်ပြီဗျာ။

တွေးရင်းတွေးရင်း ကျုပ်စိတ်နာနာလာတယ်။ ကျုပ်လိုပါပဲ ကျုပ်အစ်ကိုနှစ်ကောင်လည်း သူ့ကို အမြီးနံမှုပြဘဲကြည့်နေကြတယ်။ အဲ့ဒီအချိန်မှာပဲ ကျုပ်ကစပြီး သံယောဇဉ် ဖြတ်လိုက်တယ်။ ဝပ်ပြီး အနားယူနေကြရာကနေ သူလည်း အနားရောက်လာရော ဆတ်ကနဲထပြီး ညီအစ်ကိုသုံးကောင်သား သူနဲ့ကျုပ်တို့နဲ့ ဘာမှမသိသလို နေလိုက်ကြတယ်။ ပြီးတော့ ခင်ဗျားတို့ဆီကမော်ဒယ်ဂဲလ်လေးတွေ လျှောက်သလို ပုံစံနဲ့ သူနဲ့ဝေးရာကို လျှောက်သွားလိုက်ကြတယ်။

အဲ့ဒီအချိန်မှာ ကျုပ်တို့နာမည်တွေကိုတပ်ပြီး တအိုအိုခေါ်နေတဲ့ကျုပ်တို့သခင် 'ကိုကိုလတ်'ရဲ့အသံဟာ တဖြည်းဖြည်း တိမ်ဝင်သွားတာကို သတိထားလိုက်မိတယ်။ ကျုပ် ဆတ်ကနဲနောက်ပြန်လှည့်ကြည့်လိုက်တော့ မျက်ရည်တွေစီးကျနေတဲ့ 'ကိုကိုလတ်'ရဲ့မျက်နှာဟာ ပန်းနရောင်သန်းနေတာတွေ့လိုက်ရတယ်။ သူရှက်သွား
တယ်နဲ့တူတယ်။ ဖြစ်နိုင်ပါတယ်။ ရှက်မယ်ဆိုလည်း ရှက်စရာလေဗျာ။

ကျုပ်တို့လို အဟိတ် တိရစ္ဆာန်တွေတောင်မှ ခဏနေခဲ့ကြရတဲ့သူအချင်းချင်းအပေါ်မှာ သံယောဇဉ်ရှိတယ်ဆိုတာ သူ့ကို လက်တွေ့ပြခဲ့ကြတယ်လေ။ ကျုပ်သခင် 'ကိုကိုလတ်'လည်း ငိုမဲ့မဲ့ဖြစ်ပြီး ကျန်ရစ်ခဲ့ပါတယ်။ ကျုပ်သခင်ကို ရင်နာနာနဲ့ စွန့်ခွာခဲ့ပြီးတဲ့နောက်မှာ ကျုပ်တို့သုံးကောင်လည်း သင်္ဘောချောင်းဘက်ကို ဦးလှည့်လိုက်ကြတယ်။

ရွံ့ဗွက်တွေထဲမှာ အကိုက်ခံထားရတဲ့ ကျုပ်အစ်ကိုနှစ်ကောင်စလုံးတစ်ကိုယ်လုံး ရွံ့ဗွက်တွေ ပေပွနေလို့ ရေချိုးရမယ်လေဗျာ။ ကျုပ်ကတော့ အကိုက်မခံရလို့ ရွံ့ဗွက်မပေဘူး။ ဒါ့ကြောင့် ရေချိုးဖို့မလိုပါဘူး။

အဲ...

အခုမှ သတိရတယ်။

ကျုပ် ရေချိုးဖို့မလိုပေမယ့် ဟို ဟို... ကျုပ်ပါးစပ်ကြီးကို ရေဆေးပစ်ဖို့တော့ လိုတယ်ဗျ။ ဟိုကောင်ကြီးရဲ့ ဟာကြီးကိုကျုပ်က ဟိုဟာပြုထားတာ... ဆိုတော့... ရွံစရာကြီးလေဗျာ။

ဒါ့ကြောင့်... ကျုပ်ပါးစပ်ကို ရေဆေးဘို့ သင်္ဘောချောင်းရေကိုငုံ့ပြီး ပါးစပ်နဲ့ စုပ်ယူလိုက်တယ်။ အဲ့ဒီမှာပဲ ကြည်လင်နေတဲ့ သင်္ဘောချောင်းရေပြင်မှာ ကျုပ်မျက်နှာကြီးပေါ်လာလို့ သေသေချာချာကြည့်လိုက်မိတယ်။

" ဟိုက် "

ကျုပ်မျက်နှာကြီးလည်း ပန်းနရောင်သမ်းနေတယ်ဖို့။

ကိုကိုလတ် (ဆည်မြောင်း)

[စာရေးသူ ငါးတန်းကျောင်းသားအရွယ်က ဘိုးအေကြီးမှ အိမ်ပေါက်နိုခွဲပြီးစ ခွေးပေါက်ကလေး သုံးကောင်အား ရောဝတီမြစ် တစ်ဖက်ကမ်း သံဘိုကျွန်းရွာရှိ သူ့တူပည့်တစ်ဦးထံ သွားရောက်ပို့ခိုင်းပြီး တစ်နှစ်အကြာတွင် ကြုံတွေ့ခဲ့ရသည့် ကျွန်တော်၏ ကိုယ်တွေ့ဖြစ်ရပ်မှန်အား သတိရမိသောကြောင့် မိမိကိုယ်မိမိ ဒုက္ခိတခွေး ကျားလေးအဖြစ် ပြန်လည်ခံစားရေးဖွဲ့ခြင်း ဖြစ်ပါသည်။]

[၂၀၀၈-ခုနှစ်၊ ဖေဖော်ဝါရီလထုတ် 'ရွှေအမြုတေ' ရုပ်စုံမဂ္ဂဇင်းအမှတ်-၂၁၉၊ စာမျက်နှာ ၁၈၄-၁၉၁ မှ]

# ရှဉ့်တစ်ကောင်၏ မှာတမ်း

## ကိုကိုလတ် (ဆည်မြောင်း)

### အခန်း (၁)

ကျွန်တော့်နာမည် ရှဉ့်ငပေါ ပါ။

မွန္တလေးတိုင်းအတွင်းက တောင်သာနယ်၊ ပဲခင်းကျော်ရွာမှာ နေပါတယ်။ ပဲခင်းကျော်ရွာက အရှေ့ပိုင်းနဲ့အနောက်ပိုင်းဆိုပြီးနှစ်ပိုင်းခွဲထားပါတယ်။ ကျွန်တော်နေတာ ရွာအနောက်ပိုင်းက ကိုဝင်းမောင် ထန်းတောနဲ့ ကိုသောင်းအေး ထန်းတောအစပ်ကမန်ကျည်းပင်အိုကြီးမှာ။

ကျွန်တော်တို့ ရှဉ့်တွေမှာ ရိုးရိုးရှဉ့်မျိုး၊ ရှဉ့်ပျံမျိုးနဲ့ ရှဉ့်ငပေါမျိုးဆိုပြီး သာမန်အားဖြင့် သုံးမျိုးရှိပါတယ်။

ရိုးရိုးရှဉ့်မျိုးဆိုတာ ခင်ဗျားတို့ မကြာခဏ မြင်တွေ့နေကြတဲ့ရှဉ့်တွေပါပဲ။ အရောင်ကတော့ မီးခိုးရောင်မှာ အနက်စင်းလေးတွေဖောက်ပြီး ပါပါတယ်။ အရွယ်က သာမန်မြင်နေကျ အရွယ်ပါပဲ။ ဒီမျိုးက ကျွန်တော်တို့နိုင်ငံ အနံ့အပြားမှာ ရှိကြပါတယ်။
ရှဉ့်ပျံမျိုးကို တချို့ဒေသတွေမှာ ရှူးပျံ(သျှူးပျံ)လို့လည်း ခေါ်ကြ တယ်။ ရှေ့လက်နှစ်ချောင်းနဲ့ နောက်ကခြေထောက်နှစ်ချောင်းကို အရေပြားပါးပါးလေးနဲ့ ခန္ဓာကိုယ်ဘေးတစ်လျှောက် ဆက်ထားတယ်။

သူတို့ တစ်နေရာကနေ အခြားတစ်နေရာကို ခုန်ကူးချင်ရင် အဲဒီနား တစ်ဝိုက်က အမြင့်ဆုံးသစ်ပင်ရဲ့ အမြင့်ဆုံးသစ်ကိုင်းဆီ တက်သွားတယ်။ အဲဒီ သစ်ကိုင်းကနေ ခုန်ချလိုက်ပြီး သူတို့ရဲ့လက်တွေ၊ခြေတွေကို ကားလိုက်တယ်။ အဲဒီလို ကားလိုက်တဲ့အခါမှာ ရှေ့လက်နဲ့ နောက်ခြေတွေကို ဆက်ထားတဲ့ အရေပြားကြောင့် သူတို့ဟာ လေထဲမှာ နဲနဲ ဝဲ ပြီး သွားလို့ရပါတယ်။ အဲဒီလို လေထဲ ဝဲ နေရင်းသူ့အမြီးနဲ့ ပဲ့ထိန်းပြီး သူလိုရာအပင်ဆီ ရောက်အောင်သွားနိုင်တယ်။

သူတို့ရဲ့အရောင်ကလည်း ရိုးရိုးရှဉ့်အရောင်လိုပါပဲ။ ရှဉ့်ပျံ မျိုးမှာ အငယ်မျိုးနဲ့ အကြီးမျိုး နှစ်မျိုးရှိတယ်။ အငယ်မျိုးကရိုးရိုးရှဉ့်တွေထက်နည်းနည်းပိုငယ်တယ်။တချို့ဆိုအိမ်ကြွက်သာသာလောက်ပဲရှိတယ်။အဲဒီ

လိုရှဉ့်ပျံအသေးမျိုးတွေကမွန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်ထဲက ရှမ်းတောတို့၊ မြင်းစီးတို့၊ကိုးလုံးမြွန်တို့၊ ထန်းတောစုတို့ဆိုတဲ့ ရွာတွေက သစ်ခေါင်းဆွေးတွေထဲမှာ အနေများကြပါတယ်။

ရှဉ့်ပျံအကြီးမျိုးတွေကျတော့ ကြောင်ကြီးကြီးလောက်ကိုရှိတယ်။ သူတို့ကိုတော့ သျှူးပျံ လို့ ခေါ်ကြတယ်။ အဲဒီလို အကောင်မျိုးတွေကတော့ ပြင်ဦးလွင်မြို့နယ်ထဲက တောင်နီတို့၊ တောင်ခေါင်းတို့လို နေရာမျိုးတွေနဲ့ တောနက်ကြီးတွေထဲမှာ နေကြတယ်။ ခုတော့တော်တော်ရှားသွားပါပြီ။ မျိုးတုံးသွားသလောက်ပါပဲ။

ကျွန်တော်ကတော့ ငပေါ မျိုးထဲကပါ။ ဒါကြောင့် ကျွန်တော့်ကို ရှဉ့်ငပေါ လို့ ခေါ်ကြတယ်။ ကျွန်တော်တို့က သျှူးပျံ တွေလောက် မကြီးဘူး။ ရိုးရိုးရှဉ့်တွေထက်တော့ နှစ်ဆနီးနီးလောက်ကြီးပါတယ်။ ကျွန်တော်တို့ရဲ့ ရင်အုပ်အရောင်တွေက နည်းနည်းဝါတယ်။ အမြီးကတော့ လှမှလှပဲ။ ဖွာ ပြီး သိပ်လှတဲ့ အဲဒီအမြီးကြောင့်ပဲ ကျွန်တော်တို့ မျိုးပြုတ် တော့မယ်ဗျ။ ဟုတ်တယ်။

ဘယ်က ရွှေဥာဏ်တော်စူးရောက်တဲ့ပုဂ္ဂိုလ်က နည်းပေးလမ်းပြ လုပ်လိုက်သလဲ မသိပါဘူး။ ကျွန်တော်တို့ရဲ့ အဲဒီဖွားပြီးလှတဲ့ အမြီးကို ဆိုင်ကယ်သော့တို့၊ ကားသော့တို့မှာ အလှ တွဲထားသတဲ့ဗျာ။ အဲဒီနောက်ပိုင်း တစ်ယောက်ကစ၊ တစ်ရာ ဖြစ်ပြီး ဖမ်းလိုက်ကြတဲ့ ကျွန်တော်တို့ ရှဉ့်ငပေါမျိုးတွေ။ ဒီအမြီးကြောင့် သေကြတာ
တွေ သောက်သောက်လဲပဲ။ ခုတော့ ကျွန်တော်တို့ ငပေါ မျိုးတွေ လည်း နည်းနည်းပဲ ကျန်ပါတော့တယ်။ အများစုကတော့ ပြင်ဦးလွင် မြို့နယ်က တောတွေနဲ့ သပိတ်ကျင်းမြို့နယ်ထဲက ရှားတောရွာတို့၊ဒေါင်းပုန်းရွာတို့ဘက်မှာပဲ ရှိကြတော့တယ်။
ကျွန်တော့်ဘိုးဘွားတွေ ရေကြည်ရာ မြက်နုရာ ရှာကြရင်းနဲ့ ကျွန်တော်ကတော့ ဒီရွာမှာလာပြီး သောင်တင်နေတာပါ။

အခန်း ( ၂ )

ကျွန်တော်တို့ အကြိုက်ဆုံး အစာလား

နသပု (နံ့သာပု) ငှက်ပျောသီးမှည့်နဲ့ မာလကာသီးမှည့်တွေပေ့ါ။
အဲ့ဒီ အသီးမှည့်တွေရဲ့ အနံ့တွေများ ရလို့ကတော့ ကျုပ်တို့ရောက်ရာအရပ်ကနေ ကဆုန်ပေါက်ပြီး ပြေးလာကြတာပဲ။ တစ်ခါတလေ ခလုတ်များတောင် တိုက်မိတယ်။ အရမ်းကြိုက်တာကိုးဗျ။

ပြောရအုံးမယ်

ကျွန်တော်တို့ရဲ့ ပျော့ကွက်လို့ပဲဆိုဆို၊ ရသတဏှာလို့ပဲ ပြောပြော၊ ဝော်ကြီးကျတယ်လို့ အပြစ်တင်ချင်လည်း တင်တော့။ အဲ့ဒီ ကျုပ်တို့အကြိုက်ဆုံး အသီးမှည့်လေးတွေ ဘမ်းပြီး လူတွေက ကျွန်တော်တို့ကို ထောင်ချောက် တို့ ဘိ တို့နဲ့ ထောင်ဖမ်း ကြလို့ သာယာဝတီနဲ့ သုံးဆယ်နယ်ဘက်က ကျွန်တော်တို့အမျိုးတွေကုန်ပါလေရောလား။ ကျန်လှ နည်းနည်းပေ့ါ။

အင်း

ရသ တဏှာ
ရသ တဏှာ

ဘယ်လောက်...ကြောက်စရာကောင်းသလဲ အသက်နဲ့ ရင်း ရတာနော်။
ကြည့်တတ်ရင် ဘာဝနာပေါ့ဗျာ၊

ကဲ...ကဲ... ကျွန်တော်တို့ ရှဥ့်မျိုးတွေအကြောင်း ဆွေမျိုး
စပ်ပြနေရတာနဲ့ ကိုယ့်ကိုယ်ကိုဖော် သူတော် ၇ ပါးကနေ ၈ ပါးဖြစ်သွားလိမ့်မယ်။

ဒါနဲ့...ခင်ဗျားတို့နဲ့ အခုလို ကြုံကြိုက်တုန်း မေးခွန်းလေးတစ်ခု မေးချင်ပါတယ်။ ဒီမေးခွန်းကို မေးလိုက်လို့ ခင်ဗျားတို့အနေနဲ့ကျွန်တော့်ကို ရှဥ့်ပေါ ကနေ ရှဥ့်ကြောင်လို့တော့ မထင်လိုက်ကြပါနဲ့။ ကျွန်တော်က ကိုယ်တွေ့ကြုံခဲ့ဖူးလို့ ကိုယ့်လို ကြုံခဲ့ဖူးသူတွေများ ရှိသလားလို့ သိချင်တဲ့အတွေးနဲ့ မေးတဲ့မေးခွန်းပါ။ ခင်ဗျားတို့

သေသေချာချာ စဥ်းစားပြီးမှ အဖြေပေး။

ကဲ...မေးပြီနော်။

အခု...ခင်ဗျားတို့ရဲ့ အသက်အရွယ်အထိမှာ -

(၁) ထန်းပင်အမြင့်ကြီးတွေပေါ် တက်ပြေးတဲ့ရှဥ့်ကို ဓားနဲ့လိုက်ခုတ်နိုင်တဲ့သူ ရှိတယ်ဆိုတာ ကြားဖူးလား။

(၂) အဲ့ဒီလို ထန်းပင်အမြင့်ကြီးတွေပေါ် တက်ပြေးတဲ့ရှဥ့်ကိုဓားနဲ့လိုက်ခုတ်နိုင်တဲ့သူ အမှန်တကယ်ရှိတယ်လို့ ကျွန်တော်ကပြောရင်ကော ခင်ဗျားတို့ ယုံနိုင်ပါ့မလား။

အမှန်အတိုင်း ပြောနော်။
ကိုယ့်ကိုယ်ကို မလိမ်နဲ့။
ယုံရင် ယုံတယ်၊ မယုံရင် မယုံဘူးပေါ့

ဟား...ဟား...ဟား...ဟား...

မကြားဖူးဘူး...မဟုတ်လား

နောက်ပြီး ကျွန်တော်ပြောတာ ခင်ဗျားတို့မယုံဘူးမဟုတ်လား။

သိနေတယ်လေ...သိနေတယ်။
ခင်ဗျားတို့ရဲ့ မျက်လုံးတွေ ပေကလပ်၊ ပေကလပ်လုပ်နေတာကို ကြည့်လိုက်တာနဲ့ ကျွန်တော် ပြောတာကို ခင်ဗျားတို့ မယုံဘူးဆိုတာ...အတပ်သိနေတယ်။

ဟုတ်တယ်...ဟုတ်။

ဒါဆိုရင်...

ခင်ဗျားတို့ကို တစ်ခု ထပ်မေးမယ်။လောကမှာ တစ်ခါတစ်ရံ ဘယ်သူမှ ထင်မထားကြတဲ့ အံ့ဩဖွယ် ကပြောင်းကပြန်ဖြစ်ရပ်တွေ ဖြစ်တတ်တယ်လို့ -

ကျွန်တော် ပြောရင်ကော...

အလွယ်ဆုံး...ဥပမာတစ်ခု ပေးမယ်ဗျာ။လောလောလတ်လတ်ပဲ။ ပြီးခဲ့တဲ့နှစ်ကမှ ပေါ်တူဂီနိုင်ငံမှာကျင်းပသွားတဲ့ ယူရို (၂၀၀၄) ဘောလုံးပြိုင်ပွဲမှာ နာမည်ကျော် အသင်းကြီးတွေကို ဖြိုပြီး ဂရိအသင်း ဗိုလ်စွဲသွားတဲ့ ဖြစ်ရပ်မျိုး။

အဲ့ဒါ...ဘယ်သူထင်မလဲ။

ပြော ...

ဘယ်သူကမှ မထင်ဘူးလေဗျာ။
ဒါကြောင့်လည်း အင်္ဂလန်က နာမည်ကြီး ဝီလျံဟေးလ်လောင်းကစားဒိုင်ကြီးက ဂရိ နိုင်ငံအသင်းကို ဗိုလ်စွဲနိုင်ခြေအနည်းဆုံးအဖြစ် သတ်မှတ်ပြီး လျော်ကြေးငွေကို အဆအများကြီးပုံအောပြီး ပေးထားတာပေါ့။
ဒါပေမယ့်...မထင်မှတ်တာတွေ...ဖြစ်သွားတယ် မဟုတ်လား။

ဆက်ပြောအုံးမယ်။

အဲ့ဒီဖြစ်ရပ်နဲ့ တစ်ဆက်တည်းပဲ။ နောက်တစ်ခါ မထင်မှတ်စရာ တစ်ခု ထပ်ပေါ်လာပြီး ကမ္ဘာကျော်ခဲ့ပြန်တယ်။ခုနပြောခဲ့သလို ဘယ်သူမှ မထင်မှတ်တဲ့ ဂရိနိုင်ငံအသင်း ဗိုလ်စွဲသွားလို့ ဝီလျံဟေးဒိုင်ကြီးတော့ ပွပြီလို့ ထင်ရင်လည်း ခင်ဗျားအထင်လွဲအုံးမှာ။
အဲ့ဒီမှာပဲဝီလျံဟေးဒိုင်ကြီးကကြေညာလိုက်လို့မြန်မာ့သတင်းကမ္ဘာကသိသွားကြတယ်ဗျ။ ဖြစ်ပုံက တစ်ကမ္ဘာလုံးက ဗိုလ်စွဲလိမ့်မယ်လို့ လုံး၀ မထင်ထားတဲ့ ဂရိနိုင်ငံအသင်းကို ငွေပုံအောပြီးလောင်းတဲ့ သူရဲကောင်းတစ်ဦးပေါ်ခဲ့လို့ ဝီလျံဟေးလည်း စိတ်ညစ်
ခဲ့ရတယ်။

ဟာ ...သူ့ကို အဆတွေအများကြီး လျော်လိုက်ရတာကိုး။

ဘယ်သူ ဖြစ်ရအုံးမလဲ

ကျွန်တော်တို့...ကိုရွှေမြန်မာပေါ့ဗျာ။
ကျွန်တော်ဖတ်လိုက်ရတာကတော့နိုင်ငံခြားရောက်မြန်မာလူငယ်စီးပွားရေးလုပ်ငန်းရှင်တစ်ဦးတဲ့။အဲ့ဒီရက်နောက်ပိုင်းမှာတော့ ကျွန်တော်တို့ရဲ့ ကမ္ဘာကျော်
သူရဲကောင်းလေး ဂရိနိုင်ငံရဲ့ ပင်လယ်ကမ်းခြေတွေမှာသွားပြီး ငြိမ့်နေတယ်လို့ ကြားမိတယ်။ တော်သေးတာပေါ့။ ဆူနာမိ မဖြစ်ခင်ကမို့။ကျွန်တော် ပြောလိုတာက အဲ့ဒီလိုမျိုး ဖြစ်နိုင်ခဲတဲ့ ဖြစ်ရပ်မျိုးတွေ ရှိတယ်လို့ ဆိုလိုတာပါ။တစ်လောကလုံးက လုံး၀ ထင်မှတ်မထားတဲ့ ဖြစ်ရပ်မျိုးတွေတစ်ခါတစ်ရံ ဖြစ်တတ်ပါတယ်။ ရှိတတ်ပါတယ်။
အဲ့ဒီလိုမျိုး ဖြစ်ရပ်မျိုးတွေထဲကမှ ကျွန်တော်ကိုယ်တိုင် ဖနောင့်
နဲ့ တင်ပါး တစ်သားတည်းကျအောင် အသက်လု ပြေးခဲ့ရတဲ့ဖြစ်ရပ်မျိုးကတော့ တလောလေးက အိန္ဒိယသမုဒ္ဒရာထဲမှာ အခြေပြုပြီး ရစ်တာစကေး ၉ ကျော်ကျော်နဲ့ ခင်ဗျားတို့ဆီ လှုပ်သွားတဲ့ ဆူနာမိ လျှင်ထက် ဆိုးတယ်ဗျို့။ အဟုတ်ပြောတာ။
ကျွန်တော်သာ ကိုယ်တွေ့မဟုတ်ရင် ယုံနိုင်စရာ မရှိဘူး။နေးတော်ကျားကို ဖားမြိုတဲ့ ဖြစ်ရပ်မျိုးပေါ့ဗျာ။အတော့်ကို ရှားပါတယ်။
ကျွန်တော်သာ ကံဆိုးလွန်းလို့ အဲဒီဖြစ်ရပ်မျိုးနဲ့ ကြုံခဲ့ရတာ။

အခန်း (၃)

အဲဒီနေ့က ဥပုသ်နေ့။ရေဒီယိုက မနက်ခင်း ရှစ်နာရီသတင်းလာလို့ ကျွန်တော့်ရဲ့
ဂေဟာ မန်ကျည်းပင်သစ်ခေါင်းထဲက ထွက်လာတော့ ကိုဝင်းမောင်ရဲ့
ထန်းတဲဘက်မှာ လူစိမ်းသုံးယောက် တွေ့ရတယ်။ သူတို့ ပြောဆို
နေပုံအရဆိုရင် ပါဝါမျက်မှန်နဲ့လူက ဆည်မြောင်းက ကိုကိုလတ်
ဆိုတဲ့ လမ်းဗိုလ်တဲ့။ ဟိုနှစ်ယောက်က သူ့တပည့်တွေ။ ဒီရွာကို
ကြက်တိုက်မလို့ လာကြတာတဲ့။ မန်ကျည်းချိုရွာက နာမည်ကြီးကြက်ဝါကိုလည်း ဝယ်သွားဦးမတဲ့။ကြက်တိုက်မှတော့လူကောင်းတွေဖြစ်ဟန်မတူဘူး။အကုသိုလ်သမားတွေ။
သတိထားမှ။ သူတို့ကြည့်ရတာ မနေ့ညကတည်းက ရောက်နေပုံရတယ်။ အခု မနက်ခင်းလဖက်ရည်
ကြမ်းဝိုင်းထိုင်ရင်း အလ္လာပ သလ္လာပ ပြောနေကြတာပဲ
ဖြစ်မယ်။

ခဏနေတော့ မျက်မှန်နဲ့ ကိုကိုလတ်ဆိုတဲ့ လမ်းဗိုလ်က.."ကိုဝင်းမောင်ခင်ဗျားတို့ဆီမှာ ရှဉ့်မပေါ်ဘူးလားဗျ " တဲ့။

အိုး.. ပေါချက်။ ကျုပ် ရှဉ့်သားထောင်းကြော် မွမွလေး စားချင်တယ်ဗျာ
ကျုပ်ဘာသာကျုပ် ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ချင်း၊ ငရုတ်သီး စပ်စပ်လေးနဲ့ ကြော်စားချင်တယ်ခင်ဗျား ရှဉ့်ရှာဗျာ။ သောင်းအေးပါ ခေါ်ပြီးရှာရတယ်...ဆရာ...ရတယ်၊ နောက်တစ်နာရီကြာရင်

ဆရာ ရှဉ့်သား စားရစေ့မယ်
ခဏနေတော့

သောင်းအေးရေ...သောင်းအေး..လို့ အော်ခေါ်ရင်း ကိုဝင်းမောင် ထွက်သွားတယ်။

ဗုဒ္ဓေါ

ကျုပ်သာ...ဇာတ်ထဲက မင်းသားကြီးဆိုရင်...

ဟင် ကြားရ...ကြားရ...နားဝ...မသက်သာ။

အောင်...မယ်...လေး... ဆိုပြီး ငိုချင်းချလိုက်မိမှာ အမှန်ပဲ။

ကြည့်ပါဦးဗျာ

လူကြည့်တော့ မျက်မှန်ကြီးနဲ့ ဘုရားဒကာလိုလို ကျောင်းဒကာလိုလို ပုံစံပေါက်နေပြီး အခုတော့ သူများတွေ ဥပုသ်သီတင်းယူတဲ့ရက်မှာ ကြက်တိုက်မလို့တဲ့။ ကောင်းရော။
နောက်ပြီး...ရှဉ့်သားထောင်းကြော် မွမွလေးကလည်းစားလိုက်ချင်သေးသတဲ့။ သူများအသက်ကို။

ဟား တကယ့် အကုသိုလ်တုံးကြီးပဲ။ အဲ့ဒီ ကိုကိုလတ်ဆိုတဲ့လမ်းဗိုလ်ကိုပြောတာပါ။ ခဏနေတော့ ကိုဝင်းမောင်နဲ့
သောင်းအေး ရောက်လာတယ်။ကိုဝင်းမောင်က ဗလကောင်းကောင်း၊ အရပ်ပုပု၊ မျက်ခုံးမျက်လုံး ကောင်းကောင်း၊ ထန်းပင်တက်ရလွန်းလို့ထင်ရဲ့လက်မောင်းက

ကြက်သားတွေအထင်းသားနဲ့။သူ့ကြည့်ရင်အမြဲပြုံးနေတာပဲ။သဘောကောင်းပုံရတယ်။
သောင်းအေးနဲ့ကတော့ ဆင်နဲ့ဆိတ်။

သောင်းအေးက ပိန်ပိန်ပါးပါး၊ အရပ်က ပုပြတ်ပြတ်၊ မျက်စိကခပ်မှေးမှေး။ လူကတော့ ဖျတ်ဖျတ်လတ်လတ် ရှိပုံရတယ်။ ဆံပင်ကောက်ကောက်နဲ့။

သူတို့ ဆရာတပည့်တွေ ခဏတဖြုတ် စကားလည်းပြောပြီးရော...ကိုဝင်းမောင်ရဲ့အသံ ကြားလိုက်ရတယ်။

"လာ...ဆရာ၊ ရှဉ့်...သွားဖမ်းကြစို့ " တဲ့။

ရှဉ့်ဖမ်းဖို့ ထွက်လာကြတဲ့ အဲဒီအုပ်စုကို ကျွန်တော် စူးစမ်း
ကြည့်လိုက်မိတယ်။
အလို ဘုရားရေ..! ရှဉ့်ဖမ်းမယ်လည်းပြောတယ်။
သူတို့အုပ်စုမှာ လေးခွလည်း မမြင်ဘူး။ လောက်စာအိတ်လည်း မပါဘူး။ လေသေနတ်လည်း မတွေ့ဘူး။ ဘိ ထောင်ချောက်လုပ်တာလည်း မတွေ့ဘူး။

ဘယ်လိုလဲဟ

အဲဒီလက်နက်တွေမပါဘဲနဲ့ ငါတို့ရှဉ့်တွေကို ဘာနဲ့များ ဖမ်းမှာပါလိမ့်၊ ဘယ်လို ဖမ်းမှာပါလိမ့်။ကျွန်တော် တွေးနေတာနော်။ အဲဒီလို ကျွန်တော် တွေးနေတုန်း
အသံတစ်ခု ထွက်လာတယ်။

နှစ်ကြိမ် တိတိ။

ဘတ် ဘတ် ဘတ် ဘတ် ဘတ်

ဘတ် ဘတ် ဘတ် ဘတ် ဘတ်

ကျွန်တော် လန့်ပြီး သတိလက်လွတ်ဖြစ်သွားတယ်။
မန်ကျည်းပင်ပေါ်က တွေ့ရာသစ်ကိုင်းတွေပေါ် ခုန်ကူးပြီးကျွန်တော် သစ်ခေါင်းထဲ ဝင်ပြေးလိုက်ရတယ်။

ဒါနဲ့ ပြောရဦးမယ်

ခုန ကြားလိုက်တဲ့အသံဟာ ကျွန်တော်တို့ ရှဉ့်တွေမှာအရေးပေါ်အခြေအနေ တစ်ခုခုဖြစ်လို့ အော်တဲ့ အချက်ပေးသံဗျ။ခငဗျားတို့ဆီမှာ မီးသတ်ကားတို့၊ လူနာတင်ကား
(အမ်ဗျူလင့်)တို့ကအသံတွေကြားရင် လူတွေ တုန်လှုပ်မိကြသလိုပေါ့ဗျာ။ ကျွန်တော်တို့လည်း အဲဒီအသံကြားရင် လန့်ပြီး ပြေးမိပြေးရာ စွတ်ပြေးတတ် ကြတယ်။ အဲဒီလိုပြေးတာကို အောက်က ထန်းသမားအုပ်စု မြင်သွားတယ်ဗျ။
နောက်မှ သိရတာက ခုန - ဘတ်...ဘတ်...ဘတ်...
ဘတ်...ဘတ် ဆိုတဲ့အသံဟာ သောင်းအေး လက်ချက်တဲ့။

သူရဲ့ အထက်နှုတ်ခမ်းနဲ့ အောက်နှုတ်ခမ်းကို တအားဖိထားပြီး ပြန်လွှတ်လို့ ထွက်လာတဲ့အသံလို့

သိရတယ်။

တော်တယ်ဗျာ၊ တကယ်တော်တယ်

ကျွန်တော်တို့အချင်းချင်း အရေးပေါ်အချက်ပေးသံနဲ့ တော်တော်တူတယ်။ အဲဒီအသံနဲ့တူလို့လည်း ကျွန်တော် ထွက်ပြေးမိတာပေါ့။ခုတော့ သစ်ခေါင်းထဲဝင်ပြေးတဲ့ ကျွန်တော့်ကို မြင်သွားကြတဲ့ သူတို့တစ်တွေ မန်ကျည်းပင်ကို ဝိုင်းထားကြပြီ။ ကျွန်တော်လည်းအရေးပေါ်ရင် ထွက်ပြေးရမယ့် ဂယ်ပေါက်ဆီ ပြေးသွားပြီး သူတို့လှုပ်ရှားပုံတွေကို စောင့်ကြည့်ရင်း ထွက်ပြေးဖို့ အသင့်ပြင်ထားတယ်။

အင်း

ကိုယ်ရေးကြံတော့လည်း သက်လုံကောင်းရမှာပေါ့ဗျာနော !

အခန်း ( ၄ )

အဟွတ်...အဟွတ်...အဟွတ်...

အဟွတ်...အဟွတ်...အဟွတ်...

အောင်မယ်လေး.. မွှန်...လိုက်...တာဗျာ။

မွှန်...လိုက်... တာ။ ဘယ်ကလာတဲ့ မီးခိုးလုံးတွေလဲ မသိပါဘူး။

အဟွတ်...အဟွတ်...အဟွတ်

"ဟာ.."

အတော်ယုတ်မာကြတဲ့ လူတွေဗျာ၊ ကြည့်စမ်းပါဦး၊ ကျွန်တော်နေတဲ့ သစ်ခေါင်းထဲကို ကောက်ရိုးတစ်ထုံးလုံးထည့်ပြီး မီးတိုက်နေတာ။ ဒါကြောင့် ဒီလောက် မီးခိုးတွေအူပြီး မှောင်သွားတာကိုး။
အဲ့ဒီအချိန်မှာ ဖျတ်ကနဲ ကျွန်တော် အကြံတစ်ခုရလိုက်တယ်။ဒီလို မီးခိုးလုံးတွေများပြီး အူနေတဲ့အချိန်ဟာ ကျွန်တော့်အတွက် အခွင့်အရေးကောင်းတစ်ခုပဲ။ ကောက်ရိုးထုံးကို မီးတောက်ဖို့ သူတို့ ဝိုင်းမဲနေကြတုန်း ဂယ်ပေါက်ကနေ ကျွန်တော် ထွက်ပြေးခဲ့တယ်။သူတို့ရန်ကလွတ်အောင်လို့အမြင့်ဆုံးနစ်ချိုထန်းပင်ကြီးတွေရှိတဲ့ဘက်ကို ပြေးခဲ့တယ်။

"ဟာ.. ဟိုမှာ...ပြေးသွားပြီဟေ့...ပြေးသွားပြီ...
လိုက်ဟေ့ လိုက်...လိုက် "

ကျွန်တော်က ရှေ့က ဖနောင့်နဲ့တင်ပါး တစ်သားတည်းကျ
အောင်ပြေး။ သူတို့က နောက်က ထန်းလျီးဓားတွေနဲ့ လိုက်ခုတ်။

ဘေးကကြည့်ရင်တော့ ပျော်စရာကြီးနေမှာပေါ့ဗျာ။

ကျွန်တော်လေ...ပြေးရင်း..လွှားရင်း..သီချင်းတစ်ပိုဒ်သွားသတိရမိတယ်ဗျာ။
ဇာတ်လမ်းကောင်းတုန်း ကြော်ငြာဝင်တာ မဟုတ်ဘူးနော်။
အဟုတ်ပြောတာ။ သီချင်းနာမည်က အဝေးဆုံး ဆိုလားပဲ။
အဆိုတော်ကတော့ ခိုင်ထူး မှတ်တယ်။

"မင်းနဲ့ဝေးရာ--မင်းနဲ့လွတ်ရာ--အဝေးဆုံး--အဝေးဆုံး
အဝေးဆုံးမှာ နေမယ်အချစ်ရယ်_နေမယ်အချစ်ရယ်_နေမယ်
အချစ်ရယ်_နေပါမယ်_မင်းနဲ့လွတ်ရာ _ မင်းနဲ့ဝေးရာ
အဝေးဆုံး_ အဝေးဆုံး_အဝေးဆုံးကို လှမ်းကာ_လှမ်း-နေမယ် "

ဆိုလားဗျာ။ အဲ့ဒီသီချင်း၊ အဲဒီသီချင်းအတိုင်း ကျွန်တော်လည်းအဝေးဆုံးလှမ်းရင်း နှစ်ချို့ထန်းပင်အမြင့်ကြီးပေါ် ရောက်ခဲ့တယ်။

" ဟူး "

ခုမှပဲ နားရတော့တယ်။ကျွန်တော်လည်း မောလွန်းလို့ ထန်းပင်ပေါ်မှာရှိတဲ့ မြူအိုး
ထဲက ပင်ကျရေ နည်းနည်းသောက်လိုက်တယ်။ ပြီးတော့ ထန်းလက်နှစ်ခုကြား ခွထိုင်ပြီး အမောဖြေရင်း အောက်ကို ငုံ့ကြည့်လိုက်မိတယ်။

"ဟာ "

တကယ့်လူတွေပဲ

ကြည့်စမ်း ...ကျွန်တော်ရှိနေတဲ့ ထန်းပင်ကို တက်မလို့ ကိုဝင်းမောင်ဆိုတဲ့
လူက ခါးတောင်းမြှောင်အောင် ကျိုက်နေပြီ။ ကျန်တဲ့ ထန်းသမားနှစ်ယောက်ကလည်း ကျွန်တော် ခုန်ကူးမယ့်အပင်တွေအောက်မှာကြိုစောင့်နေကြတယ်။ ဟော..ပြောရင်း ဆိုရင်း ကိုဝင်းမောင်တက်လာနေပြီ။

ကျွန်တော့်ကို သူဘာလုပ်နိုင်မလဲ စောင့်ကြည့်လိုက်ဦးမယ်။

အမလေး... မဖြစ်ဘူး၊ မဖြစ်ဘူး၊ လစ်မှ လစ်မှ။
သူ့ခါးကြားထဲက ထန်းလှီးဓားနဲ့ ခုတ်မလို့...တဲ့။

ဟိုမှာ ဆွဲထုတ်နေပြီ။
ကျွန်တော်ရှေ့က ထန်းပင်ဖျားကို ခုန်ကူးလိုက်တယ်။အဲဒီလို ကျွန်တော် ခုန်ကူးလိုက်ချိန်မှာပဲ -

"သောင်းအေးရေ မင်းအပင်ပေါ် ခုန်ကူးသွားပြီဟေ့ "လို့အော်သံကြားလို့ နောက်အပင်ပေါ်ရောက်နေတဲ့ ကျွန်တော် အောက်ကို ငုံ့ကြည့်လိုက်တယ်။

"ဟာ "

မြန်လိုက်တာဗျာ၊ ဒီလူတွေ လူတွေမှ ဟုတ်သေးရဲ့လား သောင်းအေးဆိုတဲ့ လူကလည်း ထန်းပင်ထိပ်ရောက်လာပြီးခါးကြားက ဓားအိမ်ထဲက ထန်းလှီးဓား ဆွဲထုတ်နေပြန်ပြီ။

ပြေးဦးမှ...ပြေးဦးမှ။

ကျွန်တော် နောက်တစ်ပင်ကို ထပ်ပြီး ခုန်ကူးလိုက်တယ်။ညီအေးရေ မင်းအပင်ပေါ် ကူးသွားပြီဟေ့။

" ရော် "

ခက်ပြီ။
သူတို့က ထန်းပင်တစ်ပင် တစ်ယောက်နှုန်း အောက်ခြေကစောင့်နေပြီး ကျွန်တော့်ကို အလှည့်ကျ တက်ခုတ်နေကြတာ။ကြာတော့ ကျွန်တော်လည်း တစ်ပင်ပေါ်ကနေ တစ်ပင်ပေါ် ခုန်ခုန်ကူးနေရတာ မလွယ်ဘူး။ မောလာပြီ၊ နားဦးမှ။
ညီအေးရေ...ဒီဘက်က မြူအိုးနားမှာဟေ့
ကျွန်တော် ခဏလေး နားရုံပဲရှိသေးတယ်၊ ညီအေး သူ့ခါးကြားက ဓားကို ဆွဲထုတ်လိုက်တာမြင်လို့ နောက်တစ်ပင်ကို ကူးရပြန်ရော။

"ဝင်းမောင်ရေ မင်းအပင်ပေါ် ကူးသွားပြီဟေ့"

သူတို့က ကျွန်တော် အခြားထန်းပင်တစ်ပင်ပေါ်ကို ခုန်ကူး လိုက်တာနဲ့ ထန်းပင်ပေါ်က လျှောဆင်းသွားပြီးအဲဒီလူကနောက်သုံးပင်လောက်ကနေ ကြိုစောင့်နေတယ်။ ရှေ့နှစ်ပင်မှာက လူရှိပြီးသားကိုး။

ကြာတော့ ကျွန်တော် တော်တော်မောလာတယ်။ သိပ်မခုန်နိုင်တော့ဘူး။ နောက်ပြီး ခုနက ကျွန်တော် မောမောနဲ့သောက်လိုက်တဲ့ ပင်ကျရေကလည်း အချဉ်ဓာတ်ခံ အလင်ရှိနေတဲ့ မြူအိုးထဲကဆိုတော့ ခေါင်းထဲ ရိတ်တိတ်တိတ်ဖြစ်နေပြီး မူးချင်သလို လို ဖြစ်လာတယ်။ ခုန်ခုန်ကူးပြီး နားချိန်သိပ်မရတော့ တော်တော်မောနေပြီ။ ဒါကြောင့် ကျွန်တော် ထန်းရွက်ကြီးကြီးတစ်လက်ရွေးလိုက်ပြီး အဲဒီထန်းရွက်ကြီးပေါ်မှာ ဝပ်နေလိုက်တယ်။

ကိုဝင်းမောင်ဆိုတဲ့လူ မျက်စိလည်သွားတယ်နဲ့တူတယ်။
သူကျွန်တော့်ကို လှည့်ပတ်ရှာနေပုံရတယ်။ အောက်ကလူတွေကိုသူကမေး။ အောက်ကလူတွေကလည်း သူ့ပြန်ဖြေနဲ့ ထန်းတောတစ်ခုလုံး ကမ္ဘာပျက်နေသလား အောက်မေ့ရတယ်။ ပွက်လောရိုက်နေတာပဲ။ ကျွန်တော်လည်း မောမောနဲ့ ခဏမှိန်းနေလိုက်တယ်။

အဲ့ဒီလို ကျွန်တော် ခဏမှိန်းနေခိုက်မှာ ရုတ်တရက် အသံတစ်သံ ကြားလိုက်ရပြီး ကျွန်တော့ ဝမ်းဗိုက်မှာ ပူ ကနဲ ခံစား လိုက်ရတယ်။

"ရွှပ် "

"အား "

"ကျ လာပြီဟေ့ ...ကျ လာပြီဟေ့"

"ဘုတ် "

"ရှပ်...ရှပ်...ရှပ်...ရှပ် "

"ဟာ...ဟာ...ပြေးသွားပြီ...ပြေးသွားပြီ လိုက်...လိုက်

"ရှပ် " ဆိုတာ ကိုဝင်းမောင်ရဲ့ ထန်းလှီးဓားနဲ့ ထန်းလက်ပေါ်မှာမှိန်းနေတဲ့ ကျွန်တော့်ကို နေရောင်ထဲမှာ အရိပ်မြင်ရလို့ လှမ်းခုတ်လိုက်တဲ့အသံ။

"အား" ဆိုတာက ကျွန်တော့်အသံ။ ဗိုက်ကို ဓားထိလို့အော်လိုက်တာ။

"ရှပ်... ရှပ်...ရှပ်"ဆိုတာကြွေကျနေတဲ့သစ်ရွက်ခြောက်တွေပေါ်ကိုသွေးရှူးသွေးတန်းနဲ့ ကျွန်တော် ဖြတ်ပြီးပြေးလို့မြည်တဲ့အသံ။

ကျွန်တော်လည်း သွေးရူးသွေးတန်းနဲ့ ပြေးနေရာကနေ သူတို့နဲ့အတော်ဝေးတဲ့ ခြုံပုတ်တစ်ခုထဲမှာ မြွေကြက်တွင်းပေါင်းတစ်ခုတွေ့တာနဲ့ အဲ့ဒီ တွင်းပေါင်းထဲ ဝင်ပုန်းနေလိုက်တယ်။
သူတို့အုပ်စုကတော့ကျွန်တော့်ကိုဗိုက်ဓားထိသွားတယ်ဆိုပြီးဝေးဝေးပြေးနိုင်လိမ့်မယ်မထင်လို့ အဲဒီအနီးအနားက ခြုံတွေမှာပဲပိုက်စိပ်တိုက်ပြီး ရှာနေကြလေရဲ့။ အဲဒါ ကျွန်တော့်အတွက် ကံကောင်းတာပေါ့။

ဇာနဲ့မို့ စွတ်ပြီးပြေးလာခဲ့တဲ့ ကျွန်တော် ခုမှ ကိုယ့်ကိုယ်ကိုသတိထားမိတယ်။
ကျွန်တော် ဗိုက်အရမ်းနာပါတယ်လို့ အောက်မေ့တာ။ ဗိုက်ကိုဓားထိတဲ့နေရာက အူတွေ နည်းနည်းထွက်ကျလာတာကိုး။ နောက်ပြီးသွေးထွက်တာလည်း များနေတယ်။

ကျွန်တော်ဘာလုပ်ရမလဲစဉ်းစားတယ်။အဲ့ဒီလိုစဉ်းစားရင်းစဉ်းစားရင်းဝေဒနာဒဏ်ကို မခံစားနိုင်တော့လို့ ကျွန်တော် သတိလစ်သွားတယ်။ ဘယ်လောက် ကြာသွားသလဲတော့ မသိဘူး။

## အခန်း (၅)

"သာဓု...သာဓု...သာဓု..."

"ဒူ...ဝေ...ဝေ...ဝေ...ဝေ"

ရွာဦးကျောင်းက တရားပွဲပြီးလို့ ကြေးစည်ထုသံ ကြားမှပဲကျွန်တော် သတိပြန်ရလာတယ်။ ပတ်ဝန်းကျင် အခြေအနေ ကြည့်ရအောင်လို့ ကျွန်တော် ကြွက်တွင်းပေါင်းထဲကနေ ခြုံထဲကို ထွက်ခဲ့တယ်။ ခြုံထဲကနေ ပတ်ဝန်းကျင်ကို အကဲခတ်လိုက်တယ်။

"ဟော "

ဟိုမှာ ဥပုသ်ဇရပ်က ပြန်လာတဲ့ လူနှစ်ယောက်။ လက်ထဲမှာစိပ်ပုတီးတွေနဲ့။ တစ်ယောက်က ငါးဆယ်ကျော်လောက်၊ တစ်ယောက်က လေးဆယ်ကျော်လောက်။
သူတို့ကတော့ ဥပုသ်ယူလာကြတဲ့ သူတော်ကောင်းတွေဆိုတော့ ကျွန်တော့်ကိုမြင်ရင် ရန်မရှာဘူးလို့ ကျွန်တော် ယုံကြည်မိတယ်။

အဲဒီတော့ -

သူတို့လာနေတုန်း ကျွန်တော် ဒီလမ်းကြောင်းအတိုင်း ဖြတ်ပြေးမယ်။ ဒါမှ ကျွန်တော် ထိန်းသမားတွေရန်က စိတ်ချလက်ချဖြစ်မှာ။
ပြောနေကြာတယ် ပြေးပြီဗျာ၊ ပြေးပြီ။

"အား.. ဟား ကျွတ်..ကျွတ်.. အ...မ...လေး "

နာလိုက်တာဗျာ၊ နာလိုက်တာ ကယ်ကြပါဦးကျွန်တော် ဘယ်လိုမှ မခံစားနိုင်တော့ဘူး။ ဆက်လည်း မပြေးနိုင်တော့လို့ လမ်းပေါ်မှာအရုပ်ကြိုးပြတ်ဖြစ်ပြီး ပုံကျသွားတယ်။

မျက်စိတွေပြာပြီး သတိလစ်မလို ဖြစ်နေပြီ။ ဒါပေမယ့်အားတင်းထားလို့ အသံတွေကိုတော့ ကြားနေရတယ်။ ခန္ဓာကိုယ်ကတော့ မလှုပ်နိုင်တော့ဘူး။ သွေးထွက်တာ သိပ်များသွားလို့နဲ့တူတယ်။

"ဟာ ရှဉ့်လေးဟ.."

"ဘာဖြစ်လာတာလဲ မသိဘူး...၊ မောင်မိုး ရှဉ့်လေးကို
ကောက်ပြီးကြည့်စမ်း၊ သနားပါတယ်ကွာ"

မောင်မိုးဆိုတဲ့လူက ကျုပ်ကို ကောက်ကိုင်ကြည့်လိုက်ပြီး...
ဦးလေး ရှဉ့်လေးက ဗိုက်မှာ ဒဏ်ရာကြီးနဲ့ဗျ၊ အူတွေလည်းထွက်လို့။ ဒုက္ခပါပဲ။ ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ

"မောင်မိုး.."

" ဗျာ"

" ဒီလိုလုပ်ကွာ၊ ဒီရှဉ့်လေးကို အိမ်ယူခဲ့၊ မင်းက လည်း ကပြီးတောင်သာက တိရစ္ဆာန်ဆရာဝန် သွားပင့်ချေ။ ငါက ဆရာဝန်မရောက်ခင် အိမ်မှာ စောင်အဟောင်းလေးနဲ့ပတ်ပြီး နွေးနွေးထွေးထွေး ထားပေးမယ်။ နောက်ပြီး ဗိုက်ကဒဏ်ရာကို နနွင်းမှုန့် သိပ်ထည့်ပေးပြီး တတ်သလောက် မှတ်သလောက် ပြုစုပေးထားမယ်။တို့တစ်တွေ သူများအသက် ကယ်ထိုက်လို့ ကယ်ခွင့်ရတာ ကုသိုလ်ရပါတယ်ကွာ။ သွား သွား မြန်မြန်

ကဲ ... ကြားတဲ့အတိုင်းပါပဲဗျာ။

ကျွန်တော်လေ သူတို့ပြောဆိုနေတာ ကြားရတာနဲ့ကို ကျွန်တော့်ရောဂါ တစ်ဝက်ပျောက်သလောက်ကို စိတ်ချမ်းသာနေပါပြီ။

ဒီလိုနဲ့ ဉပုသ်သည်ကြီးအိမ်ရောက်တော့ အနာရှိန်ကြောင့် ကျွန်တော် မေ့ခနဲ အိပ်ပျော်သွားတယ်။ အိပ်ရာကနိုးတော့ နည်းနည်းအားပြည့်လာတယ်။

အဲဒီလို အားပြည့်ပြီး ပြောနိုင်ဆိုနိုင်ရှိတုန်းမှာ ကျွန်တော့်အကြောင်း ဖြစ်ကြောင်းကုန်စင်ကို ကျွန်တော့်ကျေးဇူးရှင် မိသားစုကိုပြောခွင့်ရခဲ့ပါတယ်။

အခန်း ( ၆ )

"အား..ကျွတ်...ကျွတ်"

"အီး...ဟီး...ဟီး"

"အီး...ဟီး...ဟီး"

"ရှဥ့်ငပေါ...ရှဥ့်ငပေါ...မငိုပါနဲ့ကွာ၊ သတိထားဦးမှပေါ့။မင်း မသေနိုင်ပါဘူး၊ တို့ရှိပါသေးတယ်ကွ။ ငွေဘယ်လောက်ကုန်ကုန်တောင်သာထိသွားပြီး တိရိစ္ဆာန်ဆရာဝန် ခေါ်ကုပေးပါ့မယ်ကွာ။ အခုလဲ ဆရာဝန်သွားခေါ်နေပါပြီ။ မင်းစိတ်မလျှော့လိုက်နဲ့နော်။စိတ်ကို တင်းထားစမ်း။ တင်းထားစမ်း။

အီး...ဟီး...ဟီး...ရွှတ်

ကျွန်တော် သေရမှာကြောက်လို့ ငိုတာ မဟုတ်ပါဘူးဗျာ။သတ္တဝါရယ်လို့ ဖြစ်လာရင် တစ်နေ့ သေကြရမယ်ဆိုတဲ့ သဘောတရားကို ကျွန်တော် နားလည်ပြီးသားပါ။

ဒါပေမယ့်...အခုဟာက အခုဟာက...

အီး...ဟီး... ဟီး...ဟီး..ကျွန်တော် ဝမ်းနည်းလွန်းလို့ပါဗျာ။ ဝမ်းနည်းလွန်းလို့ပါ။ ကျွန်တော့်ရဲ့ ကံဆိုးလွန်းတဲ့အဖြစ်ကို တွေးပြီး ဝမ်းနည်းလွန်းလို့ပါ။

ခင်ဗျားတို့ စဥ်းစားကြည့်။

ကျွန်တော် ထန်းပင်နိမ့်နိမ့်လေးတွေပေါ် တက်ပြေးလို့ ခွာနဲ့
လိုက်ခုတ်တာ ခံလိုက်ရတယ်ဆိုရင် မပြောလိုပါဘူး။ အခုတော့ဗျာ..ဒီလောက်မြင့်တဲ့ လွန်ခဲ့တဲ့ နှစ်တစ်ရာကျော်လောက်က နှစ်ချီထန်းပင်ကြီးတွေပေါ် တက်ပြေးတဲ့ရှဥ့်ကို ခွာနဲ့လိုက်ခုတ်တဲ့ လူရယ်လို့ကမ္ဘာပေါ်မှာ ကြားဖူးကြသလား
ပြောကြလေဗျာ! ကြားဖူးကြသလားလို့။

အီး...ဟီး...ဟီး...ရွှတ်.

ကျွန်တော်လေ...ကျွန်တော့်ကိုယ် ကျွန်တော် အရမ်းအထင်ကြီးခဲ့မိတယ်ဗျ။ ကြီးလည်း ကြီးလောက်တယ်လေ။ အနှုတောမှာလူချော (အဲ) ရှဥ့်ချောကိုးဗျ။

ကျွန်တော်က ငပေါမျိုးဆိုတော့ ဒီနားတစ်ဝိုက်မှာရှိတဲ့ ရိုးရိုး
ရှဥ့်တွေထက်စာရင် နည်းနည်းပိုကြီးတာကိုး။ အမြီးလည်း ပိုရှည်ပြီးပိုလှတယ်။ ဒါကြောင့် ကျန်တဲ့ရှဥ့်တွေက ကျွန်တော့်ကို ကွယ်ရာမှာအကောင်ကြီးကြီး အမြီးရှည်ရှည် လို့ နာမည်ပြောင် ပေးထားကြတယ်လေ။

ပြောရရင်တော့ ဟိုနေရာမှာလည်း ကျွန်တော်။ ဒီနေရာမှာလည်းကျွန်တော်။ လူစွာလုပ်ခဲ့ပါတယ်။ အမှန်ဝန်ခံရရင် တစ်ခါတစ်လေ ကြီးနိုင်ငယ်ညှင်း လုပ်မိခဲ့တာလေးတွေလည်း ရှိခဲ့ပါတယ်။

ဒါပေမယ့် လောကဓံတရားက ကြည့်မနေဘူးဗျ။ ကိုယ့်နိုင်မယ့်သူ
ပေါ်လာတယ်။ ဝဋ်ဆိုတာ လည်စမြဲ ဆိုတဲ့စကားကို ခုမှပဲ ယုံတော့
တယ်။ ပြောရင်းပြောရင်း သံဝေဂလက်ာလေးတစ်ပိုဒ် သွားသတိရ

မိတယ်ဗျာ။

မောက်ကြွားတက်ကြွရှိလွန်းကလည်းလျော့ကျနောက်ဆုံးရှိချေ၏တဲ့။လျော့ကျရပါတယ်။သူများတွေ လျော့ကျတယ်ဆိုတာ ဂုဏ်သိက္ခာပိုင်းတို့ ပစ္စည်း ဥစ္စာစည်းစိမ်တို့ လျော့ကျကြတာ။ အခု ကျုပ်လျော့ကျရမှာက ဇီဝိန်။ အသက်ဗျ။ အသက်။ နောက်ပြီး ကျွန်တော့်ရဲ့ အသက် ဇီဝိန်လျော့ကျ ချက်ကလည်း စဉ်းစားရင် တကယ့်ကို ရင်နာစရာပါဗျာ။ သူများတွေလို လောက်လေးခွတို့ ဘိတို့ လေသေနတ်တို့နဲ့တွေ့လို့ လျော့ကျရတယ် ဆိုရင် ကျေကျေနပ်နပ်ကြီး သေရဲပါတယ်။ ဘာဖြစ်လို့ ကျေကျေ နပ်နပ်ကြီး သေရဲရသလဲဆိုတော့...အဲ့ဒါတွေက ဖြစ်တတ်တဲ့သဘောတွေကိုးဗျ။

ခင်ဗျားတို့လူတွေမှာ ပြောဆိုနေကြတာ တစ်ခုရှိပါတယ်။ငါးပိနဲ့လောက် ရွှေနဲ့ကျောက် တဲ့။ မကင်းနိုင်ကြတာတွေကို ပြောတာပါ။ ကျွန်တော်တို့ ရှဉ့်တွေမှာလည်း မကင်းနိုင်တာတွေ ရှိပါတယ်။

လောက်စာတို့ ဘိ(ထောင်ချောက်)တို့ လေသေနတ်ကျည်ဆံတို့ဆိုတာ ရှဉ့်တွေနဲ့ မကင်းနိုင်တဲ့ ဇီဝိန်ခြွေ လက်နက်တွေလေ။အဲ့ဒါတွေကို နှစ်ပေါင်းများစွာ လွတ်အောင်ရှောင်နိုင်ခဲ့တဲ့ကျွန်တော်...

ခုတော့

ခုတော့

အီး...ဟီး...ဟီး...ဟီး

လျှင်မြန်ဖြတ်လတ်မှုအပိုင်း ပြောရဦးမလား ! ခါးပတ်နက်အဆင့်ရှိတယ်။ သစ်ပင်တစ်ပင်ရဲ့ ထိပ်ဖျားကနေ အခြားတစ်ပင်ရဲ့ ထိပ်ဖျားကို လွှားခနဲ လွှားခနဲ ခုန်ကူးလာခဲ့တာ အို သေတော့မယ်။ တစ်ခါမှသစ်ပင်ပေါ်က ချော်ကျတာတို့ မြေပြင်ပေါ် ပြုတ်ကျတာတို့ မရှိခဲ့ဘူး။

အဲ့ဒီလောက်ထိ လျှင်မြန်ဖြတ်လတ်ခဲ့တယ်။
ဒါကြောင့် ကျွန်တော့်ကိုကျွန်တော် အခုလို ထန်းပင်ပေါ်
တက်ပြီး ဓားနဲ့အခုတ်ခံရမယ်လို့ ဘယ်လိုလုပ် ထင်မလဲဗျာ။
ကျွန်တော် ဒီလောက်ထိ ကံဆိုးလိမ့်မယ်လို့ ထင်မလားဗျ...ထင်မလား။

ပြောကြစမ်းပါအုံး။
ကံဆိုးပုံ ဆက်ပြောရဦးမယ်။ဒီလောက် အသား၊ ငါးတွေ ပေါများနေတဲ့ ခေတ်ကြီးထဲမှာဟို... ကိုကိုလတ်ဆိုတဲ့ မျက်မှန်နဲ့ လမ်းဗိုလ်ညွှေ့သည်ကဘာဖြစ်လို့များ ကျွန်တော်တို့ ရှဉ့်သားထောင်းကြော်ကိုမှ သွေးတောင်းရသလဲဆိုတာ ကျွန်တော်ဖြင့် စဉ်းစားလို့ကိုမရဘူး။ အဓိက ကတော့ကိုဝင်းမောင်နဲ့ သောင်းအေးက အဲ့ဒီ လမ်းဗိုလ်ဆိုတဲ့ လူကို မျက်နှာလိုအားရလုပ်ဖို့ ကျုပ်တို့ကို လိုက်သတ်ပြီး ချက်ကျွေးဖို့ စီစဉ်တာ။

ဒါကြောင့် ကျုပ် ကံသိပ်ဆိုးတယ်လို့ပြောတာဗျ။
ကဲ တိတ်ပါတော့...ရှဉ့်ငပေါရာ တိတ်ပါတော့ အခု မင်းကံမဆိုးတော့ပါဘူး။ မင်း ကံဆိုးလွန်းလို့ ဒီဖြစ်ရပ်ဆိုးနဲ့ ကြုံခဲ့ရပေမယ့် ဟော...အခု မင်း ကံကောင်းလာတော့မယ်။ မင်းကို ပြုစုကုသပေးမယ့် တို့လို ကြင်နာသနားတတ်သူတွေနဲ့ တွေ့နေရပြီပဲ၊

ဟုတ်တယ် မဟုတ်လားစိတ်ဆိုတာ ဖြေတတ်ရတယ်။ လွမ်းစရာတွေရှင် နာစရာနဲ့ ဖြေတတ်ရတယ်ကွ။ ဒါမှ စိတ်သက်သာရာ ရမှာပေါ့။ စိတ်ထောင်းရင်ကိုယ်ကျေတယ် ငပေါရ။ နောက်ပြီး ယောနိသော မနသိကာရ တဲ့

နလုံးသွင်းစမ်း...နလုံးသွင်း၊ တို့က ဥပုသ်ဇရပ်ကပြန်လာတဲ့ သူတွေဆိုတော့ တရားစကားနဲ့ပဲ မင်းကို ဖြေသိမ့်ပေးရတော့မှာပဲ။ တရားနဲ့ဖြေပါကွာ

ဟား...ဟား...ဟား...ဟား

ဟော့ကောင် ရှဉ့်ငပေါ.. ရှဉ့်ငပေါ..လုပ်ပြန်ပြီကွာ၊ မင်းကအခု ငို၊ အခု ရယ် နဲ့ ဒီလောက် ဝေဒနာခံစားနေရတဲ့ နောက်ဆုံးအချိန်လေးမှာ မင်းခံစားနေရတဲ့ဝေဒနာတွေကို ဖြစ်၊ ပျက်ရှုနေရတယ် ကွ။ ဒါမှ မင်း ဘဝကူးကောင်းမှာပေါ့။ အခုတော့..အဲ့ဒီလိုမဟုတ်ဘူး။ ဘာဖြစ်လို့ ဟားတိုက်ပြီး ရယ် နေရပြန်တာလဲကွာ၊ငါတော့ မင်းကို နားမလည်နိုင်တော့ဘူးကျွန်တော်...ကျွန်တော် အခုလို အဖြစ်ဆိုးနဲ့သေရမှာကိုဝမ်းမနည်းတော့ဘူး၊ ဂုဏ်ယူသွားပြီဗျ၊ ဂုဏ်ယူသွားပြီ၊ ဒါကြောင့်ရယ်တာ။

"ဘာ..! ဘာပြောတယ်! ဟော့ကောင် မင်း...ရူးနေပြီလား "

မင်းပဲ ခုနတော့ ဒီအဖြစ်ဆိုးမျိုးနဲ့ ကြုံရတာ ကံဆိုးလွန်းလို့ဆိုပြီးငိုတယ်။ ခုတော့ ဂုဏ်ယူလို့ဆိုပြီး ရယ် ပြန်ရော။ မင်း ကိုယ့်စိတ်ကိုထိန်းအုံးကွ၊ လွှတ်မထားနဲ့ဟုတ်ကဲ့၊ ကျွန်တော့်စိတ်ကို ကျွန်တော်ထိန်းပါတယ်။

အားလည်း တင်းထားပါတယ်။ ကျွန်တော် အခုလို အားရပါးရရယ်လိုက်တာနဲ့ပတ်သက်ပြီး ရှင်းပြပ့ါမယ်

အခန်း (၇ )

ဒီလိုဗျ !...

ကျွန်တော်တို့နိုင်ငံမှာ ပုဂံခေတ် အနော်ရထာမင်း လက်ထက်က လူစွမ်းကောင်းလေးဦး ပေါ်ထွက်ခဲ့တယ်မဟုတ်လား။ အဲ့ဒီထဲကတစ်ဦးက ထန်းပင်ပေါင်းများစွာကို တက်နိုင် ဆင်းနိုင်တဲ့ လူစွမ်းကောင်း ငထွေရူးလေဗျာ။ အဲ့ဒီအကြောင်းအရာတွေဟာ ခင်ဗျားတို့ရဲ့ရှေးခေတ် မြန်မာ့သမိုင်းစာအုပ်တွေထဲမှာ ရှိတယ်လို့ ကြားဖူးတယ်။ခုတော့ ထန်းပင်အမြင့်ကြီးပေါင်းများစွာကို တက်နိုင် ဆင်းနိုင်ရုံတင်မကဘဲ အဲဒီ ထန်းပင်အမြင့်ကြီးတွေအပေါ် တက်ပြေးတဲ့ရှဉ့်ကိုပါ ဓားနဲ့ လိုက်ခုတ်နိုင်တဲ့ ထန်းတက် လူစွမ်းကောင်းလေးဦးနဲ့
ကျွန်တော်ကိုယ်တွေကြုံခဲ့ရလို့ သေပျော်ပါပြီ။ ပုဂံခေတ် ငထွေရူးရဲ့အမျိုးအနွယ် လက်ကျန်တွေလား မသိပါဘူးဗျာ၊ စွမ်းတော့တော်တော်စွမ်းကြတယ်။ ထန်းပင်တက်တာကို ပြောတာနော်။ထန်းပင်အများကြီးကို ဆင်းလိုက် တက်လိုက် လုပ်နိုင်တယ်။စဉ်းစားကြည့်လေ ထန်းပင်တစ်ပင်ဖျားက တစ်ပင်ဖျားကိုအသက်လုပြီး ပြေးနေရတဲ့ ကျုပ်တို့ရှဉ့်တွေကို ဓားနဲ့ရအောင် လိုက်ခုတ်နိုင်တဲ့ သူတို့ရဲ့စွမ်းရည် နည်းမှတ်လို့။ကမ္ဘာမှာ ဘယ်နိုင်ငံမှာမှ မရှိနိုင်တဲ့သူမျိုး တို့နိုင်ငံမှာ ရှိနေပါလားဆိုတဲ့ အသိရယ်၊ ဒီလို လူစွမ်းကောင်းမျိုးရဲ့ ဓားချက်ကြောင့်သေရမှာ သေပျော်တယ်ဆိုတဲ့ အတွေးရယ်ကြောင့် ဂုဏ်ယူမိလို့ရယ်တာဗျ၊ ဂုဏ်ယူမိလို့။ နောက်ပြီး တကယ်လို့များ

ဒီဒဏ်ရာပျောက်ခဲ့ရင်လေ ကျွန်တော့်ရည်ရွယ်ချက်က ရန်ကုန် သီလဝါဆိပ်ကမ်းမှာ ကပ်ထားတဲ့ နိုင်ငံခြားသင်္ဘောတစ်စီးစီးနဲ့ လိုက်သွားမယ်။ ရောက်တဲ့နိုင်ငံမှာရှိတဲ့ ကျုပ်တို့ အမျိုးအနွယ်တွေဆီ အကူအညီတောင်းပြီး ကျုပ်က ဒီဖြစ်ရပ်ကို ဂုဏ်ယူပြီး လိုက်ကြွားမယ်။ အဲ့ဒီနိုင်ငံဆိပ်ကမ်းကနေ အခြားနိုင်ငံတွေကို ဆက်လိုက်သွားမယ်။ အဲ့ဒီနိုင်ငံတွေမှာလည်း ဒီဖြစ်ရပ်ကို ပြောပြမယ်လေ။ အဲ့ဒီလို လုပ်လိုက်ရင်ကျွန်တော်တို့နိုင်ငံက တောင်သာနယ် ပဲခင်းကျော်ရွာလေး ကမ္ဘာ ကျော်သွားမယ်။ ထူးထွေတည့် အံ့ရာသော် အဖြစ်နဲ့ နိုင်ငံခြားသားတွေက ရှဉ့်ခုတ်တာကို လာကြည့်ကြလိမ့်မယ်။ တခြား ဘယ်မှာမှမရှိဘဲကိုးဗျ။

ဒါပေမယ့် ဒါပေမယ့်.. ကျွန်တော့်ရည်ရွယ်ချက်တွေကို ကျွန်တော် မလုပ်ဆောင်နိုင်တော့ပါဘူးဗျာ။ ဘာဖြစ်လို့လဲဆိုတော့.. ကျွန်တော့်ကိုယ် ကျွန်တော်သိတယ်။ ကျွန်တော်ဒီတောင်က မကျော်နိုင်တော့ဘူး။ ဟုတ်တယ်။ ကျွန်တော် မကျော်နိုင်တော့ဘူး။ အခုကို ကျွန်တော့်မျက်စိတွေ ပြာလာပြီ။ ခေါင်းတွေလည်းအရမ်းမူးလာတယ်။ ကျွန်တော် မနေရတော့ဘူး။ ဒါကြောင့်ကျွန်တော် နောက်ဆုံးပြောချင်တာကကျွန်တော်တို့နိုင်ငံကသမိုင်းပညာရှင်တွေရယ်ရှေးဟောင်းသုတေသနပညာရှင်တွေရယ်၊မြန်မာနိုင်ငံရဲ့ ထူးခြားဖြစ်စဉ်လေးတွေကို နိုင်ငံခြားကို ရိုက်လွှင့်ပြသနေတဲ့ ၂၀၁၄ က တာဝန်ခံတွေရယ်၊ ကမ္ဘာတစ်လွှားကထူးခြားဆန်းပြားတဲ့ ဖြစ်ရပ်တွေကို မှတ်တမ်းတင်လေ့ရှိတဲ့ ဂီးနစ် မှတ်တမ်းများ က ပုဂ္ဂိုလ်တွေရယ်၊ နှမြနေလန ငအေ သမ ညသအ (ယုံချင်ယုံမယုံချင်နေ) ကဏ္ဍာတွေကို တင်ဆက်နေတဲ့ ပုဂ္ဂိုလ်တွေရယ်၊ အဲဒီပုဂ္ဂိုလ်တွေအားလုံးကို - မြန်မာနိုင်ငံ၊ မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ပဲခင်းကျော်ကျေးရွာမှာ လူစွမ်းကောင်း ငထွေရှူးရဲ့ မြစ်တွေ၊ တီတွေ၊တွတ်တွေရဲ့ အမျိုးအနွယ်ဆက်တွေ အခုထိ ရှိနေကြသေးကြောင်းနဲ့ ထန်းပင်အမြင့်ကြီးတွေရဲ့ ထိပ်ဖျားထိ တက်ပြေးတဲ့ ရှဉ့်တွေကို ဓားနဲ့လိုက်ခုတ်နိုင်ကြောင်း၊ မယုံရင်... အဲ့ဒီ ပဲခင်းကျော်ရွာကိုသွားပြီးလေ့လာနိုင်ကြောင်း၊ ကျွန်တော့်အသက်နဲ့ ရင်းလိုက်ရတဲ့ ကိုယ်တွေ့ဖြစ်ရပ်ဆန်းကို -

ကျွန်တော့်...ကိုယ်စား.. ကျွန်တော့်...ကိုယ်စား..

ပြော...ပြော

ပေး...ပါ...

ရှဉ့်ငပေါ

ရှဉ့်ငပေါ

ရှဉ့်ငပေါ

ကိုကိုလတ် (ဆည်မြောင်း)

(၁၉၈၉ ခုနှစ်က တောင်သာနယ်၊ မန်ကျည်းချိုရွာမှ နာမည်ကြီး တိုက်ကြက်ဖတစ်ကောင် ဝယ်ယူရန်အတွက် ပဲခင်းကျော်ရွာသို့ ခေတ္တရောက်ရှိစဉ် မိမိ၏ ရှဉ့်သားထောင်းကြော်စားချင်သည့် ချဉ်ခြင်းတပ်မက်မှုအား ဖြေဖျောက်ပေးသောအားဖြင့် အလွန်မြင့်မားသည့် (လွန်ခဲ့သောနှစ်ပေါင်းတစ်ရာကျော်က) ထန်းပင်ကြီးများပေါ်သို့ သက်စွန့်ဆံဖျား တက်ချည်၊

ဆင်းချည်လုပ်၍ ရှဉ့်များအား ဖမ်းဆီး၊ သတ်ဖြတ်ချက်ပြုတ်ကျွေးမွေးခဲ့သော ပဲခင်းကျော်ရွာမှ ကိုဝင်းမောင်၊ ကိုသောင်းအေးနှင့် ထန်းသမားအဖွဲ့အား သတိရသောအားဖြင့်လည်းကောင်း၊ သဘာဝကျသော နည်းလမ်းများဖြင့် သေပွဲမဝင်ရဘဲ ကြံ့ကြံ့ဖန်ဖန် ထန်းပင်ပေါ်အထိ ဓားဖြင့် လိုက်အခုတ်ခံရ၍ သေခဲ့ရရှာသော ရှဉ့်များ၏ ကြမ္မာဆိုးအား (ယခု အသက်အရွယ်ရလာချိန်တွင်) ကိုယ်ချင်းစာနာမှုများ ဖြစ်ပေါ်လာမှု ကြောင့်လည်းကောင်း၊ အပြစ်မဲ့ ရှဉ့်သတ္တဝါလေးများ သေကြေပျက်စီးခဲ့ရသည်ကို ယူကြုံးမရ ဖြစ်မိသောကြောင့်လည်းကောင်း စသည့် စသည့် အကြောင်းတရားများကြောင့် ကိုယ်ချင်းစာတရား၊ သံဝေဂတရား၊ နောင်တတရားများဖြင့် မိမိကိုယ်မိမိ ရှဉ့်တစ်ကောင်အသွင်ခံစားရေးဖွဲ့ခြင်း ဖြစ်ပါသည်။)

(၂၀၀၅-ခုနှစ်၊ စက်တင်ဘာလထုတ် လုံမလေး မဂ္ဂဇင်းအတွဲ-၂၁ အမှတ်(၂၄၂) စာမျက်နှာ ၁၄၂-၁၅၂ မှ)

ဖက်၍ ဆေးစုံ ချယ်သောပုံသို့

ကိုကိုလတ် (ဆည်မြောင်း)

အခန်း (၁)

အစွဲချွတ်ကြ.! အစွဲချွတ်ကြ..! လို့ တရားနာပရိသတ်ကို သတိပေးဟောကြားနေတဲ့ ဆရာတော်ကြီးတွေရဲ့ တရားသံတွေကိုကြားရတိုင်း ကျွန်မ 'မမ'တို့ဆီက တေးရေးဆရာတွေကို အမြဲသတိရနေမိတယ်။ ကျွန်မနေတဲ့ နေရာက

ချမ်းသာကြီးစာချကျောင်းတိုက်မြောက်ဘက်လေးနားတင်ဆိုတော့... ပြီးခဲ့တဲ့ ဝါတွင်းကာလ တစ်လျှောက်လုံးမှာ အဲဒီကျောင်းတိုက်ထဲကနေ ကျွန်မတို့ဘက် လှည့်ပြီး ဖွင့်ဖွင့်ထားတဲ့ အော်လံကြီးတွေက ပျံ့လွင့်လာတဲ့ တရားသံ တွေကို မကြာခဏ ကြားရလေ့ရှိပါတယ်။ တခါတလေမှာ တရားသံတွေ မဟုတ်ဘဲ မိဘမေတ္တာကို ဖွဲ့ဆိုထားတဲ့ သီချင်းသံတွေနဲ့ 'ဗိမ္ဗိသာရဇာတ်လမ်း'လို မိဘမေတ္တာဘွဲ့ တေးသရုပ်ဖော်တွေကိုလည်း နံနက်ခင်းရဲ့ ကြည်နူးစရာအချိန်လေးတွေမှာ ကြားရလေ့ရှိပါတယ်။

အဲဒီသီချင်းသံတွေကို ကြားရဖန်များတော့မှ ကျွန်မ သတိထားမိလာတာ တစ်ခုရှိတယ်။ အဲဒါ ဘာလဲဆိုတော့...ဒီ 'မိဘမေတ္တာ' နဲ့ ပတ်သက်ပြီး စပ်ဆိုထားတဲ့သီချင်းတွေအားလုံးဟာ 'လူသားမိခင်၊ဖခင်' တွေရဲ့ အကြောင်းတွေချည်း ဖြစ်နေတယ်။ ကျွန်မတို့ သတ္တဝါလေးတွေနဲ့ပတ်သက်တဲ့ 'မိဘမေတ္တာဘွဲ့' နဲ့ ချစ်ခြင်းမေတ္တာတွေအကြောင်း တစ်ပုဒ်မှ ပါမလာဘူး။

ဒီတော့ ကျွန်မ စဉ်းစားမိတယ်။

အော် !..ဆရာတော်ကြီးတွေကသာ အစွဲချွတ်ကြ!...

အစွဲချွတ်ကြ !...လို့ ပါးစပ်က အမြှုပ်ထွက်မတတ်ကို ဟောနေတာ။ သူတို့ကတော့ အဲဒီအစွဲကြီး မကျွတ်ပါလား...လို့။ ပွင့်ပွင့်လင်းလင်းပြောရရင် သူတို့မှာ ချွတ်မရတဲ့ အစွဲကြီးတစ်ခုရှိတယ်ဆိုတာ ကျွန်မ သတိထားမိလာတယ်။

အဲဒါ...ဘာလဲ!.. 'မမ' သိလား!

ဒီ 'မိဘမေတ္တာ' လို့ဆိုတဲ့ စကားလုံးလေးကြားလိုက်တာနဲ့ တပြိုင်တည်း သူတို့မှာ အလုပ်အယက်ကို "__ သား ___ လူလေး ___ ဘယ်များ 'နာ'သွားသေးလဲ_ သားရယ် "တို့

" ဖေဖေကြီး ___ ဖေဖေကြီး ___ ဖေဖေကြီးကို ___

ချစ်တယ် __ တို့___ သားမှားပြီ ___ မှားပြီ ___ မေမေရဲ့ "တို့

"ကျေးဇူးရှင် ___ ဖေဖေနဲ့ ___ မေမေ ___ တို့ "လုပ်" ချလိုက်ကြတော့တာပဲ။

တစ်ယောက်မှ ကျုပ်တို့ တိရစ္ဆာန်လေးတွေဘက်ကို မြားဦးမလှည့်ကြတော့ဘူး။ တိရစ္ဆာန်ရေးကြပါဦးလားရှင့်!... ဟိုတလောက ကျွန်မကြားဖူးတဲ့ဇာတ်ပြားဟောင်းကြီးထဲကလို

___ ကြောင်ကလေး ___ ပူစီ ___ ညှောင် !...

အောင်!...အောင်!...တို့___ ခွေးကလေး ___ ပါပီ ___ ဝုတုတ် !__ ဝုတ် !__ဝုတ်!...___ တို့၊

___ ဆိတ်ကလေး ___ နာနီ ___ ပဲ !__ အဲ !___ အဲ !__ တို့၊

___ မိုမိုရေ ___ ဂူး !___ မိုမိုရေ ___ ဂူး !__ တို့ အဲ သံလေးတွေ မကြားရတာ ကြာပါပကော။

ရိုးအီပြီး အပ်ကြောင်းထပ်နေတဲ့ အဲဒီ ဖေဖေကြီးတို့၊ မေမေကြီးတို့၊ သားတို့၊ လူလေးတို့...ဆိုတဲ့ သီချင်းသံတွေကို ကြားရဖန်များလာတော့ တစ်ခါတစ်ခါ အဲဒီသီချင်းသံတွေ ကြားနေရရင် ကျွန်မလေ... စိတ်ပေါက်ပေါက်နဲ့

'မကျေနပ်ဘူး၊ လုံးဝမကျေနပ်ဘူး' လို့ 'ထ၊ ထ' အော်မိရော၊ အဲဒီလို...ကျွန်မက အော်မိတော့ ကျွန်မ သူငယ်ချင်းတွေက...ဟဲ့ ကောင်မ..! ညည်းက 'မကျေနပ်ဘူး၊ မကျေနပ်ဘူး' နဲ့အော် အော်နေရအောင ... ညည်းကိုညည်း 'ခိုင်ထူးများ မှတ်နေလား' တဲ့။

ကျွန်မကို ပြောကြပုံ... ပြောပါတယ်။ ကျွန်မတစ်ခု မေးပါရစေ။ 'မမ' တို့ လူသားမိခင်တွေရဲ့ မေတ္တာတရားအကြောင်းတွေ ရေးဖွဲ့စပ်ဆိုထားမှ 'မိခင်မေတ္တာဘွဲ့' လား မမ!...ကျွန်မတို့ တိရိစ္ဆာန်လေးတွေမှာလည်း မိခင်ဆိုတာရှိပါတယ်။ 'မမ'တို့ လူသားမိခင်တွေမှာ မိခင်စိတ်တို့ မိခင်မေတ္တာတို့ရှိကြသလို ကျွန်မတို့ တိရစ္ဆာန်လေးတွေမှာလည်း မိခင်စိတ်တို့မိခင်မေတ္တာတို့ ရှိကြပါတယ်။ အခု..ကျွန်မရဲ့ ကိုယ်တွေ့ဖြစ်ရပ်မှန်ဇာတ်လမ်းလေးဆိုရင် ကျွန်မတို့ တိရစ္ဆာန်လေးတွေရဲ့ မိခင်မေတ္တာဘွဲ့စစ်စစ်ဖြစ်လို့ ကျွန်မ ပြောပြပါရစေ။ ခဏလေး သည်းခံပြီး နားထောင်ပေးပါနော်...မမ၊ နော်။

အခန်း (၂)

ကျွန်မနာမည် မိပြားပါ 'မမ'။ သင်္ဘောအင်းထဲမှာနေတဲ့ 'ငဖယ်မ'(ငါးဖယ်မ) တစ်ကောင်ပါ။ တစ်ချို့ ရေလုပ်သားတွေက ကျွန်မတို့ကို 'ငါးဖယ်'လို့ ခေါ်ရင် အရမ်းစိတ်ဆိုးတတ်ကြတယ်။ သူတို့ ငါးဖမ်း

နေတဲ့အချိန်မှာ ငါးတွေ 'ဖယ်' သွားမှာစိုးလို့တဲ့။

ဒါကြောင့် ကျွန်မတို့ 'ငါးဖယ်' တွေကို 'ငါးဖယ်' လို့ မခေါ်ဘူး။ ကျွန်မတို့ရဲ့ ပြားချပ်ချပ် ခန္ဓာကိုယ်ကို အစွဲပြုပြီး 'ငပြား'(ငါးပြား)လို့ခေါ်ကြတယ်။ တံငါအခေါ်ကို ပြောတာနော်။ အဲ့ဒီလူတွေလေ... သူတို့ ငါးဖမ်းနေတဲ့ အချိန်များမှာကျွန်မတို့ကို 'ငါးဖယ်' လို့ ခေါ်မိလို့ကတော့... အဲဒီ ခေါ်မိတဲ့လူ နားအူသွားလောက်အောင်... နင့်မေကလွှားက အစ... မအေ...နမ အလယ်၊ မင့်ဂျီးဒေါ်(ကြီးတော်)

အဆုံး ကလော်တုပ်ခံရပြီသာမှတ်။

အကြမ်းဆုံးလား...ကိုမှတ်ကြီး...ပေါ့။

ညနေ လေးနာရီခွဲ၊ ငါးနာရီလောက်မှာများ သင်္ဂဇာအင်းဘက်က အယုတ္တ အနတ္တသံတွေ ကြားရင်...

ဘယ်သူလဲလို့ မမေးနဲ့၊ အဲဒါ ကိုမှတ်ကြီးပဲ။ မြေကြီး လက်နဲ့ပုတ်တာမှ လွဲဦးမယ်။ သိပ်ပြီး အယူသည်းကြတယ် မမရဲ့။

အော်!...ဒါနဲ့...ကျွန်မတို့ ငါးဖယ်တွေနဲ့ပတ်သက်ပြီး 'မမ'ကို နည်းနည်းလောက် ပြောပြချင်ပါတယ်။

ကျွန်မတို့ ငါးတွေမှာ ကိုယ့်ရဲ့ရင်သွေးလေးတွေကို ထိန်းကျောင်း စောင့်ရှောက်တာနဲ့ပတ်သက်လို့ သုံးမျိုးရှိပါတယ်။ ကျွန်မ အသေးစိတ်ရှင်းပြမယ်နော်။ တစ်ချို့ငါးမျိုးတွေမှာကိုယ့်ရဲ့သားပေါက်လေးတွေကို မိခင်ရော ဖခင်ပါ နှစ်ကောင်စလုံးထိန်းကြတယ်။

ငါးရံ့လိုမျိုးပေါ့။ ငါးရံ့တွေက သူတို့ရဲ့ သားပေါက်လေးတွေနဲ့ အနီးဆုံးနေရာမှာနေပြီး အထီးရော အမရော နှစ်ကောင်စောင့်ပြီး ထိန်းကြတယ်။ ဒုတိယမျိုးက...မိခင်က မထိန်းဘဲ ဖခင်တစ်ကောင်တည်း က ထိန်းတဲ့မျိုးပါ။ ဗိုက်တာ လို့ခေါ်တဲ့ တိုက်ငါးတွေပေါ့။ အလှမွေးငါးမျိုးလေ။ ဖခင်ကပဲ သားပေါက်တွေကို ထိန်းတယ်။ မိခင်က လုံးဝမထိန်းတဲ့အပြင်... တစ်ခါတလေ သားပေါက်လေး တွေကိုရန်ရှာတတ်လို့ ဖခင်က အဲဒီငါးမကို လိုက်လိုက်ကိုက်ပြီး သားပေါက်လေးတွေနဲ့ ဝေးရာကို မောင်းထုတ်ပစ်ရတယ်။

တတိယအမျိုးအစားကတော့...ဖခင်က လုံးဝမထိန်းဘဲမိခင် တစ်ကောင်တည်းကပဲ ထိန်းတဲ့မျိုးပါ။ အဲဒါကတော့ ကျွန်မတို့ငါးဖယ်မတွေပါပဲ 'မမ'။ မွေးရာပါ ဗီဇသတ္တိအရ ကျွန်မတို့က သားဇော သမီးဇော အရမ်းကြီးပါတယ်။ ကျွန်မတို့ သားပေါက်နေပြီဆိုရင်... ကျွန်မတို့'ဝပ်ကျင်း' နားမှာ လှုပ်လှုပ် လှုပ်လှုပ်မြင်လို့ကတော့ လိုက်ကိုက်ပစ်

လိုက်တာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မကလေးတွေကို အန္တရာယ် ပြုမှာစိုးလို့။

ကျွန်မတို့ရဲ့ သားသမီးတွေအပေါ် ချစ်တဲ့ဇော (ရှည်ပါတယ်) 'ချစ်ဇော' ပေါ့ရှင်။ အဲဒီ ချစ်ဇောက ကြီးမားတယ်။အဲဒီ ကျွန်မတို့ရဲ့ ကြီးမားတဲ့ ချစ်ဇောကြောင့်ပဲ ကျွန်မတို့ ငါးဖယ်မတွေ ဒုက္ခရောက်ကုန်ရတာပေါ့ 'မမ' ရယ်။

အခန်း ( ၃ )

ကျွန်မတို့ ငါးဖယ်မတွေဟာ ကျန်တဲ့အချိန်တွေမှာ ကြုံသလို နေရာတွေမှာ နေကြပေမယ့် 'မျိုး' ရှိလာပြီဆိုတာနဲ့ ကိုယ် 'ဥ' ချမယ့် 'အသိုက်' ကို ကိုယ်တိုင်ဆောက်ကြပါတယ်။

ရှင်

ငါးက 'အသိုက်' ဆောက်တယ်လို့ ရှိသလား !...ဟုတ်လား!

ရှိပါတယ် 'မမ' ရဲ့။

'မမ' တို့ မြေပြင်ပေါ်ကလူတွေ၊ ငှက်တွေ၊ တိရစ္ဆာန်တွေအသိုက်ဆောက်ကြသလို ကျွန်မတို့ ငါးဖယ်မတွေလည်း အသိုက်ဆောက်ကြပါတယ်။

အခေါ်အဝေါ်ကတော့ ကွာတာပေါ့နော်။

ကျွန်မတို့ အသိုက်ကိုတော့ 'ဝပ်ကျင်း' တဲ့။ အစဉ်အဆက်က ပြောလာကြတာကတော့... မြေကြီးပေါ်က ချိုင့်ခွက်ကျဉ်းကျဉ်းကလေးထဲမှာ 'ဝပ်' နေရလို့ ဝပ်ကျင်းလို့ ခေါ်တာတဲ့။

တော်လိုက်တဲ့ တံငါတွေ၊ နာမည်ပေးပုံ ပြောပါတယ်။

အော် !...ဒါနဲ့ ၊

နေစရာ အသိုက်ဆိုလို့...'မမ' တို့ လူ့လောကမှာ နေထိုင်တဲ့သူရဲ့ အဆင့်အတန်းကို မူတည်ပြီး နေစရာ အဆောက်အဦရဲ့အခေါ်အဝေါ်လေးတွေ ကွဲပြားသွားပုံတွေကို ကျွန်မ သွားသတိရမိတယ်။

ဟဲ့လေ

ကွယ်လွန်သူ ရုပ်ရှင်မင်းသားကြီး (ဦး) ဝင်းဦးဆိုခဲ့တဲ့ သီချင်းလေးတောင် ရှိသေး။

ညည်းက ကြားဖူးလို့လား...ဟုတ်လား !...

ကြားဖူးတာပေါ့...မမရဲ့။

ဝါတွင်းတုန်းက 'ချမ်းသာကြီး' ဘုရားဘက်ကနေ ကျွန်မတို့ သင်္ဂဇာအင်းဘက်ကို အော်လံကြီးလှည့်ထားပြီး အဲဒီသီချင်း ဖွင့်ဖွင့်နေလို့ ကျွန်မ ကြားဖူးတာပါ။

သီချင်းအစအဆုံးတော့ မရပါဘူး။ ကျွန်မရတဲ့ အပိုဒ်လေး 'မမ' ကို ဆိုပြမယ်။ 'မမ' မရယ်နဲ့နော်။

ဟော !...လုပ်ပြီ။

ကျွန်မကဖြင့် မဆိုရသေးဘူး၊ မမက ရယ်နေပြီ။

ကဲ... ဆိုမယ်နော် !...

လူနေတော့ _ _ _ အိမ်ခန်း _ _ _

ရဟန်းနေတော့ _ _ _ ကျောင်း _ _ _

သူတောင်းစားနေတော့ _ _ _ ဇရပ် _ _ _

မြတ်သောဘုရင် _ _ _ ပလ္လင်၊ နန်းတော် _ _ _

_အခေါ် _ _ _ ဆန်း _ _ _ ပေတာ ".တဲ့။

ဒီသီချင်းရဲ့ အဓိပ္ပာယ်က လူတွေနေတဲ့ အဆောက်အဦးကို 'အိမ်' တဲ့။ 'အိမ်ခန်း' တဲ့။ ရဟန်း သံဃာတော်တွေ သီတင်းသုံးတဲ့ အဆောက်အဦးကိုတော့ 'ကျောင်း' တဲ့။ ဟော..! သူတောင်းစားတွေ နေတဲ့နေရာကိုတော့ 'ဇရပ်' တဲ့။ ဘုရင်တွေနေတဲ့ နေရာကိုတော့'ပလ္လင်' တဲ့၊ 'နန်းတော်' တဲ့။

ကဲ !...ဘယ်လောက် အဆင့်အတန်းခွဲကြသလဲ။ လူတွေပြောပါတယ်။ အခေါ်အဝေါ်တောင် ဒီလောက် ခွဲခြား ခွဲခြားလုပ်နေမှတော့ ကျန်တဲ့ကိစ္စတွေ ပြောမနေနဲ့တော့။ 'မမ' စဉ်းစားသာကြည့်။

အတုမြင်လို့ အတတ်သင်သလား မသိဘူး 'မမ' ရေ။ 'မမ'တို့ လူတွေမှာ 'နေစရာ'ကို အခေါ်အဝေါ်တွေ ခွဲခြားသလို ကျွန်မတို့ တိရစ္ဆာန်လောကမှာလည်း 'နေစရာ' ကို ခွဲခြားတဲ့ အခေါ်အဝေါ် လေးတွေ ရှိတယ်။ မြေပြင်ရဲ့ အထက်မှာဆောက်တဲ့ 'နေစရာ'ကို 'အသိုက်' လို့ ခေါ်ကြတယ်။ ဥပမာ...မမရယ်၊ ကျီးကန်းသိုက်၊ စွန်သိုက်၊ ရှဉ့်သိုက်... အဲဒီလို ခေါ်ကြတယ်။

မြေပေါ်မှာ ဆောက်ထားတဲ့ 'ခြေလေးချောင်းသတ္တဝါတွေ'

နေတဲ့ အဆောက်အဦးမျိုးကိုတော့ 'တင်းကုပ်' လို့ ခေါ်တယ်။ ဥပမာ-နွားတင်းကုပ်၊ ဆိတ်တင်းကုပ်ပေါ့ မမရယ်။ မြေအောက်ထဲမှာဆောက်ထားတဲ့ 'တွားသွားသတ္တဝါတွေ'ရဲ့ နေရာကိုကျတော့ 'တွင်း'လို့ ခေါ်ပြန်ရော။ ဥပမာ-ငါးရှဉ့်တွင်း၊ မြွေတွင်း... အဲဒါမျိုးတွေပေါ့။

နောက်ပြီး...ကျွန်မတို့ ငါးဖယ်တွေလို ရေထဲက ကျွဲခြေရာခွက်တို့၊ ကျွဲလူးအိုင်တို့လို နေရာမျိုးနဲ့ အခြားကျင်းလေးတွေ ချိုင့်လေးတွေထဲမှာ သစ်ရွက်ဆွေးတို့၊ တုတ်ချောင်းလေးတွေတို့၊ သစ်ကိုင်းဆွေးလေးတွေတို့နဲ့ လုပ်ထားတဲ့ အသိုက်ကိုတော့ 'ဝပ်ကျင်း' တဲ့။ ဥပမာ ငါးဖယ်ဝပ်ကျင်းပေါ့ မမရယ်။ အဲဒီ ဝပ်ကျင်းကို ကျွန်မတို့ ကိုယ်တိုင်လုပ်ရတယ်။

ရော် !

ဘယ့်နှယ့်ပြောပါလိမ့် မမရယ်။ ပင်ပန်းပါသော်ကော။ လိုအပ်တဲ့ပစ္စည်းတွေ ရှာရ၊ သယ်ရ၊ ဆောက်ရနဲ့ သိပ်ပင်ပန်းတယ်။ ကျွန်မတို့က ဝပ်ကျင်းတစ်ခုကို တစ်ကောင်ပဲနေတာ။ ကိုယ့်ဝပ်ကျင်းနဲ့ကိုယ်။ သန့်သန့်လေးနေတာ။

ရှင် !

အော် ! ကျွန်မရဲ့ အဖြစ်အပျက်လား!

အင်း! ပြောရမယ်ဆိုရင်တော့...

လွန်ခဲ့တဲ့ တစ်ပတ်လောက်ကပေါ့ 'မမ' ရယ်။

အခန်း ( ၄ )

အဲဒီနေ့ ညနေ (၄)နာရီလောက်မှာ 'ကျ'နေလေးက ရဲတောက်ပြီး တော်တော့်ကို လှနေတယ် မမရဲ့။ သင်္ဘောအင်းရဲ့ ရေမျက်နှာပြင်ပေါ်မှာ နေရောင်ခြည်လေးတွေက ဖြာကျနေတော့ မနက်စောစော

(၇)နာရီလောက်ကစပြီး တစ်နေကုန် ဝပ်ကျင်းလုပ်ရလို့ ပင်ပန်းနေတဲ့ကျွန်မဟာ နေဝင်ချိန် ,(ကညုနအ) ရဲ့ သဘာဝအလှကို ကြည့်ရင်းအပန်းဖြေမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရေမျက်နှာပြင်ပေါ်ကို

မြှူးပြီး

ပွက်(ခုန်)လိုက်မိတယ်။ အဲဒီလို ကျွန်မ ရေမျက်နှာပြင်ပေါ်ကို မြှူးပြီးပွက်လိုက်တာဟာ ရန်သူကို လက်ယပ်ခေါ်သလို ဖြစ်သွားမှန်းနောက်မှ ကျွန်မ သိလိုက်ရတယ်။

ဖြန်းဆိုက

အဲဒီလို ကျွန်မ 'ပွက်' လိုက်တာကို ကမ်းစပ်မှာ ငါးမျှားနေတဲ့တံငါသည်ကြီးက မြင်သွားပြီး သူ့တပည့်ကောင်လေးကို အော်ပြီးပြောလိုက်တဲ့အသံ ကျွန်မ ကြားလိုက်ရတယ်။

'ဟေ့ကောင်...ကိုလတ် ! ဟိုမှာမြင်လား ! အဲဒါငြောပွက်တာကွ။ အဲဒီနားမှာ တို့ ဝပ်ကျင်းရှာရမယ်'

ဒီနေ့ညနေတော့ အချိန်မရှိတော့ဘူး၊ မနက်ဖြန်ကျမှ...တဲ့။

ဩော်!

ကျွန်မတို့ငါးတွေရဲ့ သွားလာလှုပ်ရှားပုံတွေကို သေချာလေ့လာ မှတ်သားတတ်တဲ့ ကိုမှတ်ကြီးဆိုတဲ့ တံငါသည်ကြီးပဲ။ ဒါကြောင့်လည်း သူ ငါးမျှားတိုင်း ငါးတွေ အမြဲရတတ်တယ်လို့ နာမည်ကြီးတာကိုး။ ဆက်ပြီး နားထောင်ကြည့်ပါဦး။ 'သူ့' လက်ချာတွေ။ မှတ်သားလောက်ပါတယ်ရှင့်၊ မှတ်သားလောက်ပါတယ်ရှင်..

လို့ 'ထ' အော်ရမလိုတောင် ဖြစ်နေပြီ။ အဟုတ်။ ကြည့်ဦး။ သူ့ရဲ့ ဒဿနတွေ။

'ကိုလတ်! ခုန ငါးပွက်တာကို ကြည့်ရင် ဘာထူးခြားသလဲ! မင်းသတိထားမိတာ ငါ့ပြောစမ်း။

'ပွက်ပြီး ခဏနေတော့...ဖီးသီးလောက်ရှိတဲ့ရေပူဖေါင်းနှစ်လုံးရှေ့ဆင့်နောက်ဆင့် ရေမျက်နှာပြင်ပေါ်မှာ ပေါ်လာတယ်'ဦး'။

ကိုလတ်ဆိုတဲ့ကောင်လေးက တံငါသည်ကြီးကို 'ဦး' လို့ခေါ်တယ်။

'အေး...အဲဒီလိုပွက်စဉ် (ငါးပွက်ပုံ)ကို တွေ့လိုက်တာနဲ့ အဲဒီပွက်တဲ့ငါးဟာ 'ငြော' လို့မှတ်။

'ဟုတ်'။

'တစ်ခါတလေမှာ ရေထဲ ငါးသွားနေလို့ ပေါ်လာတဲ့ မြှုတန်း(ရေပလုံစီတန်း)ကို ကြည့်ပြီး ဆုံးဖြတ်ရတဲ့ ငါးတွေလည်း ရှိတယ်။အဲဒီ ငါးတွေက (အထူးသဖြင့်) ရေပြင်ရဲ့ အောက်ဆုံး မြေကြီးနားမှာကပ်ပြီး ရှာဖွေစားသောက်တတ်တဲ့ ငါးကျည်းတို့၊ ငါးခူတို့ပဲ'

'ရေမျက်နှာပြင်ပေါ်ကို ပေါ်လာတဲ့ မြှုတန်း (ရေပလုံစီတန်း)ဟာ သာကူစေ့ သေးသေးလေး အရွယ်လောက်ပဲရှိရင် ရေအောက်ကငါးဟာ ငါးကျည်း။ သာကူစေ့အကြီး အရွယ်လောက်ရှိရင် ငါးခူ ကွ။''

" ဟုတ်"

'တကယ်လို့ အဲ့ဒီမြို့တန်းဟာ သာကူစေ့အရွယ်ထက် လေးငါးခြောက်ဆလောက် ကြီးနေပြီဆိုရင်တော ...ရေအောက်မှာ သွားနေတဲ့အကောင် ဘာကောင်လဲ လို့ ဗေဒင်မေးရင် ဆန်ကုန်ရုံပဲရှိမယ်။အဲ့ဒါ 'လိပ်'။

"ဟုတ်"

ကောင်လေးက ကိုမှတ်ကြီးပြောတဲ့ လက်ချာတွေကို တ 'ဟုတ်'ထဲ 'ဟုတ်' နေရတယ်။

ကဲ ! ဘယ်လောက် တိကျလိုက်သလဲ။ ကိုမှတ်ကြီး

ပြောတာတွေ အားလုံးမှန်တယ်။ ကိုမှတ်ကြီးဟာ...သူ့တံငါလုပ်ငန်း နဲ့ပတ်သက်လာရင် လေ့လာမှု အားကောင်းတယ်လို့ မှတ်ချက်ပေးရမှာပေါ့ မမရယ်။ ဟုတ်တယ်... ဟုတ်။

အခန်း (၅ )

နောက်တစ်ရက် ညနေ (၃)နာရီလောက်မှာတော့... မနက် (၇)နာရီလောက်ကစပြီး ဥတွေ 'ခါ' (၃)ထားရလို့ သွေးန သားနန့်ပင်ပန်းနေတဲ့ ကျွန်မ နားချိန်မရခဲ့ပါဘူး။ သားသမီးတွေဖေနဲ့ ဝပ်ကျင်းမှာ ဥတွေကို စောင့်နေရင်း ခဏ ငိုက်သွားတယ်။ အဲဒီလို ငိုက်နေတုန်းမှာ 'ပြွန်း' ဆို ကျွန်မ 'ဝပ်ကျင်း' နား လူ့လက်ကြီးတစ်ဖက်တွေ့လိုက်ရလို့. ကျွန်မလန့်ပြီး ဝပ်ကျင်းဘေးက သစ်ခက်ခြုံလေးထဲ

ဝင်ခိုလိုက်ရတယ်။ ခဏနေတော့ ရေပြင်ပေါ်က အခြေအနေကိုကြည့်လိုက်တယ်။

အောင်မြေငေး !

အဲလေ ယောင်လို့ အောင်မယ်လေး!

မနေ့က တံငါသည်ကြီးကို မြင်လိုက်ရလို့ ကျွန်မလန့်ပြီးအယောင်ယောင်အမှားမှား အော်လိုက်မိတာပါ။ ကျွန်မ ဒီရက်ပိုင်းမှာထစ်ခနဲဆို လန့်လန့်နေတယ်။ 'ဥ' ခါပြီးကာစ သွေးနသားနမို့လားမသိပါဘူး မမရယ်။ တံငါသည်လူကြီးက ဂင်တိုတို၊ မေးရိုးကားကား၊

ဗလကောင်းကောင်း၊ မျက်ခုံးမျက်လုံးကောင်းကောင်းနဲ့။ သူမှာလေ့မပါဘူး။ ဒီရာသီက နွေရာသီမို့ ဒူးလောက်ပဲ ရေအနက်ရှိတဲ့သင်္ဘောအင်းထဲမှာ ခါးတောင်းမြှောင်အောင်ကျိုက်ပြီး ကုန်းကုန်း..၊ ကုန်းကုန်း...နဲ့ သင်္ဘောအင်းရဲ့ အောက်ခြေ မြေပြင်ပေါ်က အမှိုက်တွေ၊ တုတ်တွေ၊ သစ်ခက်တွေ၊ အဝတ်စုတ်စတွေ၊

ပလပ်စတစ်စအစုတ်တွေကို ကုန်းယူလိုက်...ပြီးတော့...

နေရောင်ခြည်မှာ ထောင် ထောင်ပြီး ကြည့်ကြည့်နေတာ ကျွန်မ တွေ့နေရတယ်။ ကျွန်မလည်း သူဘာလုပ်နေတာမှန်း မသိလို့ ကြည့်နေမိတယ်။ အဲဒီလို ကျွန်မကြည့်နေတုန်း သူ့လက်တစ်ဖက်နဲ့ ရမ်းသမ်းပြီး စမ်းလိုက်တာမှာ ကျွန်မ 'ဝပ်ကျင်း' ထဲက လေးလက်မ လောက်ရှည်တဲ့ ဝါးတုတ်တိုတစ်ချောင်းကို စမ်းမိပြီး အဲဒီတုတ်ချောင်း လေး သူ့လက်ထဲ ပါသွားတယ်။ ပြီးတော့ သူ အဲဒီတုတ်ချောင်းလေးကိုဘာလုပ်တယ်မှတ်သလဲ၊ ညနေခင်းရဲ့ တောက်ပတဲ့ နေရောင်ခြည်အောက်မှာ

ထောင်ပြီးကြည့်လိုက်တယ်။ ပြီးတော့...ပြီးတော့...သူလေ...သူ...သူ...'ငါးသလောက်ပြုံး' တစ်ချက်ပြုံးပြီး ကမ်းစပ်ဘက်ကို လှမ်းအော်ပြောလိုက်တယ်။

''ကိုလတ် ''...

''ဗျာ ''...

''ဒီမှာ...'ပြေားဝပ်ကျင်း' တွေ့ပြီဟေ့''...တဲ့။

အဲဒီအသံလည်း ကြားလိုက်ရော ကျွန်မရင်ထဲ ဒိတ်ကနဲ ဖြစ်သွားတယ်။ ဒါပေမယ့် မကြာခင်မှာဘဲ ကျွန်မစိတ်ကို ကျွန်မငြိမ်အောင် ထိန်းလိုက်နိုင်ပါတယ်။ ခဏအကြာမှာ အသက်ဆယ့်နှစ်နှစ်လောက်ရှိတဲ့ ကိုလတ်ဆိုတဲ့ ကောင်လေး တံငါသည်ကြီး ဆီ ရောက်လာတယ်။ အဲဒီနောက်တော့ တံငါသည်ကြီးက အောင်နိုင်

သူတို့ရဲ့ လေသံမျိုးနဲ့ ဂိုက်တွေ ဆိုက်တွေပေးပြီး ချာတိတ်လေးကို လက်ချာပေးတော့တာပါပဲ။

'ကိုလတ် ! ဒီတုတ်ချောင်းလေးကို နေရောင်ခြည်ထဲမှာထောင်ပြီး သေချာကြည့်စမ်း'

'ဟုတ်။'

'ဘာတွေ့လဲ ! '

'ဘာမှ မတွေ့ဘူး...'ဦး'။

'ဟာ ! ဒီကောင် ငါ နားရင်းအုပ်လိုက်ရ...သေချာ

ကြည့်စမ်း! '

'ဟုတ်။'

ဒီတစ်ခါတော့ ကိုလတ်ဆိုတဲ့ကောင်လေးက တုတ်ချောင်းကိုနေရောင်မှာ သေချာစေ့စေ့စပ်စပ် ထောင်ကြည့်ပြီး...

'သာကူစေ့လောက်ရှိတဲ့ 'ဥ' လေးတွေ ကပ်နေတာ တွေ့ရ
တယ် 'ဦး'...တဲ့။

'အေး...ဟုတ်တယ်။ ဒါ...ပြေား 'ဝပ်ကျင်း'ကွ။ 'ဥ'လေးတွေကို သေချာပြန်ကြည့်စမ်း၊ ပဲဆီသန့်သန့်အရောင်လို ဝါပြီးကြည်နေတယ်မဟုတ်လား။'

'ဟုတ်တယ်...'ဦး'

'အဲဒါ ဒီနေ့ မနက်ကမှ 'ခါ' ထားတဲ့ 'ဥ'တွေကွ။ နောက်ပြီး

ဒီငါးမက 'မဒန်း' မဟုတ်ဘူး၊ သုံးလေးကြိမ်လောက် 'ခါ'ဖူးတဲ့ ငါးမကွ။

တံငါသည်ကြီးက ကိုလတ်ဆိုတဲ့ကောင်လေး လှမ်းပေးလိုက်တဲ့ တုတ်ချောင်းကို နေရောင်ခြည်ထဲမှာ ထောင်ကြည့်ရင်း ကျွန်မကြားဖူးတဲ့ မမတို့ဆီက 'ဆားပုလင်းနှင်းမောင်' လေသံမျိုးနဲ့ အပိုင်

ပြောနေတာ မမရဲ့ အံ့ရောပဲ။ နောက်ပြီး ဆက်ပြောတယ်။ငါးတွေရဲ့ သဘာဝက 'ဥ' ခါရင် နံနက် ဝေလီဝေလင်း ငါးနာရီခွဲခြောက်နာရီလောက်နေ ကိုးနာရီလောက်အတွင်းမှာပဲ အများအားဖြင့် 'ခါ'လေ့ ရှိကြတယ်။ ဒီဝပ်ကျင်းက အခုမနက်ကမှ ခါထားလို့ ဥတွေက ကြည်နေတာကွ။ လွန်ခဲ့တဲ့ နှစ်ရက်သုံးရက်လောက်က ခါထားတဲ့ 'ဥ' ဆိုရင် အခုလို မဝါဘူး။ ဖြူရော်ရော်အရောင်ဖြစ်နေပြီ။ နောက်ပြီးဘာဖြစ်လို့ ဒီငါးဖယ်မဟာ 'မဒန်း' မဟုတ်ဘူးလို့ ပြောရသလဲဆိုရင်..

'သေချာကြည့် ! ဥတွေက တော်တော်ကြီးတယ်ကွ။သုံးလေးခါ 'ဥ' ခါဖူးထားလို့ ဒီငါးမရဲ့ 'ဥ'က အခုလို သာကူစေ့အရွယ်နီးပါးလောက် ရှိနေတာ. 'မဒန်း' ဥဆိုရင် ဒီ့ထက် သိသိ သာသာငယ်တယ်။ နောက်ပြီး တို့ ဒီငါးမကို အခုမျှားလို့မရနိုင်သေးဘူး။ နောက် လေးငါးရက်လောက်နေပြီးမှ ဒီငါးမကိုမျှားလို့ရမယ်။ ဘာဖြစ်လို့လဲဆိုတော့...ဒီမှာကြည့် ! ဥတွေက ကြည်ပြီး ပယင်းရောင် ထ နေတုန်းပဲရှိသေးတယ်။ နောက် သုံးရက်လောက်နေမှ 'ဥနှစ် သန္ဓေတည်' မှာ။ နောက်ငါးရက်လောက်ဆိုရင်ဥတွေ လှုပ်ပြီ။ အဲ့ဒီ့ အချိန်ကျမှ...ဒီ့ ဒီငါးမကို မျှားလို့ရမှာ။''

မကြာခင်မှာပဲ သူတို့ ကျွန်မ ဝပ်ကျင်းဘေးနားမှာ ရေမျက်နှာပြင်အထက် တစ်ပေလောက်ဖော်ထားတဲ့ ဝါးခြမ်းပြားတိုင်လေးတစ်တိုင် စိုက်ထားခဲ့ပြီး နှစ်ယောက်သား သင်္ဘောအင်းစပ်ကိုတက်သွားကြတယ်။

သြ ! ဒင်းတို့အကြံက ဒီလိုတဲ့လား ! လေးငါးရက်လောက်နေရင် ကျွန်မကို လာမျှားကြမယ်တဲ့။ ရတယ်လေ...ရတယ်။

စိတ်ဓာတ်သိရတာပေါ့။ ဒင်းတို့ အကြံဆိုးကို အခုလို ကြိုတင် သိထားမှတော့ ကျွန်မကလည်း ဒီရက်ပိုင်း လေးငါးရက်လောက် ကျွန်မသားသမီးလေးတွေ မပေါက်မချင်း ဗီလားကောင်တို့၊ တီကောင်တို့ကိုလုံးဝ မစားတော့ဘဲ သက်သတ်လွတ် စားလိုက်ရုံပေါ့။ ဖြစ်နိုင်ရင် ဥပုသ်တောင် စောင့်လိုက်ဦးမယ်။ ဒါမှ ဗီလားကောင်တို့၊ တီကောင်တို့ကို ငါးမျှားချိတ်နဲ့ တပ်ပြီး ကျွန်မကိုမျှားမယ့် ငါးစာတွေကို ကျွန်မမ'ဟပ်' မိမှာ။

ဟီး...ဟီး...ဟီး..! ကုသိုလ်တွေတော့ ရဦးတော့မှာပဲ။

မလွှဲသာ မရှောင်သာလို့ စောင့်တဲ့ 'ကျားသစ်မ ဥပုသ်' မဟုတ်တော့ဘူး။ အခုဟာက...'ငါးဖယ်မ' ရဲ့ ဥပုသ်။

အခန်း ( ၆ )

ကျွန်မ အကြိုက်ဆုံး အစာလား

''ဗီလား''

ပုစဉ်းရင်ကွဲလောင်းပေါ့။ မကြာခင် ပုစဉ်းရင်ကွဲ ဖြစ်တော့မယ့်အကောင်လေးပါ။ အဲဒီ အကောင်လေးတွေကို ဗီလားလို့ ခေါ်တယ်'မမ' ရဲ့ အရွယ်က တစ်လက်မရဲ့ လေးပုံတစ်ပုံကနေ လက်မဝက်လောက်အထိ ရှိတတ်တယ်။

'ပုစဉ်းရင်ကွဲ' ကိုရော 'မမ' မြင်ဖူးရဲ့လား ဒီလိုမေးလိုက်လို့ စိတ်မဆိုးနဲ့နော်။ ပုစဉ်းမျိုးစိတ်တွေက အများကြီး မဟုတ်လား။ 'မမ'က မြို့ကြီးသူစစ်စစ်မို့ ပုစဉ်းရင်ကွဲကို မြင်ဖူးရဲ့လားလို့ မေးရတာပါ။

ဟို...လေ...'မမ' တို့လူတွေ အဲဒီ ပုစဉ်းရင်ကွဲကိုစကားထာတောင် ဝှက်ကြသေးတယ်။ သူတို့ဝှက်တဲ့ စကားထာက..

'ခေါင်းကြီးလို့ ဖင်ပိန်၊ ရင်လိန်တဲ့ယောကျာ်း၊

မိုးပေါ်ပျံကာသွားတယ်၊ သိကြားလား နတ်လား...' တဲ့။

အဲဒါ သိကြားလည်း မဟုတ်ဘူး၊ နတ်လည်း မဟုတ်ဘူး 'မမ'။

'ပုစဉ်းရင်ကွဲ'ကိုပြောတာ။

ပုစဉ်းရင်ကွဲတွေက ရေမျက်နှာပြင်ပေါ်မှာ 'ဥ'တွေ ဥချလိုက်တယ်။ အဲဒီ 'ဥ' လေးတွေက သင်္ဘောအင်းထဲက ဗေဒါပင် အမြစ်လေးတွေမှာ ကပ်နေပြီး အကောင်ပေါက်လာတယ်။ အဲဒီကောင်လေးတွေကို 'ဗီလား' လို့ ခေါ်တယ်။

ပုစဉ်းရင်ကွဲလောင်းတွေဖြစ်တဲ့ ဗီလားကောင်လေးတွေကို မိခြားတို့က သိပ်ကြိုက်တာ 'မမ' ရဲ့။

ဗီလားကောင်လေးတွေကလည်း မိခြားတို့ရဲ့ ငါးသားလောင်း လေးတွေနဲ့ ငါးသားပေါက်လေးတွေကို စားကြတယ်။ အဲဒီ ဗီလားကောင်တွေ မြန်မြန် ပုစဉ်းရင်ကွဲဖြစ်မှ။ နို့မို့ကတော့...ကြာရင်ကျွန်မတို့ ငါးမျိုးတွေ ပြတ်ပြတ်ပြုန်းလိမ့်မယ်။ တစ်နေ့တစ်နေ့ ဒီကောင်တွေ စားစားပစ်တဲ့ ငါးသားပေါက်လေးတွေရဲ့ အရေအတွက်နည်းမှတ်လို့။

ကျွန်မတို့ရဲ့ လောကကိုက 'ငါးနိုင် ငါးစား၊ ဖားနိုင် ဖားစား'လောက...မဟုတ်လား

ကျွန်မတို့ကလည်း ဒီဗီလားကောင်တွေကို အရမ်းကြိုက်တာ။

ဗီလားကောင်လေးတွေရဲ့ အသားက သိပ်ကိုနူးညံ့တယ် မမရဲ့။ အဲဒီ နူးညံ့တဲ့အရသာကြောင့် တံငါသည်တွေရဲ့ ငါးမျှားချိတ်မှာ ချိတ်ထားတဲ့ 'ကိုရွှေဗီလား' နောက် ကောက်ကောက်ပါသွားတဲ့ 'ရသတဏှာ' သမားတွေ တစ်နေ့တစ်နေ့ မနည်းဘူး။

အင်း !...

'ငါးဖယ်မ ဥပုသ်'လို့ ပြောမယ့်သာပြောရတာ။ ကျွန်မလည်းဒီရက်ပိုင်း ဗီလားကောင်ကိုမြင်ရင် စိတ်မှ ထိန်းနိုင်ပါ့မလား မသိဘူး။

တံငါသည် ကိုမှတ်ကြီးရဲ့ စကားကလည်း ရှိသေးတယ် မဟုတ်လား။

ဒီ...လေးငါးရက်အတွင်းမှာ ကျွန်မကို လာပြီးမျှားမှာတဲ့။ ဒီလူကြီးက ဝါဏ်သိပ်များတယ်လို့ ကြားဖူးတယ်။ ဘာပဲဖြစ်ဖြစ်လေ...မကြာခင်...ကျားနဲ့ဆင် လယ်ပြင်မှာ တွေ့ကြမှာပါ။ ကျွန်မကပဲ လွတ်အောင်ရှောင်နိုင်မလား။ သူကပဲ ကျွန်မကို မိအောင် ဖမ်းနိုင်မလား... တွေ့ကြသေးတာပေါ့။

ဟင်း..! ဟင်း..! ဟင်း..!။

အခန်း (၇ )

ကျွန်မ 'ဥ' တွေ 'ခါ' ပြီး ငါးရက်အကြာ ညနေ သုံးနာရီလောက်မှာပေ့ါ 'မမ' ရယ်။ အဲဒီနေ့က ကျွန်မစိတ်တွေ အရမ်းလှုပ်ရှားနေသလိုကြည်လည်းကြည်နူးနေတယ်။ ဘာဖြစ်လို့လဲဆိုတော့ မနက်ကတည်းက ကျွန်မရဲ့ ဥတွေထဲက သားလောင်းလေးတွေ စပြီးလှုပ်ရှားနေပြီလေ။ 'ဥ' လေးတွေ တော်တော်များများ လှုပ်နေတာ

ကျွန်မ မြင်နေရတယ်။

'အောင်မယ် !...

တစ်ချို့ သိပ်သန်တဲ့ သားလောင်းလေးတွေပါတဲ့ 'ဥ' လေးတွေဆိုရင် လှုပ် လှုပ်...လှုပ်လှုပ်နဲ့ 'ဝပ်ကျင်း'ထဲက

ထွက်ထွက်သွားလို့ ကျွန်မပါးစပ်နဲ့ ငုံ ငုံပြီး 'ဝပ်ကျင်း' ထဲ ပြန်ထည့် ပေးနေရတယ်။ အဲဒီလိုမှ 'ဝပ်ကျင်းထဲ ပြန်ထည့်မပေးရင် သူတို့လေး တွေ တခြားနေရာတွေ ရောက်သွားပြီး အန္တရာယ်ဖြစ်မှာစိုးလို့စောင့်ရှောက်ပေးတာဖြစ်သလို ပေါက်လာတဲ့ သားသမီးလေးတွေ သန်သန်မာမာဖြစ်အောင်လို့ အလှည့်ကျ ပါးစပ်နဲ့ 'ငုံ' လိုက်၊ ပြန်ပြီး'ထွေး' ထုတ်လိုက်နဲ့ 'အာငွေ့ပေး'တာလည်း ပါ ပါတယ်။ မိခင်မေတ္တာပေ့ါ 'မမ' ရယ်။

'မမ' တို့ဆီမှာ မိခင်က သားသမီးကို ရင်ခွင်မှာပိုက်ပြီး နွေးထွေးမှုပေးသလို ကျွန်မတို့ကလည်း ပေါက်ခါနီး သားလောင်းလေးပါတဲ့ 'ဥ'လေးကို ပါးစပ်နဲ့ ငုံ ငုံပြီး...အာငွေ့ပေးတာပါ။

ရှင် !

ဟင့် အင်း !...မပင်ပန်းပါဘူး။ အဲဒီလို သူတို့လေးတွေကို ကျွန်မ ပါးစပ်နဲ့ငုံငုံပြီး အာငွေ့ပေးနေရတာကိုက ဖီးလ်(Feel) ပဲ။

ဖီးလ်(Feel)ပဲ...ဆိုလို့ ထက်ထက်မိုးဦး ချိုချဉ်စုပ်ပြတာ လေးကို သွားမမြင်နဲ့ဦး။ ဇာတ်လမ်းကောင်းတုန်း ကြော်ငြာဝင်တာမဟုတ်ဘူးနော်။ 'မမ' တို့ပဲ...'သားတို့ရုပ်ရည် သိတာမည်သား၊ ရေကြည်ချမ်းမြ တစ်ပေါက်ကျက မိဘတို့ဝမ်း ငြိမ်းစတမ်း...ဆို။

အဲဒီအဆိုကို ကျွန်မတော့ ထောက်ခံတယ် 'မမ'။ အခု ကျွန်မ ကိုယ်တိုင်က မိခင်တစ်ယောက် ဖြစ်လာပြီဆိုတော့မှ 'မိခင်စိတ်ဓာတ်' ကို ကိုယ်တွေ့ ခံစားလာရတယ်။ မိခင်တွေအပေါ်မှာ ပိုပြီးလည်း တန်ဖိုးထားလာမိတယ်။ ဒါ့ကြောင့် ကျွန်မ...ကလေးတွေကို အချိန်ပြည့် ဂရုစိုက်နေလိုက်တယ်။

ဟော !...ပြောလို့မှ မဆုံးသေးဘူး။

ဟိုကောင် !... ကြည့်စမ်း !...

ဒီလောက် ဂရုစိုက်ပြီး စောင့်ကြည့်နေတဲ့ ကြားထဲက ဘယ်အချိန် 'ဝပ်ကျင်း' ထဲက ထွက်သွားလိုက်မှန်းမသိဘူး။

ဟို...မှာ...ဟို...မှာ...တလှုပ်လှုပ်နဲ့။

ဒီလောက်...ကမြင်းကြော ထရသလားဟဲ့..

ကျွန်မ အဲဒီလို ဖျစ်တောက်၊ ဖျစ်တောက်နဲ့ ပြောဆိုပြီး 'ဝပ်ကျင်း' နားလေးမှာ ခုန်ဆွ ခုန်ဆွနဲ့ တလှုပ်လှုပ် လုပ်နေတဲ့ 'ဥ' လေးကို 'ဝပ်ကျင်း' ထဲ ဆွဲသွင်းဖို့ ကျွန်မပါးစပ်နဲ့ အငုံလိုက်မှာ...

အား

ကျွန်မ ဘယ်လိုဖြစ်သွားမှန်း မသိဘူး။ ကျွန်မရဲ့ အာခေါင်မှာ ပူကနဲ ခံစားလိုက်ရပြီး မျက်လုံးထဲမှာ ကြယ်တွေ၊ လတွေ မြင်လိုက် ရတယ်။ နာကျင်တဲ့ ဝေဒနာတွေနဲ့အတူ ကျွန်မရဲ့ ခန္ဓာကိုယ်တစ်ခုလုံးလေထဲ မြောက်တက်သွားတယ်။ အာခေါင်ထဲက ပြင်းထန်တဲ့ ဝေဒနာကြောင့် ကျွန်မ အခိုက်အတန့် သတိလစ်သွားခဲ့ပါတယ်။

အဲ...

ကျွန်မပြန်ပြီး သတိရလာချိန်မှာတော့...တံငါလှေတစ်စင်းရဲ့လှေဝမ်းထဲက ရေစပ်စပ်သာရှိတဲ့ ငါးလှောင်အိမ် အကန့်လေးထဲရောက်နေတယ်ဆိုတာ သိလိုက်ရပါတယ်။

လား...လား

'အခုမှ သေချာကြည့်မိတယ်။ လက်စသတ်တော့ တစ်နေ့ကကျွန်မကို လာမျှားမယ်လို့ ပြောခဲ့တဲ့ တံငါသည် ကိုမှတ်ကြီးနဲ့ ဟိုကောင်လေးတို့ နှစ်ယောက်ကိုး'တံငါသည် ကိုမှတ်ကြီးက ကောင်လေးကို သင်တန်းပို့ချ နေတယ်။

'ကိုလတ် !...မြင်တယ်မဟုတ်လား။ ငါးတွေရဲ့ 'အထာ'ကိုသိဖို့ပဲလိုတယ်ကွ။ မင်းကို ငါပြောခဲ့တယ် မဟုတ်လား...' တဲ့

တစ်နေ့က မှတ်ထားခဲ့တဲ့ 'ဝပ်ကျင်း' ကို အခုလို လေးငါးရက်လောက်နေမှ လာမျှားရမယ်...လို့။ ဒါမှ သေချာတာကွ။ အဲဒီလို ငါးရက် လောက်နေမှ လာမျှားရတဲ့ ရည်ရွယ်ချက်က အဲဒီ 'ဝပ်ကျင်း' က ငါးမ 'ဥ' ပြီးလို့ ငါးရက်လောက်ကြာရင် 'ဝပ်ကျင်း' ထဲက 'ဥ' လေးတွေ

လှုပ်! လှုပ်..လှုပ်! လှုပ်..ဖြစ်နေပြီ။ တစ်ချို့ဆို ဟိုရွေ့ ဒီရွေ့ ရွေ့နေကြပြီ။ ဒီအချိန်မှာ အဲဒီ ငါးမ အလုပ်ရှုပ်တော့တာပဲ။

'ဝပ်ကျင်း' ထဲက ရွေ့ရွေ့သွားတဲ့ 'ဥ'တွေကို ငုံ ငုံပြီး 'ဝပ်ကျင်း'ထဲ ပြန်သွင်းရတာက အလုပ်တစ်ခုဖြစ်နေတယ်။ နောက်ပြီး ခွေးသားအုပ်မတွေလို ပေါ့ကွာ။ သားပေါက်နေတော့ 'သားဖော' 'သမီးဖော' နဲ့ သူ့ 'ဝပ်ကျင်း'နား ကပ်လာတာမှန်သမျှ မဲမဲမြင်ရင် လှမ်းကိုက်တော့တာပဲ။ နောက်ပြီး...သူတို့က ဒီလို သားပေါက်နေတဲ့အချိန်မျိုးမှာ အစာ

သိပ်မစားဘူး။'

'ဟ !...ဘာဖြစ်လို့...ရမှာလဲ!၊ သူတို့မှာ ဒီအချိန်

'သားဇော' 'သမီးဇော' ကပ်နေတာကိုးကွ။ 'ဆာ' ရကောင်းမှန်းမသိကြတော့ဘူး။ တစ်နေ့တစ်နေ့... သူတို့မျက်စိထဲမှာ 'ဝပ်ကျင်း'ထဲကနေ တလှုပ်ငှ လှုပ်နဲ့ တက်ငှ တက်သွားတဲ့ 'ဥ' လေးတွေကို ပါးစပ်နဲ့ 'ငုံ' ပြီး ဝပ်ကျင်းထဲ ပြန်သွင်းဖို့နဲ့ သူ့အကောင်ပေါက်လေးတွေကိုပါးစပ်နဲ့ ငုံ ငုံပြီး အာငွေ့ပေးဖို့ 'အာရုံ' တစ်ခုတည်းပဲရှိတယ်။

ဒါကြောင့်... ဒီအချိန်မှာ သူတို့ အင်မတန် ကြိုက်လှပါချည်ရဲ့ဆိုတဲ့'ဇီလား'နဲ့ လည်း မျှားလို့မရဘူး။ တီကောင်နဲ့တော့ ဝေလာဝေးပေါ့ကွာ။

ဒီတော့ တို့ ဉ ာဏ်ကူရတာပေါ့...။ သူတို့ရဲ့ အားနည်းချက်ကို ရှာရတာပေါ့။ ဒီမှာ... တို့ သူတို့ရဲ့ 'သားဇော' 'သမီးဇော' ကပ်နေတဲ့စိတ်ကို အသုံးချရတယ်။ ဒါကြောင့်လည်း သူ့ 'ဥ' လေးတွေနဲ့ ပုံမှားရိုက်လို့ရအောင် ဈေးထဲက ငါးဖယ် 'ဥ' လတ်လတ် ဆတ်ဆတ်ကို ဝယ်ပြီး အသုံးချရတာပေါ့ကွာ။

'ငါ့ တံငါလုပ်ငန်းချိန်ပြီးလို့ ငါးဖယ်လို့ ပြောတာနော်။ ကျန်တဲ့ ငါ့အလုပ်ချိန်ထဲမှာတော့ 'ငပြား' လို့ပဲ ခေါ်ရမယ်၊ ကြားလား'

'ဟုတ်'

'ဒီမှာ လာကြည့် !...ဟောဒီ...ငါဝယ်လာတဲ့ ငါးဖယ် 'ဥ'တွေကိုနေ့တစ်ဝက်လောက် နေပူလှန်းရတယ်။ ညနေ ငါးမျှားခါနီးကျမှ 'ညက်နေအောင်' နယ်ရတယ်။ ပြီးမှ သာကူစေ့အရွယ်လောက်အလုံးလေးတွေလုံးပြီး ငါးမျှားချိတ်ထိပ်မှာ ကပ်လိုက်ရတယ်။ ညက်နေအောင် နယ်ထားတော့ ငါးဖယ်'ဥ'က စေးပိုင်နေပြီး ငါးမျှားချိတ်ထိပ်မှာ သူ့ 'ဥ'အရွယ် အလုံးသေးသေးလေး ဖြစ်နေတာပေါ့။ အဲဒီမှာသူ့ 'ဝပ်ကျင်း'နဲ့ ရေမျက်နှာပြင်အကွာအဝေးကို ရေကြိုးတိုင်းပြီး 'ဝပ်ကျင်း' ဘေးနားတစ်ဝိုက်မှာ ငါးဖယ် 'ဥ'တပ်ထားတဲ့ အဲ့ဒီငါးမျှားချိတ်ကို လှုပ် လှုပ ...ပေးနေရတယ်။ အဲဒီလို ငါးမျှားချိတ်ကိုလှုပ် လှုပ်..ပေးနေတာကို တို့တံငါအခေါ် 'တော့'တယ်လို့ ခေါ်တယ်။ သူ့ 'ဝပ်ကျင်း' က တို့တစ်နေ့က မှတ်ထားခဲ့တဲ့ ဝါးခြမ်းပြားတိုင်လေးနားမှာလေ။ အေး..! အဲ့ဒီ ဝါးခြမ်းပြား တိုင်လေးနားတစ်ဝိုက်မှာပဲ ငါးမျှားကြိုးကို 'တော့..တော့' ပေးနေတော့ဝပ်ကျင်းထဲက ငါးဖယ်မက သူ့ 'ဥ'လေး 'ဝပ်ကျင်း' အပြင်ဘက်ထွက်သွားတယ်မှတ်ပြီး အဲ့ဒီ ငါးမျှားချိတ်ထိပ်က ငါးဖယ်'ဥ' လေးကိုသူ့'ဝပ်ကျင်း' ထဲ ပါးစပ်နဲ့ ဆွဲအသွင်းမှာတော့...အဲဒီ ငါးဖယ်မလေ...အဲ့ဒီ ငါးဖယ်မ... 'ဒိုင်ယာနာ့ စျာပနမှာ ဆာအယ်လ်တန်ဂျွန် ဂုဏ်ပြုသီဆိုခဲ့တဲ့လေထဲကဖယောင်းတိုင် သီချင်းသံစဉ် လေးတွေကို ကြားရပြီသာမှတ်ပေတော့''

''ဟား...ဟား...ဟား...ဟား....''
ကိုင်း !...ကောင်းကြသေးရဲ့လား အရပ်ကတို့ !

လူတွေ...လုပ်ပုံပြောပါတယ်။ ဒါလောက်ထိ ရက်စက်ယုတ်မာကြလိမ့်မယ်လို့ ကျွန်မ မထင်ခဲ့မိဘူး။ အခု...ထိပ်ချမှတားပြမှန်း သိရတော့တယ်။

အခန်း (၈ )

အခုလို 'မမ' ကို ရင်ဖွင့်ခွင့်ရတာကိုက (ဈေးထဲမှာ 'မမ' ပြောနေတာကြားရလို့) မနက်ဖြန်မှာ ကျရောက်မယ့် 'မမ'ရဲ့ (၃၅)နှစ်

မြောက် မွေးနေ့ပွဲမှာ ကြာဇံဟင်းခါးနဲ့ အလှူဒါနလုပ်ဖို့အတွက် ဒီညနေ ဈေးဝယ်ထွက်လာတဲ့ 'မမ'ရဲ့ ဈေးခြင်းတောင်းထဲ မိပြား အသက်ငွေ့ငွေ့လေးနဲ့ ပါလာခဲ့လို့ရယ်။ ('မမ' ကတော့ အသေကောင်ထင်ပြီး

ဝယ်လာခဲ့တာလေ) နောက်ပြီး 'မမ' က ကြင်နာတတ်တဲ့သူဆိုတော့ရေထည့်ထားတဲ့ စဉ့်အင်တုံလေးထဲမှာ မိပြားကို ထည့်ပြီး ဂရုတစိုက်နဲ့ ပြုစုပေးခဲ့လို့လည်း မိပြားရဲ့ ဖြစ်ရပ်မှန်လေးကို ပြန်ပြောခွင့် ရခဲ့တာပါ။

သတ္တလောကမှာ သားဖော၊ သမီးဖောနဲ့ပတ်သက်လာရင် မိပြားတို့ ငါးဖယ်မလေးတွေရဲ့ မိခင်မေတ္တာဟာ အဆင့်အတန်းမြင့်မားလွန်းပါတယ် 'မမ'။

အခု မိပြားရဲ့ ရင်ဖွင့်ချက်တွေကို ဝတ္ထုတိုတစ်ပုဒ်ရေးပြီးမဂ္ဂဇင်းတိုက် တစ်တိုက်ဆီကို ပို့ပေးစေချင်ပါတယ်။ ရည်ရွယ်ချက်က မိပြားတို့ ငါးဖယ်မလေးတွေရဲ့ ကြီးမားတဲ့ မိခင်မေတ္တာစစ်စစ်ကို

စာဖတ် ပရိသတ်တွေ သိသွားစေချင်လို့ပါ။

'ဒေါင် ! ဒေါင် !

ဒေါင် ! ဒေါင် !

ဒေါင် ! ဒေါင် !

ဒေါင် ! ဒေါင် !

ဒေါင် ! '

'ဟော !... ကင်းတဲက ကိုးနာရီသံချောင်းတောင် ခေါက်နေပြီ။ 'မမ' သွားအိပ်တော့နော်။ မနက်ဖြန် မမ မွေးနေ့ပွဲအတွက်ဆွမ်းချက်ဖို့ စောစော ထရဦးမှာ။

မိပြားအတွက် စိတ်ချပါ 'မမ'။ မိပြား ဘဝကူးကောင်းအောင်တရားရှုမှတ်ရင်း ဘုရားကို အာရုံပြုနေမှာပါ။

'အား !

ကျွတ် ! ကျွတ် ! ကျွတ် !

မိပြား မျက်စိတွေ ဝါးလာတယ် 'မမ'။ 'မမ'ရဲ့ မျက်နှာကို သဲသဲကွဲကွဲ မမြင်ရတော့ဘူး။ ငါးမျှားချိတ်နဲ့ ချိတ်မိခဲ့လို့ အာခေါင်ကို ထိထားတဲ့ ဒဏ်ရာက ကြီးပြီး သွေးထွက်တာလည်း များနေတော့ ခေါင်းတွေ အရမ်းမူးလာတယ်။ မိပြား မနေရတော့ဘူးထင်တယ် 'မမ'ရယ်။

ဒါကြောင့်... နောက်ဆုံးအနေနဲ့ မိပြား ပြောချင်တာကတော့အခုလို မိပြားရဲ့ ဘဝကူးပြောင်းခါနီး အချိန်လေးမှာ ကြင်နာမှုအပြည့်နဲ့ ပြုစုပေးခဲ့ပြီး၊ ရင်ဖွင့်ချက်တွေကိုလည်း စိတ်ရှည်ရှည်ထား

နားထောင်ပေးခဲ့တဲ့ 'မမ' ကို...

မိပြားလေ

မိပြား...

အရမ်းကို

ကျေးဇူး

ကျေးဇူး

ကျေးဇူး

ကိုကိုလတ် (ဆည်မြောင်း)

(မလိမ်မိုး၊ မလိမ္မာအရွယ် အလယ်တန်းကျောင်းသားဘဝ၌ လူပေါင်းမှားမိ၍ ခေတ္တတံငါသည်ဘဝ ရောက်ခဲ့စဉ်အချိန်က မိမိကိုယ်တိုင် ငါးဖယ်ဥဖြင့် လှည့်စားဖြားယောင်းကာ မျှားဖမ်းမိခဲ့သော သင်္ဂဇာအင်းမှ ငါးဖယ်မလေးအား ယခု အသက်အရွယ်ရလာချိန်တွင် သတိရမိသောကြောင့် မိခင်များ၏ ကြီးမားသည့် မေတ္တာတရားကို အထူးလေးစားမိကာ ကိုယ်ချင်းစာတရား၊ နောင်တတရား၊ သံဝေဂ တရားများဖြင့် မိမိကိုယ်မိမိ ငါးဖယ်မလေးအသွင် ခံစားရေးဖွဲ့ခြင်းဖြစ်ပါသည်)

[၂၀၀၅ ခုနှစ်၊ ဧပြီလထုတ် လုံမလေးမဂ္ဂဇင်း အတွဲ(၂၁)၊ အမှတ်(၂၃၈)၊ စာမျက်နှာ (၁၁၄-၁၂၅) တွင် ဖော်ပြခံခဲ့ရသော 'ငါးဖယ်တစ်ကောင်၏ ဖြောင့်ချက်' ဝတ္ထုတိုအား Renew လုပ်၍ဖော်ပြခြင်းဖြစ်ပါသည်။]

# တိမ်မဲစင်သည့် ည

## ကိုကိုလတ် (ဆည်မြောင်း)

### အခန်း ( ၁ )

လမိုက်ညဖြစ်လို့ ထက်ကောင်းကင်အဇဋ္ဌာတပြင်လုံး ပိန်းပိတအောင် မှောင်နေပါတယ်။ လောကမှာ အမိုက်ဆုံး၊အမှောင်ဆုံးအဖြစ် သတ်မှတ်ထားတဲ့ လကွယ်၊ သန်းခေါင်၊ မိုးမှောင်၊ တောနက်ဆိုတဲ့စကားအတိုင်း လကွယ်ညဖြစ်ရမယ်၊ သန်းခေါင်ယံလည်း ဖြစ်ရမယ်၊ မိုးမှောင်ကြီးလည်း ကျနေရမယ်၊ တောနက်ကြီးရဲ့အလယ်လည်းဖြစ်ရမယ်ဆိုတဲ့ အဲ့ဒီအချက်(၄)ချက်နဲ့ ညီတဲ့နေရာဟာ လောကမှာ အမိုက်ဆုံး၊ အမှောင်ဆုံးလို့ သူများတွေပြောသံဆိုသံ ကျုပ်ကြားဖူးပါတယ်။အခုလမိုက်ညကလည်းမိုးမှောင်ကြီးမကျတာကလွဲလို့အဲ့ဒီအမှောင်နီးပါးလောက်ကို မှောင်မိုက်နေပါတယ်။ အဲ့ဒီအမှောင်ထုကို အားပြုပြီး ကျုပ် ဆည်တော်ကြီးဆည်ဘက်ကို ခရီးအပြင်း နှင်ခဲ့တယ်။

ကျုပ် အရမ်းပျော်တယ်ဗျာ။ သုံးနှစ်ကျော်ကျော်လောက် အချုပ်အနှောင်ခံထားရာကနေ ထွက်ပြေးလွတ်မြောက်လာရလို့ ကျုပ်သီချင်းလေး တအေးအေးနဲ့ ခရီးဆက်ခဲ့ပါတယ်။ ဒါမှလည်း နောက်တနေ့မနက်မှာ ဆည်တော်ကြီးဆည်ကို ရောက်မယ်လေ။ ဆည်တော်ကြီးကို မရောက်မချင်း ကျုပ် အနားယူလို့မဖြစ်သေးဘူး။ အဲ့ဒီနယ်မြေရောက်မှ ကျုပ်ရဲ့ ဘဝအာမခံချက်ရမှာဗျ။

ဘာဖြစ်လို့လဲဆိုတော့ -အဲ့ဒီဆည်တော်ကြီးဆိုတဲ့ နယ်မြေလေးက ကျုပ်တို့အတွက်

ငြိမ်းချမ်း ___ သာယာသော ___ နယ်မြေ

အေးချမ်း ___ သာယာသော ___ နယ်မြေ

### အခန်း ( ၂ )

ကျုပ် မြွေဟောက် တစ်ကောင်ပါ။ မွန္တလေးက အလမ္ပါယဆရာတစ်ယောက်ရဲ့ ပခြုပ်ထဲမှာ သုံးနှစ်ကျော်ကျော်လောက် နေခဲ့ရ ပါတယ်။ အဲ့ဒီ သုံးနှစ်ကျော်ကျော်အတွင်းမှာ ကျုပ် နယ်မြေအနံ့

အလမ္ပါယ်ဆရာနဲ့ ခရီးဆန့်ခဲ့ရတယ်။

ကျုပ်နာမည်လား !

ဖိုးထောင် ပါ။ ထစ်ကနဲဆို ပါးပြင်းလေးတထောင်ထောင်လုပ်လုပ်နေလို့တဲ့။ Nick Name (နာမည်ပြောင်)အနေနဲ့ကတော့ ထောင်ကဲကြီး လို့ ခေါ်ကြတယ်။ ကျုပ် ပါးပြင်းတထောင်ထောင် လုပ်နေတဲ့အချိန်က (သူတို့အမြင်မှာ) လိုအပ်တာထက် ပိုကဲလွန်း လို့ဆိုပြီး ကွယ်ရာမှာ ကျုပ်ကို ထောင်ကဲကြီး လို့ နာမည်ပြောင် ပေးထားကြတယ်လေ။ ကောင်းကြရော။ တကယ်တော့ ကျုပ် ပါးပြင်းတထောင်ထောင်လုပ်လုပ်နေတာက ကျုပ်ကို ရန်မူမှာစိုးလို့ ကြိုတင်ကာကွယ်တဲ့သဘောနဲ့ သတိအနေအထား နေလိုက်တာပါ။

ခင်ဗျားတို့ဘဲ"Prevention is better than cure" (ကြိုတင် ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုကောင်းသည်)ဆို။ သတိဆိုတာ ပိုတယ် မရှိဘူးလေဗျာ။ ကျုပ်သခင် အလမ္ပါယ်ဆရာ သူ့ပါးစပ်ထဲတပ်တပ်ထားတဲ့ တုတ်တိုလေး (ခင်ဗျားတို့အခေါ်ကတော့ ပလွေပေါ့ဗျာ) ရဲ့ လှုပ်ရှားနေတဲ့ အခြေအနေကိုကြည့်ပြီး သူလှုပ်ရှားတဲ့ဘက်ကို ကျုပ်ကလည်း ပါးပြင်းတထောင်ထောင်နဲ့ လိုက်ပြီးလှုပ်ရမ်းနေရတာ။

ရယ်တော့ ရယ်ရတယ်ဗျ အဲ့ဒီလို အလမ္ပါယ်ဆရာက ပလွေမှုတ်လို့ ကျုပ်က ပါးပြင်း တထောင်ထောင်နဲ့လှုပ်ရမ်းနေတာကို မြင်တဲ့သူတွေက ပလွေသံကြောင့် ကျုပ်ယိမ်းပြီး ကနေတယ်လို့ ထင်နေကြတာ။ အဲ့ဒါ ခင်ဗျားတို့ထင်သလို လုံးဝမဟုတ်ဘူး။

ဒါဖြင့်ရင်... ဘာဖြစ်လို့ ခင်ဗျားက ပါးပြင်းထောင်ပြီး ယိမ်းက နေရတာလဲ! ဟုတ်လား !

ဟာ ! ကျုပ် ပါးပြင်းထောင်ပြီး လှုပ်ရမ်းနေတာ က နေတာမဟုတ်ဘူး။ နောက်ပြီး ကျုပ်တို့က ပလွေသံကို သာယာနာပျော်ဖွယ်ကောင်းတဲ့ သံစဉ်တစ်ခုအနေနဲ့ ခံစားတတ်ကြတာမဟုတ်ဘူး။ အဲ့ဒီ ပလွေဆိုတဲ့ တုတ်တိုလေးနဲ့ တချိန်ချိန် (ကျုပ်အလစ်မှာ) ကျုပ်ကိုများ ရိုက်လိုက်လေမလားဆိုတဲ့ သံသယစိတ်နဲ့ အဲ့ဒီပလွေရမ်းရမ်းသွားတဲ့ဘက်ကို မျက်ခြည်မပြတ် ကြည့်ကြည့်ပြီး လိုအပ်ရင် ကိုယ့်ကိုယ်ကို ခုခံကာကွယ်ရအောင်လို့ ပါးပြင်းထောင်ပြီး အသင့်အနေအထားလုပ်နေရတာဗျ။ ရှင်းပြီလား...!

ဒါကိုပဲ ခင်ဗျားတို့က ပလွေသံကြားလို့ ကျုပ် ကနေတယ်လို့ထင်နေကြတယ်။ အထင် ကို အသိ မလုပ်ကြနဲ့လေဗျာ။ ကျုပ် က တတ်ဖို့နေနေသာသာ ချိုမိုင်မိုင်တောင် မလုပ်တတ်ဘူး။

အခန်း ( ၃ )

ကျုပ်ရဲ့ ပခြုပ်ထဲက စွန့်စားခန်းလား

ပြောမယ်လေ။ ကျုပ်ကလည်း ပြောချင်နေတာ ပါးစပ်ကိုယားလို့။ ဒီလိုဗျ။ ကျုပ်ကို ကျုပ်သခင်က အစာအဖြစ် နေ့တိုင်း ကြွက် အရှင်တစ်ကောင်ကျွေးတယ်။ အဲ့ဒီလို သူ့ဆီမှာ နေ့တိုင်း ကြွက်ကလေးမြိုလိုက်၊ အလမ္ပါယ်လေး ကပြလိုက်နဲ့လုပ်နေတာ သုံးနှစ်ကျော်ကျော်လောက်ကြာတော့ ကျုပ်ခေါင်းထဲ အတွေးတစ်ခု

ဝင်လာတယ်။

ငါ မသေမချင်း ဒီလို အချုပ်အနှောင်ဘဝနဲ့ နေသွားတော့မှာလား သူကျွေးတာစားပြီး သူ့ကို အသုံးတော်ခံရင်းနဲ့ပဲ ငါ့ဘဝကို အဆုံးသတ်ရတော့မှာလား အဲ့ဒီလို အချုပ်အနှောင်ခံ ဘဝကနေ လွတ်မြောက်အောင်ဘယ်လိုလှုပ်ရှားရမလဲစသည်စသည်ပေါ့ဗျာ။အတွေးနယ်ချဲ့ရင်းကျုပ်အကြံတစ်ခုရ လာတယ်။ အဲဒါကတော့ နေ့စဉ် ကျုပ်ကိုကျွေးနေတဲ့ ကြွက်အရှင်ကို တစ်ရက်မစားဘဲနေရင် အဲ့ဒီကြွက်က ပခြုပ်ကို ကိုက်ဖောက်ပြီး ထွက်ပြေးမယ်။ အဲ့ဒီအခါမှာ ကြွက်ထွက်ပြေးတဲ့ အပေါက်ကနေ ငါထွက်ပြေးမယ်လို့ စိတ်ကူးရလိုက်တယ်။

အရင်ကတော့ ကျုပ် ဒီအတွေးမျိုး မရခဲ့ပါဘူး။ နောက်ပြီး ကျုပ်သခင်ကလည်း တစ်ရက်ကို ကြွက်တစ်ကောင်ပဲ ချကျွေးတာ။

သူချကျွေးတဲ့ အချိန်ကလည်း အမြဲတမ်းလိုလို ကျုပ်ဆာနေတဲ့အချိန်ဆိုတော့ ကြွက်မြင်လိုက်တာနဲ့ ပေါက်သတ်ပြီး မြိုလိုက်တော့တာဘဲ။ မြိုပြီးရင်တော့ ခွေပြီး မှိန်းနေလိုက်တယ်။ ပြီးရင် အိပ်မက်လှလှလေးတွေမက်မယ်။

အဲ့ဒါ နေ့တစ်ဓူဝ ကျုပ်ကျင်လည်နေရတဲ့ ဘဝဘဲ။ ကြာတော့ ဒီဘဝကို ငြီးငွေ့လာတယ်။ ဒါကြောင့် ကျုပ်တစ်ရက်မှာ စဉ်းစားတယပေါ့နော်။ ငါ တစ်ရက်လောက် အစာတော်ခံပြီး ကြွက်ကို မမြိုခဲ့ရင်

ဒီကြွက် ပခြုပ်ကိုကိုက်ဖောက်ပြီး ထွက်ပြေးမှာဘဲ။ ငါတော့ တစ်ရက်အစာတော်ခံရမယ်။ ဒါပေမယ့် ငါရမယ့် အကျိုးအမြတ်က ကြီးမားတယ်။ ဒါ့ကြောင့် ငါ ဒီစွန့်စားခန်းကို လုပ်သင့်တယ် လို့ ဆုံးဖြတ်ချက်ချပြီး တစ်ညနေမှာ ပခြုပ်ထဲကြွက်လာထည့်တဲ့အချိန် ကြွက်ကိုမစားဘဲ ကျုပ် စောင့်ကြည့်နေခဲ့တယ်။ ကြွက်လည်း

ကြောက်ကြောက်လန့်လန့်နဲ့ ပခြုပ်ထဲ လှည့်ပတ်ပြေးနေရာက နည်းနည်းလေးလည်း မှောင်လာရော ပခြုပ်ကို ကိုက်ဖောက်ပြီး ထွက်ပြေးသွားတယ်။ အဲ့ဒီကြွက်ကိုက်ပြီး ထွက်ပြေးသွားတဲ့အပေါက်ကနေ ကျုပ်လည်း တချိုးတည်း လစ်ပြေးခဲ့တယ်။

အဲ့ဒီအချိန်မှာ ကျုပ်သခင် အလမ္ပါယ်ဆရာကတော့ မူးမူးနဲ့ အိပ်မောကျနေပြီပေါ့။ ကျုပ်အပြင်ရောက်တော့ ပတ်ဝန်းကျင်တစ်ခုလုံး ပိန်းပိတ်အောင်မှောင်နေတာ ကျုပ်အတွက် အခွင့်အရေးတစ်ခုဘဲဗျ။ အဲ့ဒီလိုနဲ့

ထွက်ပြေးလာရာကနေ မိုးလင်းတော့ ခင်ဗျားတို့ရဲ့ ဆည်တော်ကြီး မြွေတွေဘေးမဲ့ပေးတဲ့နယ်မြေထဲကို ရောက်လာရင်း အခုလို ခင်ဗျားနဲ့ တွေ့ခွင့်ရတာပါ။

ဗျာ !

ကျုပ်တို့က အသိဉာဏ်မြင့်တယ် ဟုတ်လား !

ဟဲ ဟဲ ဟဲ ဒါတောင် ရေမချိုးရသေးဘူးလို့ ကျုပ်က ကြွားလိုက်ချင်သေးတာ။

ဟုတ်တယ်။ မြွေလောကမှာ ကျုပ်တို့ မြွေဟောက်တွေဟာအသိဉာဏ်အမြင့်ဆုံးလို့ ပြောရလောက်အောင်ကို သင်ရင်တတ်လွယ်ကြတယ်ဗျ။ တခြားမြွေတွေနဲ့မတူဘူး။ ကြုံတုန်း ဆုံတုန်း ကျုပ်တို့မျိုးနွယ်တွေ ဘယ်လောက် အသိဉာဏ် မြင့်မားတယ်ဆိုတာခင်ဗျားကို ကြွားလိုက်ရဦးမယ်။

အခန်း (၄)

ကျုပ်တို့ မြွေဟောက်တွေနဲ့ပါတ်သက်လို့ ထူးထွေတည့်အံ့ရာတစ်ခုအကြောင်း လွန်ခဲ့တဲ့ သုံးနှစ်လောက်က ကျုပ်ကြားဖူးလိုက်တာလေး ခင်ဗျားကို ဖောက်သည်ချပြလိုက်အုံးမယ်။ ကျုပ်တို့ မျိုးနွယ်တွေ

ဘယ်လောက်တော်တယ်၊ တတ်တယ်ဆိုတာ ဂုဏ်ယူချင်လွန်းလို့ ဒီအကြောင်းကို ပြောပြတာပါ။

ဒီအကြောင်းတွေပြောမပြခင်မှာ...ခင်ဗျားကို မေးခွန်းတစ်ခု မေးချင်ပါတယ် ။

ကျုပ်တို့ မြွေဟောက်တွေကို အဖိုးတန်စိန်တွေ ခိုးခိုင်းတယ်ဆိုရင် ခင်ဗျား ယုံနိုင်ပါ့မလား !

ဟင် အင်း ! လုပ်မနေနဲ့ ! အဲဒါ ကမ္ဘာမှာ တကယ်ဖြစ်သွားတဲ့ အဖြစ်အပျက်။ နေရာက အိန္ဒိယပြည်ရဲ့ မထင်မရှားတောမြို့လေးတစ်မြို့မှာ ဖြစ်ပွားခဲ့တာ။

အဲ့ဒီတောမြို့လေးက အလမ္ပါယ်ဆရာက သူ့မြွေဟောက်တွေကို အသုံးချပြီး ချမ်းသာတဲ့သူတွေရဲ့ စိန်တွေခိုးခိုင်းလို့ တော်တော်နဲ့လက်သည်မပေါ်ခဲ့ဘူး။ လက်ရာ ခြေရာမပျက်လို့ အဲဒီကရဲတွေတောင် လက်လန်ကုန်တယ်။ နောက်ပိုင်းကျတော့ အဲ့ဒီ စိန်တွေခိုးတဲ့အလမ္ပါယ်ဆရာ ငွေသုံးစွဲပုံ ကြမ်းတာရယ်၊ အနေအထိုင်မတတ်တာရယ်ကို မသင်္ကာဖြစ်ပြီး စစ်ဆေးလိုက်တော့မှ အဲဒီအမှုပေါ်တာ။ သူ့ရဲ့ဖြောင့်ချက်က တော်တော်စိတ်ဝင်စားစရာကောင်းတယ်။

ကမ္ဘာကျော်ဖြောင့်ချက်လို့တောင် တင်စားလို့ရနိုင်တယ်။ အဲဒီလို ချမ်းသာတဲ့ သူဌေးတွေရဲ့စိန်ကို ခိုးယူနိုင်ဖို့အတွက် ကုလားအလမ္ပါယ်ဆရာက သူ့မြွေဟောက်တွေကို (၂)နှစ်တိတိ သင်ကြား လေ့ကျင့်ပေး

ခဲ့ရပါတယ်...တဲ့။ အတော် စိတ်ရှည်တဲ့လူပဲ။ သူလေ့ကျင့်သင်ကြားပေးပုံကလည်း တော်တော်ပညာသားပါတယ်။

သူ့အိမ်မှာ အိမ်မွေး ကြွက်ဖြူလေးတွေ တော်တော်များများမွေးထားတယ်။ မျက်လုံးနီနီလေးတွေနဲ့ အလှမွေးကြွက်ဖြူလေးတွေခင်ဗျားမြင်ဘူးမှာပါ။ ရန်ကုန်မှာ တစ်ခါတစ်လေ တစ်စုံကို (၅၀၀)ကျပ်

လောက်နဲ့ ရောင်းရောင်းနေတဲ့ ကြွက်ဖြူလေးတွေဗျာ။ မျက်လုံး ရဲရဲလေးတွေနဲ့။ ကျုပ်ကြားဖူးတာပြောတာနော်။ အဲဒီလို ကြွက်ဖြူလေးတွေကို မွေးထားတော့ ကြွက်တွေက ခဏခဏ သားပေါက်ကြတယ်လေ။ ဒါကြောင့် သူ့အိမ်မှာ ကြွက်ဖြူသားပေါက်ခါစလေးတွေအမြဲမပြတ်ရှိနေတယ်။ အမွေးလုံးဝမပေါက်သေးတဲ့ နီတာရဲ ကြွက်သားပေါက်လေးတွေပေါ့ဗျာ။

သူသင်ပေးမယ့် မြွေဟောက် (၅)ကောင်ကို ဘယ်မှမသွားနိုင်အောင် ပခြုပ်တွေထဲ ထည့်ထားတယ်။ သူတို့အတွက် အစာကိုတော့အိမ်ကြွက်တို့၊ အမဲသားအစိမ်းတို့၊ ဖားတို့ကို တစ်နေ့ နည်းနည်းစီပဲကျွေးတယ်။ မနက်ပိုင်းမှာပဲ ကျွေးတယ်။ မြွေတွေအားလုံး အစာစားပြီး နေ့ပိုင်း မှာ တစ်နေကုန် ခွေပြီးအိပ်နေကြတယ်။ ညပိုင်းမှောင်တဲ့အချိန်ကျတော့မှ အဲ့ဒီမြွေတွေကို မြို့ပြင်က တိုက်အိုအပျက်ကြီးတစ်လုံးထဲမှာသွားပြီး လေ့ကျင့်သင်ကြားပေးတယ်။

သူသင်ကြားပေးပုံက ဒီလို

တစ်နေကုန်ခွေပြီးအိပ်ထားလို့ အစာကြေပြီး ဆာနေပြီဖြစ်တဲ့မြွေဟောက်တွေကို ပခြုပ်ထဲကနေ တစ်ကောင်ချင်း ထုတ်ယူလိုက်တယ်။ ပြီးတော့ အမှောင်ထဲမှာ သူ့လက်ထဲထည့်ထားတဲ့စိန်ပုံသဏ္ဌာန် ဖန်ပွင့်ဖြူဖြူလေးတွေကို မြွေတွေမြင်အောင် ခဏပြထားလိုက်တယ်။ ပုလင်းဖင်တို့၊ ဖန်သားအဖြူတို့ကို ပြောင်လက် နေအောင်သွေးထားတော့ ညမှောင်မှောင်မှာ အရောင်လက်နေတာပေါ့။ သူ့လက်ဖဝါးထဲမှာ အဲဒီဟာလေးတွေကို ထည့်ထားပြီးတဲ့နောက် မြွေတစ်ကောင်ချင်းရဲ့ခေါင်းကို အခြားလက်တစ်ဖက်နဲ့ ကိုင်ထားပြီးအဲဒီပစ္စည်းလေးတွေကို သူတို့မြင်အောင်ပြရတာ။ မြွေ (၅)ကောင်စလုံးကို ပခြုပ်ထဲကနေ ထုတ်ထုတ်ယူပြီး ပြရတာဆိုတော့ အချိန်တော်တော်ယူရတယ်။

ပြီးတော့မှ အဲဒီမြွေရဲ့ ပါးစပ်ကိုဖြဲပြီး ခုန စိန်ပုံသဏ္ဌာန် သွေးထားတဲ့ ဖန်ပွင့်လေးတစ်ပွင့် ထည့်ပေးလိုက်တယ်။ မြွေရဲပါးစပ်ထဲ အဲဒီဖန်ပွင့်လေးရောက်သွားတော့ မြွေက တွန့်လိုက်၊ လိမ်လိုက်လုပ်ပြီး သူ့သဘာဝအတိုင်း နည်းနည်းချင်း မျိုချလိုက်တာပေါ့။ ဒါပေမယ့် အဲဒီသွေးထားတဲ့ ဖန်ပွင့်ကို သူမျိုချင်တိုင်းမျိုလို့မရဘူး။ အဲဒီဖန်တုံးလေး လည်ပင်းအောက် နည်းနည်းရောက်သွားရင် ပါးပြင်းရဲ့ အောက်နေရာကို လက်နဲ့စမ်းကြည့်လို့ ဖန်တုံးလေးကို စမ်းမိရင် အဲ့ဒီဖန်တုံးလေးကို သူ့လက်နဲ့ အထက်နည်းနည်းပြန်တွန်းတွန်းပေးတယ်။ မြွေရဲ့ အာခေါင်ရင်းလောက်ကို ဖန်တုံးရောက်တော့မှ လက်နဲ့တွန်းတာကို ရပ်လိုက်တယ်။ ဖန်တုံးကအာခေါင်ရင်းထိ ရောက်နေပြီဆိုတော့ မြွေက နည်းနည်းချင်းတွန့်လိမ်ပြီး ဖန်တုံးကို အန်ထုတ်တယ်။ ပြန်မျိုလို့တော့ မရဘူး။ ပြန်မျိုရင်လည်ပင်းနားကနေ သူက လက်နဲ့တွန်းထားတယ်။ အဲဒီတော့ မြွေကအဲဒီဖန်တုံးလေးကို အပြင်အန်ထုတ်ရတာပေါ့။ အဲ့ဒီလို အန်ထုတ်လိုက်လို့ ဖန်ပွင့်လေး မြေကြီးပေါ်ကျသွားပြီဆိုရင် သူ့ကို ခဏအမောဖြေခွင့်ပေးလိုက်တယ်။ ပြီးတော့ အဲ့ဒီမြွေကို ဆုတော်လာဘ်တော်ချတယ်။ ဘာဆု ချတယ်ထင်သလဲ !

မွေးကင်းစ ကြွက်ဖြူ မြေမနင်းသားကလေးတစ်ကောင်ကိုသူ့ရဲ့ ဒိုတီ (ကုလားဆိုတော့ ခင်ဗျားတို့လို လုံချည်မဝတ်ဘူး)ထဲကထုတ်ပြီး အဲဒီမြွေရဲ့ ပါးစပ်ထဲကို သူအမောပြေသွားသွားချင်း ခွံ့ပေးလိုက်တယ်။

အာ! ဘား! ဘား! (မြွေက ကုလားလို အော်လိုက်တာ)
ဗမာလိုတော့ ကောင်းမှကောင်း...တဲ့။

ကောင်း မှာပေါ့ဗျ! နနငယ်ငယ်၊ မြေတောင်မနင်းရသေးတဲ့ သူများအသက်ကလေး။ ကျုပ်တို့အဖို့တော့ ကမ္ဘာပေါ်မှာအကောင်းဆုံး အရသာ။ စားရခဲဗျ။ ဒီတော့ အဲ့ဒီအကောင်းဆုံး အရသာလေးကို ဆုတော်လာဘ်တော် ရဖို့အတွက် ဒီကောင်တွေက အလမ္ပါယ်ဆရာ သင်ပေးတဲ့အတိုင်း လုပ်ကြတော့တာပေါ့။ (၂)နှစ်လောက် လေ့ကျင့်ပေးလိုက်တော့ ဒီကောင်တွေ Expert ဖြစ်သွားပြီ။ ညမှောင်မှောင်မှာ ပြောင်ပြောင်ရောင်ရောင် အတုံးအခဲလေးတွေတွေ့ရင် မျိုတော့တာဘဲ။ ပြီးတော့ သူ့ဆရာဆီလာပြီး အန်မယ်။

သူ့ဆရာကလည်း ရှော့ပတ္တမြား ရှော့နဂါး ဆိုတော့ အားလုံး Ok ပေါ့။

အဲ့ဒီလိုနဲ့ စိန်နဲ့တူအောင်သွေးထားတဲ့ အဖြူရောင်ဖန်ထည်လေးတွေကို အမှောင်ထဲမှာ ပြ ပြပြီး မျိုခိုင်းတယ်။ ပြီးရင်လက်နဲ့တွန်းပေးပြီး အန်ထုတ်ခိုင်းတယ်။ အန်ပြီးလို့ ခဏအနားပေးပြီးရင် ကြွက်မြေမနင်းသားလေး တစ်ကောင် ခွံ့ပေးတယ်။

အဲဒီလေ့ကျင့်ခန်းကို (၂)နှစ်လောက် ကျင့်ပေးလိုက်တဲ့အခါမှာ အဲ့ဒီမြွေတွေက ညမှာ လက်လက်... လက်လက် ဖြစ်နေတဲ့ အဖြူရောင် ဖန်ကွဲစလေးတွေကိုတွေ့ရင် မျိုလိုက်တယ်။ ပြီးတော့သူ့သခင်ရှိရာကိုလာပြီး အဲဒီမျိုလာတဲ့ ဖန်ကွဲစလေးတွေကို အန်ပေးလိုက်တယ်။ ဒါဆိုရင် သူ့အတွက် ကြွက် မြေမနင်းသားလေးကိုစိတ်ကူးယဉ်လို့ရသွားပြီ။

အဲ့ဒီသင်ခန်းစာ ကြေညက်ပြီဆိုတော့ သင်ခန်းစာကို မြှင့်ပေးလိုက်တယ်။ မြို့ပြင်က တိုက်ပျက်ကြီးထဲမှာ သေတ္တာတွေ၊ ဖာတွေ၊ နို့ဆီခွက်တွေကို တခြားပစ္စည်းတွေနဲ့ ရောနှောပြီးထားတယ်။ အဲ့ဒီ ပစ္စည်းတွေထဲမှာ စိန်အတု နှစ်လုံး၊ သုံးလုံးလောက်ကို ထည့်ပေး ထားပြီး သူက တိုက်အပြင်ဘက်တစ်နေရာကနေ စောင့်နေတယ်။

သူ့မြွေတွေက ညအမှောင်ထဲမှာ အဲ့ဒီ လက်လက်လက်လက်ဖြစ်နေတဲ့ စိန်တုလေးတွေကို မျိုလာပြီး သူ့သခင်ဆီ ပြန်လာကြတယ်လေ။

ကြွက်မြေမနင်းသားက စားချင်လှပြီ။ သခင့်ဆီရောက်လို့ ခဏလည်း အမောဖြေပြီးရော သူတို့မျိုလာတဲ့ စိန်တုံးလေးတွေကို အန်ချတော့တာပဲ။ သူ့သခင် အလမ္ပါယ်ဆရာကလည်း တာဝန်ကျေပါတယ်။

အန်ပြီးလို့ ခဏအမောဖြေပြီးရင် -

အင့် ! တစ်ကောင်ဘဲ။

ဒီလေ့ကျင့်ခန်းတွေကို ကျွမ်းကျွမ်းကျင်ကျင် လုပ်နိုင်ပြီဆိုမှသူက မြို့ပေါ်တက်လာတယ်။ မြို့ပေါ်က ချမ်းသာတဲ့ တိုက်တွေကိုလိုက်ကြည့်ပြီး မြွေတွေဝင်ရမယ့် ဝင်လမ်းတွေရယ်၊ သူစောင့်နေရမယ့် နေရာတွေကို လိုက်ပြီးကြည့်ထားတယ်။ အဲ့ဒီလို လေ့လာပြီးမှညမှာ အဲဒီတိုက်နားကိုလာပြီး မြွေဟောက်(၅)ကောင်ကို ခြံထဲလွှတ်လိုက်တယ်။

မြွေတွေလည်း တိုက်ထဲက သေတ္တာတွေ၊ ပုံးတွေ၊ အိုးတွေ၊ ခွက်တွေ၊ တစ်ချို့လည်း ရေချိုးခန်းထဲတွေ၊ အိပ်ရာတွေထဲထိ လျှောက်သွားကြပြီး တိုက်ထဲတွေတဲ့ အရောင်လက်လက်လေးတွေကို မျိုလာခဲ့ကြတယ်။ အဲ့ဒီမှာဘဲ အချို့ ရေချိုးခန်းထဲ ရေချိုး၊ ဆပ်ပြာတိုက်ရင်း စိန်လက်စွပ်ခဏချွတ်ထားတာ မေ့ကျန်ခဲ့တဲ့သူတို့၊တစ်ချို့လည်း ဓားပြတိုက်မှာကြောက်လို့ ကြောင်အိမ်အောက်က နို့ဆီခွက်ထဲ စိန်တွေထည့်ထားတဲ့သူတို့၊ မီးခံသေတ္တာပေါ်မှာ စိန်လက်စွပ် ခဏချွတ်တင်ထားရင်း မေ့ကျန်ခဲ့တဲ့ သူတို့ကတော့...

အဲ့ဒီညမှာ သူတို့ခေါင်းကို ဆဒ္ဒန်ဆင်မင်းနင်းတယ် လို့ အိပ်မက်လှလှလေးတွေ မက်ပြီသာမှတ်ပေတော့။

ကျုပ်တို့မြွေတွေကတော့ စိန်ရယ်လို့ မသိဘူးလေ။ အမှောင် ထဲမှာ လက်လက် လက်လက်မြင်ရင် မြိုသွားမှာဘဲ။

အဲ့ဒီနည်းနဲ့ လုပ်စားသွားတဲ့ အလမ္ပါယ်ဆရာ သူ အနေ အထိုင်မတတ်တော့ ငွေသုံးစွဲပုံ ကြမ်းတာကိုမြင်ပြီး အရပ်ထဲက မသင်္ကာလို့ ရဲတိုင်တော့ အားလုံးပေါ်ကုန်ပြီး အဲ့ဒီအမှုလည်းကမ္ဘာကျော်သွားတယ်။

အရင်းစစ်တော့ အမြစ်မြေက ဆိုသလို နောက်ဆုံးကျတော့ အဲ့ဒီမှုခင်းဇာတ်လမ်းရဲ့

အဓိကဇာတ်ကောင်က ကျုပ်တို့ မြွေဟောက်တွေပေါ့ဗျာ။ ဇာတ်ဝင်ခန်းကတော့ စိန်ကိုမျိုတဲ့အခန်းနဲ့ သူ့သခင်ရှေ့ မှာ အန်ပြတဲ့အခန်းဘဲ။ ဒါကလည်း နောက်ဆုံးတော့ ရသတဏှာကို အခြေခံပြီး လေ့ကျင့်ပေးလိုက်တဲ့ သဘောပါပဲ။ မြွေက ကြွက်မြေမနင်းသားလေးရဲ့ အရသာကို ခံစားချင်လွန်းလို့ မျိုလာတဲ့ပစ္စည်းကို အန်ထုတ်ပေးတာပေါ့ဗျာ။ သူမျိုလာတဲ့ပစ္စည်းက အဲ့ဒါလောက်မှအရသာမရှိတာ။ အန်ပြီးရင် သူ့အတွက် ဆုတော်လာဘ်တော်ကရမှာကိုးဗျ။

အဲ့ဒီကြွက်မြေမနင်းသားလေးတွေဟာကျုပ်တို့မြွေတွေအဖို့တော့ကမ္ဘာပေါ်မှာအကောင်းဆုံးအစားအစာ ပဲ့ဗျာ။ ခါတိုင်းကျုပ်တို့ကို ကျွေးနေကျ ကြွက်တွေက အမွေးအမျှင်တွေပါလို့ကြမ်းကြမ်းတမ်းတမ်းကြီး။ တစ်ခါတစ်လေဆို နင် များတောင် နင် တယ်။ အမဲသားအစိမ်းတို့၊ ဖားတို့ဆိုတာကလည်း အဲ့ဒီ အူဝဲလေးတွေနဲ့ယှဉ်လိုက်ရင် အရသာချင်းက ဘာမှမဆိုင်ဘူးလေ။ ဒါကြောင့် ကျုပ်တို့ မြွေလောကရဲ့ အကောင်းဆုံးနဲ့ အရသာအရှိဆုံး ဟင်းလျာ ကတော့ အဲဒီ ဘဘေပ မအေ လို့ခေါ်တဲ့ ကြွက် မြေမနင်းသားလေးတွေဘဲ။

မွေးပြီးပြီးချင်း နှစ်ရက်၊ သုံးရက်သားလေးတွေပေါ့ဗျာ။ အဲ့ဒါလေးတွေ က ကျုပ်တို့မြွေတွေအဖို့ - သားသားတို့အကြိုက် မွန်းလိုက်...။ (ကြော်ငြာခပေးရမှာနော် ဟဲ...ဟဲ...ဟဲ)

အခန်း (၅ )

ကျုပ်ကြားဖူးသလောက်ဆိုရင် ခင်ဗျားတို့ လူသားတွေဆီမှာလည်း တလောလေးက ကမ္ဘာပေါ်မှာ အကောင်းဆုံးဟင်းလျာအဖြစ် ရွေးချယ်လိုက်တဲ့ ဟင်းလျာရှိပါတယ်ဗျ။

ခင်ဗျား သိရဲ့လား !

ပညာစမ်းတာ မဟုတ်ဘူးနော်။ ရသတဏှာ နဲ့ ပတ်သက်လို့ခင်ဗျား ဘယ်လောက်အထိ လေ့လာထားတယ်ဆိုတာ သိချင်လို့ မေးကြည့်တာပါ။

မသိဘူး မဟုတ်လား !

ဖြစ်နိုင်ပါတယ်။ ရှာရှာပေါက်ပေါက် မေးခွန်းကိုးဗျ။

ဒီလိုပါ။ အရင်က ဂရိသင်္ဘောသူဌေး ဘီလျံနာကြီး အိုနာစစ်နေ့စဉ်စားသုံးခဲ့တဲ့ သိုးမြေမနင်းသား ဆိုတာ အခု ဂလိုဘယ် လိုက်ဇေးရှင်းခေတ်ကြီးမှာ အန်းတစ်ဖြစ်သွားပြီ။ အဲ့ဒီသူဌေးကြီးရဲ့ရသတဏှာ အားကြီးပုံလည်း ကြည့်အုံး။ သူနေ့စဉ် သိုးမြေမနင်းသားစားရဖို့အတွက် သိုးအုပ်ကြီးမွေးထားရတယ်။ အရွယ်အမျိုးမျိုးရှိကြတဲ့သိုးမတွေကို နေ့စဉ်နီးပါး သားစပ်ပေးထားပြီး အဲဒီ သားစပ်ပြီးတဲ့ရက်စွဲတွေကို မှတ်တမ်းတင်ထားရတယ်။ ဖီးရင့်လာတဲ့ သိုးမတွေ ထဲကမှ မီးဖွားဖို့ တစ်လအလိုလောက်မှာရှိတဲ့ သိုးမတစ်ကောင်တစ်ကောင်ကိုရွေးပြီး နေ့စဉ်သတ်ရတယ်။ ပြီးတော့ အဲဒီသိုးမရဲ့ဗိုက်ထဲက (မွေးကာနီးတစ်လအလို) သိုးမြေမနင်းသားလေးကိုထုတ်ယူပြီး အိုနာစစ်ရောက်နေတဲ့ ကမ္ဘာ့နေရာအနှံ့အပြားကို သူ့ရဲ့ကိုယ်ပိုင်လေယာဉ်နဲ့ လိုက်ပို့ပေးရတယ်။

ကဲ !

ဘယ်လောက်ကုန်ကျစရိတ်ကြီးလိမ့်မလဲဆိုတာခင်ဗျား စဉ်းစားကြည့်။ ဒါပေမယ့် သူက ဘီလျံနာလေဗျာ။

ဒါလောက်တော့ သူ့အဖို့ အကင်း နေမှာပေါ့။ဒါပေမယ့်ဗျာ လူတွေ။ ခင်ဗျားတို့လူတွေ။

အစားလေး တစ်လုပ်အတွက်နဲ့ သူများအသက်တွေကိုရက်ရက်စက်စက်သတ်ဖြတ်ချက်ကတော့ ကမ်းကုန်တယ်။ ကျုပ်တို့ တိရစ္ဆာန်တွေထက်တောင် ခင်ဗျားတို့လူတွေက ပိုရက်စက်ကြတယ်။

အဲ့ဒီလို ကမ်းကုန်အောင်ရက်စက်ပြီးမှ စားရတဲ့ စားသောက်စရာ တွေထဲမှာ ဖိလစ်ပိုင် ဘဲဥပြုတ် ဆိုတာလည်း ပါသေးတယ်။ ဖိလစ်ပိုင်နိုင်ငံမှာ မျိုးဖောက်မယ့် မျိုးဘဲဥတွေကို ဖောက်စက်တွေထဲမှာ ထည့်လိုက်တယ်။ ဘဲဥဆိုတာ ဖောက်စက်ထဲထည့်ပြီး (၂၈)ရက်ပြည့်မှ အကောင်ပေါက်တာ။ ခုန ဖောက်စက်ထဲ ထည့်လိုက်တဲ့ဘဲဥတွေကို (၂၈)ရက်အထိ အကောင်ပေါက်အောင် မထားတော့ဘူး။ ဥခွံထဲက ဘဲလေး အသက်မဝင်ခင် (မပေါက်ခင် ဆယ်ရက်လောက်အလို) စက်ထဲသွင်းလို့ (၁၈)ရက်လောက်အရမှာ အဲဒီဘဲဥတွေကိုဖောက်စက်ထဲက ထုတ်လိုက်တယ်။ အဲဒီအချိန်မှာ ဥခွံထဲမှာရှိတဲ့ ဘဲသန္ဓေလောင်းကလေးက အမွေးနလေးတွေ မထွက်သေးဘူး။

အကောင်တော့ ဖြစ်နေပြီပေါ့ဗျာ။ ဘဲအင်္ဂါစုံနေပြီပေါ့။ အသက်တော့မဝင်သေးဘူး။ အဲဒီဥတွေကို ပွက်ပွက်ဆူအောင်တည်ထားတဲ့ ရေနွေးအိုး ကြီးတွေထဲ ထည့်ပြုတ်ပစ်လိုက်တယ်။

ဘယ်လောက် ရက်စက်လိုက်ကြသလဲ!

ဒါကြောင့် ဖိလစ်ပိုင်ဘဲဥပြုတ်ကို ကျုပ်တို့နိုင်ငံက လူတွေ စားရဲကြမှာမဟုတ်ဘူး။ ဘာဖြစ်လို့လည်းဆိုတော့ ဘဲဥကို အခွံခွာလိုက်ရင် အထဲမှာ ဘဲမြေမနင်းသားလေးပါနေလို့။ ကျုပ်ကြားဖူးတာ ပြောတာနော်...။

ခုန ကမ္ဘာ့အကောင်းဆုံး ဟင်းလျာအကြောင်း ပြန်ဆက်ကြရအောင်။

လွန်ခဲ့တဲ့ လေးငါးနှစ်က ကမ္ဘာပေါ်မှာ အချမ်းသာဆုံး စာရင်းဝင်တဲ့ သန်းကြွယ်သူဌေးကြီးတွေစုပြီး အစည်းအဝေးတစ်ခုလုပ်တယ်။ အဲဒီအစည်းအဝေးက ကမ္ဘာ့အကောင်းဆုံး ဟိုတယ်ကြီးတွေက အကောင်းဆုံး စားဖိုမှူးကြီးတွေကို ခေါ်ယူတွေ့ဆုံပြီး ကမ္ဘာပေါ်မှာ အကောင်းဆုံးဟင်းလျာများ စီစဉ်ပေးကြပါလို့မေတ္တာရပ်ခံခဲ့ကြတယ်။ အဲ့ဒီ အကောင်းဆုံး ဟင်းလျာတွေထဲကမှ စားဖိုမှူးကြီးတွေရော၊ စားသောက်ကြသူ သူဌေးကြီးတွေရောအားလုံးက တညီတညွတ်ထဲ အကောင်းဆုံးပါလို့ ရွေးချယ်ကြတဲ့ ဟင်းလျာကို ကမ္ဘာ့အကောင်းဆုံး ဟင်းလျာအဖြစ် သတ်မှတ်ဖို့ ကမ္ဘာကို ကြေညာပြီး နာမည်ကျော် စားဖိုမှူးကြီးတွေကို ယှဉ်ပြိုင်စေခဲ့တယ်။

အဲ့ဒီမှာဘဲ ဆင်နှာမောင်းစွပ်ပြုတ် တို့ ဝက်ဝံနှုတ်ခမ်းသားပေါင်းတို့ တောက်တဲ့ဟင်းချို တို့ ရေဘဝဲ (စင်းကော)အစိမ်းသုတ် တို့လို ခင်ဗျားတို့ ကျုပ်တို့ မကြားဖူး၊ မစားရဲကြတဲ့ကြံကြံဖန်ဖန် ဟင်းလျာတွေပါလာတယ်။ အဲဒီ ကမ္ဘာ့အကောင်းဆုံးဟင်းလျာပြိုင်ပွဲကြီး မှာ ကော်ဖီဝိုက် ကြော်ငြာလို အကောင်းဆုံး ပါလို့ ဆိုတာတောင် သူ့လောက်မကောင်းဘူးဆိုပြီး အားလုံးကတညီတညွတ်တည်း ထောက်ခံမဲပေးပြီး ကမ္ဘာပေါ်မှာ အကောင်းဆုံးဟင်းလျာအဖြစ် ရွေးချယ်လိုက်တဲ့ ဟင်းလျာကတော့ ကုလားအုတ်ခြေဖဝါးနဟင်းလျာ တဲ့ဗျာ။

ဘာကြောင့် ကုလားအုတ်ခြေဖဝါးနဟင်းလျာက ကမ္ဘာ့အကောင်းဆုံးဟင်းလျာ ဖြစ်သွားရတယ်ဆိုတဲ့ အကြောင်းရင်းကိုအဲ့ဒီစားဖိုမှူးကြီးတွေ ရှင်းပြတာက အလွန်ပူပြင်းတဲ့ သဲကန္တာရထဲမှာ သွားလာနေကြရတဲ့ ကုလားအုတ်တွေရဲ့ ခြေဖဝါးတွေဟာ နေ့ပိုင်းမှာ အမြဲပူလောင်နေတဲ့ သဲတွေနဲ့

နေ့စဉ်ထိတွေ့နေရလို့ အင်မတန်ကြမ်းတမ်းပါတယ်တဲ့။ ဒါပေမယ့် အဲဒီအင်မတန်ကြမ်းတမ်းတဲ့ ခွာကြမ်းကြီးတွေကို ဖယ်ရှားပစ်လိုက်တဲ့အခါမှာ တွေ့ရတဲ့ ခြေဖဝါးတော် နုနုလေး တွေကတော့ အင်မတန်နူးညံ့ပြီး အရသာရှိတဲ့အတွက် ကမ္ဘာမှာ အကောင်းဆုံးဟင်းလျာ ဖြစ်လာရပါတယ်...တဲ့။

တင်စားရရင်တော့ သဲကန္တာရ ထဲက... အိုအေစစ်လေးပေါ့ဗျာ။ အဲဒီ ဟင်းလျာလေးတစ်ခွက် စားရဖို့အရေး သူတို့လုပ်ပုံတွေကိုကြည့်အုံး !

ဟင်းလျာတစ်မျိုးအတွက်နဲ့ ခွာလေးချောင်းယူချင်လို့ ကုလားအုတ်ကြီး တစ်ကောင်လုံးကို သတ်ပစ်ရတယ်... တဲ့ဗျာ။

လူတွေ ရက်စက်ပုံပြောပါတယ်။

အင်း ! ဒါကြောင့်လည်း ခင်ဗျားတို့ဆီက ဆရာတော်ကြီးတစ်ပါးက ရသတဏှာသမား တွေကို သတိပေးတရား ဟောကြားခဲ့တာဘဲဗျ။ သူဟောတာ ကျုပ်ကြားဖူးတာကတော့ ဟို အရိုး မပါတဲ့ကောင်ကို အလိုမလိုက်ကြနဲ့ တဲ့။

မျက်စိလေး ပေကလပ် ပေကလပ်လုပ်ပြီး စဉ်းစားမနေပါနဲ့။ ကျုပ် အဖြေ တစ်ခါတည်းပြောလိုက်ပါ့မယ်။

အဲ့ဒါ... လျှာ ကို ပြောတာတဲ့။

လျှာ ။

လျှာ ။

အခန်း ( ၆ )

တစ်ဖက်နိုင်ငံကို ခိုးထုတ်ခံရတဲ့ ကျုပ်တို့ မြွေမျိုးနွယ်တွေကို ကယ်တင်ပြီး ဒီဆည်တော်ကြီးနေရာကို လွတ်ငြိမ်းချမ်းသာခွင့်ဇရိယာအဖြစ် သတ်မှတ်လွှတ်ပေးတဲ့ နိုင်ငံတော်အစိုးရရဲ့ စေတနာကို ကျုပ် လေးစားမိတယ်ဗျာ။

ခင်ဗျား စဉ်းစားကြည့် !

သူတို့အားလုံးက အမှောင်ထဲကို သွားနေကြတဲ့သူတွေဗျ။ မကြာမီ သေရတော့မယ့်သူတွေ။ တစ်ဖက်နိုင်ငံကို ရောက်သွား ကြရင် တရုတ်ပြည် ပဲရောက်ရောက်၊ ထိုင်း ပဲရောက်ရောက်၊ အိုဗျာ ! ကုန်ကုန်ပြောမယ် ဘယ်နိုင်ငံပဲရောက်ရောက်အသတ်ခံကြရတော့မှာ။ အဲ့ဒီလို သေမင်းခံတွင်းဝကို သွားနေကြရာကနေ နိုင်ငံတော်အစိုးရရဲ့ ကျေးဇူးကြောင့် နယ်စပ်ဂိတ်တွေကနေ ရှာဖွေဖမ်းဆီးပြီး အခုလို ဘေးမဲ့ပေးထားတဲ့ နေရာမှာ လာလွှတ်ပေး ခံရတော့ သူတို့တစ်တွေ ဘယ်လောက်များ ဝမ်းသာလိုက်ကြမလဲဗျာ။

အရင်တုန်းကလို ကျုပ်တို့ကို နိုင်ငံခြားခိုးပို့ဖို့ ဖမ်းတဲ့သူတို့၊ စားသောက်ဆိုင်ကြီးတွေမှာ အထူးဟင်းလျာလုပ်ဖို့ ဖမ်းတဲ့သူတို့။ အလမ္ပာယ်ပြဖို့ဖမ်းတဲ့ အလမ္ပာယ်ဆရာတို့ရဲ့ ရန်တွေက

ဝေးရုံတင် မဟုတ်ဘဲ ဒီနယ်မြေမှာ ကျုပ်တို့အတွက် အစားအသောက်တွေ ကလည်း ပေါမှပေါဆိုတော့ ကျုပ်တို့အဖို့ နိဗ္ဗာန်ဘုံသို့.. နစ်ခေါက်လေ.. လို့ကို ညွှန်းရမလို ဖြစ်နေပြီ။

အော်!...ခုလို ခင်ဗျားနဲ့ဆုံတုန်းမှာ ကျုပ်အနေနဲ့ တစ်ခု မေတ္တာရပ်ခံချင်တာက... ကျုပ်တို့ မြွေမျိုးနွယ်တွေရဲ့ ဘဝခရီးကြမ်းတွေကို ခင်ဗျားအနေနဲ့ စာတစ်စောင်ပေတစ်ဖွဲ့ရေးပြီး ပြည်သူတွေသိအောင် တင်ပြပေးစေချင်ပါတယ်။ နောက်ပြီး နိုင်ငံတော်အစိုးရရဲ့ကျုပ်တို့အပေါ်မှာထားတဲ့ စေတနာ မေတ္တာတွေကိုလည်း အများပြည်သူတွေကို သိစေချင်ပါတယ်။

သေချာပြန်စဉ်းစားကြည့်ရင်...ကျုပ်တို့နိုင်ငံကနေ တစ်ဖက်နိုင်ငံတွေကို ကားကြီးကားငယ် အသွယ်သွယ်နဲ့ မှောင်ခို သယ်ဆောင်သွားတာခံရတဲ့ သူတို့တစ်တွေရဲ့ အဲ့ဒီနိုင်ငံတွေဆီ အသွားခရီးလမ်း ဟာ...တကယ်တော့... အမှောင်လမ်းပါဗျာ။

ဟိုရောက်ရင် သေချာပေါက် အသတ်ခံရမယ့် အမှောင်လမ်းပါ။ ဒါကို သိကြလို့လည်း သူတို့အားလုံး တုတ်တုတ်မှ မလှုပ်ကြဘဲ ပီဘိကျောက်ရုပ်လို ခွေခွေလေးတွေပဲ လိုက်သွားကြတယ်မဟုတ်လား။ ဘယ်သတ္တဝါပဲ ဖြစ်ဖြစ် တကယ်သေရမှာကိုသိရင် ကြောက်ကြတာပါပဲဗျာ။

အဲဒီလို သူတို့ တကယ်သေရတော့မယ့်ခရီးကို သွားနေကြရ တာပါလားဆိုတဲ့ အသိတရား ဝင်လာကြတော့မှ တစ်ချို့က...
နောက်ဆိုရင် ဒေါသမကြီးတော့ဘူးဆိုပြီး ခြေသုတ်ပုဆိုး မြွေစွယ်ကျိုး ဖြစ်သူက ဖြစ်သွားတာတို့ -

တစ်ချို့က...တော်ပြီ...နောက်များ...လောဘမကြီးတော့ဘူးဆိုပြီး လောဘကို သတ်သူက သတ်သွားတာတို့။ တစ်ချို့ကလည်း နောင်ဆိုရင် မောဟ မကြီးတော့ဘူး...ဆိုပြီး သတိတရားရတဲ့သူက ရကုန်ကြတယ်...ဆိုတဲ့ သတင်းတွေ ကြားရတော့ကျုပ်တောင် သံဝေဂ ရမိတယ်။

ဘယ်သူတွေ ဖြစ်ရမလဲဗျာ။ ကျုပ်ကြားမိတာကတော့ ဟိုကောင်တွေတဲ့။ မြွေဖမ်းသမား လာနေတာ မြင်ရဲ့သားနဲ့ ထွက်မပြေးဘဲ ထစ်ခနဲဆို ဒေါသတကြီးနဲ့ ရန်မူဖို့ ပါးပြင်းတထောင်ထောင် လုပ်နေတုန်းမှာ ပါးပြင်းနောက်ကနေ ခေါင်းကို လက်နဲ့ကိုင်ပြီး အဖမ်းခံခဲ့ရတဲ့ မြွေဟောက် အာဋ္ဌဝက မိုက်တူးစိန်ရယ်...

ကိုယ်နဲ့တန်ရာတန်ရာ ဖားလေး ကြွက်လေးလောက်ကိုမျိုနေရာကနေ လောဘတွေတက်ပြီး တစ်ရက်မှာ -

ရောမ လယ်ကြွက်ကြီးကို မျိုထားတုန်း...မြွေဖမ်းသမားနဲ့ရင်ဆိုင်အတွေ့ -

စားပိုးနင့်နေလို့ ထွက်မပြေးနိုင်တော့ဘဲ ဟသာ်တထွန်းရင်ရဲ့

သားမှားပြီ ___ မှားပြီမေမေ့ရဲ့ ___ သီချင်းကို

ငိုသံပါကြီးနဲ့ အော်ဆိုနေရင်း အဖမ်းခံလိုက်ရတဲ့ လင်းမြွေအရှည်ကြီး ဇူဇကာလောရှည်ရယ်... နောက်ပြီး အမြဲတမ်းလိုလို မောဟာကြီးကြီးနဲ့ (ခေါင်းနဲ့ အမြီးထိမတတ်) ခွေခွေလေးနေပြီး အိပ်မက်လှလှလေးတွေ မက်နေလေ့ရှိရာကနေ တစ်ရက်ခွေပြီး စိတ်ကူးယဉ်နေခိုက်မှာ အခွေထဲက ခေါင်းထွက်လာအောင် သူ့ဗိုက်သားကို သစ်ကိုင်းခြောက်တစ်ခုနဲ့ထိုးပြီး ကလိတာခံရတုန်း ဖတ်ကနဲ

ထွက်ပြေးရင်လွတ်နိုင်ရဲ့သားနဲ့ ပဲ များပြီး ဟိုမင်းသမီးစတိုင်နဲ့ -

လာနောက်မနေနဲ့ ___ လို့ အော်ပြီး အခွေထဲကနေ

ခေါင်းအထွက် ဝါးဒေါက်ခွနဲ့ ခေါင်းကိုဖိပြီး အဖမ်းခံလိုက်ရတဲ့ မြွေပွေးမ ကာလနဂါး မယ်ခွေရယ်ပေါ့။

ဘယ်လိုပဲဖြစ်ဖြစ်ပါ။ ခုလို အချိန်မျိုးမှာ သူတို့တစ်တွေရဲ့လောဘတရား၊ ဒေါသတရား၊ မောဟတရားတွေ ချုပ်ငြိမ်းသွားတဲ့သံဝေဂသံတွေကြားရလို့ ကျုပ် သာဓုအကြိမ်ကြိမ် ခေါ်လိုက်မိပါတယ်။

အဲ့ဒီလို သူတို့အားလုံး သံဝေဂရနေတဲ့ အချိန်လေးမှာပဲ... ဟော ဆည်တော်ကြီး ဆိုတဲ့ ခင်ဗျားတို့ရဲ့ လွတ်ငြိမ်းချမ်းသာ ခွင့်နယ်မြေမှာ အားလုံးကို ဘေးမဲ့လွှတ်ပေးမယ်ဆိုတဲ့ သတင်းလည်း ကြားရော... သူတို့အားလုံး ဘယ်လောက် ဝမ်းသာလိုက်ကြမလဲ။

နယ်စပ် စစ်ဆေးရေးဂိတ်စခန်းတွေကနေ ကွေပြီးပြန်လာကြတဲ့သူတို့ရဲ့ အပြန်ခရီးလမ်းဟာ လောဘ၊ ဒေါသ၊ မောဟတရားဆိုတဲ့ တိမ်သလ္လာတွေ ဖုံးအုပ်နေရာကနေ အဲဒီ တိမ်သလ္လာတွေ ကွယ်ပျောက် ချုပ်ငြိမ်းသွားလို့ သူတို့ရဲ့ဘဝဟာ ဘယ်လောက် ပျော်စရာ ကောင်းလိုက်မလဲ။ အပြန်ခရီးမှာ ကားတစ်စီးလုံးကို ဆူညံနေတာပဲတဲ့။ မြွေတွန်သံတွေ။ မြွေတွန်သံတွေ။ ည(၁၂)နာရီ ကျော်ကျော်လောက်ကြီးမှာ သူတို့ကို သယ်လာတဲ့ကားကြီး မန္တလေးမြို့ ထဲကို ဝင်လာတော့... အောင်မယ်! ဇော်ပိုင်ရဲ့ မြို့အဝင်ည သီချင်းကို သံပြိုင်ဆိုကြတယ်ဆိုပဲ။

ကျုပ် အဲဒီသတင်းတွေ ကြားလိုက်ရတဲ့အချိန်မှာ ပီတိဖြစ်လွန်းလို့ ကြက်သီးမွေးညင်းများတောင် ထ သွားတယ်။ သူတို့ အားလုံးအတွက်တော့ အဲ့ဒီညဟာ တိမ်စင်တဲ့ ည ပေါ့ဗျာ။

အခန်း ( ၇ )

ကျုပ်လည်း တလောလေးကမှ တဆင့်စကား တဆင့်ကြားနဲ့ နိုင်ငံခြားခိုးထုတ်တဲ့ မြွေတွေကို ရှာဖွေရေးဂိတ်တွေက ဖမ်းမိခဲ့ရင် ဆည်တော်ကြီးမှာ လာလွှတ်ပြီး ဘေးမဲ့ပေးတယ်ဆိုတာ ကြားမိလိုက်တယ်။ အဲဒီသတင်း ကြားကြားချင်းဘဲ ကျုပ် ဆည်တော်ကြီးဘက်ကို ထွက်ပြေးဖို့ ကြိုးစားခဲ့တာ အခုမှဘဲ အောင်အောင်မြင်မြင်နဲ့ ခင်ဗျားတို့ရဲ့ ဘေးမဲ့ပေးတဲ့ဇရိယာကို ရောက်လာခဲ့ရတော့တယ်။

အေးဗျာ

ခင်ဗျားနဲ့ အခုလို မြွေတွေကို ဘေးမဲ့လွှတ်ပေးတဲ့ စခန်းနေရာလေးမှာ လွတ်လွတ်လပ်လပ် အလ္လာပ သလ္လာပပြောခွင့်ရတာ ကျုပ်ဝမ်းသာဂုဏ်ယူမိပါတယ်။ နောက်ပြီး

အခုလို လွတ်ငြိမ်းချမ်းသာခွင့်ရတဲ့နေရာအထိ ကျုပ်ကို လိုက်ပို့ပေးတဲ့ရတနာပုံ တိရစ္ဆာန်ဥယျာဉ်က ခင်ဗျားတို့လို သစ်တောဝန်ထမ်းတွေကိုလည်း ကျေးဇူးတင်ပါတယ်။ လေးလည်း လေးစားပါတယ်။ ခင်ဗျားပြောပြလို့ ဟိုတစ်လောလေးက ကျုပ်သူငယ်ချင်း လင်းမြွေစုံတွဲ လင်းမောင်မောင်နဲ့ လင်းလင်းလက် (ခ) မိချော တို့လည်း လွတ်ငြိမ်းချမ်းသာခွင့်ရပြီး ဒီတောဒီတောင်တွေထဲမှာ ရောက်နေကြတယ်ဆိုလို့ကျုပ်ဝမ်းသာပါတယ်။

နောက်ရက်တွေကျမှပဲ သူတို့ စုံတွဲကို လိုက်ရှာရအုံးမယ်။

ကဲ !

စကားပြောကောင်းကောင်းနဲ့ ပြောနေလိုက်ကြတာ တစ်နေကုန်နီးပါးဘဲ။
ဟိုမှာ ကြည့်အုံး ဆရာကြီးရဲ့ !မင်းဝံတောင်တန်းမှာ နေတောင်ဝင်သွားပြီ။

နေကွယ်ရင် လထွက်တော့မယ်လေဗျာ။ ကိုင်း ! ကိုင်း ! အချိန်လေးရှိတုန်း ကျုပ်သွားတော့မယ်နော်...

Bye ! ! !

ကိုကိုလတ် (ဆည်မြောင်း)

ဝန်ခံချက်

(နိုင်ငံခြားသို့ ခိုးထုတ်သည့်မြွေများအား နယ်စပ်ရာဖွေရေးဂိတ်များမှ ရာဖွေ ဖမ်းဆီးပြီး ဆည်တော်ကြီးဒေသသို့ သွားရောက်၍ ဘေးမဲ့လွှတ်ပေးနေသည့် နိုင်ငံတော် အစိုးရ၏ မေတ္တာစေတနာတရားကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် မိမိကိုယ်မိမိ မြွေဟောက်တစ်ကောင်အသွင် ခံစားရေးဖွဲ့ခြင်း ဖြစ်ပါသည်။)

လင်းတ တစ်ကောင်၏ ဖြောင့်ချက်

ကိုကိုလတ် (ဆည်မြောင်း)

အခန်း (၁)

ဟူဒီနီ ဆိုတဲ့နာမည် ကြားဖူးလား !

ဟင့်အင်း

ဆရာ ပဏ္ဍဝ ရော

ကြားဖူးပေါင်

စက္ကောမ !

မသိ

ကိုင်း !...ဒေးဗစ်ကော့ပါးဖီးလ် ဗျာ

ဩ !

သေလိုက်ပါတော့ဗျာ။ ဒီလောက်နာမည်ကြီးတဲ့

မျက်လှည့်ဆရာတွေရဲ့ နာမည်တွေကို တစ်ယောက်မှ မကြားဖူးဘူးဆိုတော့ခင်ဗျား ခေတ်နောက် မှောက်လျက်လဲ ကျန်ရစ်ခဲ့ပြီဗျ။ ဟူဒီနီ နဲ့ ဆရာပဏ္ဍဝ ကို မကြားဖူးဘူးဆိုတာ ကျုပ်လက်ခံသေးတယ်။

ဘာဖြစ်လို့လည်းဆိုတော့ သူတို့ခေတ်က တော်တော်စောတော့ ခင်ဗျား မသိဘူးဆိုတာ ဖြစ်နိုင်တယ်။ စက္ကောမ တော့ ခင်ဗျား ကြားဖူးသင့်တယ်လို့ ထင်တယ်။

မြန်မာပြည်မှာ လက်ရှိ နာမည်အကြီးဆုံး မျက်လှည့်ဆရာလေဗျာ။ ထားဦး။ ဒါလည်း ခင်ဗျားက

မျက်လှည့်ပညာကို စိတ်မဝင်စား လို့ဆိုပြီး ဆင်ခြေပေးလို့ရသေးတယ်။ ဒေးဗစ်ကော့ပါးဖီးလ် ဆိုတဲ့ နာမည်ကျတော့ ခင်ဗျားအနေနဲ့ ကြားကိုကြားဖူးသင့်တယ်ဗျ။ သူ့ကို မျက်လှည့်ဆရာတစ်ဦးလို့ မသိချင်နေဦး၊ ကျုပ် ခွင့်လွှတ်နိုင်သေးတယ်။ ဒါပေမယ့် ခုခေတ်မှာ ဒီလောက်ထင်ပေါ်ကျော်ကြားတဲ့ ပုဂ္ဂိုလ်ရဲ့ နာမည်လေးလောက်တောင်မှခင်ဗျားက မကြားဖူးဘူးဆိုတော့ ကျုပ်ပြောချင်တဲ့ အကြောင်းအရာတွေကို ကျုပ်က ဘယ်လိုလုပ်ပြီး အကျဉ်းချုံးပြောလို့ရတော့မတုန်း။ ပေရှည်ကုန်ပြီပေါ့ဗျာ။

အခန်း (၂)

နာမည်ကြီး မျက်လှည့်ဆရာတွေမှာ သူတို့ရဲ့ နာမည်ကျော်ကြားတဲ့ အထူးပြကွက်တွေ ရှိတယ်ဗျ။ ရန်ကုန်က နာမည်ကြီးစားသောက်ဆိုင်ကြီးတွေမှာ သူ့နည်းသူ့ဟန်နဲ့ ကျော်ကြားတဲ့ မူပိုင်

အစားအသောက်တွေရှိသလိုပေါ့ဗျာ။

ဥပမာ

နံနက်ခင်းစာ Dim Sum (ဒင်းမ်ဆမ်း) ဆိုရင် Oriental House (အိုရီရင်တယ်လ်ဟောက်စ်)။

ဘဲကင်ဆိုရင် Golden Duck (ရွှေဘဲ)။ ပင်လယ်အစားအစာSea Food (ဆီးဖုဒ်) ဆိုရင်Olympic

(အိုလံပစ်)။ ဟော့ပေါ့ထ် Hot Pot ဆိုရင် ကောင်းကောင်း အဲဒီလို မျိုးပေါ့။ မျက်လှည့်ဆရာတွေမှာလည်း သူတို့ရဲ့ နာမည်ကျော် ပြကွက် တွေရှိကြတယ်။ ဟူဒီနီ ဆိုပါတော့။ သူ့ရဲ့ ကျော်ကြားတဲ့ အထူးပြကွက်က သူ့ကို နောက်ပြန် လက်ထိပ်ခတ်ပြီး ရေထဲချလိုက်။ မကြာခင်မှာပဲ သူ လက်ထိပ်ဖြုတ်ပြီး ရေထဲက တက်လာတဲ့ပြကွက် ဖြစ်တယ်။ လက်ထိပ်ခတ်ပြတဲ့ ပြကွက်မှန်သမျှ ဟူဒီနီရအောင် ဖြုတ်ပြနိုင်တယ်။

ဒေးဗစ်ကော့ပါးဖီးလ်ကျတော့ ရထားတွဲတွေ၊ လေယာဉ်ပျံ တွေနဲ့ လစ်ဘာတီ ရုပ်တုကြီးကိုတောင် ဖျောက်ပြတဲ့ ပြကွက်တွေ နာမည်ကြီးတယ်။ သူ့ရဲ့ ပြကွက်တွေထဲမှာ အမြန်ဆုံးပြကွက်ကတော့ ယောကျ်ားတစ်ယောက်ကို အဝတ်နဲ့ကာပြီးပြီးချင်း အဲ့ဒီအဝတ်ကို ဖယ်လိုက်တဲ့အခါ မိန်းမဖြစ်သွားတဲ့ ပြကွက်ပဲ။ ပြကွက်က မြန်လွန်းတော့ ပိုနာမည်ကြီးတယ်။ သူ့ရဲ့Master Piece (မာစတာပိစ်)ပေါ့။

အဲ့ဒီပြကွက်က အခုမှ ကမ္ဘာကျော်တဲ့ပြကွက်ဖြစ်ပေမယ့် ကျုပ်တို့ မြန်မာနိုင်ငံက (ကွယ်လွန်သူ) မျက်လှည့်ဆရာကြီး ပဏ္ဍဝ သီရင် တမလွန်ကနေပြီး အဆိုတော် တွံတေးသိန်းတန်ရဲ့ ပျင်းတောင် ပျင်းသေးတယ် သီချင်းလေး ဆိုနေလိမ့်မယ်။

ဘာဖြစ်လို့လည်းဆိုတော့ ဒီပြကွက်က ကျုပ်တို့နိုင်ငံမှာ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်းငါးဆယ်ကျော် ၁၉၆၀ ခုနှစ် ဝန်းကျင်လောက် ကတည်းက သူပြလာခဲ့တဲ့ ပြကွက်ဖြစ်နေလို့ပဲ။ ဒေးဗစ်ကော့ပါးဖီးလ်က ယောကျ်ား ကို အဝတ်နဲ့ကာပြီး ဖယ်လိုက်တော့ မိန်းမ ဖြစ်သွားတဲ့ ပြကွက်။

ကျုပ်တို့ရဲ့ မျက်လှည့်ဆရာကြီး ဆရာပဏ္ဍဝက သူ့ထက်ပိုစွမ်းတယ်။ လူကို ထဘီခြုံပေးလိုက်တာနဲ့ ချက်ချင်း လင်းတဖြစ်သွားတဲ့ပြကွက်။ အဲဒီပြကွက်ဟာ အဲဒီခေတ်အခါက မြန်မာပြည်မှာ

အကျော်ကြားဆုံးပြကွက်ပေါ့။ ဒီပြကွက်ကို အဲဒီခေတ်က ဆရာပဏ္ဍဝ တစ်ဦးပဲ ပြနိုင်တာ၊ တခြား ဘယ်သူမှ မပြနိုင်ခဲ့ကြဘူး။ ဒါကြောင့် အဲဒီခေတ်က ဒီပြကွက်ကို ကြည့်ချင်ကြလွန်းလို့ ဆရာပဏ္ဍဝအဖွဲ့ကြီး လာရင် လူတွေ ကြိတ်ကြိတ်တိုးနေတာပဲ။

ကိုင်း !

ဒါဆိုရင် ဒေးဗစ်ကော့ပါးဖီးလ်ရဲ့ ပြကွက်နဲ့ဆရာပဏ္ဍဝပြကွက် ဘယ်ဟာက ပိုပြီး အံ့သြဖို့ကောင်းသလဲ။

ဘယ်ဟာက ပိုပြီး ခက်မယ်ထင်သလဲ။ ဆရာပဏ္ဍဝပြကွက်က လူ့ဘဝကနေ လင်းတဘဝ ပြောင်းခါနီးမှာ (လင်းတဘဝ ရောက်သွားရင်ထွက်ပြေးသွားမှာစိုးလို့ဆိုပြီး) အဲဒီလူရဲ့ ဘယ်ဘက်ခြေထောက်ကို ခြေမန်းကွင်းအနီလေး စွပ်ပေးလိုက်တယ်။ ပြီးမှ ထဘီခြုံပေးလိုက်တာ။ ထဘီကို လှပ်လိုက်တော့ တွေ့ရတဲ့ အဲဒီ လင်းတကို ပရိသတ်ကြီးရှေ့မှာ ဆေးကြိမ်လုံးကြီးဝင့်ကာ ဝင့်ကာနဲ့ မေးသေးမြန်းသေးတာ။

ဟော့ကောင် မင်း သြေလား တဲ့။ အဲဒီလို ဆရာပဏ္ဍဝက ဆေးကြိမ်လုံးနီကြီး တဝင့်ဝင့်နဲ့ မေးလိုက်ရင် လင်းတလေးက ခေါင်းလေးတညိတ်ညိတ် လုပ်ပြတယ်ဗျ။

သူ.. သြေ ဟုတ်တယ်ပေါ့ဗျာ။ဒါဆိုရင် ဒီကောင့်မှာ ခြေမန်းကွင်း ပါမပါ စစ်လိုက်စမ်း..!

ဆိုတော့ ဘေးက တပည့်တစ်ယောက်က လင်းတလေးကို ဖမ်းပြီး ဇာတ်စင် အောက်မှာကြည့်နေတဲ့ ပရိသတ်ကြီးဘက်ကို မြှောက်ပြလိုက်တယ်။

အောင်မယ် !

လင်းတလေးရဲ့ ဘယ်ဘက်ခြေထောက်မှာလည်း အပ်ချည်ကြိုးနီလေးနဲ့ လုပ်ထားတဲ့ ခြေမန်းကွင်းနီလေးပါလာတယ်ဗျ။

အိုး !

လူတွေ။ လူတွေ။ သဘောကျလွန်းလို့ လက်ခုပ် သြဘာသံတွေဆို ဆူညံနေတာပဲ။
လက်ခုပ်သံတွေ နည်းနည်းစဲသွားတော့မှ ဆရာကြီးက လင်းတလေးနား ကြိမ်လုံးဝဲပြီး

မင်း လင်းတဘဝကနေ သြေ ဘဝကို ပြန်ရောက်ချင်သလားလို့ မေးတယ်။ ဒီအခါမှာလည်း လင်းတလေးက ခေါင်းတညိတ်ညိတ်လုပ်ပြတယ်ဗျာ။ အံ့ရောပဲ။ ဒါနဲ့ ဆရာကြီးက သူ့တပည့်ကို -

ကဲ...သနားပါတယ်ကွာ၊ ဒီကောင့်ကို သြေဘဝ ပြန်ရောက် အောင် ထဘီပြန်ခြုံပေးလိုက်စမ်းလို့ အမိန့်ပေးအပြီးမှာတော့ မျက်လှည့်ရုံ တစ်ရုံလုံးဟာလေ တဒုန်းဒုန်းနဲ့ အင်္ဂလန်က ဘင်သံ ဆိုပြီး တီးလိုက်တာဗျာ။ ကျုပ်တို့ နားတွေဆို ကွဲထွက်သွားမတတ်ဘဲ။

အဲဒီလို ဘင်သံတွေ ဆူညံနေချိန်မှာပဲ လင်းတကို ဆရာကြီး ကိုယ်တိုင် ထဘီခြုံပေးလိုက်တယ်။
ခြုံပြီးတာနဲ့ ထဘီကို ဆွဲဖယ်လိုက်တော့

လား ! လား !

ဝှတ်တုတ်ကြီးထိုင်နေတဲ့ ငြေဖျို့ ငြေ။

သူ့ဘယ်ဘက်ခြေထောက်မှာလည်း ခြေမန်းကွင်းအနီကြီးစွပ်လို့။

ကဲ ! ဘယ်သူ့ပြကွက်က သာ သလဲ။
ကျုပ်တို့ ဆရာပဏ္ဍဝ ပြကွက်က သာ တာပေါ့ဗျ။

ဒါပေမယ့် ဒါပေမယ့်...
ကျုပ်ကတော့ မသက်သာခဲ့ပါဘူး ခင်ဗျားက ဘာကိစ္စနဲ့ မသက်သာရတာလဲ !... ဟုတ်လား!
ပြောမှာပေါ့ဗျ။ ခင်ဗျားကလည်း လောလိုက်တာ။

ဖြည်းဖြည်းပေါ့။
ပြောချင်လို့မှ နိဒါန်းချီနေပြီပဲဥစ္စာ။

ဖွတ်။

အခန်း (၃)

လောလော လောလောနဲ့ ပြောနေလိုက်တာ ကိုယ့်ကိုယ်ကိုတောင် မိတ်ဆက်မပေးရသေးဘူး။ ကျုပ် လဒ(လင်းတ) တစ်ကောင်ပါ။ ကျုပ်တို့ လင်းတတွေကို လည်ပင်းရယ်၊ ခေါင်းရယ်၊ မျက်နှာရယ်က အရောင်တွေပေါ်မှာ မူတည်ပြီး အဓိကအားဖြင့် (၃)မျိုးခွဲခြားခေါ်ကြပါတယ်။ လည်ပင်း၊ မျက်နှာနဲ့ ခေါင်းမှာ အနီရောင်ရှိရင် လဒနီ(လင်းတနီ)၊ လည်ပင်း၊ မျက်နှာနဲ့ ခေါင်းမှာ အနက်ရောင်ရှိရင် လဒနက် (လင်းတနက်)လို့ ခေါ်ကြတယ်။ ခန္ဓာကိုယ် အရောင်တွေကတော့ အညိုရင့်ရောင်ပါပဲ။ လည်ပင်း၊ မျက်နှာနဲ့ ခေါင်းမှာ အဖြူရောင်ရှိပြီး ခန္ဓာကိုယ်အမွေးက ခပ်ဝါဝါအရောင်ဆိုရင်...အဲဒါ ဟိမဝန္တာ လင်းတမျိုးပဲ။

ကျုပ်က ဟိမဝန္တာ လင်းတမျိုးထဲကပါ။
နာမည်က ထိုးလဆိတ်။

ဘာလဲ။ နာမည်က တစ်မျိုးကြီးဆိုပြီး ရယ်တာလား။ အဲဒါ မြန်မာသံစစ်စစ်ပဲဗျ။ ရှမ်းသံတော့ နည်းနည်း ဝဲလိမ့်မယ်။ ဒီလိုပါ။ ကျုပ်ရဲ့ ငယ်နာမည်က ဘုန်းကြီး တဲ့။ ဘုန်းကံကြီးလို့ မဟုတ်ပါဘူး။ ကျုပ် နေပုံထိုင်ပုံ အေးဆေးလွန်းလို့ရယ်။ အကုသိုလ်ကင်းလို့ရယ်ဆိုပြီး ဘုန်းကြီးလို့ ခေါ်ရာကနေ အဲဒီနာမည် တွင်သွားတာ။

နောက်ပိုင်း ကျုပ် အရွယ်ရောက်လို့ ရှမ်းပြည်နယ်ဘက် ရောက်သွားတော့ အဲဒီနယ်ကလူတွေက ထိုးလဆိတ် လို့ ခေါ်ကြတယ်။ ခုတော့ ငယ်နာမည် ဘုန်းကြီး ပျောက်ပြီး ထိုးလဆိတ် ဖြစ်နေပြီ။

ကျုပ်တို့ရဲ့ လှုပ်ရှားပုံ (အက်ရှင်)နဲ့ ကျုပ်တို့ရဲ့ဟန် (စတိုင်လ်)ကိုကြည့်ပြီး ရှမ်းပြည်နယ်ဘက်က လူတွေက ကျုပ်တို့ကို ထိုးလဆိတ်လို့ နာမည်ပေးလိုက်တာဗျ။

ကျုပ်တို့ရဲ့ စတိုင်လ်ကလည်း အသေကောင်တွေ့ရင် ဟန်မဆောင်နိုင်ကြဘူးလေ။ ထိုးလိုက်

ဆိတ်လိုက်နဲ့ ဝိုင်းအုံပြီး စားတတ်ကြလို့ ထိုးလဆိတ် လို့ ခေါ်တာတဲ့။ မှတ်သားလောက်ပါတယ် ခင်ဗျ၊ မှတ်သားလောက်ပါတယ်ခင်ဗျာ...လို့တောင် အော်ရမလို ဖြစ်နေပြီ။

ကျုပ်တို့ မျိုးနွယ်တွေအဖို့ ဂုဏ်ယူစရာတစ်ခု ရှိတယ်ဗျ။ အဲဒါကတော့ ကျုပ်တို့ မျိုးနွယ်တစ်ခုလုံးရဲ့ အကုသိုလ်ကင်းမှုပဲ။ ခင်ဗျား စဉ်းစားကြည့်။ ဘယ်ဌက်များ အကုသိုလ် ကင်းကြသလဲ။

ငါးကြိုက်ရတာနဲ့၊ ဖားကြိုက်ရတာနဲ့၊ မြွေကြိုက်ရတာနဲ့၊ ကြွက်ကြိုက်ရတာနဲ့၊ ခရုကြိုက်ရတာနဲ့ အိုး..! စုံနေတာပဲ။

သူများအသက် တွေနဲ့ ရှာဖွေစားသောက်နေကြတာကို ပြောတာပါ။ ကျုပ်တို့က အကုသိုလ်ကင်းတယ်။ သတ္တဝါတစ်ကောင် မသေလို့ကတော့ လုံးဝလှည့်မကြည့်ဘူး။ စိတ်လည်း မဝင်စားဘူး။ သေမှစားတာ။ ကုန်ကုန်ပြောမယ်။ နည်းနည်းလေး လှုပ်နေတယ်ထင်ရင်ကို ကျုပ်တို့က သူ့နားမကပ်ဘူး။ အဲဒီအချက်ကို နားလည်တဲ့တစ်ချို့လူတွေက ကျုပ်တို့ကို လင်းတလို့ မခေါ်ကြဘူး။ ငှက်ဘုန်းကြီးတဲ့။ အကုသိုလ်ကင်းလို့။

တစ်ချို့လူတွေကျတော့လည်း ကျုပ်တို့ရဲ့ တန်ဖိုးကို မသိကြဘူးဗျ။ ကျက်သရေ မရှိတဲ့သူတို့၊ မှိုင်တွေနေတဲ့သူတို့၊ ကုပ်ချောင်းချောင်းနေတဲ့ သူတို့ကိုတွေ့ရင် မိုချိုးမျှစ်ချိုး နှိမ်တဲ့အပေါက်နဲ့အလကား လင်းတ ဆိုပြီး ကျုပ်တို့နဲ့ ခိုင်းနှိုင်းပြီး ပြောကြတယ်။

ကျုပ်တို့ရဲ့ ကုပ်ချောင်းချောင်း စတိုင်လ်ကြောင့် လင်းတလို့နှိမ်ခေါ်တာ ကျုပ်မပြောလိုပါဘူး၊ ဒါပေမယ့် အလကား လင်းတဆိုတဲ့ စကားအသုံးအနှုန်းကိုတော့ ကျုပ်မကျေနပ်တာ အမှန်ပဲ။ သူ့ဘာသာသူ အသုံးမကျတာကို အသုံးမကျတဲ့ကောင်လို့ ရင့်ရင့်သီးသီး သုံးချင်သုံးလေဗျာ။

ဘယ့်နယ်ကျုပ်တို့ကို အလကားကောင်ဆိုတဲ့ အပေါက်မျိုးနဲ့ လာပြီးမနှိုင်းနဲ့။ ဒီအချက်ကို ကျုပ်က လုံးဝလက်မခံဘူး။ ကျုပ်တို့က အလကားကောင်တွေ မဟုတ်ဘူးလေဗျာ။ စကားကြီးစကားကျယ် ပြောရရင် ကျုပ်တို့လင်းတတွေကြောင့် ခင်ဗျားတို့ ကမ္ဘာမြေကြီး အပုပ်နံ့တွေ ကင်းစင်နေတာ။ ရှင်းပြီလား။

သတ္တဝါတစ်ကောင်သေပြီဆိုတာ သိလိုက်တာနဲ့ တစ်ပြိုင်တည်း ကျုပ်တို့အုပ်စု ရောက်သွားပြီး စရှင်းပစ်တော့တာ။ ဖြစ်နိုင်ရင် ပုပ်သွားတဲ့အထိ ကျုပ်တို့က ထားချင်တာမဟုတ်ဘူး။ တစ်ခါတစ်လေ ကျုပ်တို့ စားမကုန်လို့သာကျန်ပြုသွားပြီး ပုပ်သွားတာ။ ပုပ်သွားတော့လည်း ကျုပ်တို့ပဲ ရှင်းပစ်လိုက်တာ မဟုတ်လား။

ကြံဖန်ပြီး ကျေးဇူးတင်တတ်မယ်ဆိုရင် ခင်ဗျားတို့လူတွေကတောင် ကျုပ်တို့ကို ကျေးဇူးတင်ရဦးမှာ။

နောက်တစ်ခု ပြောရဦးမယ်။ ခင်ဗျားတို့လူတွေ ကျုပ်တို့ ခွင့်ပြုချက်မရဘဲနဲ့ ကျုပ်တို့ရဲ့စတိုင်လ်ကို အတုခိုးထားတဲ့ကိစ္စ။ ခုခေတ် ခရီးသည်တင် လေယာဉ်ပျံကြီးတွေ။ ရဟတ်ယာဉ် မဟုတ်ဘူးနော်။ ကောင်းကင်ကို ပျံတက်တဲ့စတိုင်လ်လေဗျာ။

ကျုပ်တို့ လင်းတတွေက တခြားငှက်တွေလို ကောင်းကင်ကို ဖိုးခနဲ ဖတ်ခနဲ ထပျံလို့ရတဲ့အမျိုး မဟုတ်ဘူး။ အရှိန်ယူရသေးတယ်။ အဲဒီတော့ ကျုပ်တို့က အတောင်ပံကြီးတွေ တကားကားနဲ့ ခုန်ဆွခုန်ဆွ လုပ်ပြေးပြီးမှ ကောင်းကင်ကို ပျံတက်ရတာ။ ဒါကိုခင်ဗျားတို့ အာကာသလေကြောင်းသိပ္ပံပညာရှင်တွေက အတုခိုးကြတယ်လေ။

မြင်တယ်မဟုတ်လား။ လေယာဉ်ပြေးလမ်းတွေ လုပ်ပေးထားပြီး ကျုပ်တို့လို အရှိန်ယူပြီးပြေးမှ တက်လို့ရတာ။

လူတော်တော်များများက ကျုပ်တို့ကို အကောင်းမမြင်ကြလို့သိအောင် ပြောပြတာပါ။ ခေသူမဟုတ် ဆိုတဲ့မှတ်ချက် အပေးခံရမယ့် ငှက်တွေထဲမှာ ကျုပ်တို့က ထိပ်ဆုံးမှာ ရှိပါတယ်။ တစ်ချို့ကျတော့လည်း ကျုပ်တို့ကို တောသားတွေဆိုပြီး နိမ်ကြတယ်။ ကျုပ်တို့ကလည်း တောမှာပဲ နေတာကိုးဗျ။

အရင်တုန်းကတော့ တောသားလို့ အခေါ်ခံရရင် ရင်ထဲမှာ တမျိုးကြီး ခံစားရတယ်။ ဝမ်းနည်းသလိုပေါ့ဗျာ။ ခုနောက်ပိုင်းမှာတော့ (ပျံလွန်တော်မူသွားတဲ့) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ ပဲခူး (မြို့မ)စာသင်တိုက် ဆရာတော်ဘုရားကြီး မိန့်ကြားခဲ့တဲ့စကား ကြားမိမှပဲ စိတ်သက်သာရာရပြီး ကျုပ်တောသားဖြစ်ရတာ ဂုဏ်ယူမိတော့တယ်။

ဆရာတော်ကြီး မိန့်ကြားတာက

ဆင်ဖြူတော်ဆိုတာ တောမှာပဲ မွေးတယ် တဲ့တို့မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး အလောင်းတော်သိဒ္ဓတ္ထမင်းသားတောင်မှ နန်းတော်ထဲမှာ မွေးတာမဟုတ်ဘူး။ တောမှာမွေးပြီးမှ ဘုရားဖြစ်တာ တဲ့။

ဒါကြောင့် တို့များ တောသားဖြစ်ရတာ ဂုဏ်ယူတယ်..ဆိုပြီးဆရာတော်ဘုရားကြီးက မိန့်ကြားခဲ့တယ်။ ကျုပ် အဲဒီစကားကို မှတ်သားထားလိုက်ပြီးကတည်းက ကျုပ်လည်း ဂုဏ်ယူနေရတာပါ။ တောသားဖြစ်လို့။ တောသားဖြစ်လို့။

ပြောလက်စနဲ့ ဆက်ပြောရဦးမယ်။

ကျုပ်တို့ လင်းတတွေက တိရစ္ဆာန်ဆိုပေမယ့် ခင်ဗျားတို့ လူ့လောကက အချို့လူတွေထက် သူတစ်ပါးကျေးဇူးနဲ့ မိဘကျေးဇူး တရားတွေမှာ ပိုပြီး သိတတ်ကြပါတယ်။ ခင်ဗျားတို့ လူ့လောကက တစ်ချို့လူတွေလို ပါးစပ်ကလေးနဲ့တင် ကျေးဇူးသိတတ်ကြတာမဟုတ်ဘူး။ လက်တွေ့ ကျေးဇူးတရားကို သိတတ်ကြတယ်။ ကျုပ်တို့ရဲ့ သူတစ်ပါးကျေးဇူးတရားကို အထူးသိတတ်ပုံနဲ့ ပတ်သက်ပြီး... ကျုပ် အထောက်အထားဇာတ်တော်တစ်ခု တွေ့ထားတယ်။ ခဏလေးနော်... ရှာလိုက်ဦးမယ်။

ဟော..! တွေ့ပြီ။ တွေ့ပြီ။ ဒီမှာ...ဘာတဲ့။

ဂိဇ္ဈဇာတ်။

ဂိဇ္ဈဇာတ်။

အခန်း ( ၄ )

ပစ္စုပ္ပန်ဝတ္ထုကြောင်းကတော့ မိဘနှစ်ပါးကို လုပ်ကျွေးနေတဲ့ ရဟန်းတစ်ပါးကို မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက ကောင်းလေစွ!...ကောင်းလေစွ!...လို့ ကောင်းချီးပေးတော်မူခါ ရဟန်းတို့ သူ့အား မကဲ့ရဲ့ကြကုန်လင့် လို့ မိန့်တော်မူပြီး အတိတ်ဇာတ်ကို ဆောင်ပါတယ်။ အတိတ်ဇာတ်ကြောင်းကတော့..

လွန်လေပြီးသောအခါက ဗာရာဏသီပြည်၊ ဗြဟ္မဒတ်မင်းလက်ထက်မှာ ကျုပ်တို့ ဘုရားလောင်းဟာ ဂိဇ္ဈကုဋ်တောင်မှာ လင်းတ မျိုးဖြစ်ပြီး မိဘတို့ကို လုပ်ကျွေးပြုစုတယ်။ အခါတစ်ပါးမှာ မိုးသက်လေပြင်းကျတာနဲ့ကြုံပြီး လင်းတတွေဟာ မိုးမိလို့ ချမ်းတုန်ကာ ဗာရာဏသီမြို့တံခါးအနီးမှာရော ကျုံးနားမှာပါ တုန်ယင်နေကြတယ်။ အဲဒီအခါမှာ မြစ်ဆိပ်ကို ရေချိုးထွက်လာတဲ့ ဗာရာဏသီသူဌေးက တွေ့လို့ အဲဒီလင်းတတွေကို သနားပြီး တစ်နေရာတည်းမှာ အားလုံးကို စုဝေးစေကာ သူတို့ အချမ်းပြေစေဖို့အတွက် မီးဖိုတွေ ဖိုပေးတယ်။ ပြီးတော့ သူ့တပည့်တွေကို သုသာန်လွှတ်ပြီး နွားသားတွေကိုယူစေကာ အဲဒီလင်းတတွေကို စားစေတယ်။ အစောင့်အရှောက်တွေလည်း ချထားပေးတယ်။

လေမိုးငြိမ်သွားတဲ့အခါမှာ မီးဖိုရဲ့အနွေးဓာတ်ကြောင့် အမွေးအတောင်တွေခြောက်သွေ့ပြီး အချမ်းဓာတ်ပြေသွားတဲ့ လင်းတအားလုံးဟာ ဂိဇ္ဈကုဋ်တောင်ကို ပြန်သွားကြပြီး အစည်းအဝေးလုပ်ကြတယ်။

အချင်းတို့ ဗာရာဏသီသူဌေးသည် ငါတို့အား ကျေးဇူးပြု၏။ ပြုဖူးသော သူ့ကျေးဇူးအား တုန့်ပြန်အပ်၏။ ထို့ကြောင့် ယနေ့မှစ၍ အကြင်လင်းတတို့သည် အကြင်အဝတ်ကိုလည်းကောင်း၊ အကြင် တန်ဆာကိုလည်းကောင်း ရအံ့။ ထိုလင်းတသည် ထိုအဝတ်တန်ဆာကို ဗာရာဏသီသူဌေး၏ အိမ်အထက် ကောင်းကင်ပြင်၌ ချအပ်လေဆိုပြီး တိုင်ပင်ကြတယ်။

အဲဒီအခါကစပြီး လင်းတတွေဟာ လူတို့ရဲ့ အဝတ်တန်ဆာကို နေပူ၌လှန်းစဉ် မေ့လျော့ခြင်းကိုကြည့်၍ ၎င်းအဝတ်ကို ထိုးသုတ်ပြီး ဗာရာဏသီသူဌေးအိမ် အထက်ကောင်းကင်၌

ချ၏။ ဟရာဏာသီသူဌေးသည် လင်းတတို့ ယူဆောင်လာမှန်းသိ၍ ၎င်းအဝတ်တန်ဆာတို့ကို သီးခြားသိမ်းဆည်းထားစေ၏။ ကြာတော့ ပြည်သူလူထုကမင်းအား လင်းတတို့သည် မြို့ကို ဖျက်ဆီးကုန်၏လို့ တိုင်ကြတယ်။

မင်းလည်း မင်းချင်းတို့အား လင်းတတို့ကို ကျော့ကွင်း၊ ကွန်တိုနှင့်ထောင်ဖမ်းစေတဲ့အခါမှာ မိဘတို့ကို လုပ်ကျွေးပြုစုနေတဲ့ဘုရားလောင်း လင်းတကို ဖမ်းမိသွားတယ်။ မင်းချင်းတို့လည်း ဖမ်းမိတဲ့ အဲဒီလင်းတကို မင်းထံ ဆက်သရန်နန်းတော်သို့ အသွားမှာ ဟရာဏာသီသူဌေးက တွေ့ပြီး အဲဒီလင်းတရဲ့ အသက်ကိုကယ်ရန်အတွက် သူပါ နန်းတော်ထဲလိုက်သွားတယ်။

နန်းတော်ထဲကျတော့ ဘုရင်က ဖမ်းမိတဲ့ အဲဒီလင်းတကို မေးတယ်။ အို...လင်းတ!...။ သင်သည် မြို့ကို ဖျက်ဆီးကုန်၍အဝတ် အစရှိသည်တို့ကို ယူကုန်သလော လို့ မေးတယ်။ မြတ်သောမင်းကြီး ယူကုန်၏ လို့ လင်းတက ဖြေတယ်။

အဲဒီအခါ မင်းကြီးက

အို...လင်းတ၊ အဲဒီအဝတ်အစားတွေကို အဘယ်သူအားပေးအပ်သနည်း လို့ မေးတယ်။

မြတ်သောမင်းကြီး... ဟရာဏာသီသူဌေးအား ပေးကုန်၏လို့ လင်းတက ဖြေတယ်။ မင်းကြီးက အဘယ်ကြောင့် ဟရာဏာသီသူဌေးအား ပေး သနည်းဟု မေးတဲ့အခါ မြတ်သောမင်းကြီး ထိုဟရာဏာသီသူဌေးသည် အကျွန်ုပ်တို့အား အသက်ကိုပေး၏။ ကျေးဇူးရှိသောသူကို ကျေးဇူးတုန့်ပြန်အပ်၏။ ထို့ကြောင့် ကျွန်ုပ်တို့သည် ပေးကုန်၏ လို့ဖြေတယ်။ အဲဒီအခါမှာ ဘုရားလောင်း လင်းတကို မင်းကြီးက မေးပြန်တယ်။

အို...လင်းတ !...၊ လင်းတတို့သည် ယူဇနာတစ်ရာအထက်၌ တည်ကုန်၍ သားကောင်ကိုမြင်လျက် အဘယ်ကြောင့်သင်သည် မိမိအကျိုးငှာ ထောင်ထားအပ်သော ကျော့ကွင်းကို မမြင်မိသနည်း တဲ့။

မေးတတ်လိုက်တဲ့ ဘုရင်။

ယူဇနာတစ်ရာ အထက်ကနေပြီး သားကောင်ကို မြင်နိုင်စွမ်းရှိတဲ့ လင်းတက ဘာဖြစ်လို့ သူ့ကိုထောင်ထားတဲ့ ကျော့ကွင်းကိုကျတော့ မမြင်ရတာတုန်းတဲ့။ မေးမယ်ဆို မေးသင့်တဲ့ မေးခွန်းတစ်ခုပါ။ ဒါနဲ့...ခင်ဗျားကို ကြားဖြတ်မေးလိုက်ရဦးမယ်။

ယူဇနာ ဆိုတာရော သိရဲ့လား။

သိတယ်။

ဟို...ဟို ချစ်လှမိုက် တေးသီချင်းစီးရီးထဲမှာ ငယ်ငယ်တုန်း ကထက် ပိုချစ်မယ် သီချင်းဆိုတဲ့ ကောင်မလေး မဟုတ်လား။ ဒေါင်ကောင်းကောင်းနဲ့ ငယ်ငယ် ချောချော စလင်းဘော်ဒီ လေးလေ။

လုပ်ချလိုက်ပြန်ပြီ။ ခင်ဗျားက။

ကျုပ်မေးတာ ယုဇန မဟုတ်ဘူးဗျ။

ယူဇနာ !

ယူဇနာ !

စိတ်ညစ်တယ်ဗျာ။ အရေးထဲ ကြော်ငြာက ဝင်လာသေးတယ်။

ယူဇနာ တော့ မသိဘူးလေ။ ကျုပ်က အဆိုတော် ယုဇနကိုမေးတာလားလို့။ ခင်ဗျားဟာလေ တော်တော်စိတ်ပျက်ဖို့ကောင်းတဲ့လူပဲ။

ခုနတုန်းက ကျုပ်နာမည်ကြီးမျက်လှည့်ဆရာ ယောကျာ်းလေးဦးရဲ့နာမည်တွေမေးတော့ တစ်ယောက်မှ ခင်ဗျားမကြားဖူးဘူးတဲ့။ ခုယုဇန ဆိုတဲ့ မိန်းကလေးနာမည်ကျတော့ ချက်ချင်းသိတယ်။

ယူဇနာဆိုတာ (၁၃)မိုင်နီးပါးရှိတဲ့ အကွာအဝေးကို ခေါ်တာပါ။ အတိအကျဆိုရင် တစ်ယူဇနာဟာ ၁၂. ၇၃ မိုင်ရှိတယ်။ ၁၃ မိုင် (နီးပါး) ပေါ့။ ကျုပ်တို့ လင်းတတွေရဲ့ အမြင်စွမ်းအားဟာ ဂိဇ္ဈကုဋ်တော် အထောက်အထားအရ အထက်ယူဇနာ တစ်ရာကနေ မြေပြင်ကသားကောင်ကို မြင်ရတယ်ဆိုတော့ မိုင်တစ်ထောင့်သုံးရာ(နီးပါး)အကွာအဝေးပေါ့ဗျာ။ သာမန် လူပြိန်းစိတ်ကူးနဲ့ဆိုရင်တော့ မဖြစ်နိုင်ဘူးလို့ ငြင်းမိမှာပဲ။ မိုင် ၁၃၀၀ (နီးပါး) ဆိုတာ နည်းတဲ့အကွာအဝေးလား။ ဒါပေမယ့် မယုံမရှိနဲ့။ အဲဒါ ဘုရားဟော။ ခိုင်လုံတဲ့ အထောက်အထား ကျုပ်ညွှန်းလိုက်မယ်။

ဒုကနိပါတ်၊ သုဏ္ဍဝဂ်၊ ဂိဇ္ဈဇာတ်ကို ရှာပြီးဖတ်ကြည့်။ အဲဒီမှာကျုပ်တို့လင်းတတွေရဲ့ အမြင်စွမ်းအားဟာ ယူဇနာတစ်ရာလို့ပါတယ်။ အမြင်စွမ်းအား ဒီလောက်ကောင်းရဲ့သားနဲ့ ဘာဖြစ်လို့ ကိုယ့် ထောင်ထားတဲ့ ကျော့ကွင်းကို မမြင်ရသလဲလို့ မေးတဲ့အခါ ဘုရင်ရဲ့အမေးကို လင်းတမင်းက

ယဒါပရာဘဝေါဟောတိ၊ ပေါသော ဇီဝိတ သင်္ခယော။

အထ ဇာလဉ္စ ပါသဉ္စ၊ အာသဇ္ဇာပိန ဗုဇ္ဈတိ။.     ဆိုတဲ့

ဂါထာကို ရွတ်ပြီး -

မဟာရာဇ-မြတ်သောမင်းကြီး၊ ယဒါ-အကြင်အခါ၌၊ ယော

ပေါသော-အကြင်သတ္တဝါသည်၊ ပရာဘဝေါ-ပျက်စီးလိုသည်၊ ဇီဝိတ

သင်္ခယော-အသက်ကုန်လိုသည်၊ ဟောတိ-ဖြစ်၏။ အထ-ထိုအခါ၌

သော ပေါသော-ထိုသတ္တဝါသည်၊ အတ္တနော-မိမိ၏၊ အတ္ထာယ-အကျိုး

ငှာ၊ ဩဍ္ဍိတံ-ထောင်အပ်သော၊ ဇာလဉ္စ-ကွန်သို့လည်းကောင်း၊ ပါသဉ္စ

ကျော့ကွင်းသို့လည်းကောင်း၊ အာသဇ္ဇာပိ-ရောက်၍လည်း၊

န ဗုဇ္ဈတိ- မသိ လို့ ဖြေပါတယ်။

ဆိုလိုရင်းကတော့ အမြင်စွမ်းအား ယူဇနာတစ်ရာအထိမြင်နိုင်စွမ်းရှိတဲ့ ကျုပ်တို့ လင်းတတွေဟာ သက်တမ်းကုန်လို့ခန္ဓာကိုယ် ပျက်စီးတော့မယ် (တစ်နည်း) သေတော့မယ်ဆိုရင်ပိုက်ကွန်တို့၊

ကျော့ကွင်းတို့ကို မမြင်ရဘူးတဲ့။

မင်းကြီးလည်း လင်းတမင်းရဲ့ စကားကို ကြားပြီးတဲ့နောက် ဗာရာဏသီသူဌေးကြီးကို လင်းတတို့ ထိုးသုတ်ပေးအပ်ထားတဲ့အဝတ်တန်ဆာတွေကို ဥစ္စာရှင်တို့အား ပြန်လည်ပေးအပ်စေပြီးဘုရားလောင်း လင်းတမင်းကိုလည်း ပြန်လည်လွှတ်စေတယ်။

ဇာတ်ပေါင်းသော် ဗာရာဏသီမင်းဟာ အရှင်အာနန္ဒာဖြစ်တယ်။ သူဌေးကြီးဟာ အရှင်သာရိပုတ္တရာဖြစ်တယ်။ မိဘနှစ်ပါးကိုလုပ်ကျွေးပြီး သူဌေးရဲ့ကျေးဇူးကိုဆပ်သော လင်းတမင်းသည်ငါဘုရား ဖြစ်တော်မူတယ်လို့ ဇာတ်ပေါင်းတော်မူတယ်။

အဲဒါကြောင့် ကျုပ်တို့မျိုးနွယ်တွေဟာ တောသားတွေဆိုပေမယ့် အဆင့်ရှိကြပါတယ်လို့ ကျုပ်က ကျမ်းကိုးကျမ်းကားနဲ့ ရှင်းပြတာပါ။

အခန်း (၅ )

ခုခေတ်မှာတော့ ထဘီခြုံ လင်းတဖြစ်တဲ့ ပြကွက် မရှိတော့ပါဘူး။ အဲဒီပြကွက်ရဲ့ အဓိက သရုပ်ဆောင်ဖြစ်တဲ့ ကျုပ်တို့လင်းတတွေက ရှားသွားပြီလေ။ တိုးတက်ပါတယ်ဆိုတဲ့ ခင်ဗျားတို့လူတွေရဲ့နှစ်ဆင့်သေ၊ သုံးဆင့်သေ ပိုးသတ်ဆေးတွေကြောင့် အဲဒီဆေးမိတဲ့ကောင်ကိုစားမိတဲ့ လင်းတတွေလည်း မျိုးပြုတ်သလောက် ရှိနေပါပြီ။

အာဖရိကတိုက်က ကင်ညာနိုင်ငံတို့၊ တန်ဇန်နီးယားနိုင်ငံတို့လိုနိုင်ငံတွေလောက်မှာပဲ လင်းတတွေ နည်းနည်းပါးပါး ကျန်တော့တယ်။

ကျုပ်မှတ်သားဖူးသလောက်ပြောရရင် ဂေါတမဗုဒ္ဓဘုရားရှင် လက်ထက်တုန်းက ကျုပ်တို့ လင်းတတွေရဲ့ မြို့တော်ဟာ ဂိဇ္ဈကုဋ်တောင်လို့ သိရတယ်ဗျ။ ခုခေတ်မှာတော့ လင်းတတွေရဲ့ မြို့တော်အဖြစ် အာဖရိကတိုက်၊ ကင်ညာနိုင်ငံက မြက်ခင်းပြင်ကြီးတွေကိုပဲပြောရတော့မယ်ထင်တယ်။

ဟုတ်တယ်။ အဲဒီမြက်ခင်းလွင်ပြင်ကြီးတွေမှာ (ဘေဆွန်)လို့ခေါ်တဲ့ အမေရိကန်ပြောင်တို့၊ မြင်းကျားတို့၊ အာဖရိကကျွဲရိုင်းတို့၊ ဆတ်ကျွဲတို့၊ ဒရယ်တို့၊ တောဆိတ်တို့၊ ကျားသစ်တို့၊ ချိတာတို့၊ ခြင်္သေ့တို့၊ ခွေးအတို့၊ မြေခွေးတို့၊ လင်းတတို့ အို…စုံလို့ စုံလို့။ မြက်စားတဲ့ကောင်တွေရော၊ အသားစားတဲ့ကောင်တွေရော အားလုံးရှိကြတယ်။ သူတို့အားလုံးကို ဘေးမဲ့ပေးထားတယ်။

မြက်နဲ့ သစ်ရွက်တို့ သစ်ဥ သစ်ဖုတို့ကိုစားတဲ့ တိရစ္ဆာန်တွေက ပေါက်ဖွားလာတဲ့ ကောင်တွေကို အသားစားတိရစ္ဆာန်တွေဖြစ်တဲ့ ခြင်္သေ့တို့၊ကျားသစ်တို့၊ ခွေးအတို့က ဖမ်းဆီးစားသောက်ပြီး ရှင်သန်ကြရတယ်။

အဲဒီအသားစား သတ္တဝါတွေ ဖမ်းဆီးစားသောက်ပြီးလို့ ကြွင်းကျန်ရစ်တဲ့ ဥတုဇရုပ်ကလာပ်တွေကိုတော့ ကျုပ်တို့ လင်းတတွေက တာဝန်ယူရှင်းလင်းစားသောက်ပြီး အသက်ရှင်နေကြရတယ်။

တစ်ခါတစ်လေမှာ ပေါက်ဖွားတဲ့ မြက်စားတိရစ္ဆာန်ကောင်ရေကနည်းပြီး သူတို့ကိုဖမ်းဆီးစားသောက်မယ့် အသားစားတိရစ္ဆာန်ကောင်ရေက အချိုးအစားများနေရင်

သက်ဆိုင်ရာအဖွဲ့အစည်းကထိန်းပေးတယ်။ လျှော့ပစ်တယ်။ ရှင်းရှင်းပြောရရင် အသားစားတိရစ္ဆာန်အချို့ကို သတ်ပစ်တယ်။

သူတို့ရဲ့ Ecology (အီကိုလိုဂျီ)လို့ခေါ်တဲ့ ဂေဟစနစ်ကိုအပျက်မခံဘူးဗျ။ အဲဒီလို ဂေဟစနစ်ကို ဂရုစိုက်ကြတော့ ကျုပ်တို့လင်းတမျိုးနွယ်တွေအတွက် အဲဒီမှာ အစာရေစာပေါ်များတယ်လို့ တစ်ဆင့်စကားနဲ့ ကြားရတယ်။

သူတို့ဆီကတော့ ဂေဟစနစ်ကို သိပ်ပြီး ဂရုစိုက်ကြတယ်။ လုံးဝ အထိအခိုက်မခံဘူး။ ကျုပ်တို့ဆီမှာလည်း ဂေဟစနစ်ကို ဂရုစိုက်တာ တွေ့ရပါ တယ်။ ငါးမျိုးတွေ ပြုန်းမသွားအောင်လို့ ငါးလုပ်ငန်းဦးစီးဌာနက နှစ်စဉ် မေလနှောင်းပိုင်းနဲ့ ဇွန်၊ ဇူလိုင်လ ငါးရစ်တက်ချိန်တွေမှာ ဥခါဖို့ တက်လာကြတဲ့ မျိုးနဲ့ငါးမတွေရယ်၊ မျိုးရည်ပြည့်ဝနေတဲ့ ငါးထီးကြီးတွေရယ်ကို မဖမ်းဆီးရအောင် အင်းအိုင်ဥပဒေတွေနဲ့ အကာအကွယ် ပေးထားပါတယ်။ နောက်ပြီး သမီးလုကျွန်းမှာ လို့ခေါ်တဲ့ ပြင်သာ လိပ်တွေကို သားဖောက်ပြီး အကောင်ပေါက်လေးတွေကို ပင်လယ်ထဲ လွှတ်ပေးတာတို့၊ နှစ်စဉ်ဆည်တွေ၊ ကန်တွေထဲမှာ ငါးမျိုးစေ့တွေ လွှတ်ပေးတာတို့ ရှိပါတယ်။

အဲဒီလို လုပ်ပေးတာတွေကို ဂေဟစနစ်ထိန်းသိမ်းတယ်လို့လည်းခေါ်လို့ရပါတယ်။ တချို့နိုင်ငံတွေမှာ ဂေဟစနစ်ကို ထိန်းသိမ်းတာနဲ့ပတ်သက်ပြီး မှတ်သားဖွယ်အချို့ကို ကျုပ်နည်းနည်း ပြောပြချင်တယ်။ ဥပမာ -

တန်ဇန်းနီးယားနိုင်ငံ ဆိုပါတော့။ သူတို့ဆီမှာ တောဆင်ရိုင်းတွေကိုတစ်နှစ်မှာ ဘယ်နှစ်ကောင်သတ်မယ်ဆိုပြီး လောလောဆယ် မူချထားရတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီတောဆင်ရိုင်းတွေရဲ့ ပေါက်ဖွားနှုန်းက များနေတယ်။ သူတို့စားသောက်လို့ လျော့နည်းသွားတဲ့သစ်တော ဧရိယာရယ်၊ သူတို့ နင်းချေဖျက်ဆီးပစ်လို့ ပျက်စီးသွားတဲ့သစ်တော ဧရိယာတွေရယ်ဟာ ပေါက်ဖွားလာတဲ့ တောဆင်ရိုင်းတွေအရေအတွက်နဲ့ အချိုးအစား မမျှတော့တဲ့အတွက် ကြာရင် တောပြုန်းသွားနိုင်တယ်။ တောပြုန်းသွားရင် အဲဒီဆင်အုပ်ကြီးတွေပါ မျိုးပြုတ်ကုန်မှာစိုးလို့ဆိုပြီး သစ်တောတွေကို ထိန်းသိမ်းထားနိုင်မယ့်ဆင်ကောင်ရေ ပမာဏကို တွက်ချက်ပြီး ပိုတဲ့ ဆင်ကောင်ရေတွေကိုနှစ်စဉ် သတ်ဖြတ်ပစ်နေရတယ်။

နောက် ဂျပန်နိုင်ငံ။

ကမ္ဘာ့မျိုးသုဉ်းလု တိရစ္ဆာန်များ ထိန်းသိမ်းရေးအဖွဲ့တွေနဲ့အခြားအဖွဲ့အစည်းပေါင်းစုံ တားမြစ်ဆန့်ကျင်နေတဲ့ကြားထဲက ဂျပန်နိုင်ငံအနေနဲ့ သုတေသနပြုရန်ဆိုတဲ့ ခေါင်းစဉ်တပ်ပြီး တစ်နှစ် တစ်နှစ်ကို Blue Whale လို့ခေါ်တဲ့ ဝေလငါးပြာကြီးတွေ အကောင် (၅၀) တရားဝင် သတ်ဖြတ်ခွင့်ရထားတယ်။ ဒါပေမယ့် သူတို့သတ်တာ အကောင်(၅၀) မကဘူးဆိုပြီး အဖွဲ့အစည်းပေါင်းစုံက ဝိုင်းဆန္ဒ ပြကြတော့ သူတို့ဘက်က ငြင်းရုံတင်မကဘူး၊ နှစ်စဉ် ဒီ့ထက်ပိုပြီး သတ်ဖြတ်ခွင့် တောင်းထားတယ်။ သူတို့ရဲ့ အကြောင်းပြချက်ကတော့

(အီကိုလိုဂျီ) ပဲ။

ဒီ ( bb) လို့ခေါ်တဲ့ ဝေလငါးပြာကြီး တစ်ကောင်တစ်ကောင်က တစ်နေ့တစ်နေ့ စားပစ်တဲ့ ငါးတွေရဲ့တန်ချိန်ကိုဂျပန်အဏ္ဏဝါဗေဒပညာရှင်တွေက အသေးစိတ် တွက်ချက်ပြကြ တယ်။ ဒီကောင်ကြီးတွေ ဒီနှုန်းနဲ့သာ နေ့တိုင်းစားနေရင် နောက်နှစ်အနည်းငယ်အတွင်းမှာ ကျုပ်တို့ ကမ္ဘာသူကမ္ဘာသားတွေ စားစရာ ငါး ကျန်တော့မှာမဟုတ်ဘူး။ နောက်ပြီး သမုဒ္ဒရာရဲ့ ဂေဟစနစ်လည်းပျက်စီးသွားမယ်ဆိုတဲ့ အချက်တွေကို အကြောင်းပြပြီး နှစ်စဉ် ဝေလ

ငါးကြီးတွေ သတ်ဖြတ်ခွင့် အရေအတွက်ကို ပိုပြီးတောင်းလာကြတယ်။ အဲဒီလိုပေါ့ဗျာ။
ကျုပ်ပြောချင်တာက ဒီကနေ့ ကမ္ဘာမှာ ဂေဟာစနစ်ကို ဂရုစိုက်နေကြတယ်ဆိုတာတွေကို အခုခေတ် လူငယ်လေးတွေ သိစေချင်တဲ့အချက်ပါပဲ။

ဒါက ကြားဖြတ်အနေနဲ့ အနာဂါတ်ရဲ့ ကြယ်ပွင့်လေးတွေဖြစ်တဲ့ လူငယ်လေးတွေ သိသင့် သိထိုက်တယ်ထင်လို့ ကျုပ်ဖတ်ဖူးမှတ်ဖူးတာလေးတွေကို ပြန်ပြီးပြောပြတာပါ။

အခန်း ( ၇ )

ဆပ်ကပ်ဆရာတို့၊ မျက်လှည့်ဆရာတို့ သင်မရလို့ လက်လန်တဲ့ သတ္တဝါတွေရှိတယ်။ ရေသတ္တဝါတွေထဲမှာဆိုရင် လိပ်၊ ကုန်းသတ္တဝါ တွေထဲမှာဆိုရင် မြင်းကျား၊ ကုန်းနေ ရေနေသတ္တဝါတွေထဲမှာဆိုရင် မိကျောင်း၊ ကောင်းကင်ပျံ သတ္တဝါတွေထဲမှာတော့ ကျုပ်တို့ လင်းတတွေပေါ့ဗျာ။ အရိုင်းဆုံးက မိကျောင်းတဲ့။ ခင်ဗျားအနေနဲ့ နိုင်ငံခြားရုပ်ရှင်ဇာတ်ကားတွေထဲမှာ တောတွင်းသူ လူရိုင်းမလေးက မြင်းကျားကြီး စီးလာတာတွေဖူးချင်တွေ့ဖူးလိမ့်မယ်။ အဲဒါ တကယ့် မြင်းကျားအစစ် မဟုတ်ဘူး။ မြင်းဖြူ သန့်သန့်ကိုရှာပြီး မြင်းကျားနဲ့တူအောင် ဆေးခြယ်ထားတာ။ ကျန်တဲ့ သတ္တဝါ တော်တော်များများကတော့ သင်ပေးရင် တတ်ကြတာ များပါတယ်။ ကျားတို့၊ ဆင်တို့၊ မျောက်တို့ဆိုရင် တတ် လွယ်ကြတယ်။ ခုခေတ်မှာ ကြံ့ကြံ့ဖန်ဖန် ခရုတို့၊ ပက်ကျိတို့တောင် အပြေးပြိုင်နိုင်းလို့ရတယ်။ သူတို့မှာလည်း သူတို့အတိုင်းအတာနဲ့ သူတို့ ကမ္ဘာ့စံချိန်တွေ ဘာတွေရှိတယ်။ သူတို့ကိုလည်း လေ့ကျင့်ပေးရတယ်။ ကျုပ် ကြားဖူးတာကတော့ သူတို့ကိုသင်ရင် ဆလတ်ရွက်နုနုလေးတွေကို ပျားရည်လူးပြီး အဲဒီအနံ့ပေး ပြေးခိုင်းတယ်လို့ သိရတယ်။ ကမ္ဘာ့ စံချိန်တွေ ဘာတွေအထိကို ကြီးကြီးကျယ်ကျယ် ဖြစ်သွားတာ။

ကျုပ်တို့ လင်းတတွေကတော့ ပင်ကိုယ်က အေးအေးဆေးဆေး နေတတ်တဲ့ အကျင့်ရယ်၊ နောက်ပြီး လူတွေနဲ့လည်း ဝေးဝေးမှာ အနေများတော့ လူတွေသင်တာ ဘယ်လိုမှ မတတ်လွယ်ဘူး။ စိတ်မှ မဝင်စားတာကိုး၊ ဘယ်တတ်လွယ်ပါ့မလဲ။ ဒါဆိုရင် ခင်ဗျားက ကျုပ်ကို မေးလိမ့်မယ်။ လင်းတ ကို သင်ပေးလို့ မလွယ်ဘူးလည်းပြောသေးတယ်။ ဒါဖြင့် ဆရာပဏ္ဍဝ မျက်လှည့်အဖွဲ့ကြီးရဲ့ ထဘီခြုံ လင်းတဖြစ် ပြကွက်မှာ ခင်ဗျားက ဘာဖြစ်လို့ အဓိကဇာတ်ကောင် နေရာကနေပြီး ဆရာပဏ္ဍဝမေးတဲ့ မေးခွန်းတွေကို ခေါင်းတညိတ်ညိတ်နဲ့ ဖြေပြနေရတာလဲလို့။ အခု အဲဒါကို ဖွင့်ချပြမလို့ပဲ။ ဒီလိုဗျ။ ကျုပ် ခပ်ငယ်ငယ် မျိုးကောင်ပေါက်လောက်အရွယ်မှာ ကျုပ်တို့ လင်းတအပေါင်းအသင်းတစ်စု ရှမ်းပြည်နယ်ထဲက လယ်ကွင်းတစ်ခုမှာ ခွေးသေကောင်ပုပ်တစ်ကောင်ကို ပွဲတော်တွေ့နေတုန်း ဖြန်းဆို ချာတိတ်တစ်သိုက် ဘေးနားက ချုံတွေထဲကနေအလျှိုလျှို ပြေးထွက်လာကြပြီး ကျုပ်တို့ကို ဝိုင်းဖမ်းကြတယ်။ ကျုပ်တို့ တစ်တွေလည်း ဝရုန်းသုန်းကားနဲ့ ပြေးတာပေါ့။

ကျုပ်တို့က ဖြန်း...ဆို ချက်ချင်းထပြန်လို့ မရဘူးလေဗျာ။ ခုန်ဆွ...ခုန်ဆွနဲ့ တော်တော်လေးပြေးပြီး အရှိန်ယူရသေးတာ။ တိုတိုပဲ ပြောကြပါစို့ဗျာ။ နောက်ဆုံးတော့ ကျုပ်ကို ဖမ်းမိသွားကြတယ်။ အဲဒီနောက်မှာတော့ ရှမ်းပြည်နယ်ဘက်ကို မျက်လှည့်လာပြတဲ့ အဖွဲ့တစ်ဖွဲ့က မျက်လှည့်ဆရာတစ်ယောက်ဆီ ရောင်းစားခံလိုက်ရတယ်။ အဲဒီနေ့ကစပြီး ကျုပ် လောကငရဲ ခံရတော့တာပါပဲဗျာ။ ကျုပ်ကို ခြေထောက်ကြိုးချည်ပြီး လှောင်ထားတယ်။ အဲဒီ မျက်လှည့်ဆရာလက်အောက်မှာ ကျုပ်ကိုထိန်းရတဲ့ကောင်လေးနာမည်က မောင်ဩတဲ့။ အားလုံးက ဩ ပဲ ခေါ်ကြတယ်။ အဲဒီအချိန်တုန်းက ဩအသက် ရှိလှ (၁၂)နှစ် (၁၃)နှစ်ပေါ့။ ကျုပ်ကို

ထရိန်နင်မောင်းတာဆိုပြီး နိပ်စက်တာ ငြေ ပဲ။

သူ့ကို ခိုင်းတာကတော့ သူ့ဆရာကြီးပေါ့ဗျာ။ ဒီအကြောင်းတွေ ပြန်ပြောရင် ကျုပ်ခေါင်းတွေ ကျိန်းကျိန်းလာတယ်။

မျက်လှည့်ဆရာကြီးအိမ်ရောက်တော့ ပထမနှစ်ရက် ကျုပ်ကို အစာလုံးဝမကျွေးဘဲ ထားတယ်။ ရေလည်း လုံးဝမတိုက်ဘူး။

စိတ်ဓာတ် (မာန်) ကျသွားအောင် လုပ်တာပေါ့ဗျာ။ ခင်ဗျားတို့လူ့လောကက ထောင်စကားနဲ့ပြောရရင် ပုံစံ ပေးလိုက်တာပေါ့။ သုံးရက်မြောက်တဲ့ နေ့မှာတော့ ငြေရဲ့ လက်ထဲမှာ သုံးပေလောက်ရှိတဲ့ ကြိမ်လုံးအနီလေးတစ်ချောင်း ပါလာတယ်။ ကျုပ် သူ့ကို ငေးကြည့်နေတုန်း ဘာမပြော ညာမပြော အဲဒီကြိမ်လုံးအနီလေးနဲ့ ကျုပ်ခေါင်းကို တရစပ် ရိုက်ပါလေရော။ ကျုပ်လည်း နာတော့ ရုန်းတာပေါ့။ ဒါပေမယ့် ကျုပ်ခြေထောက်ကို ချည်ထားတဲ့ကြိုးကခိုင်နေတော့ ရုန်းလို့မရပါဘူး။ ဒီတော့ သက်သာအောင်လို့ တောင်ပံနှစ်ဖက်ကြား ခေါင်းလျှိုထားလိုက်တယ်။ ဒါလည်း မရဘူး။ ခေါင်းကို ချည်း အဲဒီကြိမ်လုံးနီနဲ့ လိုက်ရိုက်တယ်။ အဲဒီနေ့မှာ ကျုပ်ခေါင်းကိုရိုက်တာ (၅)မိနစ်လောက် ကြာလိမ့်မယ်ထင်တယ်။

ရိုက်လိုက်... ခဏနားလိုက်... ထပ်ရိုက်လိုက်နဲ့လုပ်တာ ညနေလည်းကျရော ကျုပ်ခေါင်းကြီးကို ယောင်ကိုင်းနေတာပဲ။ အဲဒီကျတော့လည်း ငြေကနနွင်းရယ်၊ ဆားရယ်၊ ဆီရယ် သုံးမျိုးရောမွှေပြီး ကျုပ်ခေါင်းကိုလိမ်းပေးတယ်။ အဲဒီညကများ ကျုပ်အိပ်လို့မရဘူး။ ကြိမ်လုံးနီနဲ့ ရိုက်ထားလို့ရတဲ့ဒဏ်ရာက တစစ်စစ် ကိုက်နေလို့။ နောက်ပြီး ဗိုက်ကဆာသေး။ ကျုပ်လေ မျက်ရည်တောင် ကျမိတယ်။

နောက်တစ်နေ့မနက် ၁၀ နာရီလောက်မှာ ငြေ ရောက်လာပြန်တယ်။ ကျုပ်ကို လှောင်ထားတဲ့ လှောင်အိမ်ထဲကနေ ထုတ်ယူ သွားတယ်။ မြေပြင်မှာ ငုတ်ရိုက်ပြီး ကြိုးတိုတိုလေးနဲ့ ချည်ထားတယ်။

ခဏနေတော့ ကြိမ်လုံးနီလေး မြှောက်မြှောက်ပြီး ကျုပ်ခေါင်းကို ဆော်ပြန်ပါလေရော။ နာလိုက်ချက်တော့ဗျာ... ပြော မပြောချင်တော့ပါဘူး။

မနေ့က ဒဏ်ရာက မပျောက်သေးဘူး။ ဒီနေ့ ထပ်ရိုက်တော့အနာပေါ် တုတ်ကျဆိုတဲ့စကား ရှိတယ်မဟုတ်လား။ ဘယ်ခံနိုင်လိမ့်မတုံး။ ကျုပ်လေ ကြောက်လွန်းလို့ အဲဒီကြိမ်လုံးနီမြင်ရင်ကိုတုန်နေတယ်။

အမှန်အတိုင်းပြောရရင် အဲဒီကြိမ်လုံးနီ မြှောက်လိုက်ရင်ကျုပ်ခေါင်း ဘယ်ထားလို့ ထားရမှန်းကို မသိတော့ဘူး။

မှတ်မှတ်ရရ တစ်ချိန်မှာ ငြေ ကျုပ်ခေါင်းကိုရိုက်မလို့ ကြိမ်လုံးနီ အမြှောက် ကျုပ်မျက်စိတွေ ပြာသွားတယ်။ ကျုပ်လေ ကျုပ်ခေါင်းကို ဘယ်ဝှက်လို့ ဝှက်ရမှန်းမသိဖြစ်ပြီး ခေါင်းတဆတ်ဆတ်တုန်နေတယ်။ခင်ဗျားတို့ လူတွေလိုဆိုရင်... ခေါင်းညိတ်သလို ဖြစ်နေတယ်။

ကြောက်လွန်းလို့ မျက်စိကိုလည်း စုံမှိတ်ထားလိုက်တယ်။ ငါ့ခေါင်းတော့ ကြိမ်လုံးနီနဲ့ အတီးခံရပြန်ပြီ၊ တောင့်ခံမှ တောင့်ခံမှဆိုပြီး အားတင်းထားတယ်။ အဲဒီလို မျက်စိစုံမှိတ်ပြီး တောင့်ခံထားတုန်းမှာ ငြေ...ကျုပ်ခေါင်းကို မရိုက်ဘူးဗျ။ ကျုပ်လည်း ကြောက်ကြောက်နဲ့ မျက်လုံးကို မဖွင့်ရဲ ဖွင့်ရဲနဲ့ ဖွင့်ကြည့်လိုက်တယ်။ အဲဒီမှာ  ငြေ အခန်းထဲ ဝင်သွားပြီး ထွက်လာတော့ သူ့လက်ထဲ အမဲသား

အစိမ်း ခပ်သေးသေးတစ်တုံး ပါလာတာ တွေ့လိုက်ရတယ်။ ပြီးတော့ ကျုပ်ကိုဖမ်းပြီး ဒူးနှစ်ဖက်ကြားညှပ်၊ ကျုပ်နှုတ်သီးဖြဲပြီး ခွံ့ပေးတယ်။

အဲဒီနောက် ကျုပ်ကို ခဏစောင့်ကြည့်ပြီး ကြိမ်လုံးခါးကြားထိုးပြီး ထွက်သွားတယ်။ နောက်တစ်နေ့ ဟိုနေ့ကလိုပဲ မနက်ခင်း ငြေ ရောက်ချလာတယ်။ ဘာမပြော ညာမပြော ကြိမ်လုံးနဲ့ ခေါင်းကို တစ်ချက်ဆော်လိုက်တယ်။ ခဏနားနေပြန်ရော။ နောက်တစ်ကြိမ် ငြေ ကျုပ်ကို ကြိမ်နဲ့ဆော်ဖို့ လက်အမြှောက်မှာ ကျုပ်ကြောက်လို့ တစ်နေ့ကလို ခေါင်းတဆတ်ဆတ် ညိတ်ပြသလိုဖြစ်နေတယ်။ အမှန်အတိုင်း ဝန်ခံရရင်တော့ (ကျုပ်မရှက်ပါဘူး)ကျုပ်ခေါင်းကို တဆတ်ဆတ် ညိတ်နေတာမဟုတ်ဘူး။ ဒဏ်ရာပေါ်ဒဏ်ရာထပ်နေတော့ ရောင်ကိုင်းနေတဲ့ ကျုပ်ခေါင်းကို ကျုပ်မနိုင်တော့လို့ တဆတ်ဆတ်ညိတ်နေသလို ဖြစ်နေတာ။

ကျုပ် အဲဒီလို ခေါင်းတဆတ်ဆတ်ညိတ်နေတာကိုကြည့်ပြီး ငြေ ကျုပ်ကို မရိုက်ဘူးဗျ။ ထိုင်ကြည့်နေတယ်။ ပြီးတော့ ဟိုနေ့ကလို(ဂုံညှင်းဒိုးသေးသေးအရွယ်လောက်ရှိတဲ့) အမဲသားအစိမ်းတစ်တုံးခွံ့ကျွေးသွား ပြန်တယ်။

ဒီလိုနဲ့ တစ်ပတ်ဆယ်ရက်လောက်အကြာမှာ ကျုပ် သတိထားမိတာ တစ်ခုရှိလာတယ်။ ငြေဟာ နေ့စဉ် ကြိမ်လုံးနီနဲ့ ကျုပ်ခေါင်းကိုရောက်ရောက်ချင်းရိုက်မယ်။ နောက်အချက်တွေ ထပ်ရိုက်မလို့ကြိမ်လုံးနီနဲ့ ကျုပ်ခေါင်းပေါ် ဝဲလိုက်တာနဲ့ ကျုပ်ခေါင်း တဆတ်ဆတ်ဖြစ်နေရင် သူကျုပ်ကို မရိုက်တော့ဘူး။ ပြီးရင် အစာကျွေးမယ်။ ဒါကျုပ်မှတ်ထားမိတဲ့အတွေး။

အဲဒီလိုနဲ့ တစ်လလောက် အကြာမှာတော့ ငြေက သူ့လက်ချာကို တစ်ဆင့်မြှင့်လိုက်တယ်။ ခါတိုင်းလို ကြိမ်လုံးကို ရိုးရိုးမြှောက်ရုံတင်မြှောက်တာ မဟုတ်တော့ဘူး။ ဒိုင်ယာလော့တွေ ပါလာတယ်။အဲဒီနေ့က ပထမတစ်ချက် ကျုပ်ခေါင်းကို ဆော်ထားပြီးပြီ။ တစ်အောင့်လောက်နေတော့မှ ကြိမ်လုံးနီလေး ကျုပ်ရှေ့ (ခေါင်းပေါ်မရောက်တရောက်) မြင်အောင်မြှောက်ပြီး ဟော့ကောင် မင်း ငြေလား တဲ့။

သူမေးတာ ကျုပ် နားလည်လို့ရယ် မဟုတ်ပါဘူး။ ကျုပ်ဘာသာကျုပ် ခါတိုင်းလိုပဲ ထပ်အရိုက်မခံရအောင် ခေါင်းတညိတ်ညိတ်လုပ်နေလိုက်တယ်။ အဲဒီတော့ ငြေက ပြုံးတယ်။ ပြီးတော့ ကြိမ်လုံးကို ကျုပ်ခေါင်းနဲ့ဝေးရာမှာ ကိုင်ထားလိုက်တယ်။ ကျုပ်လည်း ကြိမ်လုံးနီရဲ့ အန္တရာယ်က ဝေးသွားတော့ ခေါင်းတညိတ်ညိတ်လုပ်စရာ မလိုတော့ဘူးပေါ့။ ကျုပ်ခေါင်းကို ငြိမ်နေအောင် တောင့်ထားလိုက်တယ်။ ခဏနေတော့ ကြိမ်လုံးကို လက်ပြောင်း (ကျုပ်ခေါင်းနဲ့နီးတဲ့လက်) ကိုင်လိုက်ပြီးကြိမ်လုံးတဝဲဝဲလုပ်ပြပြီး မေးပြန်တယ်။

ဟော့ကောင် မင်း ငြေဘဝ ပြန်ရောက်ချင်သလား တဲ့။ ကျုပ် အရမ်းရယ်ချင်တယ် သိလား။

သူ ဘာတွေပြောလို့ ပြောနေမှန်း ကျုပ်မသိပါဘူး။ ဒါပေမယ့် သူ့ကြိမ်လုံးနီက ခေါင်းနားနီးလာလို့ ကျုပ်အဆော်ခံရမှာကြောက်ပြီးခေါင်းတညိတ်ညိတ် ပြန်လုပ်နေလိုက်တယ်။ အဲဒီမှာတင်ပဲ ငြေလေ ငြေ လက်ခုပ်လက်ဝါးတွေတီးပြီး အောင်ပြီကွ !...အောင်ပြီ !...လို့ အော်ပါလေရောဗျာ။ အဲဒီနေ့က ငြေ ဂေါက် (ရူး)သွားပြီလို့တောင် ကျုပ်ထင်လိုက်မိတယ်။

နောက်ရက်မှာတော့ ကျုပ် အဆင့်မြင့်သွားတယ်။ မြေဝိုင်းဇာတ်ခုံပေါ်ကနေပြီး သူတို့အိမ်ထဲမှာဆောက်ထားတဲ့ ဆက်တင်ဆိုလား၊ အဲဒီပေါ်မှာတင်ပြီး ဇာတ်တိုက်တော့တာပဲ။ ကျုပ်ကိုတစ်ဆင့်မြှင့်ပြီး လေ့ကျင့်ပေးတာပေါ့ဗျာ။ ထိုးထားလိုက်တဲ့ မီးလုံးတွေကလည်း လင်းထိန်နေတာပဲ။ တစ်ခါတစ်လေ ကျုပ်က အိပ်ချင်လှပြီ။ ငိုက်နေပြီ။ ည ဆယ့်နှစ်နာရီတစ်ချက်

ရောက်နေပြီပဲဗျာ။ ဝိုက်မှာပေ့ါ။ အဲဒီအချိန်ကျမှ ကျုပ်ကို လှောင်အိမ်ထဲက လာထုတ်ပြီး ဇာတ်ခုံပေါ် တင်ပေးတာ။ တစ်ခါများ အိပ်ချင်မူးတူးဖြစ်ပြီး ကြိမ်လုံးနီဝဲလာတာကို ခေါင်းမညိတ်မိလို့ ခပ်ပြင်းပြင်း အအုပ်ခံလိုက်ရတယ်။

အိပ်ရေးပျက်တဲ့ရက်တွေများလာတော့လည်း ကျုပ်မျက်လုံးတွေအကျင့်ဖြစ်သွားပါတယ်။ ခုတော့ ညဆိုရင် မအိပ်ချင်တော့ဘူး။နေ့ကျမှပဲ တစ်နေကုန် အိပ်တော့တယ်။ လင်းတ စစ်စစ်ကနေဇီးကွက်ဖြစ်သွားတာပေ့ါဗျာ။

အဲဒီလိုနဲ့ နှစ်တွေကြာလာမှပဲ သူတို့ မျက်လှည့်အဖွဲ့ကြီးရဲ့လျှို့ဝှက်ချက်တွေကို ကျုပ်သိလာရတယ်။ သူတို့ရဲ့ ပရိယေသနဝမ်းစာရှာဖွေစားသောက်မှုကလည်း မလွယ်ပါဘူးဗျာ။ ဒီလောက် မျက်လုံး ဒေါက်ထောက်ကြည့်နေကြတဲ့ လူအုပ်ကြီးကို လှည့်စားရတဲ့ အတတ်ပညာ။ အတော်လေးစားလောက်ပါတယ်။

သူတို့ရဲ့ အဓိကပြကွက်ကတော့ ထဘီခြုံ လင်းတဖြစ် ပြကွက်ပဲဗျ။ အဲဒီမှာ အဓိကဇာတ်ကောင်က ကျုပ်။ အဲဒီပြကွက်မှာ ဇာတ်ရှိန်အမြင့်ဆုံးကတော့ လူကို ထဘီခြုံလိုက်တဲ့ အခိုက်အတန့်လေးပဲ။

ထဘီဆိုလို့ ခုခေတ် မိန်းကလေးတွေဝတ်တဲ့ ထဘီသေးသေးလေးတော့မဟုတ်ဘူး။ ရှေးခေတ် ဇာတ်မင်းသမီးကြီးတွေဝတ်တဲ့ထဘီခပ်ကြီးကြီးကို အထက်ဆင် တပ်ထားတာ။ လူကို ထဘီခြုံ လိုက်တဲ့အချိန်လေးမှာ လူနဲ့ လင်းတ လဲရတာဆိုတော့ လျင်မြန်မှုကသိပ်အရေးကြီးတယ်။

နောက်ပြီး ဇာတ်စင်က မြေပြင်ကနေ လူတစ်ထိုင်လွတ်ဆောက်ထားတာဆိုတော့ ဇာတ်စင်အောက်ကို ပွဲကြည့်ပရိသတ်ကလှမ်းမြင်နေရတယ်။ ဒါကြောင့် လူနဲ့ လင်းတ အလွှဲအပြောင်းလုပ်ရမယ့် ဇာတ်စင်ရဲ့ အောက်ပိုင်း အကန့်တစ်ကန့်ကို အဲဒီခေတ်က ပေါ်တဲ့အလင်းပြန် ပလပ်စတစ်ပြားလို ငွေရောင်ပြားလေးတွေနဲ့ ကာထားရတယ်။ နောက်ပြီး ဇာတ်သေတ္တာ နှစ်လုံးသုံးလုံးလောက်လည်းအဲဒီနားမှာ ချထားလိုက်သေးတယ်။ ခပ်လှမ်းလှမ်းကနေ ကြည့်လို့ကတော့ ဘာမှ မမြင်ရဘူး။ တော်တော့်ကို ပိပိရိရိရှိတယ်။ နောက်ပြီးဇာတ်စင်အောက်ကို လူမဝင်ရအောင် အစောင့်ချထားတယ်ဗျ။လူနဲ့လင်းတ လဲတော့မယ်ဆိုတော့ လူကို ထဘီခြုံပေးလိုက်တာမှာ ပညာသားပါတယ်။ ငုတ်တုတ်ထိုင်နေတဲ့ လူ့အပေါ်မှာဖုံးထားတဲ့ထဘီကို တစ်ပေလောက်မြှင့်ပြီး ကိုင်မြှောက်ထားတဲ့အချိန်မှာ ဆိုင်းက ဆူညံနေအောင်တီးတော့ ပရိသတ်အာရုံကဆိုင်းသံဘက် ရောက်သွားတယ်။ အဲဒီအချိန်လေးမှာပဲ ခုနကမြှောက်ထားတဲ့ ထဘီအောက်ကလူက လူတစ်ဦးသာ ဝင်နိုင်ထွက်နိုင်တဲ့ အပေါက်ကနေ ဇာတ်စင်အောက်ကို ဆင်းသွားတယ်။ အဲဒီလူ ဇာတ်စင်အောက်လည်းရောက်ရော ဇာတ်စင်အောက်က စောင့်နေတဲ့ အခြားသူတစ်ဦးက လင်းတကို ဇာတ်စင်ပေါ်တင်ပေးလိုက်ပြီး လင်းတ တင်ပြီးကြောင်းကို အဟမ်း!... အဟမ်း!...ဆိုတဲ့ ချောင်းဟန့်သံနဲ့ အသံပြုအချက်ပေးလိုက်ရတယ်။ အဲဒီ ချောင်းဟန့်အချက်ပေးသံကြားမှ အပေါ်က ဆရာကြီးက ကိုင်မြှောက်ထားတဲ့ ထဘီကို ရုတ်လိုက်ရမှာ။

ခုန ဇာတ်ခုံအောက်ဆင်းသွားတဲ့လူက အပေါ်က ဆရာကြီးရဲ့ဇာတ်စာ ရွတ်နေတာကို ဂရုစိုက် နားထောင်နေရတယ်။ ဒါမှ လင်းတနဲ့ လူနဲ့ ပြန်လဲတဲ့အချိန်မှာ အံကိုက်ဖြစ်မှာ။ သူတို့လုပ်တာတော်တော်တော့ မြန်တယ်ဗျ။

အဲဒီလိုပဲ လင်းတကနေ လူ့ဘဝ ပြန်ပြောင်းတော့လည်း လင်းတပေါ်ကို ထဘီ တန်းပြီးမအုပ်ဘူး။ လင်းတပေါ်မှာ လူတစ်ထိုင် လောက်ကျော်တဲ့အထိ ထဘီကိုကိုင်ပြီး အုပ်ထားချိန်မှာ ခုန အပေါက် ကနေ ပြေတက်လာပြီး လင်းတကို ဇာတ်ခုံအောက် ချပေးလိုက်တယ်။ ပြီးတော့မှ

ငုတ်တုတ်ထိုင်နေတာ။ ရှင်းပြီလား။ ငြေရဲ့ချောင်းဟန့်သံကြားမှ ဆရာကြီးက ထဘီကို လှပ်လိုက်မှာ။

ကျုပ်လည်း ကိုယ်တွေ့မို့ သိခဲ့ရတာ။ အချက်မသိကြတော့ လည်း အတော့်ကို အံ့ဩစရာပေ့ါဗျာ။ သူတို့ အပြောင်းအလဲလုပ်တာသိပ်မြန်တာကိုးဗျ။ ကျွမ်းကျင်မှုပဲဗျို့။ယောနယ်ကပြန်လာတဲ့ ဆရာကြီးမို့ ဒီပြကွက်မျိုး ပြနိုင်တာ။ တခြားလူဆို မပြနိုင်ဘူးဆိုပြီး ကြေညာလိုက်တော့ လာလိုက်ကြတဲ့ လူတွေဗျာ။ ဝင်လာမစဲ တသဲသဲပဲ။ ရုံဝင်ခ ငွေတွေဆိုတာ သဲ့ယူနေ သလား အောက်မေ့ရတယ်။

အင်း !...လောကဓံတရားများ တယ်ကြောက်စရာကောင်းကိုး။

အဲဒီလို အရှိန်အဟုန်နဲ့ နာမည်ကြီးပြီး တစ်ရှိန်ထိုး ကျော်ကြား လာခဲ့တဲ့ ကျုပ်တို့ရဲ့ ဆရာပဏ္ဍဝ မျက်လှည့်အဖွဲ့ကြီး။

ဟော..!   ပျက်စီးချိန်တန်ပြီဆိုတော့လည်း......

ပျား တစ်စက်ကြောင့် ပြည် ပျက်ခဲ့ရတယ်။

အောက်ပြည်အောက်ရွာက မထင်မရှား တောမြို့လေးတစ်မြို့ မှာ ရုံပွဲသွင်းချိန်ကပေ့ါဗျာ...။

အခန်း ( ၇ )

လေးစားအပ်ပါသော လုပ်သားပြည်သူ မိဘအပေါင်းတို့ခင်ဗျား !

လေးစားအပ်ပါသော လုပ်သားပြည်သူ မိဘအပေါင်းတို့ခင်ဗျား !

ငြေရဲ့အသံက တော်တော်အောင်တယ်ဗျ။ တော်ရုံတန်ရုံအကွာအဝေးလောက်ဆိုရင် လော်စပီကာ (အော်လံ) မလိုဘူး။ အရက်ကလေးကလည်း ထွေ နေတော့ အာက ရွှင်မှရွှင်။ ယနေ့ည ဆရာပဏ္ဍဝ မျက်လှည့်အဖွဲ့ကြီးအနေနဲ့ ဖျော်ဖြေ တင်ဆက်ကပြမယ့် အစီအစဉ်များကတော့ ပထမပိုင်းမှာပရိသတ်များ မျှော်ကာတတဲ့ အော်ပရာအက ကတော့ လထွက်ကလေးရယ်တဲ့ မြင်းပေါ်တင် အော်ပရာအက ဖြစ်ပါတယ်ခင်ဗျား

အဟမ်း!...အဟမ်း!...။ ချောင်းက ဟန့်လိုက်သေးတာ။

ပြီးတော့ ဆက်အော်တယ်။ အော်ပရာအကပြီးရင် ဆက်လက်တင်ဆက်မှာကတော့ အများအပေါင်းသိချင်တဲ့ သားကောင်းမိခင်ဆိုတဲ့ ပြဇာတ်ဖြစ်ပါတယ်။ ဂိုက်ပေးကြမ်းကြမ်းနဲ့ မိုက်ကို ကိုင်ထားရင်းခဏ နားလိုက်သေးတယ်။ ပြီးတော့မှ

နောက်ဆုံး တင်ဆက်ပြသမယ့် အစီအစဉ်ကတော့ ကျွန်တော်တို့ မျက်လှည့်အဖွဲ့ကြီးကို အရှိန်အဟုန်နဲ့ တဝချစ်တဲ့ ပရိသတ်ကြီးအတွက် ထဘီချုံ လင်းတဖြစ် ဆိုတဲ့ ပြကွက်ဆန်းကြီးနဲ့ တင်ဆက်ဖျော်ဖြေသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ရွှေပွဲလာပရိသတ်များအတွက် လက်မှတ်များ မရမရှိရလေအောင် ကျွန်တော်များအောင်မင်္ဂလာရုံတော်သစ်ကြီး ဆီသို့ စောစောလေးကြွလှမ်းခဲ့ကြပါလို့ ကျွန်တော်များ ဆရာပဏ္ဍဝ မျက်လှည့်အဖွဲ့ကြီးက လေးစားစွာဖြင့် ဖိတ်မန္တက ပြုလိုက်ရပါတယ်ခင်ဗျား အဲဒီလို မိုက်နဲ့ မြို့ကို နှစ်ခေါက်လောက်

လှည့်ပတ်ကြေညာလိုက်ရင် ရပ်ကွက်တွေထဲကလူတွေ အလျှိုအလျှိုထွက်လာကြပြီး ငြေ

ကြော်ငြာတာကို နားထောင်ကြတယ်။ ပြီးတော့ အချင်းချင်း တွတ်တွတ်.. တွတ်တွတ်နဲ့ သဖန်းပိုး ထိုးကြတယ်။ တချို့ကလည်း လူကနေ လင်းတဖြစ်အောင်လုပ်မှတော့ အောက်လမ်းဆရာနေမှာ။

သူ မကျေနပ်လို့ ပြူစားသွားရင် အခက်...ဆိုပြီး ကြောက်တဲ့လူတွေက ရှိသေး။

ဒါပေမယ့် ညပိုင်း မျက်လှည့်ပဒေသာပြပွဲကြီးလည်း စချိန်တန်ရော ရပ်ကွက်တွေထဲက အလျှိုလျှိုနဲ့ ထွက်လာလိုက်ကြတဲ့လူတွေဗျာ။ ပုရွက်ဆိတ်အုံကို တုတ်နဲ့ထိုးလိုက်သလား အောက်မေ့ရတယ်။ ဒါတောင် မြို့က တောမြို့လေးမို့လို့။ ပျားပန်းခပ်ပဲ။

အကျဉ်းချုံးပြီး ပြောကြပါစို့ဗျာ။ အဲဒီည ပြဇာတ်အပြီးမှာ ကျုပ်တို့ရဲ့ နာမည်ကျော် ထဘီခြုံ လင်းတဖြစ် ပြကွက်ဆန်းအတွက် တပည့်တစ်ဦးက အနီရောင်ကတ္တီပါ ကားလိပ်ကြီးရှေ့ကနေ သူ့ဆရာကြီး ဆရာပဏ္ဍဝကို အမွှမ်းတင်တဲ့ ဇာတ်စာတွေရွတ်ရင်း ဆရာကြီးကို ပင့်လိုက်တယ်ဆိုရင်ပဲ ခင်ဗျားတို့ ကျွန်တော်တို့ ကြည့်ဖူးတဲ့

ရှေးဟောင်းသိုက်သမိုင်းကားတွေထဲကလို သိုက်ဆရာကြီး စတိုင်လ်မျိုးနဲ့ လွယ်အိတ်တစ်လုံးလွယ်ပြီး ဆရာပဏ္ဍဝ ကတ်ီပါကားလိပ်နီကြီးရှေ့ ထွက်လာတယ်။ ပြီးတော့ သူ့ရဲ့အာဏာစက်တွေကို ရွတ်တယ်။

သူ့ရဲ့ပြကွက်တွေကိုလည်း အနှောင့်အယှက်မပေးကြဖို့နဲ့ အနှောင့်အယှက်ပေးခဲ့ရင် ပေးတဲ့သူ... ဘယ်လိုဖြစ်သွားမယ်၊ ညာလိုဖြစ်သွားမယ်၊ ဘာညာ ကွိကွပေါ့ဗျာ။ သမားရုဏ် ပြရတာပေါ့။ အဲဒီလိုနဲ့ ထဘီခြုံရမယ့်အခန်း ရောက်လာတယ်။ ဖြစ်ချင်တော့ အဲဒီအချိန်မှာ လင်းတထိန်းလေး ငြေက တော်တော်မူးနေပြီ။

အသက်ကလေးကလည်း ၁၆ နှစ်၊ ၁၇ နှစ်အရွယ် လူပျိုပေါက်စရောက်လာပြီဆိုတော့ အပေါင်းအသင်းတွေနဲ့ တစ်ခါတစ်လေ လုပ်လာပုံရပါတယ်။ ဆရာကြီးက သူ့ရဲ့ ဘယ်ဘက်ခြေထောက်ကိုအနီရောင်ခြေမန်းကွင်း စွပ်ပေးလိုက်တယ်။ ပြီးတော့ သူ့ကို ငုတ်တုတ်ထိုင်ခိုင်းပြီး ထဘီခြုံပေးလိုက်တယ်။ အမှန်က အဲဒီလို ထဘီအခြုံမှာအင်္ဂလန်က ဘင်သံ ဆိုပြီး ဆူညံနေအောင် ဆိုင်းတီးပေးနေတုန်း ငြေက ဇာတ်စင်အောက်ကို လျှို့ဝှက်အပေါက်ကနေ ဆင်းရမှာ။

ဒီကောင်က သိပ်မူးနေတော့ မဆင်းနိုင်တော့ဘူး။ ဇာတ်စင်ပေါ်မှာ ငုတ်တုတ်ကြီးပဲ ထိုင်နေတယ်။ ငြေက ဇာတ်စင်ပေါ်က မဆင်းတော့ အောက်ကနေ ဇာတ်စင်ပေါ်ကို လင်းတ

တင်ပေးမယ့်သူကလည်းလင်းတ တင်ပေးလို့ မရဘူး။ အဲဒီ အချိန်မှာ ဆရာကြီးက လူနဲ့လင်းတ လဲဖို့ လိုအပ်တဲ့အချိန်စေ့လို့ အောက်က ချောင်းဟန့်သံနဲ့ အသံပြု အချက်ပေးသံကို နားမစွင့်တော့ဘဲ ခါတိုင်းလို အဆင်ပြေလိမ့်မယ်

ထင်ပြီး ထဘီကို လှပ်လိုက်တယ်။ ငြေက လင်းတဖြစ်မသွားဘဲ ငုတ်တုတ်ကြီးထိုင်လို့။ မူးနေတော့ ဇက်ကလည်းစောင်းလို့။ ဆရာကြီးတော်တော်ဒေါသဖြစ်သွားပြီး ငြေကို ဆေးကြိမ်လုံးနီကြီးနဲ့ နှစ်ချက်သုံးချက် ဆင့်ရိုက်လိုက်တယ်။ အဲဒီလို ရိုက်ပြီး ခဏအကြာမှာဆရာကြီးက ပရိသတ်ဘက်ကို လှည့်ပြီး...

ကိုင်း!...ငါ့ကိုပညာစမ်းတဲ့ကောင် တွေ့ကြသေးတာပေါ့ကွာ...လို့ ကြိမ်းလိုက်တယ်။

ပြီးတော့...လွယ်အိပ်ထဲကနေ ဆေးပုလင်းတစ်ခုထုတ်ပြီးဘယ်ဘက် လက်ဝါးထဲကို ဆေးမှုန့်နည်းနည်း ထည့်လိုက်တယ်။ ပြီးတော့ သူ့ ညာဘက်လက်ထဲကိုင်ထားတဲ့ ဆေးကြိမ်လုံးနီကြီးကို

ဆေးမှုန့်တွေနဲ့ ပွတ်လိုက်ပြီး

ဝိဉာဉ်လောကသားများဆိုင်ရာ ငြိမ်းချမ်းစွာ လွတ်မြောက်စေရေးအဖွဲ့ အဓိပတိ ငါဆရာပဏ္ဍဝ အမိန့်ရှိလိုက်တယ်။ ဤနေရာ ဤဒေသတစ်ဝိုက်၌ ရှိကြကုန်သော စုန်း၊ ကဝေ၊ တစ္ဆေ၊ သရဲ၊

ဘုတ်၊ ပြိတ္တာ၊ သဘက်နှင့် ဇော်ဂနီ၊ ဇော်ဂနက်၊ မှင်စာတို့ပါမကျန် အားလုံး ငါ့အမိန့်ကို နာခံကြရမယ်

ဖြန်း!...ဖြန်း!...ဖြန်း!...

ဆေးကြိမ်လုံးနီကြီးနဲ့ ဇာတ်ခုံကြမ်းခင်းကို သုံးကြိမ်ရိုက်လိုက်တယ်။ အဲဒီ ကြိမ်လုံးသံကြောင့်ရယ်၊ ခုန နှစ်ချက်သုံးချက် အရိုက်ခံ ထားရတာရယ်ကြောင့် မူးနေတဲ့ ငြေ အမူးတော်တော်ပြေသွားတယ်။

ဆရာကြီးက ဆက်ပြောတယ်။ ဒီတစ်ကြိမ်တော့ ငါဟာ ညှော့သည်တစ်ဦးအနေနဲ့ သည်းခံလိုက်မယ်။ နောက်တစ်ခါ ဒီလိုနှောင့်ယှက်လာရင် ငါ့အဆိုးမဆိုကြနဲ့ ဆိုပြီး ခုနထက် ပိုကြမ်းပြီး ဇာတ်ခုံကြမ်းပြင်ကို သုံးချက်တိတိထပ်ရိုက်ပြလိုက်တယ်။

ငြေ တော်တော်လန့်သွားတယ်။ နောက်တစ်ချီ ငြေကိုထဘီနဲ့ ထပ်ပြီး အအုပ်မှာတော့ အမူးပြေနေတဲ့ ငြေ ဇာတ်စင်ပေါ်က အပေါက်ကနေ ဇာတ်စင်အောက်ကို ဆင်းသွားတယ်။ ငြေဇာတ်စင်အောက်ကိုရောက်တော့ အောက်ကနေ ဇာတ်စင်ပေါ်ကိုလင်းတ တင်ပေးရမယ့်လူရဲ့လက်ထဲမှာ လင်းတ မရှိဘူး။ သူ့ကြည့်လိုက်တော့ မျက်နှာ ဇီးရွက်လောက်ပဲ ရှိတော့ပြီး မျက်စိမျက်နှာပျက်နေတယ်။

ဇာတ်စင်ပေါ်မှာကလည်း ဆရာကြီးလုပ်တဲ့သူက သူ့လက်နဲ့ကိုင်မြှောက်ပြီး ကာထားတဲ့ ထဘီထဲ လင်းတရောက်ပြီဖြစ်ကြောင်း (အချိန်စေ့နေပေမယ့်) ချောင်းဟန့်သံနဲ့ အချက်မပေးသေးလို့ ဒေါသတွေဖြစ်ပြီး ထဘီကြီးကို လက်နှစ်ဖက်နဲ့ ကုန်းကုန်းကြီးမ ထားရင်း...ငါ့ကို လာမစမ်းကြနဲ့နော်၊ ငါနယ်နယ်ရရ ဆရာမဟုတ်ဘူး။ ယောနယ်က ပြန်လာတာ။

နင်တို့လို ဆယ့်နှစ်ကြိုးကဝေလောက်တော့ တို့က ပျင်းတယ်ဟေ့ !...

ဆရာကြီးက အော်သာအော်နေရတယ်။ အောက်က လင်းတမတင်သေးတော့ စိတ်ပူနေရပြီ။ ဇာတ်စင်အောက်မှာလည်း ငြေကလင်းတ တင်ပေးမယ့်ကောင်လေးကို သူ့လင်းတ ဘယ်ရောက်သွားသလဲမေးတော့ ကောင်လေးက ဖြေတယ်။ ခုန ဆရာကြီး ဇာတ်စင် ပေါ်ကနေ ကြိမ်လုံးကြီးနဲ့ ကြမ်းပြင်ကို တဖြန်းဖြန်းရိုက်သံတွေကြားလို့လင်းတကြီးက ရိုက်မှာကြောက်လို့ သူ့လက်ထဲကနေ ဖွတ် ရုန်းပြီးထွက်ပြေးသွားတာ လိုက်ဖမ်းလို့ မရတော့ဘူး...တဲ့။

ငြေလည်း အဲဒီမှာ လုံးဝ အမူးပြေသွားတယ်။ ဘာလုပ်ရမှန်းလည်း မသိတော့ဘူး။ ဒါနဲ့ ဇာတ်စင်ပုဏ္ဏားကွယ်ဘက် ပြေးလာပြီး ဆရာကြီးရဲ့ တပည့်တစ်ဦးကို အဖြစ်မှန် တိုးတိုးလေး ကပ်ပြောလိုက်ရတယ်။ အဲဒီမှာ ခုန ထဘီကြီး ကိုင်မြှောက်ထားပြီး လင်းတဖြစ်အောင် မန်းမှုတ်နေတဲ့ ဆရာကြီးကို ပုဏ္ဏားကွယ်ကနေ တပည့်ဖြစ်သူက မျက်ရိပ်မျက်ကဲ ပြလိုက်တယ်ဆိုရင်ပဲ ဆရာကြီးက

ကဲ…ကဲ…

ဒီညတော့ ကျုပ်စိတ်နဲ့ မဖြစ်ဘူး၊ ကြာရင် ကျုပ်ပွဲကြမ်းမိလိမ့်မယ်။

ဒီတော့ ပရိသတ်ကြီးခင်ဗျား..! အခု ပထမပိုင်းအနေနဲ့ ယနေ့ညသြကို ထဘီခြုံပြီး ဖျောက်ပြပြီးပါပြီ။ မနက်ဖြန်ညမှာတော့.. ယနေ့ည ဖျောက်ပြလိုက်တဲ့ သြကို ဒီဇာတ်ခုံပေါ်မှာတင်ပဲ ခြေမန်းကွင်း စွပ်လျက်သား လင်းတအသွင်နဲ့ ပြန်လည် တွေ့မြင်ရမှာဖြစ်ပါတယ်။ ပြီးရင် အဲဒီလင်းတလေးကို ထဘီခြုံပေးလိုက်တာနဲ့တပြိုင်နက် သြဘဝ ပြန်လည်ရောက်ရှိလာရပါစေ့မယ်… ဆိုတဲ့အကြောင်း ပြောကြားရင်း မနက်ဖြန်ပြမယ့် ပြကွက်ဆန်းအတွက် မပျက်မကွက် ဆက်ဆက် လာရောက်အားပေးကြပါဦးလို့…

စကားတောင် မဆုံးလိုက်ရပါဘူးဗျာ။ အငံ့လန်က ဘင်သံ တွေ ဆူညံနေအောင်တီးပြီး ပွဲကို အမြန်သိမ်းလိုက်ရတယ်။ နောက်နေ့လည်းကျရော ဆရာပဏ္ဍာဝ မျက်လှည့်အဖွဲ့ကြီး တစ်ဖွဲ့လုံး အဲဒီမြို့ကလေးကနေ မနက် ဝေလီဝေလင်းကြီးမှာ လစ်ခဲ့ကြရတာပေါ့ဗျာ။ လင်းတမှ မရှိတော့တာ။ အဓိက ပွဲဖျက်သူကတော့ သြပေါ့။ သူမူးတာကနေ စလိုက်တဲ့ ဇာတ်လမ်းဗျ။

အဲဒီနေ့ညက ကျုပ်လည်း ဇာတ်စင်ပေါ်က ကြိမ်လုံးသံ တဖြန်းဖြန်းကြားတော့ အကြောက်လွန်ပြီး ညကြီးမင်းကြီး ပြေးမိပြေးရာ စွပ်ပြေးလိုက်တာ၊ မနက်ဝေလီဝေလင်းလည်းရောက်ရော လယ်ကွင်းပြင်တစ်ခုထဲ ရောက်နေတယ်။ ခဏနားပြီးတဲ့နောက် ကျုပ် စတိုင်လ်အတိုင်း ခုန်ဆွခုန်ဆွလုပ်၊ အရှိန်ယူပြီး ကောင်းကင်ကို ပျံတက်လိုက်တယ်။

အားပါး !…

အဲဒီအချိန်ကျမှပဲ လေကောင်းလေသန့် ရှူရ တော့တယ်ဗျို့။ လေးငါးနှစ်လောက် ကျုပ် ဆရာပဏ္ဍာဝ မျက်လှည့်အဖွဲ့ကြီးမှာ အသုံးတော်ခံခဲ့ရလို့ ကောင်းကင်ကို မနည်းကြိုးစားပြီးပျံတက်ခဲ့ရတယ်။ ကျုပ်လည်း ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေနဲ့ ဇာတ်ရုံကြီးဘက်ကို ပျံလာပြီး ကောင်းကင်ကနေ သုံးပတ်ဝဲပျံနှုတ်ဆက်ပြီးမှ ကျုပ်ရဲ့ မူလဌာနေဖြစ်တဲ့ ရှမ်းပြည်နယ်ဘက်ကို ပျံခဲ့ပါတယ်။ အဲဒီမှာပဲ ဖြစ်သလို ရှာဖွေစားသောက်ရတာပေါ့ဗျာ။

ဒီလိုနဲ့ နှစ်တွေ တော်တော်ကြာသွားတော့ တစ်ရက်၊ ကျုပ်လည်း ပျင်းသလိုလိုရှိတာနဲ့ ရွှေဘိုနယ်ဘက်ကို အလည်သက်သက် ပျံသန်းရင်း ခွေးသေကောင်ပုပ်တွေ့လို့ လယ်ကွင်းထဲဆင်းပြီး စားနေတုန်း အဲဒီက တောင်သူတွေက ဖမ်းပြီး တိရစ္ဆာန်ဥယျာဉ်ကို လှူလိုက်ကြလို့ ကျုပ်ဒီကိုရောက်လာတာ။

ဒီမှာ နေရထိုင်ရတာလား..!

အဆင်ပြေပါတယ်။ တစ်ခါတစ်လေ ကျုပ် သြကို သတိရမိတယ်ဗျာ။ သူလည်း ခုလောက်ဆို သြ မဟုတ်လောက်တော့ပါဘူး။ ကျုပ်နဲ့ စတွေ့တုန်းကသာ သြ၊ နောက်တော့ ကိုသြ၊ နောက် ဦးသြ၊ ခုလောက်ဆိုရင် ဘိုးသြ ဖြစ်နေလောက်ပြီပေါ့ဗျာ။

တလောလေးကတော့ လူပြောသူပြောနဲ့ ဘိုးသြတစ်ယောက် ရွှေကြက်ယက်ဘုရားပေါ်မှာ ဥပါသကာကြီးလုပ်ပြီး သူ့ဘဝရဲ့ နေဝင်ချိန်တွေကို အကျိုးရှိရှိ အသုံးချနေတယ်ကြားလို့ ကျုပ်လေ

ဘော်ဒါစိတ်နဲ့ ပီတိဖြစ်မိသေးတယ်။

ဗျာ !...

အော်...ဒီမှာက သံဇကာလှောင်အိမ်ကျယ်ကြီးထဲမှာဘော်ဒါတွေနဲ့အတူထားပြီး အစာရေစာ ဝဝလင်လင် ကျွေးထားလို့ အားလုံးပြည့်စုံပါတယ်။ဒါပေမယ့်...သိတယ်မဟုတ်လား...!

နာမည်ကိုက ထိုးလဆိတ် လေဗျာ။ ဟိုဟာလေးတွေကိုထိုးလိုက်၊ ဆိတ်လိုက် လုပ်နေတာလောက်တော့ မပျော်ဘူးပေါ့။ ဟိုဟာလေးတွေဆိုလို့ တလွဲမတွေးပါနဲ့။ အသေကောင်တွေကို ထိုးလိုက်၊ ဆိတ်လိုက် လုပ်နေရတာကိုပြောတာပါ။

အခန်း (၈ )

ကျုပ်ကို ဆက်သွယ်ချင်ရင်လား။ လွယ်ပါတယ်။ ကျုပ်ကစတိုင်လ် ရှိလို့ စတား ဖြစ်နေတဲ့သူဆိုတော့ လူသိများတယ်။

ကဲ !ကဲ..! ကျုပ်လိပ်စာ ပေးလိုက်ပါ့မယ်။ မှတ်။

ထိုးလဆိတ်

ဟိမဝန္တာလင်းတ

အသားစားငှက်ရုံ

(ရေနေငှက်ရုံတောင်ဘက်၊ ဖျံရုံအရှေ့ဘက်)

ရတနာပုံတိရစ္ဆာန်ဥယျာဉ်၊ မန္တလေး။

ဖုန်းနံပါတ်ကော ယူသွားလိုက်လေ။ အခြားသိချင်တာရှိရင်လည်း ဆက်လိုက်ပေါ့။

၀၉-၂၀၅၃၆၁၆
ကျုပ်က ခင်တတ်ပါတယ်။ မန္တလေးရောက်ရင် ဝင်ခဲ့လေဗျာ။ နော...။

အိုကေ ! ၊ အိုကေ ! ။
ဘိုင့် ဘိုင် !

ကိုကိုလတ် (ဆည်မြောင်း)

[၁၉၉၄-ခုနှစ်၊ မန္တလေးကျူးတော်ကြီး ပြန်လည်တူးဖော်စဉ်ကာလ၌ ကျူးတော်ကြီးပြင်ဆင်ရန်

လိုအပ်သော ဘိလပ်မြေအိတ်များသယ်ဆောင်ရန်အတွက် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အမှတ်(၂)စစ်ဗျူဟာအဖွဲ့မှ (ထိုစဉ်က) ဗိုလ်ကြီး ဇော်မြင့်ဦးနှင့်အတူ ရွှေကြက်ယက် ဆိပ်ကမ်းသို့ သွားရောက်ခဲ့ရင်း ရွှေကြက်ယက်ဘုရာပေါ်သို့ တက်ရောက်ဖူးစဉ် ဆုံတွေ့ခဲ့ရသော ဥပသကာကြီး ဦးသြ (အမည်လွှဲပြောင်းထားသည်) (ငယ်စဉ်က လင်းတထိန်းလေး ငသြ)၏ ပြောကြားချက်များအား အခြေခံ၍ လွန်ခဲ့သော နှစ်ပေါင်း ၅၀ကျော်က လင်းတငှက်တစ်ကောင်နှင့် တွဲဖက်၍ တီထွင်ပြသခဲ့သော မြန်မာ့မျက်လှည့်ပြကွက်သည် ယနေ့ခေတ်တွင် ထင်ရှားသော ကမ္ဘာ့မျက်လှည့်ပြကွက်များ၏ ရှေ့ပြေးဖြစ်နေကြောင်း ဖော်ထုတ်ပြသလိုသော ရည်ရွယ်ချက်ဖြင့် ကွယ်လွန်သူ မြန်မာ့ဦးဆောင် မျက်လှည့်ဆရာကြီး ဆရာပဏ္ဍဝ၏ပညာအား ဂုဏ်ပြုရေးသားခြင်းဖြစ်ပါသည်။

[ ၂၀၀၉-ခုနှစ်၊ ဇန်နဝါရီလထုတ် မဟေသီ မဂ္ဂဇင်းအမှတ်-၂၅၃၊စာမျက်နှာ-၁၆၆-၁၇၉ မှ

စိမ့်ကြီး မြိုင်ကြီး ရိပ်ကြီး တောတောင်

ကိုကိုလတ် (ဆည်မြောင်း)

စိမ့်ကြီး မြိုင်ကြီး ရိပ်ကြီး တောတောင်

အခန်း (၁)

ဒီရာသီ ဒီအချိန်ရောက်တိုင်း ကျုပ် ဝမ်းလည်းသာရ၊ ဝမ်းလည်းနည်းရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီတပေါင်းလမှာပဲ ကျုပ်ဒီတောဒီတောင်ထဲကို ရောက်လာခဲ့ရပြီး အသက်ဆက်လက်ရှင်သန်ခွင့်ရခဲ့သလို ကျုပ်ရဲ့နလုံးသားရေးရာမှာ၊ လွမ်းစရာ ဆွေးစရာလေးတွေကလည်း ရှိခဲ့ဖူးတော့၊ အခုလို တောထဲတောင်ထဲမှာ လေပြေလေညင်းလေးတွေ တိုက်ခတ်တဲ့အချိန်၊ နီစွေးစွေး အညွှာတံလေးတွေကို စွန့်ခွာပြီး ကြွေကျလာတဲ့ သစ်ရွက်ဝါလေးတွေကို မြင်မိတိုင်းကျုပ် မျက်ရည်ဝိုင်းခဲ့ရပါတယ်။

ဘယ်ဆီဘယ်ဝယ်ကို လွမ်းမိလို့ ခင်ဗျား မျက်ရည်ဝိုင်းခဲ့ရတာလဲလို့ မေးခဲ့ကြမယ်ဆိုရင်တော့ မိချောကို သတိရလို့ပါဗျာ လို့ ကျုပ် မဆိုင်းမတွ ဖြေလိုက် မိမှာပါ။ ဟောဒီအချိန်အခါသမယလေးကို လအနေနဲ့ပြောရင်တပေါင်းလ၊ ဥတုအနေနဲ့ပြောရင် နွေဥတု၊ ရာသီအနေနဲ့ ဆိုရင်တော့ မိန်ရာသီပေ့ါဗျာ။ ဒီတော ဒီတောင်တွေထဲမှာ ရွက်ဟောင်းတွေ ကြွေပြီး ရွက်သစ်တွေ စင့်ဝေတဲ့ ရာသီပေ့ါ။

ဒီအခါသမယလေးကို မြင်တွေ့ခဲ့တဲ့ ခင်ဗျားတို့ရဲ့ ရတုဘုရင်ကြီး နတ်သျှင်နောင်က

ဝါသည်ရွက်လည်း၊ ပင်ထက်မထား၊ လေသို့ယား၍၊ ထွားထွားမကြန့်၊ သင်္ကာခန့်ကို၊ မြည့ွန့်ရစ်ခွေ၊ နှင်းခဲ့ပေ၍ ဆိုပြီး သူ့အမြင်ကိုစပ်ဆိုခဲ့ပါတယ်။

တကယ်တော့ ကျုပ်တို့လို ပုထုဇဉ်တွေသာ ဟောဒီနွေဦးရဲ့ အလှတရားတွေကို ချီးကျူးနေကြတာမဟုတ်ပါဘူး။ သုံးလောက ထွတ်ထား မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးကတောင်... နွေဦးလဟာ အသာယာဆုံး ဆိုပြီး ဟောကြားတော်မူခဲ့တယ်မဟုတ်လား။ ဒါကြောင့်လည်း စာဆိုတော် ဦးမင်းက နွေအာဒိဂိမှာန်ကို၊ နိဗ္ဗာန်ပိုင် သျှင်တော်စောတွင်မှ ဟောခဲ့သာဆုံး ဆိုပြီး ဖွဲ့ခဲ့တာပေ့ါဗျာ။

အဲဒီတော့ ဒီလောက်သာယာပြီး လွမ်းဖို့ဆွေးဖို့ ကောင်းတာ လေးတွေကို မြင်တွေ့နေရတဲ့ အချိန်လေးမှာ ကျုပ်က.. ဟိုး အရင် ဆယ်ကျော်သက်အရွယ်တုန်းကလို

သစ်ရွက်ကြွေတာလေးတွေကို ကြည့်ကြည့်ပြီး တခစ်ခစ်နဲ့ ရယ်နေရဦးမှာလား။ အရွယ်က စကားပြောလာပြီလေ။

ခုတော့...ခုတော့ ဟောဒီ နွေဦးရဲ့သင်္ကေတလေးတွေကို မြင်တွေ့နေရတာကိုက ကျုပ်အဖို့ လွမ်းရတဲ့ အဖြစ်လေးတွေပါဗျာ။

## အခန်း ( ၂ )

ခင်ဗျားတို့ လူ့လောကမှာ အချို့က အမျိုးအနွယ် သတ်မှတ်ထားကြတာတွေရှိသလို ကျုပ်တို့ မြွေလောကမှာလည်း ရှိပါတယ်။ လင်း မျိုးနွယ်တို့၊ ပွေး မျိုးနွယ်တို့၊ ဟောက် မျိုးနွယ်တို့၊ ငန်းမျိုးနွယ်တို့၊ စိမ်း မျိုးနွယ်တို့ဆိုပြီး ရှိကြပါတယ်။

ကျုပ်ဆိုရင် လင်း မျိုးနွယ်။ ဒါကြောင့် လူတွေက ကျုပ်ကို လင်းမြွေ လို့ ခေါ်ကြတယ်။ ကျုပ်တို့ မြွေလောက အသိုင်းအဝိုင်းကတော့ လင်းမောင်မောင် လို့ ခေါ်တယ်။ ကျုပ်ကောင်မလေး မိချောကတော့ ကိုကိုလင်းမောင်မောင် လို့ ခေါ်တယ်။

သူ အဲဒီလိုခေါ်တော့ ခင်ဗျားတို့ဆီက ဟိုရုပ်ရှင်မင်းသားနဲ့ နာမည်ဆင်သွားတာပေါ့ဗျာ။ အဲဒီမင်းသား ချောသလို ကျုပ်လည်းချောပါတယ်။ နောက်ပြီး ခင်ဗျားတို့ဆီမှာ အမျိုးအနွယ်တစ်ခုထဲမှာတင်ကို လက်တိုတွေ၊ လက်ရှည်တွေ ထပ်ပြီး ခွဲခြားကြသလို ကျုပ်တို့လင်း မျိုးနွယ်မှာလည်း အမေး နဲ့ အပြူး ဆိုပြီး နှစ်မျိုး ထပ်ခွဲထားသေးတယ်။ အမေး မျိုးဆိုတာ မျက်စိမှေးတဲ့မျိုးကို ခေါ်တာ။ မျက်စိရဲ့ အနေအထားဟာ သာမန်လောက်ပဲရှိရင် အမေး မျိုးလို့ခေါ်တယ်။ မျက်စိရဲ့ အနေအထားဟာ သာမန်မျက်စိထက် သိသိသာသာကြီး ပြူးထွက်နေရင်တော့ အပြူး မျိုးလို့ ခေါ်ပါတယ်။ တချို့ဆို ပြူးလွန်းအားကြီးလို့ မျက်စိက အရောင်တွေ တဖိတ်ဖိတ်တောက်ပြီး ပြောင်တောင်တောင်ကို ဖြစ်နေတယ်။ ဒါက ကျုပ်တို့မျိုးနွယ်နဲ့ပတ်သက်လို့ သိသင့်သိထိုက်တာလေးတွေကို အရင်ရှင်းပြတာပါ။

## အခန်း (၃)

ကဲ..! ခုမှ ကျုပ်ဇာတ်လမ်းက စမှာ။ အဲဒီနေ့က မှတ်မှတ်ရရ ရွာထဲက ကိုကျေးနဲ့ မအုံတို့ မင်္ဂလာဆောင်တဲ့နေ့။ နှစ်ဖက်မိဘများက ငွေကြေးလေး ထိုက်သင့်သလောက်ရှိကြတော့ သူတို့ သားသမီးလေးတွေ မျက်နှာမငယ်ရအောင်လို့ မင်္ဂလာဆောင်ကို တိုက်၊ ထော၊ လော် အဆင့်လုပ်ပေးတယ်။ အဲဒီနယ်ဘက်မှာ တိုက်၊ ထော၊ လော် အဆင့်ဆိုတာ ချမ်းသာတဲ့လူတွေမှ လုပ်နိုင်တဲ့အဆင့်။ မင်္ဂလာမဏ္ဍပ်က တိုက်မဏ္ဍပ် ဖြစ်ရမယ်။ တစ်ရွာလုံးကို မီးခိုးတိတ် ထောပတ်ထမင်းနဲ့ ဝက်သား ကျွေးနိုင်ရမယ်။ အော်လံလို့ခေါ်တဲ့ လော်စပီကာ ကြီး (သူတို့ကတော့ လော် လို့ခေါ်တယ်) ကို ဆူညံ နေအောင် တစ်ညလုံး၊ တစ်နေ့လုံး ဖွင့်ထားနိုင်ရမယ်။ အဲ့ဒီအချက် (၃)ချက်နဲ့ ကိုက်ညီမှ အဲ့ဒီမင်္ဂလာဆောင်ကို တိုက်၊ ထော၊ လော်အဆင့် သတ်မှတ်ကြတာဗျ။ တော်ရုံလူတွေ မလုပ်ပေးနိုင်ကြဘူး။

မနက်ခင်း ဆယ်နာရီကျော်ကျော်လောက်မှာ ရွာထဲ မင်္ဂလာဆောင်မဏ္ဍပ်ကဖွင့်တဲ့ အော်လံကနေ လက်ပံပွင့်ကောက် သီချင်း သံလေး လေထဲမှာ ပျံ့လွင့်လာတယ်။

နွေမိန်တပေါင်း ___ နေရှိန်လောင်း ___ ရွက်ဟောင်းကြွေကျ

မြေခခဲ့ပြီ ___ ကွယ် ___

နွေမိန်တပေါင်း ___ နေရှိန်လောင်း ___ ရွက်ဟောင်းကြွေကျ

မြေခခဲ့ပြီ ___ ကွယ် ___

အင်း!..

ဒီသီချင်းသံလေးကြားတော့ ကျုပ် ငယ်သူငယ်ချင်း နန်းစိန် ကို သတိရမိတယ်။ မြွေမလေး နန်းစိန်နဲ့ သူ့ညီမ နန်းမြိုင်တို့ ညီအစ်မနှစ်ကောင်နဲ့ ကျုပ်နဲ့က ရွာထဲက မြွေကျောင်းတော်ကြီးရဲ့ မူလတန်းအဆင့် မှာ တစ်တန်းတည်း စာသင်ခဲ့ကြတဲ့ ငယ်သူငယ်ချင်းအရင်းခေါက်ခေါက်ကြီးတွေဗျ။ အချိန်တန် အရွယ်ရောက်လို့လူသွေးကြွယ်လာတဲ့ အချိန်ကျတော့ သူ့ခေတ်သူ့အခါမှာ နန်းစိန်နဲ့ နန်းမြိုင်တို့ ညီအစ်မနှစ်ကောင်ရဲ့အလှက ကျုပ်တို့နယ်မြေတလွှားမှာ စူပါစတားပဲ။ လှမှလှ။ သူတို့နှစ်ကောင်က တောင်ပို့တွင်းပုန်းမလေးတွေလေ။ ခင်ဗျားတို့လူတွေလို ပြောရရင်တော့ ရွက်ပုန်းသီးလေးတွေပေါ့။ ကျုပ်တို့မြွေရွာမှာ ထင်ပေါ်ကျော်ကြား မြွေအနုပညာရှင်များနေ့ အထိမ်းအမှတ် ပြဇာတ် ကကြတော့ အကြီးမ နန်းစိန်ကိုမြွေမင်းသမီးအဖြစ် ခေါင်းဆောင်တင်ပြီး ရွေးခဲ့ကြတယ်။

ကျုပ်တို့မြွေလောကမှာလည်း ခင်ဗျားတို့ဆီက နာမည်ကျော် ကဗျာဆရာမကြီး(ဒေါ်)နယဉ်တို့လို ပုဂ္ဂိုလ်မျိုးကတောင် သားချော့တေး ကဗျာတွေစပ်ဆိုရလောက်အောင် ထူးချွန်ခဲ့တဲ့ ငန်းတော်ကျား မြွေမင်းသားတို့၊ နောက်ပြီး အိန္ဒိယနိုင်ငံက မြွေချစ်သူနှစ်ဦးရဲ့ ဇာတ်လမ်းဖြစ်တဲ့ နာဂင်း (Nagin)တို့လို ကမ္ဘာကျော် မြွေဇာတ်ကားမျိုးမှာ သရုပ်ဆောင်ခဲ့ကြတဲ့ မြွေမင်းသား၊ မင်းသမီးကြီးတွေ ရှိခဲ့ဖူးပါတယ်။

သူတို့ကို ဂုဏ်ပြုတဲ့အနေနဲ့ နှစ်စဉ် နတ်တော်လမှာ အမှတ်တရပွဲလေး လုပ်ပေးကြတယ်။ ပြီးခဲ့တဲ့ သုံးနှစ်လောက်က ထင်ပေါ်ကျော်ကြား မြွေအနုပညာရှင်များနေ့ အထိမ်းအမှတ်အဖြစ် ကပြတဲ့ ပြဇာတ်အဖွင့်မှာ ခုန ကြားရတဲ့ လက်ပံပွင့်ကောက် သီချင်းလေးနဲ့ တေးသရုပ်ဖော်ယိမ်း ထွက်လာတော့ ကျုပ်သူငယ်ချင်း မြွေမလေး နန်းစိန်က ခေါင်းဆောင်မင်းသမီး။ နောက်တော့.. ကျုပ်သူငယ်ချင်းလည်း ကျုပ်ရဲ့ နောင်တော်ကြီး ဖိုးစိန် နဲ့ စိန်-စိန်ချင်း ထပ်ခဲ့ကြတယ်လို့ ကြားရတယ်။ ခုတော့ နန်းစိန် ကနေ ဖွားစိန် ဖြစ်နေလောက်ပါပြီ။

လေရူးဝှေ့လိုက်တိုင်း ရွာထိပ်က လက်ပံပင်ကြီးကနေ ဝဲဝဲပြီး ကြွေကျလာတဲ့ လက်ပံပွင့် နီတျာရဲလေးတွေကို လယ်ကန်သင်းဘေးတောအုပ်အစပ်မှာရှိတဲ့ တောင်ပို့ကြီးထဲကနေကြည့်ပြီး လူငယ်တွေသဘာဝ ကြည်နူးနေကြတဲ့ ကျုပ်နဲ့ ကျုပ်ချစ်သူ မိချောတို့ အခုလို လေထဲကနေ ပျံ့လွင့်လာတဲ့ လက်ပံပွင့်ကောက် သီချင်းသံလေးကို ကြားလိုက်ရပြန်တော့ ကိုယ့်ချစ်သူတစ်ယောက်လုံး အနားမှာ ရှိနေ တာတောင် ကျုပ်လေ...ဘယ်ဆီကို လွမ်းလို့ လွမ်းမိမှန်းကို မသိတော့ဘူးဗျို့။ အဟုတ်ပြောတာ။

ဒီအချိန်လေးမှာ ကျုပ်တို့ နှစ်ကောင်စလုံးရဲ့ မျက်လုံးတွေဟာ သလဲသီးမှည့်အရောင်တွေလို ရဲတောက်နေတာပဲ။ အို..ဗျာ..!

ကဗျာဆန်ဆန်ပြောရရင် အချစ်ရည် ရွှန်းလဲ့နေကြတယ်ဆိုပါတော့။ ဒီလိုအချိန်မျိုးမှာ ခါတိုင်းလို

သူလေးကို ထိကပါး ရိကပါး လုပ်ရင် သွား!...လူဆိုး!... ဆိုပြီး ကျုပ်ကျောပြင်ကို ပြောတင်ပြီးထုတာတို့ ဘာတို့ မလုပ်တော့ဘူးဗျ။ ခုတော့ မိချောတို့က ပီဘိကျောက်ရုပ်။ ငြိမ်နေတာပဲ။ ကော့ပျံနေတဲ့ မျက်တောင်လေးတွေ

ဝန်းရံခနေတဲ့ မျက်ဝန်းလဲ့ပြာပြာလေးများဆို...ဟော...!

အခု...စင်းလို့ဗျာ။

အချစ်ရည်ရွှန်းလဲ့နေတဲ့ မျက်လုံးလေးတွေကို စင်းထားပြီး ကျုပ်ခြွေချတော့မယ့် အနမ်းပန်းလေးတွေကို ငံ့လင့်နေတဲ့ သူလေးရဲ့ ပန်းနုရောင် ပါးပြင်မို့မို့လေးတွေဆီကို အနမ်းပန်းတွေ တစ်ပွင့်ချင်း ခြွေချဖို့ ကျုပ် သူ့နား တဖြည်းဖြည်းချင်း တိုးသွားလိုက်တယ်။ ရင်ချင်း အပ်လိုက်ပြီးတော့ မိချောရဲ့ သွယ်လျလျ ကိုယ်လုံးလုလုလေးကို ကျုပ်တစ်ကိုယ်လုံး သိမ်းကျုံးပွေ့ဖက်လိုက်တယ်။ အဲဒီအချိန် အခိုက်အတန့်လေးဟာလေ...ကျုပ်နဲ့မိချောကြားမှာ ကြားလေသွေးရင် ဝေးမှာစိုးတယ် ဆိုတဲ့ အချိန်လေးပေါ့ဗျာ။ မိချောရော ကျုပ်ရော အသက်ရှုဖို့တောင် မေ့နေခဲ့ကြတဲ့ အချိန်လေးလို့တောင် ထင်ခဲ့ကြပါတယ်။ အဲဒီလို ကျုပ်တို့နှစ်ကောင်သား အကြည်ဆိုက်နေတဲ့အချိန်လေးမှာ ရုတ်တရက် ကျုပ်နားထဲ ဆင်ဆာဖြတ်လိုက်တဲ့ အသံ တွေကို သဲ့သဲ့လေး ကြားလိုက်ရတယ်။

ဝုတ် ! ဝုတ်။

ဝုတ် ! ဝုတ်။

အဲဒီလို ခွေးဟောင်သံတွေ ကြားလိုက်ရတော့ ကျုပ်ရုတ်တရက် လန့်ပြီး မိချောကို ပွေ့ဖက်ထားရာကနေ တွန်းပစ်လိုက်လို့ သူ့ခမျာ မြေပြင်ပေါ် ပက်လက်ကလေး ကျသွားရှာတယ်။

တောက် !...ငါ့နယ်ကွာ။

အရေးကောင်း ဒိန်းဒေါင်းဖျက် ဆိုတဲ့စကား ခင်ဗျားကြားဖူးလား !။

ကျုပ်လေ တိုင်နဲ့ခေါင်းနဲ့သာ ပြေးပြေးပြီး ဆောင့်ပစ်လိုက်ချင်တော့တယ်။ သိလား။
ကဲ!...လိုရင်း တိုရှင်းပဲ ပြောလိုက်တော့မယ်ဗျာ။

မင်္ဂလာဦးညမှာ ကျုပ် ကင်း ကျခဲ့ပါတယ်။

မိချော !...ထစမ်း !...ထစမ်း !...ခွေးဟောင်သံတွေကြားရတယ်။ အသံတွေက အစ်ကိုကြီးတို့ တောင်ပို့နဲ့ နီးနီးလာပြီ။

သတိထား။ အရေးရယ်အကြောင်းရယ်ဆိုရင် ထွက်ပြေးနိုင်အောင် အသင့်အနေအထားနဲ့ စောင့်နေ။

ကျုပ် အဲဒီလို သတိပေးနေတုန်းမှာပဲ ဒုတ် ဆိုတဲ့အသံကြားလိုက်ရတယ်။ ကျုပ်တို့နေတဲ့ တောင်ပို့ကို ပေါက်ပြားနဲ့ပေါက်ပြီး ဖြိုလိုက်တဲ့အသံပေါ့။ ဒီအသံဟာ ကျုပ်နားထဲတော့ ကမ္ဘာပေါ်မှာ အကျယ်လောင်ဆုံး အသံအဖြစ် သတ်မှတ်ထားတဲ့ ဝေလငါးပြာကြီးတွေရဲ့ အော်သံ (၁၈၈) ဒက်ဆီဘယ်ထက်ကို ပိုပြီးကျယ်လောင်သွားတယ်လို့ ထင်ခဲ့မိပါတယ်။ နောက်ပြီး မကြာမီ အချိန်အတွင်းမှာ ကျုပ်နဲ့ မိချောကို ကိန္နရီချောင်းခြားဖြစ်စေပြီး နှစ်ပေါင်းခုနစ်ရာ ဆွေးခိုင်းတော့မယ့်

အသံဆိုတာကိုလည်း ကျုပ်ရဲ့ အတွေ့အကြုံအရ အတတ်သိလိုက်ပါတယ်။ ဒါကြောင့် ကျုပ် မိချောကို တစ်ကိုယ်လုံး ဆွဲပွေ့ထူလိုက်ပြီး သူ့ပါးပြင်နှစ်ဖက်ကို အားရပါးရနမ်းပစ်လိုက်တယ်။ အဲဒီလို အနမ်းပန်းတွေ ခြွေပြီးတော့မှ ခန္ဓာကိုယ်ချင်း ခွာလိုက်ပြီး မိချောကို တိုးတိုးလေး ပြောလိုက်တယ်။

မိချော !... ဒီလူတွေ အစ်ကိုကြီးတို့ အောင်းနေတဲ့ တောင်ပို့ကို စဖြိုနေကြပြီ။ ခု အစ်ကိုကြီးတို့ အောင်းနေတဲ့နေရာနဲ့ နီးလာတာနဲ့တပြိုင်တည်း မိချောက ဟောဟိုဘက်က တောင်တန်း ဘက်ကို မြန်မြန်ပြေး။ အစ်ကိုကြီးက ဒီဘက်က တောတန်းဘက်ကို ပြေးမယ်။ သူတို့ကို ဖြည်းဖြည်းချင်း မျှားခေါ်ပြီးပြေးမယ်။ ကြားလား။

သူတို့တွေ ဖြည်းဖြည်းချင်းပြေးနေတဲ့ အစ်ကိုကြီးဘက်ကို လိုက်ဖမ်း နေကြတုန်းမှာ မိချော လွတ်အောင် ပြေးပေတော့။ အစ်ကိုကြီးအတွက် ဘာမှမပူနဲ့ သိလား။ သူတို့နဲ့ နီးလာပြီဆိုရင် အစ်ကိုကြီးပြေးနှုန်းကိုတင်ပြီးပြေးမှာ။ မိချော အစ်ကိုကြီးပြောတာ နားလည်တယ်နော်။

အချစ်ကလေးရဲ့ မေးစေ့ကို ကိုင်လှုပ်ပြီး ကျုပ် အဲဒီလို သတိပေးစကားတွေ ပြောအပြီးမှာ..သူလေးက ခေါင်းလေးခါခါပြီး ကျုပ်ကို ဘာပြန်ပြောတယ်မှတ်လဲ။

မိချောလေ...ဟင့်! ဟင့်!...

မိချော... ကိုကြီးနဲ့ ကြာကြီး...ခွဲနိုင်ဘူး... တဲ့။

သွားပြီ။

ကျုပ်ရင်ထဲမှာ နေဆယ်စင်းထွက်သွားပြီ။

ကျုပ်အသည်းတွေ၊ နလုံးတွေ၊ ကျောက်ကပ်တွေ အိုဗျာ...ရှိရှိသမျှကလီစာတွေ အားလုံး၊ အားလုံး ပြောင်းဆန်ကုန်ပြီဗျ။ ပြောင်းဆန်ကုန်ပြီ။

ဟား !...ဟား !...ဟား!... မိချောတို့ ချွဲလိုက်ပုံ ကတော့ ဂီးနက်ကမ္ဘာ့စံချိန်များ စာအုပ်မှာ မှတ်တမ်းတင်လောက်တယ်။ ဒီလောက် သေရေးရှင်ရေး ဖြစ်နေတဲ့အချိန်မှာတောင် အစ်ကိုကြီးနဲ့ အကြာကြီး မခွဲနိုင်ဘူး ဆိုတဲ့ စကားကို ပီအောင် မပြောနိုင်တော့ဘူး။ ကြည့်ဦး။

ကိုကြီးနဲ့ ကြာကြီး ခွဲနိုင်ဘူး... တဲ့။

ဟီး !ဟီး..!ဟီး..!။

မိချော ချွဲပုံပြောပါတယ်။

အင်း !...

ပြောမယ့်သာ ပြောရတာပါ။

မိချောရဲ့ အဲဒီချွဲလုံး လေးတွေနဲ့ ကျုပ်နားနဲ့ အီစီကလီဖြစ်နေတာ ကြာလှပြီ။ ကျုပ်က အသည်းနတဲ့သူဆိုတော့ ခင်ဗျားတို့ဆီက နာမည်ကြီးအဆိုတော်ခင်မောင်ထူး လို ချွဲမနေနဲ့ လို့လည်း အချစ်လေးကို မပြောရက်ပါဘူးဗျာ။

အဲဒီလိုနဲ့ အလွမ်းသယ်ပြီး ချစ်ချင်းငယ်ပြိုင်နေကြတဲ့ ကျုပ်တို့နှစ်ကောင် တောင်ပို့ကို ဖြိုနေတဲ့အသံတွေလည်း တဖြည်းဖြည်း နီးလာရော...အပြင်က တောတန်းဘက်တွေကို ထွက်ပြေးကြဖို့နှစ်ကောင်သား ကျောခြင်းကပ်လိုက်ကြတယ်။

အခန်း ( ၄ )

အချစ်လေးက မြစိမ်းရောင်တောအုပ် ဘက်ကို မျက်နှာမူ လိုက်တယ်။ ကျုပ်ကတော့ စိမ်းရောင်စိုတောအုပ် ဘက်ကို မျက်နှာမူလိုက်တယ်။ အဲဒီလို ဆန့်ကျင်ဘက်အရပ်တွေကို နှစ်ကောင်ခွဲပြီးပြေးမှ ကျုပ်အချစ်လေး အသက်ရှင်ကျန်ရစ်မှာပေါ့။ နို့မို့ကတော့ နှစ်လောင်းပြိုင် ဖြစ်သွားမယ်။ ကျုပ်အဖို့တော့ အချစ်အတွက်ဆိုအသက်ပင်သေသေပါ။ မကြာမီ အချိန်လေးအတွင်းမှာ ခွဲခွါကြရတော့မှာမို့ ကျုပ်တို့ ချစ်သူနှစ်ကောင်စလုံး ကိုယ်ပြေးရမယ့် တောအုပ်တွေဘက်ကို မျက်နှာမူထားပြီး ဝမ်းနည်းတဲ့စိတ်တွေနဲ့ ခေတ္တ ငြိမ်သက်နေကြတယ်။

အဲဒီလို...အခိုက်အတန့် ငြိမ်သက်နေတဲ့အချိန်လေးမှာ သူလေးရဲ့ ကျောပြင်နဲ့ ထိကပ်နေတဲ့ ကျုပ်ရဲ့ကျောပြင် ရုတ်တရက် သိမ့်ကနဲလှုပ်သွားပြီး ဟင့်!... ဆိုတဲ့ ရှိုက်သံတစ်ချက် ကြားလိုက်ရတယ်။

ဒါနဲ့ ကျုပ်လည်း စိတ်မဖြောင့်တော့လို့ စိမ်းရောင်စိုတောအုပ် ဘက် ထွက်ပြေးမယ့်စိတ်ကို ခေတ္တ ထိန်းချုပ်လိုက်ပြီး သူလေးကို လည်ပြန်ကြည့်လိုက်မိတယ်။ ဟောဗျ !...သူလေးကလည်း ကျုပ်ကို လည်ပြန်ကြည့်နေလို့ ကျုပ်တို့ ချစ်သူနှစ်ကောင် အကြည့်ချင်း ဆုံသွားကြတယ်။ အဲဒီလို အကြည့်ချင်း ဆုံတုန်းမှာ ချစ်သူလေးရဲ့ ကော့ပျံ့ တက်နေတဲ့ မျက်တောင်လေးတွေအောက်က မျက်ဝန်းလဲ့ပြာပြာလေး တွေဆီမှာ တွဲရရွဲခိုနေတဲ့ ပုလဲမျက်ရည်စလေးတွေကိုလည်း မြင်လိုက်ရော... ကျုပ်လေ...ကျုပ်...ရင်ထဲမှာလှိုက်ကနဲဖိုသွားပြီး

စိတ်မထိန်းနိုင်တော့ဘူးဗျို့!

ဘာပြောတယ်...!

ခင်ဗျားရော ငိုသေးလား !...ဟုတ်လား !...

ခင်ဗျားမို့လို့...ဒီမေးခွန်း ကျုပ်ကို မေးရက်တယ်။

ကျုပ်အချစ်လေးတစ်ကောင်လုံးက ကျုပ်နဲ့ ခွဲခွါရတော့မှာမို့ ဝမ်းနည်းပက်လက်ဖြစ်ပြီး ကြိတ်ငိုနေတာကို ကျုပ်က သူငိုတာကြည့်ပြီးတဟားဟားနဲ့ ရယ်နေရမှာလား!...နောက်ပြီး...ကျုပ် ဆိုတဲ့ကောင်ကကော ဘာသားနဲ့ ထု ထားတာမို့လဲ !...

ပုထုဇဉ်ဗျ ! ပုထုဇဉ် !...

မရက်ပါဘူး။ ကျုပ်လည်း ငိုမိတာပေါ့။ ငိုမိတာမှ ရိုးရိုးတောင်မဟုတ်ဘူး။ ရှယ် ကို ငိုမိတာ။ ရှယ်ငိုတာ ဆိုတာ အထီးကြီးတန်မဲ့ တအီးအီးနဲ့ အသံထွက်ပြီး ရှိုက်ကြီးတငင်ငင် ငိုမိတာကို ပြောတာ။ အဲဒီတုန်းက ကျုပ် ငိုမိချက်များ...ကျုပ်ချစ်သူလေးကတောင်...တိတ်ပါတော့

ကိုကိုလတ်ရယ် !...(အဲလေ ယောင်လို့) တိတ်ပါတော့ ကိုကိုလင်းရယ် ! နော် ! နော် !... လို့ တနော်ထဲနော်ပြီး ပြန်ချော့ယူရတယ်။ သူအချော့မြန်လို့။ နို့မို့ဆို...

ကျုပ် (Heart) ဟတ် ထိပြီး သတိတောင် လစ်သွားနိုင်တယ်။ ပြောထားပြီးပြီပဲ။ အသည်းနုပါတယ်လို့။ ကျုပ်က ပျော်စရာရှိရင်လည်းကွေးနေအောင် က ပစ်လိုက်ချင်တာ။ ဝမ်းနည်းစရာရှိရင်လည်းကျုပ် မျက်ရည်က ရှုရှုး ထက်တောင် အထွက်မြန်သေး။ ဒါကြောင့် ကျုပ်က ဒီအရွယ်ကြီးမှာ လွမ်းရ ဆွေးရမယ့် အရွယ်ငယ်ငယ်လေးတွေကို ရှောင်တာ။

အခန်း (၅ )

တစ်ကောင့်ကို တစ်ကောင် ချော့မော့ကြလို့ အငိုတိတ်သွားပြီး တဲ့နောက်မှာ ကျုပ်တို့ချစ်သူနှစ်ကောင် ကျောချင်းပြန်ကပ်လိုက်ကြပါတယ်။ ပြီးတော့ ကျုပ်ကပဲ စပြီး Ready (ရယ်ဒီ) လို့ သတိပေး လိုက်တယ်။

ဝမ်း ! တူး !... သရီး !

အစ်ကိုကြီးပြေးပြီ မိချောရေ။ လူသံတွေ နည်းနည်းတိတ်သွားမှ မိချောပြေး... လို့ သတိပေးခဲ့ပြီး လေးညှို့ကနေ လွှတ်လိုက်တဲ့ မျှားတစ်စင်းလို ကျုပ် သုတ်ခြေတင်ပြီး ပြေးလိုက်တယ်။ ခပ်လှမ်းလှမ်းလောက်ရောက်မှ မြွေဖမ်းတဲ့သူတွေမြင်အောင် ဖြည်းဖြည်းချင်း မျှားပြီး အရှိန်လျှော့ပြေးခဲ့တယ်။ အဲဒီလို သူတို့ကို မျှားပြေးပြီးခဏနေတော့ နောက်ကို လှည့်ကြည့်လိုက်တယ်။

အိုး !...

ကျုပ်နောက်လိုက်ဖမ်းတဲ့ ပရိသတ် ဘယ်နည်းလိမ့်မလဲ။ ခွေးချည်းကိုက သုံးကောင်တောင်ရှိတယ်။ လူက ခြောက်ယောက်။ ကျုပ်က ရှေ့ကပြေး၊ သူတို့က နောက်ကလိုက်နဲ့။

ဟား !...ဟား !...ဟား !...ကျုပ်တို့ငယ်ငယ်က စိမ်ပြေးတမ်း ကစားနေတာကျနေတာပဲ။ အရေးထဲမှာ အရာပေါ်ပျာကြော်ငြာက ဝင်လာသေးတယ်ဗျို့။ ပြေးနေတဲ့ ကျုပ်ရဲ့ စိတ်အာရုံထဲမှာ ကျုပ် မကြာခဏကြားဖူးတဲ့ မင်းသားကြီး (ဦး)ကျော်ဟိန်းရဲ့ အဓိပ္ပာယ်ရှိသော စင်ပေါ်ကအသံများတေးသီချင်းစီးရီးခွေထဲက -

သွားရတော့မယ် ___ အချစ်ရယ် ___ နှုတ်ဆက်ခဲ့ပါတယ်_

ကိုယ်တကယ် ___ မခံစားနိုင်ဘူး ___ အချစ်ရယ် ___

ဆိုတဲ့ သီချင်းသံစဉ်လေးတွေကို ပြေးရင်းလွှားရင်း ကျုပ်နားထဲ ကြားကြားလာလို့ မနည်းကို အာရုံဖျောက်ပြီး ပြေးခဲ့ရတယ်။

ခန္ဓာကိုယ်ကသာ ပြေးနေတာ၊ စိတ်က မိချော ဆီပဲ ရောက်နေတယ်။ သူလေး လွတ်မှလွတ်ပါ့မလား !...၊ သူပြေးတဲ့ မြစ်မ်းရောင်တောတန်း ဘက်ကို ဒီလူတွေ လူစုခွဲပြီးများ လိုက်ကြသေးလား..ဆိုပြီး စိတ်ပူမိတယ်။ ဒါကြောင့်...ကျုပ်နောက်ကနေ လိုက်လာတဲ့ လူတွေနဲ့ ဝေးနေသေးတဲ့

ခပ်လှမ်းလှမ်းနေရာမှာ ကျုပ် ဆတ်ကနဲအမြီးထောက်ပြီး အဲဒီ မြစိမ်းရောင်တောတန်း ဘက်ကို သမင်လည်ပြန် (အဲ..အဲ..လင်းမြွေလည်ပြန်) ကြည့်လိုက်တယ်။

ဟာ !...ကျုပ် စိတ်ချမ်းသာလိုက်တာဗျာ။ အဲဒီ ပရိသတ် အားလုံး ကျုပ်နောက်ကိုပဲ လိုက်ဖမ်းနေကြတာဗျ။ မိချောပြေးတဲ့ဘက်မှာ လူတွေရော၊ ခွေးတွေရော မမြင်ဘူး။ ဒါကြောင့် မိချောအတွက် ကျုပ် စိတ်အေးရပြီပေါ့ဗျာ။ အဲဒီအခိုက်အတန့်လေးမှာပဲ ကျုပ်စိတ်ကို လျှော့ချလိုက်တယ်။ သထုံမှာ ဗျတ်ဝိက မအိုဇာရဲ့ကွမ်းတစ်ယာ ရေတစ်မှုတ်နဲ့ စိတ်လျှော့ခဲ့တာပါ။

ခု...ကျုပ်က တော့ ဟောဒီ စိမ်းရောင်စိုတောတန်း နားမှာပဲ မိချောပေါ်ချစ်တဲ့ ကျုပ်ရဲ့ ချစ်ဇောနဲ့ စိတ်လျှော့ပစ်လိုက်တယ်။ တိုတိုပဲ ပြောကြပါစို့ဗျာ။ နောက်ဆုံးတော့ အဲဒီလူတွေ ကျုပ်ကို ဖမ်းမိသွားပြီး ကျုပ်လည်း မြွေဖမ်းသမားတစ်ဦးရဲ့အိမ်က မြွေတွေ လှောင်တဲ့ ထင်းရှူးသေတ္တာထဲ ရောက်ခဲ့ရပါတယ်။

အခန်း ( ၆ )

ကျုပ်ရဲ့ ထင်းရှူးသေတ္တာထဲက အတွေ့အကြုံလား !...

အင်း !...

အဲ့ဒီအကြောင်းတွေ ပြန်ပြောပြရင် ခင်ဗျား မျက်ရည်တောက်တောက် ကျသွားလိမ့်မယ်ထင်တယ်။ ထင်းရှူးသေတ္တာထဲမှာ ဖမ်းပြီး လှောင်ထားခံရတဲ့ကောင်တွေ တော်တော်များတယ်ဗျ။ သူတို့ကို ဘာအကောင်ဘလောင်မှ မကျွေးဘူး။ အဲဒီတော့အရင်က ကြွက်တို့၊ ဖားတို့၊ ငှက်တို့ကို အကောင်လိုက် မျိုဆို့လာပြီး ထောင်ထောင်နေခဲ့ကြတဲ့ကောင်တွေ။ ခုတော့ တစ်နေ့တစ်နေ့ နွားနို့အစိမ်းတွေကိုချည်း သောက်သောက်နေရတော့ အားလုံး ဝမ်းတွေလျှော့ပြီး နုံးချည့်ကုန်ကြရော... အဲဒီမှာပဲ ကျုပ်တို့အားလုံး(ခင်ဗျားတို့ဆီက ကျုပ်ကြားဖူးတဲ့) ရှင်မဟာရဋ္ဌသာရရဲ့ ကိုးခန်းပျို့ ထဲက စိတ်ကြမ်း မာန်လျှော့ ငါကန်တော့၏ ဆိုတဲ့ စာသားလေး တွေရွတ်ပြီး ထင်းရှူး သေတ္တာထဲမှာ ငြိမ်နေလိုက်ကြပုံများဗျာ...

လူတောသားစကားနဲ့ ပြောရရင် ကျောက်ဆင်းတုကို မေ့ဆေးပေးထားသလား အောက်မေ့ရတယ်။ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုး ဆိုတဲ့ စကားဟာ အဲဒီ ထင်းရှူးသေတ္တာထဲက ကောင်တွေကို ပြောတာနေမှာ။

တစ်ရက်။

ဝမ်းတွေ လျှောထားလို့ နုံးချည့်နေရတဲ့အထဲ အစာချေ အဖွဲ့အစည်းက အမ်ပြူးလင့် သံတွေ တဂွီဂွီ မြည်လာတော့ စိတ်ကတော်တော်ညစ်နေပြီ။ အဲဒီလို ဆာလို့မှ စိတ်ညစ်နေရတဲ့အထဲ ဟိုကောင်တွေ၊ ဟိုကောင်တွေဗျာ။ မြွေပွေးဆိုတဲ့ အကောင်တွေပေါ့။ သူတို့က တစ်မောင့်။ နည်းနည်းလေးမှ သည်းညည်းမခံကြဘူး။ သူတို့ကို နည်းနည်းမထိလိုက်နဲ့၊ ထိလိုက်တာနဲ့ တပြိုင်တည်း နဖူးနဲ့ ဟိုဒင်း ထိမတတ် ခွေနေရာကနေ သူ့လာထိတဲ့ကောင်ကို ဖိုးကနဲဇတ်ကနဲ လှမ်း ကစ် တော့တာပဲ။

လုပ်ပြီ။ ခင်ဗျားက။ ကျုပ်က နဖူးနဲ့ဟိုဒင်း ထိမတတ် ခွေနေရာ ကနေ...လို့ပြောလိုက်မိတာနဲ့ မျက်စိလေး ပေကလပ် ပေကလပ် လုပ်ပြီး တလွဲမတွေးနဲ့ဦး။ ကျုပ်က ပြောချင်ဇောကြီးပြီး ဖြန်းကနဲ

မေ့သွားလို့ ဟိုဒင်း လို့ ပြောလိုက်မိတာ။ ကျုပ်ပြောတဲ့ ဟိုဒင်းဆိုတာ အမြီးကိုပြောတာဗျ။ အမြီးကိုပြောတာ။ တော်ပါသေးရဲ့...

အမြီးကယ်ပေလို့။ ကျုပ်လည်း ဒီကောင်တွေကို ပထမတော့ သည်းခံ နေပါသေးတယ်။ အော် ! သူတို့ခမျာမှာ အဖမ်းခံရစဉ်တုန်းက အစွယ်တွေကို ဓားနဲ့ကလော်ပြီး အချိုးခံထားရတဲ့ဒဏ်ရာက နာတာကြောင့် စိတ်တိုပြီး ရန်လိုမိတာနေမှာပါဆိုပြီး ကိုယ့်စိတ်ကို ကိုယ်ဖြေပါသေးတယ်။ ကျုပ်တို့က သူတို့လို အစွယ်အချိုးမခံရဘူးဗျ။

အဆိပ်မရှိလို့။ သူတို့ကျတော့ အဆိပ်ရှိလို့ အစွယ်တွေကို အချိုးခံရတယ်။ သူတို့စိတ်ရင်းအတိုင်း အကျိုးပေးတာလေဗျာ။ ဒီကောင်တွေကလည်း ဒီကောင်တွေပဲ။ သူတို့ရဲ့ဇိဇကိုက ယုတ်မာကြတယ်။ သူတို့ယုတ်မာပုံနဲ့ပတ်သက်လို့ ကျုပ်ကြားဖူးတာလေး ခင်ဗျားကို ပြောပြရဦးမယ်။

ဒီလိုဗျ...။

တစ်ခါက တောင်ထိပ်ကို ခက်ခက်ခဲခဲ တက်လာခဲ့ရတဲ့ လူရိုင်းနီ တစ်ယောက်ဟာ တောင်ထိပ်မှာ မြွေပွေးတစ်ကောင်နဲ့တွေ့တော့ မြွေပွေးက လူရိုင်းနီကို သူ့အနေနဲ့ ဒီတောင်ပေါ်မှာ အစာရေစာ ရှားပါးလာလို့ လူရိုင်းနီ တောင်အောက်ကို ပြန်ဆင်းရင် သူ့ကိုပါ ခေါ်ပါ။ သူလိုက်ခဲ့ပါရစေလို့ ပြောတယ်။ အဲဒီအခါမှာ လူရိုင်းနီက ဟာ!...မခေါ်နိုင်ပါဘူး။ မင်း ငါ့ကို ကိုက်လိုက်ရင် ဘယ့်နယ်လုပ်မှာလဲလို့ ပြန်ပြီးပြောပါတယ်။ မြွေပွေးက ခေါ်သာ ခေါ်ပါဗျာ...ကျုပ် ခင်ဗျားကို မကိုက်ပါဘူးလို့ အတန်တန်ကတိပေးတဲ့အတွက် လူရိုင်းနီက မြွေပွေးကို တောင်အောက်ကိုခေါ်ဆောင်လာခဲ့ပါတယ်။ တောင်အောက်ရောက်လို့ လူရိုင်းနီရဲ့ လက်ထဲကနေလည်း ဆင်းရော မြွေပွေးက လူရိုင်းနီကို ကိုက်လိုက်တယ်။

အဲဒီအခါမှာ လူရိုင်းနီက ဟေ့ကောင် ! မင်း ငါ့ကို မကိုက်ပါဘူးလို့ အတန်တန် ကတိပေးခဲ့လို့ မင်းကို ငါတောင်အောက်ခေါ်လာတာ အခုဘာဖြစ်လို့ ငါ့ကို ကိုက်တာလဲ...လို့ လူရိုင်းနီက မေးတော့ မြွေပွေးက ငါ ဘယ်လိုကောင်ဆိုတာ မင်း အစကတည်းက သိပြီးသား မဟုတ်လား လို့ ပြောပြီး ထွက်သွားသတဲ့။

ကဲ ! ဒီကောင်တွေက အဲ့ဒီလောက်ကို သစ္စာမဲ့ကြတာဗျ။ ဒါကြောင့်လည်း မြွေပွေး ခါးပိုက်မပိုက်နဲ့ဆိုတဲ့ ဆုံးမစကား ပေါ်လာ တာနေမှာ။ ဆတ်ဆတ်ထိ မခံကြဘူး။ ဒီကြားထဲမှာ... မြွေပွေးဆိုတာ သူ့ထိလို့ကတော့ ယင်ကောင်တောင် အလွတ်မပေးဘူး ဆိုပြီး ဒီကောင်တွေကို မြှောက်ထိုးပင့်ကော် လုပ်ပေးထားတဲ့ စကားကလည်း ရှိသေး။ အဲဒီတော့...ဒင်းတို့က မိုးမမြင်လေမမြင်ဖြစ်လာပြီး ပိုဆိုးလာရော။

ဒါပေမယ့်ဗျာ သူ့ဘာသာသူ အပြင်လောကမှာ ဆိုးချင်ဆိုး။ ဆတ်ချင်ဆတ်။ ဒီ ထင်းရှူးသေတ္တာထဲမှာတော့ ဒုက္ခရောက်နေကြတဲ့ သူချင်းအတူတူ ဘုဘူချင်း တစ်မလုပ်နဲ့လေ။ ဒါမျိုးတော့ ဘယ်ခံလိမ့်မတုန်း။ သည်းညည်းခံတယ်ဆိုတာ အတိုင်းအတာတစ်ခုတော့ ရှိတယ်လေဗျာ။ ဟုတ်တယ်၊ ဟုတ်။

ပထမ တစ်ခါ၊ နှစ်ခါ၊ သုံးခါထိ သူ့ခန္ဓာကိုယ်နဲ့ ကျုပ်ကိုယ်လုံးနဲ့ မတော်တဆ ထိမိတိုင်း ဒီကောင် ကျုပ်ကိုလှမ်းပြီး ကစ် ကစ်နေတာ ကျုပ် သည်းညည်းခံခဲ့ပါတယ်။ အခုတော့ ကျုပ်ရဲ့ သည်းခံမှုအတိုင်းအတာ လွန်သွားပြီ။ ခင်ဗျားစဉ်းစားကြည့်၊ ဒီလောက် ထင်းရှူးသေတ္တာ ကျဉ်းကျဉ်းလေးထဲမှာ ကျုပ်တို့လို လင်းမြွေတွေရော မြွေပွေးတွေပါ အချိန်တစ်ဆယ် မပြည့်မချင်း မကွေးကို မပို့သေးဘဲ နေ့စဉ်စုဆောင်းပြီး ထည့်ထည့်နေတာ ဒီလောက်လေးတော့

တစ်ကောင့်တစ်ကောင် ထိမိခိုက်မိတာ ရှိမှာပေါ့ဗျာ။ ဒါတောင် ထောင်ထောင် ထောင်ထောင်နေတတ်တဲ့ မြွေဟောက်ဆိုတဲ့ အကောင်တွေမပါလို့။ သူတို့ကိုကျတော့ အခုလောလောဆယ် ဈေးကွက်မရှိလို့ မဖမ်းကြဘူး။ အဲဒီကောင်တွေများ ပါလာရင် ပိုပြီးဆိုးဦးမှာ။ ကြောက်စရာကောင်းပုံနဲ့ ပတ်သက်ရင် ကုန်းမှာ မြွေပွေး၊ ရေမှာ ငရွှေး (ငါးရွှေး) ဆိုတဲ့ စာချိုးလေးကလည်း ရှိနေတော့ အခု ဒီကောင်တွေက မြောက်တောက်တောက်နဲ့။ အထိမခံ ရွှေပန်းကန်ဖြစ်လာကြတယ်။ တော်ရုံတန်ရုံကို သည်းမခံချင်ကြတော့ဘူးဗျာ။

ဒီတော့ ဆာလို့မှ စိတ်တိုနေတဲ့ ကျုပ်ကလည်း ဒီလောက် အဖြစ်သည်းတဲ့ကောင်တွေ သိကြရောပေါ့ကွာ... ဆိုပြီး ကျုပ်ရဲ့ ဗလအားကိုးနဲ့ အဲဒီကောင်တွေကို တစ်ကောင်ချင်း ရစ်ပတ်ပြီး ဆွဲဆန့်ပစ်လိုက်တယ်။ ကျုပ်ရဲ့ ရစ်ပတ်ပြီး ဆွဲဆန့်လိုက်တဲ့အားကို ဒီကောင်တွေ ဘယ်ခံနိုင်လိမ့်မတုံး။ ဒင်းတို့အားလုံး အတုန်းအရုံးပဲ။ ကျုပ်အဲဒီလို ပွဲကြမ်းပြီးတဲ့နောက်ပိုင်းမှာ မြွေဖမ်းတဲ့သူတွေ မြွေပွေးတွေနဲ့ ကျုပ်တို့လင်းမြွေတွေကို အတူတူတွဲပြီး လှောင်မထားရဲကြတော့ဘူး။

သီးခြားစီ ခွဲပြီးလှောင်ကြတော့တယ်။ တကယ့်လက်တွေ့မှာ ကျုပ်တို့ လင်းမြွေဆိုတာ ဒီကောင်တွေနဲ့

ယှဉ်လိုက်ရင် ဆင်နဲ့ဆိတ်ပါ။ မြွေပွေးဆိုတာ တိုတိုလေးရယ်။ ကျုပ်တို့က သူတို့ထက် နှစ်ပြန် သုံးပြန်ရှည်တယ်လေဗျာ။ ခန္ဓာကိုယ် လုံးပတ်ခြင်း ယှဉ်လိုက်ဦးမလား ကျုပ်တို့က ပိုထွားတယ်။ ဒါကြောင့် ကျုပ်တို့ မြွေလောကမှာ ကျုပ်တို့ လင်းမြွေတွေကို အကောင်ကြီးကြီး အမြီးရှည်ရှည် ကောင်တွေဆိုပြီး စကြ နောက်ကြသလို ငန်းမြွေကြီးတွေကျတော့ အာန်း တဲ့။ စပါးကြီး တို့၊ စပါးအုံး တို့ကိုကျတော့ဗလကြီး တို့၊ ဆင်ပေါက်တို့ လို့ ခေါ်ပြီ စကြ နောက်ကြတယ်။

တချို့ကျတော့လည်း ကျုပ်တို့ကို အဆင့်မရှိဘူး တစ်လုံးချို့ ဆိုပြီး နှိမ်ကြတယ်။ အဆိပ်မရှိလို့တဲ့။

ကျန်တဲ့နေရာတွေမှာသာ အဆင့်မရှိဘူးဆိုပြီး နှိမ်ကြတာ။ သေရမယ့် နေရာကျတော့ ကျုပ်တို့လင်းမြွေတွေရဲ့ တိုကင်နံပါတ်က နံပါတ်ဝမ်း တစ်။ ဂဏန်းတစ်။ ရှေ့ဆုံးက။ ဘယ်သူတောင်းစားကများ လင်းမြွေသားကို ကြက်သားနဲ့ လဲမစားနိုင်ဘူးလေး ဘာလေးနဲ့အချွန်နဲ့ မ လိုက်တယ်မသိပါဘူး။ အခုဆိုရင် ကျုပ်တို့ လင်းမြွေတွေကို ကြက်သားထက်တောင် ဈေးပိုပေးပြီး ကောက်နေကြတယ်။ ဒီနှစ်ထဲမှာ ကြက်ငှက်တုပ်ကွေးတွေ ကျနေကြလို့လားမသိပါဘူးဗျာ ကျုပ်တို့လင်းမြွေတစ်ပိဿာကို ၄၅၀၀ ကျပ်တောင် ပေးပြီး ကောက်နေကြတယ်။ မြွေပွေးကိုတော့ တစ်ပိဿာ ၂၅၀၀ ကျပ်ကနေ ၃၀၀၀ ကျပ်အထိပဲ ပေးကောက်ကြတယ်။

အဲဒီတော့...မကွေး တို့၊ မင်းဘူးတို့နယ်ဘက်တစ်ဝိုက်က ဇရပ်ကြီးတို့၊ ကြီးပင်ကန်တို့၊ ရေပုတ်တို့၊ ခံကုန်းတို့၊ ကတီးတို့ ရွာတွေမှာ ဖမ်းလိုက်ကြတဲ့ လင်းမြွေတွေ။ ခုတော့ ကျုပ်တို့မှာ နေ့စဉ်နဲ့အမျှ ကျိုးလန့်စာစား ဖြစ်နေရတယ်။ ဒီမှာတောင်ဒီလောက်ဈေးကောင်းပေးပြီး ကောက်နေကြရင် နိုင်ငံခြားရောက်သွားတဲ့ကောင်တွေ ဈေးဘယ်လောက် မြင့်တက်သွားမလဲဆိုတာခင်ဗျား စဉ်းစားသာကြည့်တော့။

တလောလေးက တောင်ကိုရီးယားနိုင်ငံက နာမည်ကြီး ဟိုတယ်ကြီးတစ်ခုမှာ နဂါးသုံးကောင် ဟင်းလျာ ဆိုပြီး နာမည်ကြီး လွန်းလို့ စုံစမ်းကြည့်တော့ ငန်းတော်ကျားရယ်၊ မြွေပွေးရယ်၊ မြွေဟောက်ရယ် သုံးကောင်ကို သူတို့ရဲ့ ထုံးစံအတိုင်း စားချင်စဖွယ် ဖြစ်အောင် ဒီဇိုင်း လှလှပပပြင်ဆင်ထားတဲ့ ဟင်းလျာဖြစ်နေတယ်။ဈေးနှုန်း စုံစမ်းကြည့်လိုက်တော့ တစ်ပွဲကို မြန်မာကျပ်ငွေနဲ့ ငါးသောင်းလောက် ကျနေတယ်။ တော်ရုံလူ ဘယ်စားနိုင်ပါ့မလဲဗျာ။ နောက်ပြီး နိုင်ငံခြားရောက်သွားတဲ့ ကျုပ်တို့မြွေတွေရဲ့ အနိဋ္ဌာရုံ ကိုလည်း ကြုံတုန်း ပြောပြလိုက်ဦးမယ်။ ကျုပ်တို့ မြွေအမျိုးအစား အားလုံးကို မှန်ကန်ကြီး တစ်ခုထဲမှာ ထည့်ထားတယ်။ မှန်ကန်ထဲမှာ

ရှိနေကြတဲ့ ငန်းတော်ကျားတွေ၊ မြွေပွေးတွေ၊ မြွေဟောက်တွေထဲကမှ ကြိုက်တဲ့ကောင်ကို လက်ညှိုးထိုးပြလိုက်ရင် လက်အိတ်စွပ်ထားတဲ့ လူက အဲဒီမြွေကို မှန်ကန်ထဲကနေ ထုတ်ယူပြီး ဝါးလုံးတန်းမှာဆွဲထားတဲ့ ကွင်းလျှော့လေးမှာ မြွေရဲ့ဦးခေါင်းကို ချည်လိုက်တယ်။

မြွေရဲ့ အမြီးကိုတော့ အောက်မှာ ထိုင်နေတဲ့လူက ကိုင်ထားတယ်။ အဲဒီလို အောက်ကလူက အမြီးကို ဆွဲထားချိန်မှာ ခုန လက်အိတ်စွပ်ထားတဲ့လူက ဓားကိုင်ပြီး မြွေရဲ့ရင်ကို ခွဲချလိုက်တယ်။ ရင်ခွဲခံရတဲ့ကောင်ကတော့ ဖျပ်ဖျပ်လူးပြီး တွန့်လိမ်နေတာပေါ့ဗျာ။ အဲဒီလို တွန့်လိမ်နေချိန်မှာပဲ ဝယ်တဲ့လူက ဝါးတူလေး နှစ်ချောင်းကိုင်ပြီး ရင်ခွဲထားတဲ့ နေရာကနေ မြွေရဲ့ အူစုံ၊ အသည်းစုံ (ကလီစာ)တွေကို ဆွဲထုတ်ယူလိုက်တယ်။ ပြီးတော့ ရှေ့စားပွဲပေါ်မှာ ချပေးထားတဲ့ ဆော့စ်လေးနဲ့ တို့ပြီး တလုတ်တည်း စားပစ်လိုက်တယ်။ ခန္ဓာကိုယ်ကြီးကိုတော့ ဒီတိုင်းပဲ ထားပစ်ခဲ့တယ်။ မြွေဝယ်သူက မြွေရဲ့ ကလီစာတွေကိုပဲ ဆော့စ်နဲ့တို့ပြီး စားသွားတာ။ ကျန်တဲ့ ဥတုဇ ရုပ်ကလာပ်ကိုတော့ ဆိုင်ရှင်က စွပ်ပြုတ်လုပ်လိုက်တယ်။

သူတို့ရဲ့ အယူအဆကတော့ အဲဒီမြွေတွေရဲ့ ဝမ်းတွင်းကလီစာ တွေဟာ ယောကျာ်းတွေအတွက် အားဆေးတဲ့။ သူတို့ပြောဆိုနေကြ တာကို ပြောတာပါ။

အခန်း (၇ )

ဟိုး...ရှေးရှေး ကျုပ်တို့ ဘိုး၊ ဘွား၊ ဘီ၊ ဘင်တွေ လက်ထက်တုန်းက သမန်းဆူး စူးရင် လူတွေရော တိရစ္ဆာန်တွေရော သေတယ်တဲ့။ အဲဒီ သမန်းဆူးရဲ့အဆိပ်ကို တန်ခိုးရှင်တစ်ပါးက လင်းမြွေဆီကို ပြောင်းပေးလိုက်တယ်။ ဒီတော့ လင်းမြွေက စူပါပါဝါဖြစ်သွားတာပေါ့။

အဆိပ်လည်း အပြင်းဆုံးတဲ့။ သူညှိုလိုက်တဲ့သတ္တဝါ သစ်ပင်ပေါ်မှာ ရှိရင် ပြုတ်ကျပြီးသေ၊ မြေပြင်ပေါ်မှာရှိရင် လဲကျပြီး သေတယ်တဲ့။ အဲဒီလို စူပါစနိတ် လင်းမြွေဟာ တစ်ရက်မှာ ဝါးရုံကိုင်းတစ်ခုမှာ ချိတ်ဆွဲထားတဲ့ ပလွေတစ်ချောင်းကို မြွေတစ်ကောင်လို့ အထင်မှားခဲ့တယ်။ အဲ့ဒီပလွေက နွားကျောင်းသားတစ်ယောက် ဝါးရုံပင်မှာခဏချိတ်ထားရင်း မေ့ကျန်ရစ်ခဲ့တာ။ တောထဲမှာ လေက တဖြူးဖြူး တိုက်နေတော့ လေတိုးပြီး ပလွေက တရှိုးရှိုးမြည်တယ်။ အဲဒီအသံကို မြွေတွန်သံမှတ်ပြီး လိုက်လာတဲ့ လင်းမြွေဟာ ဝါးရုံပင်က ပလွေကိုလည်း မြင်ရော မြွေမှတ်ပြီး ညှိုလိုက်တယ်။ ပလွေက ဝါးရုံပင် ပေါ်ကနေ ဘယ်ကျလာပါ့မလဲ။ အဲဒီမှာ လင်းမြွေက စိတ်တိုပြီး အဲဒီပလွေနဲ့ အနီးဆုံးနေရာထိ တက်သွားပြီး ညှိုတယ်။ ညှိုလို့မရတော့ ပလွေကို ကိုက်လိုက်တယ်။ ဒါလည်း ပလွေက ဝါးရုံပင်ပေါ်က နေ ဘယ်လိုမှ ကျမလာတော့ လင်းမြွေလည်း စိတ်ညစ်သွားတယ်။

သူ့မှာ အဆိပ်နဲ့ ပတ်သက်လို့ ဘာအာနိသင်မှ မရှိတော့ဘူးလို့ ယူဆပြီး စိတ်ညစ်ညစ်နဲ့ သူ့ဆီက အဆိပ်တွေကို သူ့ကိုပေးခဲ့တဲ့ တန်ခိုးရှင်ကို ပြန်လှူလိုက်တယ်။ အဲဒီအဆိပ်တွေကို တန်ခိုးရှင်က ပထမဦးဆုံး ရောက်လာတဲ့ပုတ်သင်ညိုကို ပေးတယ်။ ပုတ်သင်ညိုက လောဘကြီးတဲ့ကောင်ဆိုတော့ အဆိပ်တွေ များများရအောင် အိတ်သွားချုပ်ဦးမယ်ဆိုပြီး ခဏထွက်သွားတယ်။

ပုတ်သင်ညို အိတ်သွားချုပ်နေတုန်းမှာ မြွေပွေး ရောက်လာပြီး တန်ခိုးရှင်ထံမှာ သစ္စာဆိုပြီး ယူခဲ့တယ်။

သူဆိုခဲ့တဲ့ သစ္စာစကားက သူ့ကို ထိ မှ ကိုက်ပါ့မယ်။ သူမွေး လိုက်တဲ့ သားသမီးတွေကိုလည်း ပြန်ပြီး စားပေးပါ့မယ်။ သို့သော် လွတ်သွားတဲ့ သားသမီးလေးတွေကိုတော့ ချမ်းသာပေးပါ့မယ်။

အဆိပ်တွေ သိပ်မပွားအောင် သူ့ကလေးတွေကို စားပစ်တယ် ဆိုတာတွေပဲ ဖြစ်တယ်။

အဲဒီလို သစ္စာဆိုပြီးမှစားလို့ မြွေပွေးက အဆိပ်အများဆုံး ရသွားပြီး အဆိပ်အပြင်းဆုံး ဖြစ်သွားတယ်။ သူ့နောက်မှ ရောက်လာတဲ့ မြွေဟောက်၊ မြွေစိမ်းတို့၊ မြက်လျှော့တို့၊ ကင်းခြေများတို့၊ ကင်းမြီးကောက်တို့ကတော့ မြွေပွေးလောက် အဆိပ်မပြင်းတော့ဘူး။

အဆိပ်များများစားရအောင် အိတ်သွားချုပ်တဲ့ ပုတ်သင်ညိုကတော့ ပါးလုတ်ကြီးဖြစ်သွားတာပဲ အဖတ်တင်တယ်။ အဆိပ်က သူများတွေစားလို့ ကုန်သွားပြီ။ အဲဒီပုံပြင်လေးက ကျုပ်တို့ ဘိုး၊ ဘွား၊ ဘီ၊ ဘင်တွေ အဆက်ဆက်ကနေ အခု ကျုပ်တို့ လက်ထက်အထိ ပြောနေကြတဲ့ ပုံပြင်လေးပါ။

ခေတ်အဆက်ဆက်က ပြောလာကြတဲ့ တဆင့်စကားအရ ဆိုရင်တော့ အဲဒီပုံပြင်စပြီးပေါ်ခဲ့တဲ့ အချိန်တုန်းက ကျုပ်တို့ လင်းမြွေတွေကိုပဲ မြွေလို့ခေါ်ကြတာ။ အဆိပ်ပြင်းလွန်းလို့တဲ့။ အခြားမျိုးနွယ်တွေကိုတော့ ကျုပ်တို့လောက် အဆိပ်မပြင်းလို့ မြွေလို့ မခေါ်ကြဘူး။ ဘယ်လိုခေါ်ကြတယ်မှတ်လဲ။ အကောင်ရှည် တဲ့။

အခန်း (၈)

မကွေးတိုင်း၊ မင်းဘူးမြို့နယ်ဘက်ကလူတွေ ကျုပ်တို့ မြွေတွေကို ဖမ်းတာနဲ့ ပတ်သက်လို့ ပြောရဦးမယ်။ သူတို့ မြွေနိုင်လိုက်ပုံများကလည်း အတိတ်ဘဝက မောင်ပေါက်ကျိုင်းများ ဖြစ်ခဲ့သလား မသိပါဘူးဗျာ။ မြွေမကြောက် ကင်းမကြောက် ဆိုတာ အဲဒီလူတွေမှအစစ်။ သူများတွေက ညမှာ မြွေတွေမှာကို ကြောက်နေကြတာ။

သူတို့ကတော့ မဟုတ်ပေါင်။ မြွေကို မတွေ့တွေ့အောင်လို့ နေ့ရောညရော လိုက်ရှာကြတာ။ နောက်ပြီး ရှေးဆရာ့ ဆရာကြီးတွေရဲ့လက်ချာတွေကို ထုံးလိုချေ ရေလိုနောက်လာတဲ့ လူတစ်ချို့လည်းပါလာတော့ သူတို့က တွင်း တစ်တွင်းကို မြင်လိုက်တာနဲ့မြွေတွင်းလား၊ ကြွက်တွင်းလား၊ ဖားတွင်းလား အတတ်သိတယ်။

အဲဒီလောက်ထိကို ကျွမ်းကျင်ကြတယ်။ အဲဒီ မြွေဖမ်းတဲ့သူအများစုက တောသူတောင်သားတွေဆိုတော့ ခေတ်ကာလ အတန်းပညာသာသိပ်ပြီးမတတ်ရှိရမယ်၊ အမှတ်အသားများကျတော့ ကောင်းမှကောင်း။ အဲဒီဘက် နယ်တွေမှာက တစ်ဖက်က လယ်၊ တစ်ဖက်ကယာ ဆိုတော့ အဲဒီလို နေရာမျိုးမှာ ကန်သင်းရိုးတွေ ရှိတယ်လေ။

အဲဒီ ကန်သင်းရိုးဘေးက တွင်းမှာ အစိုဓာတ်တွေရှိနေရင် အဲဒါ ဖားတွင်းတဲ့။ ဟုတ်တယ်လေ။

ကျုပ်တို့က စိုတိစိုစွတ်မှာ မနေတတ် ကြဘူးဗျ။ ဒီအချက်ကို သူတို့ သိထားကြတယ်။ ခြောက်တဲ့တွင်း ကျတော့လည်း တွင်းဝမှာ မြေကြီးကို ယက်ဖြိုထားတဲ့ ခြေရာလေး တွေရှိရင် အဲဒါ ကြွက်တွင်းတဲ့၊ ဒါလည်း ဟုတ်တာပဲ။ ကျုပ်တို့မှာ ခြေထောက်မှ မရှိတာ။ ခြောက်နေတဲ့ တွင်းဝမှာ ခြေရာလေးတွေ မရှိမှ မြွေတွင်းတဲ့။ အဲဒီမြွေတွင်းကိုတောင် ထပ်ပြီး အနုစိတ်လိုက်သေးတယ်။ တွင်းဝရဲ့ အောက်ခြေမျက်နှာပြင်မှာ အပေါ်ကနေ တစ်ခုခုနဲ့ပွတ်တိုက်ထားသလို ချောမွေ့နေရင် လင်းမြွေတွင်း တဲ့။ ဘာဖြစ်လို့လဲ ဆိုတော့ လင်းမြွေရဲ့သဘာဝက တွားသွားရင် အဖြောင့်သွားသလို တွင်းထဲဝင်ရင်လည်း အဖြောင့်ဝင်တတ်လို့ သူ့ဗိုက်နဲ့ပွတ်ထားတဲ့တွင်းရဲ့ အောက်ပိုင်းမျက်နှာပြင်မှာ

ပြောင်ချောနေတာတဲ့။ တွင်းဝရဲ့ အောက်ခြေမှာ ချောမွတ်မနေဘဲ တွင်းရဲ့ ဘေးနှုတ်ခမ်းတွေမှာ တစ်ခုခုနဲ့ ပွတ်တိုက်ထားတဲ့ အနေအထားမျိုးတွေတွေ့ရင် အဲဒါ မြွေပွေးတွင်းတဲ့ဗျ။ မြွေပွေးများ တွားသွားရင်း သူ့ရဲ့ခန္ဓာကိုယ်ကို ကွေးကောက်ပြီး သွားတတ်သလို သူ့တွင်းထဲ ဝင်လို့ရှိရင်လည်း သူ့ရဲ့ခန္ဓာကိုယ်နဲ့ ဘေးက တွင်းနှုတ်ခမ်းတွေကို တိုက်ပြီးမှ ဝင်တတ်လို့ တွင်းရဲ့ ပတ်ပတ်လည်အနေအထားဟာ လင်းမြွေတွင်းလို ချောမွတ် မနေဘဲ မြေကြီးတွေ ဖွာလုန်ကျဲနေလို့တဲ့။ ပိုင်တယ်ဗျာ။ စဉ်းစားပုံ စဉ်းစားနည်းကတော့ ဆရာကြီးမင်းသိခ်ရဲ့ ဆားပုလင်းနှင်းမောင် တောင် လက်ဖျားခါရလောက်တယ်။ နောက်ပြီး သူတို့ပြောဆိုနေ ကြတာ တစ်စွန်းတစ်စ ကြားလိုက်ရတာရှိသေးတယ်။

အဆိပ်ပြင်းတဲ့မြွေတွေ တွားသွားရင် ကွေ့ကောက်ပြီး သွားတတ်ကြတယ်တဲ့။ ဥပမာ မြွေပွေးတို့၊ မြွေဟောက်တို့ ကြည့်တဲ့။ မှန်လိုက်လေ။ သဲကန္တာရထဲမှာနေတဲ့ ခလောက်မြွေ ဆို ပိုဆိုးသေး။ တွားသွားရင် တော်တော့်ကို ကွေ့ကောက်ပြီးမှ သွားတယ်။ ဒါကြောင့်ထင်တယ်။ သူ့အဆိပ်ကလည်း ပြင်းမှပြင်းပဲ။ အဆိပ်မရှိတဲ့ မြွေတွေက တွားသွားရင် အဖြောင့်နီးနီး သွားကြတယ်တဲ့။ ဥပမာ ကျုပ်တို့လို လင်းမြွေတို့၊ မြွေစိမ်းတို့၊ မြက်လျှောတို့ ကြည့်တဲ့။ သူတို့ပြောတာတွေ တော်တော်များများကို မှန်နေတယ်။

ခင်ဗျားတို့ဆီက ရှေ့နေစကားနဲ့ အငှားပြောရရင် အငြင်းမပွားနိုင်တဲ့ အချက်တွေ ဖြစ်နေတယ်ဗျ။ အေး…ပေ့ါဗျာ။ ကျွမ်းကျင်ရာ လိမ္မာ ဆိုတဲ့ စကားကလည်း ရှိသေးတယ် မဟုတ်လား။ ဒီလူတွေက ဒီလုပ်ငန်းနဲ့ အသက် မွေးဝမ်းကျောင်း လုပ်နေတော့လည်း ဒီပညာရပ်တွေကို တတ်ထားရတော့မှာပေ့ါ။ နော။

ကျုပ်တို့မြွေတွေကို နေ့မှာ လိုက်ပြီးဖမ်းတဲ့လူတွေကတော့တောထဲတောင်ထဲတို့၊ ကန်သင်းရိုးဘေးတို့၊ ယာတောထဲတို့မှာ မြွေရေခွံ လဲထားတာတွေ့ရင် အဲဒီလမ်းတစ်လျှောက်နဲ့ အနီးပတ်ဝန်းကျင်တို့က တောင်ပို့တို့၊ ကုန်းကမူတို့မှာ မြွေတွင်းရှာတော့တာပဲ။ ကျုပ်တို့လို လင်းမြွေနဲ့တွေ့လို့ ကျုပ်တို့က ထွက်ပြေးရင် ခွေးတွေကကျုပ်တို့ရဲ့ရှေ့ကို ကြိုပြေးတယ်..ပြီးတော့ ကျုပ်တို့ရဲ့ ပြေးလမ်းကို ပိတ်ထားပြီး ဆီးဟောင်တယ်။ အဲဒီတော့ ကျုပ်တို့က နောက်ကိုပြန်အဆုတ် ကျုပ်တို့ မော လို့ ခဏရပ်ပြီး အမောဖြေ နေတုန်းမှာ မြွေဖမ်းတဲ့လူက ကျုပ်တို့အမြီးကို ဆတ်ကနဲဆွဲပြီး ဖမ်းလိုက်တော့တာ။ မြန်တာတော့ တော်တော်မြန်တဲ့လူတွေဗျ။

တချို့ကျတော့ နေ့မှာ မဖမ်းကြဘူး။ ညနေ နေဝင်ရီတရော အချိန်ကနေစပြီး ည ကျုပ်တို့ အစာရှာထွက်ချိန်အထိ လိုက်ရှာပြီး ဖမ်းကြတယ်။ ညဖမ်းတာကတော့ မြွေပွေးတွေမိတာ များပါတယ်။

သူတို့က နွေညတွေမှာဆိုရင် ဖုတ်လူး ထွက်တာတို့၊ အစာရှာ ထွက်တာတို့ ရှိတယ်။ အဲဒီအချိန်တွေမှာ လူသံကြားရင် ဒီကောင်တွေ ဖျတ်ကနဲ ခွေလိုက်ပြီး သူတို့ရဲ့ခေါင်းကို အခွေထဲမှာ ဝှက်ထားလိုက်

ကြတယ်ဗျ။ အဲဒီမှာ ဘာပြဿနာဖြစ်သလဲဆိုရင် မြွေဖမ်းတဲ့သူဟာ အဲဒီလို ခွေနေတဲ့ မြွေပွေးရဲ့ခေါင်းကို မသေချာဘဲ ဆူးဒေါက်ခွ နဲ့ မဖိရဘူး။

ဆူးဒေါက်ခွ ဆိုတာ မြွေခေါင်းကို လည်ပင်းကနေဖိပြီး ဖမ်းနိုင်ဖို့အတွက် ဝါးနဲ့လုပ်ထားတဲ့ အခွလေးပါတဲ့ မြွေဖမ်းကိရိယာပါပဲ။ အဲဒီ ဆူးဒေါက်ခွနဲ့ မြွေပွေးရဲ့ လည်ပင်းနေရာကို လှမ်းပြီးဖိတဲ့အခါ တိကျသေချာဖို့ အရေးကြီးတယ်။ မြွေပွေးရဲ့ လည်ပင်းကို မဖိမိဘဲ ခါးတို့၊ အမြီးတို့ကို ဖိမိလို့ကတော့ မြွေပွေးက အမြီးနဲ့ မြေကြီးကို ထောက်ပြီးခုန်တတ်တယ်။ အဲဒီလို ခုန်လို့

လွတ်သွားခဲ့ရင် မိရာကိုခဲ ထားတတ်တာမို့ အွန္တရာယ် သိပ်ကြီးတယ်။ ဒီတော့ အဲဒီလိုခေါင်းဝှက်ပြီး ခွေနေတဲ့ မြွေပွေးရဲ့ ဝှက်ထားတဲ့ ခေါင်းထွက်လာ အောင် ဘယ်လိုလုပ်ကြသလဲဆိုတော့

အင်း ! သူတို့နည်း သူတို့ဟန်နဲ့ကတော့ ဟုတ်နေတာပဲဗျို့။ ရယ်တော့ ရယ်ရတယ်။ သူတို့နယ်တွေမှာ ပိစပ်ပင် ဆိုတာရှိတယ်။ မွန္တလေးဘက် မှာတော့ အဲဒီအပင်ကို စိန်နဘံပင် လို့ခေါ်တယ်။ မိတ္ထီလာနယ် တစ်ဝိုက်မှာတော့ ခြသေ့်လက်ခတ်ပင် လို့ ခေါ်တယ်။ ခြောက်ပြီး သေနေပြီဖြစ်တဲ့ အပင်ခြောက်ရဲ့ငါးပေခြောက်ပေလောက်ရှည်တဲ့သစ်ကိုင်းခြောက်လေးကို ချိုးပြီး ခပ်လှမ်းလှမ်းမှာ ခေါင်းကိုဝှက်ပြီး ခွေနေတဲ့ မြွေပွေးရဲ့ အမြီးရှေ့ ဖင်ဝနားရဲ့အထက်က ဗိုက်သားကို ကလိထိုးပေးရတယ်။ မရယ်နဲ့ တကယ်ပြောတာ။

အဲဒီ ပိစပ်ပင်ရဲ့ သစ်ကိုင်းခြောက်ထိပ်နဲ့ မြွေပွေးရဲ့ ဗိုက်သားကို ထိထားပြီး ကြက်တောင်ကျပ်သလို လှည့်ပေးနေရတယ်။ အဲဒီလိုလေး ခဏခဏ လုပ်ပေးနေတော့ မြွေပွေး မနေနိုင်တော့ဘူး။ ယားတော့ဗိုက်ကို တွန့်လိမ်ရင်းနဲ့ ဝှက်ထားတဲ့ သူ့ရဲ့ခေါင်း ထွက်လာတယ်။ အဲဒီလို ခေါင်းထွက်အလာမှာ ပိုင်ပိုင်နိုင်နိုင် ဝါးဆူးဒေါက်ခွနဲ့ လည်ပင်းကို ဖွဖွလေး ဖိထားပြီး ခေါင်းကနေ ကိုင်လိုက်ရတယ်။ ပြီးတော့ အစွယ်တွေကို ဓားနဲ့ ကလန့်ချိုးပစ်လိုက်ပြီး သူတို့ယူလာတဲ့ မြွေရေခွံအိတ်ကြီးထဲ ထည့်လိုက်ရတယ်။

သူ့အထာနဲ့သူတော့ အဟုတ်။ ဟီး ဟီး..!။ ခွေနေတဲ့မြွေပွေးကို ကလိထိုးပြီး ဖမ်းတယ်တဲ့။ သထုံနယ်ဘက်တွေမှာလည်း အဲဒီလိုနည်းနဲ့ပဲ ဖမ်းကြတယ်တဲ့။ ခင်ဗျား မကြားဖူးဘူး မဟုတ်လား။ မယုံမရှိနဲ့။ အဲ့ဒါ တကယ်။

အခန်း (၉ )

တော်ပါပြီဗျာ။ တော်ပါပြီ။ နောင်ဆိုရင် လူတွေနဲ့ နီးတဲ့ နေရာများတော့ ဝေးဝေးက ရှောင်ရမယ်။ ကြောက်လွန်းလို့။ အခုလို ခင်ဗျားကို ကျုပ်အကြောင်းတွေ ပြောပြနေတာကိုက နံပါတ်တစ်အချက်... ခင်ဗျားဟာ ဟိုး လွန်ခဲ့တဲ့ သုံးနှစ်လောက်က အခုလိုပဲ ရှာဖွေရေးဂိတ်တွေက ဖမ်းမိလာတဲ့ ကျုပ်တို့ မြွေမျိုးနွယ်တွေနဲ့ကျုပ်ကို ဒီ ဆည်တော်ကြီး မြွေဘေးမဲ့နယ်မြေ မှာ လာပြီးဘေးမဲ့ လွှတ်ပေးခဲ့တဲ့ ကျေးဇူးရှင်ဖြစ်နေလို့ရယ်၊ နံပါတ်နှစ် အချက်... ခင်ဗျား အခုဝတ်ထားတဲ့ဝတ်စုံဟာ ကျုပ်တို့ တိရစ္ဆာန်မျိုးနွယ်တွေကို ကာကွယ်စောင့်ရှောက်ပေးနေတဲ့ သစ်တောဦးစီးဌာန၊ တိရစ္ဆာန်ဥယျာဉ်များဌာန၊ ရတနာပုံ တိရစ္ဆာန်ဥယျာဉ်ရဲ့ ဌာနဆိုင်ရာဝတ်စုံ ဖြစ်နေလို့ရယ်၊ နံပါတ်သုံးအချက်...ခုလောလောဆယ်ကို ကျုပ်ရဲ့ မျက်စိရှေ့မှောက်မှာတင် ရှာဖွေရေးဂိတ်တွေက ဖမ်းဆီးမိလာတဲ့ ကျုပ်တို့ မျိုးနွယ်တွေကို လွှတ်ပေးနေတာ တွေ့နေရလို့ရယ်၊ နံပါတ်လေးအချက်ကတော့.. ခင်ဗျားတို့အဖွဲ့ ဒီနေ့ထပ်ပြီး လွှတ်ဦးမယ့် ကျုပ်တို့ မြွေမျိုးနွယ်တွေထဲမှာ ကျုပ်နဲ့ သုံးနှစ်လောက်ကွဲနေတဲ့ကျုပ်ချစ်သူ မိချော ပါ၊ မပါ သိချင်လို့ရယ်...ဆိုတဲ့ အချက်တွေကြောင့် အခုလို ခင်ဗျားနဲ့ နီးနီးကပ်ကပ်လာတွေ့ပြီး ကျုပ်ရဲ့ လွမ်းရတဲ့ အဖြစ်လေးတွေကို ပြောပြတာပါ။

ကျုပ်ပြောပြတာတွေကို စိတ်ရှည်ရှည်ထားပြီး နားထောင်ပေးတဲ့အတွက် ခင်ဗျားကို ကျေးဇူး တင်ပါတယ်။ ဒီအကြောင်းတွေကို ဘယ်သူ့ကိုမှ မပြောဖြစ်ဘဲရင်ထဲမှာ မျိုသိပ်ထားခဲ့ရတာ ကြာပြီဗျ။ ဒီနေ့ အခုလို ကျုပ်ရင်ထဲရှိသမျှ မိချောနဲ့ ကျုပ်ရဲ့ အချစ်ဇာတ်လမ်းတွေကို အိတ်သွန်ဖာမှောက် ပြောပြခွင့်ရလိုက်တဲ့အတွက် ကျုပ်ရင်ထဲ တော်တော်ပေါ့သွားတယ်။

ကျုပ်လေ...ရာဖွေရေးဂိတ်တွေက တာဝန်ရှိသူတွေနဲ့ သစ်တောဌာနက တာဝန်ရှိသူတွေကို အရမ်းကျေးဇူးတင်တယ် သိလား။ သူတို့တစ်တွေ စိတ်ရှည်ရှည်ထားပြီး နယ်စပ်သွားမယ့် ကားကြီး ကားငယ်တွေပေါ်မှာပါတဲ့ ပစ္စည်းတွေအားလုံးကို ဖွင့်၊ ဖောက် စစ်ဆေးခဲ့ကြလို့သာ ကျုပ်တို့လို တောရိုင်းတိရစ္ဆာန် အရှင်ကောင်တွေကို မဆိုထားနဲ့ တောရိုင်းတိရစ္ဆာန်နဲ့ သဘာဝအပင် တွေရဲ့ ဆက်စပ်ပစ္စည်းတွေဖြစ်တဲ့ လိပ်ခွံတို့၊ ဆတ်ချိုနတို့၊ ပိတောက်ပွေးတို့လို သစ်တောထွက်ပစ္စည်းတွေကိုတောင် တောရိုင်း တိရစ္ဆာန်နဲ့ သဘာဝအပင်များ ကာကွယ်ထိန်းသိမ်းရေး ဥပဒေပုဒ်မ ၃၆(က) အရ ဖမ်းဆီး အရေးယူနိုင်ခဲ့ကြပြီး နယ်စပ်ဒေသတွေကနေ တဆင့် တခြားနိုင်ငံတွေကို မှောင်ခိုပို့ခံရမယ့် ကျုပ်အပါအဝင် ကျုပ်တို့မျိုးနွယ်တွေအားလုံးကို ဟောဒီ ဆည်တော်ကြီး မြွေဘေးမဲ့ဇရိယာလိုနေရာမျိုးမှာဘေးမဲ့လွှတ်ပေးခဲ့ကြလို့ အခုထိ အသက်ရှင်နေကြရတဲ့ မြွေအမျိုးအနွယ်တွေရဲ့ကိုယ်စား ကျုပ် လင်းမောင်မောင် က ကျေးဇူး တင်နေပါတယ်လို့ တာဝန်ရှိသူတွေကို ကြုံရင်ပြောပြပေးပါဗျာ။

အဲဒီဆရာကြီးတွေ မကယ်လို့ကတော့ ကျုပ်တို့တတွေ အားလုံးနယ်စပ်ကနေတဆင့် နိုင်ငံခြားရောက်ကုန်ကြပြီး ခုလောက်ဆိုရင် သေပြီဆရာရေ လို့ အော်နေကြရလောက်ပြီ။ အောင်မယ်လေးလေး တွေးကြည့်ရုံနဲ့တင် ကျောချမ်းလိုက်တာဗျာ။

ဟောဗျ...!၊

မင်းဝံတောင်တန်းမှာ နေတောင်ဝင်နေပြီ။ ဟိုးရေးရေးတုန်းကတော့ တောင်စွယ်နေကွယ်ရင် သတ်မိန့်ကျတော့ တာဗျို့။ ခုတော့ ဒီနေရာလေးကို ဒီနေ့အသစ်ရောက်လာကြတဲ့ကျုပ်ရဲ့ဘော်ဒါတွေက ဖိုးကံကောင်းလေးတွေ ဖြစ်နေကြလို့ရယ်... နောက်ပြီး..နောက်ပြီး...သူတို့ထက်ပိုပြီး ကံကောင်းတာက ကျုပ်။

ဘာဖြစ်လို့လဲဆိုတော့ ဟောဟိုမှာ ထပ်လွှတ်ပေးဖို့ ပြင်ဆင်နေတဲ့ မြွေအုပ်စုတွေထဲမှာ ကျုပ်ရဲ့အချစ်ဆုံးလေး မိချော ပါလာတယ်ဗျ။ မိချော ပါလာတယ်။ ခင်ဗျားနဲ့ စကားပြောနေရင်း မြွေတွေလွှတ်ဖို့ ပြင်ဆင်နေတဲ့ အဖွဲ့ရှိရာဘက်ကို ကျုပ် လှမ်းကြည့်လိုက်တုန်းက အခု အသုတ်လွှတ်ပေးမယ့် မြွေတွေထဲမှာ မိချော ပါလာတာ ကျုပ် လှမ်းမြင်လိုက်တယ်။ ကျုပ်က ခင်ဗျားနဲ့ စကားမပြတ်သေးလို့ လှမ်းပြီး မခေါ်လိုက်တာ။

ကျုပ်လေ...ဒီဆည်တော်ကြီး ဘေးမဲ့သစ်တောဇရိယာထဲကို နေ့တိုင်းနီးပါး မိချောများ ပါလာမလားဆိုပြီး လာလာစောင့်နေရတာ ဒီနေ့တော့ စောင့်ရကျိုး နပ်ပြီဗျို့။ တကယ်ချစ်တော့လည်း စိတ်ရှည်ရတာပေါ့ဗျာ။ တစ်နေ့ ပြန်ဆုံရနိုးနိုးပေါ့။ ကျုပ် ကြားဖူးတာတစ်ခု ပြောရရင်...ခင်ဗျားတို့ဆီက ဟောလီးဝုဒ် ရုပ်ရှင်မင်းသမီး မာရီလင်မွန်ရိုး သေသွားတာတောင် သူ့ရဲ့ ဒုတိယယောကျာ်းက သူ မကွယ်လွန်ခင်အထိကို မွန်ရိုးရဲ့ အုတ်ဂူပေါ်မှာ နင်းဆီပန်းပွင့် အနီရောင်တစ်စည်း နေ့စဉ် သွားချ ပေးခဲ့တာဆိုတော့ အဲဒီလူရဲ့အချစ်ကို ကျုပ်က လိုက်မမှီသေးဘူးဗျ။

သူ့မှာ...မွန်ရိုးက သေသွားပြီ။ ဒါတောင် သူက အချစ်ကြီးသူ ဆိုတော့ သူ့ဇနီးရဲ့အုတ်ဂူကို နေ့တိုင်းသွားပြီး နင်းဆီပန်းပွင့်အနီရောင်တစ်စည်း ချပေးခဲ့သေးတာပဲ။ ကျုပ်မှာက မိချောသေတာမှ မဟုတ်တာ။ ကျုပ်နဲ့ တစ်ချိန်ချိန်မှာ ပြန်ဆုံနိုင်သေး တယ်...ဆိုတဲ့ မျှော်လင့်ချက် ရှိနေတယ်လေ။ ဒီနေ့တော့ ကျုပ်ဆန္ဒ

တွေအားလုံး ပြည့်ပြီဗျို့။

ဒါကြောင့် ဒီနေ့ နေဝင်ချိန်လေးဟာလေ...ကျုပ်အဖို့ရွှေအိုရောင် နေဝင်ချိန်လေးပေါ့ဗျာ။

ဟဲ ! ဟဲ ! ဟဲ ! လင်းမောင်မောင် တို့ အို ရချသေးရဲ့။

ကျုပ်တို့အားလုံးအတွက် ရှေးတုန်းကလို တောင်စွယ်နေကွယ်ရင် အသတ်ခံရတဲ့အချိန် မဟုတ်တော့ဘဲ ပျော်ပျော်ရွှင်ရွှင်နဲ့လွတ်ငြိမ်းချမ်းသာခွင့်ရတဲ့ အချိန်လေးဖြစ်တဲ့အတွက် ကျုပ်တို့အားလုံးဟိုသီချင်းလေးကို သံပြိုင်သီဆိုကြဖို့ ကျုပ်က တောင်းဆိုချင်ပါတယ်။

ဘယ်သီချင်းရမှာလဲ ဗျ ! ဟို သီချင်းလေဗျာ...ဟိုသီချင်း။ စိုးပိုင်ရဲ့ နေရောင်ကွယ်ရင် လထွက်မယ် သီချင်း။

___ နေရောင် ___ တောင်စွယ်မှာ ___ ကွယ်ရင် ___

ငွေလမင်းလေး ___ ထွန်းလင်းလာ ___ မယ်လေ ___

အဲ့ဒီ သီချင်းဗျ။ အဲ့ဒီ သီချင်း။

ကိုကြီးရေ...! ကိုကြီး !

ဟာ ! မိချော !

အ်ား ! ဟ်ား ! ဟ်ား ! ဟ်ား !

မိချော...ကိုကြီးနဲ့ ကြာကြာ ခွဲနိုင်ဘူး...အေးပါ မိချောရာ၊ မိချော နောက် အစ်ကိုကြီးနဲ့ ဘယ်တော့မှ မခွဲရတော့ပါဘူး။

အ်ား ! ဟ်ား ! ဟ်ား ! ဟ်ား !

အစ်ကိုကြီးလည်း မိချောကို တစ်နေ့ တွေ့ရနိုး၊ တွေ့ရနိုးနဲ့ ဒီနေရာလေးမှာ နေ့တိုင်းနီးပါး လာလာ စောင့်ကြည့်နေတာ သုံးနှစ် သုံးမိုးတောင် ရှိနေပါပြီ။ မိချောနဲ့ အစ်ကိုကြီးတို့ ဖူးစာမကုန်သေးလို့ ဒီမှာ ပြန်ဆုံကြရတာ။ နော်။ ဒီတစ်ခါတော့ မိချောနဲ့ အစ်ကိုကြီးတစ်သက်လုံး မခွဲရအောင် အစ်ကိုကြီး စီစဥ်ထားပါတယ်။

တိတ်တော့ နော် အချစ်ကလေး !...တိတ်!...တိတ်!...

ကိုင်း!...ကိုင်း!...ကျုပ် ဒီစခန်းက လူသားအားလုံးကို ကျေးဇူးတင်ပါတယ်။ နှုတ်လည်း ဆက်ခဲ့ပါတယ်။

ဗျာ !

ဘယ်ကို သွားကြမှာလဲ !...ဟုတ်လား !

ကျုပ်တို့ ချစ်သူနှစ်ကောင် သွားမယ့်နေရာက ဟို...ဟို...လူတွေနဲ့ ဝေးတဲ့နယ်မြေဖြစ်တဲ့

စိမ့်ကြီး ___ မြိုင်ကြီး ___ ရိပ်ကြီး ___ တောတောင်

နေရောင် ___ မခံ ___ ပန်းပျံ ___ ပင်ဆင့် ___

မြေနင့် ___ ရန်ဖက် ___ ခက်လက်__ စိမ်းမြ___ မိုးမခဘူး

ကျုပ် ပြောပြီးသားနော်။ ကျုပ်က ပျော်စရာရှိရင်လည်း ကွေးနေအောင် က ပစ်လိုက်ချင်တာလို့။

ဟား ! ဟား ! ဟား ! ဟား !

ကျုပ်လေ ခုမှပဲ သီချင်းဆိုပြီး အားရပါးရ ရယ်နိုင်တော့တယ်ဗျို။

ကဲ ! အားလုံး သွားပြီနော်...
တာ့ ! တာ !

ဘိုင့် ! ဘိုင် ! ။

ကိုကိုလတ် (ဆည်မြောင်း)

ဝန်ခံကတိပြုချက်

နိုင်ငံခြားသို့ ခိုးထုတ်မည့် မြွေများအား နယ်စပ်ရှာဖွေရေးဂိတ်များမှ ဖမ်းဆီးပြီး ဆည်တော်ကြီးဒေသသို့

သွားရောက်၍ အသက်ဘေးမဲ့လွှတ်ပေးနေသည့် နိုင်ငံတော်အစိုးရ၏ စေတနာ၊ မေတ္တာတရားကို ချီးကျူး

ကြိုဆို ဂုဏ်ပြုသောအားဖြင့် မိမိကိုယ်မိမိ လင်းမြွေတစ်ကောင်အသွင် ခံစားရေးဖွဲ့ခြင်းဖြစ်ပါသည်။

၂၀၀၆-ခုနှစ်၊ စက်တင်ဘာလထုတ် မဟေသီမဂ္ဂဇင်းအမှတ်(၂၆၁) စာမျက်နှာ(၁၃၂-၁၄၂)မှ

ချစ်ဇော

ကိုကိုလတ် (ဆည်မြောင်း)

အခန်း (၁)

" ခွပ်"

ဆိုတဲ့အသံဟာ ကျုပ်နားထဲမှာတော့ မိုးကြိုးပစ်ချလိုက်တဲ့ အသံလောက်ကို ပြင်းထန်လိမ့်မယ်လို့ ထင်ခဲ့ပါတယ်။ ဇက်ပိုး ကိုထိသွားလို့ ဝိုင်းထဲက ထွက်ပြေးရင်း စည်းဝိုင်းအပြင်ဘက်အရောက်မှာ ကျုပ် တုံးကနဲ အရုပ်ကြိုးပြတ် ဖြစ်သွားတယ်။

ကျုပ်သခင် အပြုအစုကောင်းလို့ မကြာခင်မှာဘဲ မျက်လုံးတွေ ဖွင့်ကြည့်လာနိုင်ခဲ့ပေမယ့် ပတ်ဝန်းကျင်က အရာရာတိုင်းဟာ ကျုပ်မျက်စိထဲမှာတော့ မပီဝိုးတဝါး ဖြစ်နေဆဲပါ။ ကျုပ်သခင်ကခေါင်းပေါ် ရေချပေးတာတို့၊ ကြက်တောင်နဲ့ အာကျုပ်ပေးတာတို့ လုပ်ပေးအပြီးမှာတော့ ကျုပ် ကြည်ကြည်လင်လင် ပြန်ဖြစ်လာ ပါတယ်။

အဲ့ဒီလို ကြည်ကြည်လင်လင်ပြန်ဖြစ်လာတဲ့ ကျုပ်ကို သခင်ဖြစ်သူက ကြပ်ပူတိုက်ပေးတာတို့ ရေတိုက်၊ အစာခွံ့တာတို့ လုပ်ပေးပါတယ်။ ပြီးတော့ အမြီးကို ပုဝါလေးနဲ့ ပုတ်၊ ပုတ်ပေးပြီး ကျုပ်ကိုစည်းဝိုင်းထဲမှာ လမ်းလျှောက်စေပါတယ်။ ဒါတွေက သတိလက်လွတ် ဖြစ်သွားတဲ့ကျုပ်ကို သတိပြန်လည်လာအောင် ကြက်ဆွဲတစ်ယောက်အနေနဲ့ ကျွမ်းကျွမ်းကျင်ကျင် ကုပေးနေတာပါ။ ကျုပ်သခင် ကြက်ကုတော်ပါတယ်။ သူကြက်ကုကောင်းလို့ ကျုပ် လန်းလန်းဆန်းဆန်းပြန်ဖြစ်သွားပါတယ်။ ဒါကြောင့် ကျုပ်အမောဖြေရင်း ဝိုင်းထဲမှာလမ်းလျှောက်နေလိုက်တယ်။ အဲဒီလို ကျုပ်အမောဖြေ နေတုန်းမှာ တစ်ဖက်ကြက်ဆွဲက သူ့ကြက်ကို ဝိုင်းလယ်က စည်းမှာ တည်ပြီးကျုပ်ကို စိန်ခေါ်လိုက်ပါတယ်။

ကြက်ဝိုင်းမှာ စိန်ခေါ်ပုံက မြန်မာ့ရိုးရာလက်ဝှေ့ပွဲတွေက လက်ဝှေ့သမားအချင်းချင်း စိန်ခေါ်ပုံအတိုင်းပါပဲ။ မြန်မာ့ရိုးရာလက်ဝှေ့ပွဲတွေမှာ တစ်ဖက်လူအရေးနိမ့်နေတဲ့အချိန်၊ လက်ရည်သာ နေတဲ့လူက ဆက်ထိုးချင်ရင် ဝိုင်းလယ်ကနေ လက်ခမောင်းခတ်ပြီးစိန်ခေါ်ရတယ် မဟုတ်လား။ လက်ရည်သာနေတဲ့သူက ပထမအကြိမ် လက်ခမောင်းခတ်ပြီး စိန်ခေါ်ရင် ကြိုးဝိုင်းဒိုင်က လက်ရည်နိမ့်သွားလို့ ခေတ္တပြုစုကုသမှုခံယူနေရတဲ့သူကို အရံသင့်အနေအထားဖြစ်အောင် သတိပေးရတယ်။ ဒုတိယအကြိမ် လက်ခမောင်းခတ်ရင် အသင့်အနေအထား ဖြစ်၊ မဖြစ် မေးရတယ်။ တတိယအကြိမ် လက်ခမောင်း ခတ်ရင်တော့ ကြိုးဝိုင်းဒိုင်က ပွဲကိုဆက်ထိုးခိုင်းတယ်။

အဲဒီ ဥပဒေလိုပါပဲ၊ ခုလည်း ကျုပ်က နည်းနည်းအရေးနိမ့်သွားတော့ တစ်ဖက် ကြက်ဆွဲက မြန်မြန်ဆက်ခွပ်ချင်လို့ ဝိုင်းလယ်က စည်းမှာ သူ့ကြက်ကို တည်ပြီး စိန်ခေါ်လိုက်လို့ စည်းဝိုင်းဒိုင်ရဲ့ ခေါ်ယူမှုကြောင့် ကျုပ်သခင်လည်း ကျုပ်ကို ဝိုင်းလယ်ကစည်းပေါ်မှာ တည်လိုက်ရပါတယ်။

တကယ်တော့ ဒီပွဲဟာ ကျုပ်အတွက် မထိုက်တန်ပါဘူး။ ကျုပ်သခင်ရဲ့ မျက်စိအကြည့် မှားယွင်းမှုကြောင့် ကျုပ်ထက် ကိုယ်လုံးရော၊ ဒေါက်(အရပ်အမြင့်)ရော ကြီးတဲ့ကြက်နဲ့ ခုလို အကြိတ်အနယ် ခွပ်နေရတာပါ။ ကိုယ်လုံးတူ၊ ဒေါက်တူ ဆိုလို့ကတော့ ကျုပ်ဒီလောက်ထိ ပင်ပင်ပန်းပန်း ခွပ်စရာမလိုပါဘူး။ အလွန်ကြာရင် နာရီဝက်၊ တစ်နာရီပေါ့။ ခုတော့ တစ်ဖက်ကြက်က ကျုပ်ထက် ဒေါက်ရောအားရော ကြီးနေလို့ ကျုပ်က သူ့ကို မော့ပြီး ခွပ်နေရတယ်။ ဒါပေမယ့် ကျုပ်အားမလျှော့ပါဘူး။ သူ့ဆန်စား ရဲမှ ဆိုတဲ့ စကားရှိတယ်မဟုတ်လား။

ဒါကြောင့် ကျုပ်အားတင်းပြီး သတိနဲ့ ခံစစ်ကို အားပြုခွပ်နေရတယ်။ ကျုပ်က အကောင်နည်းနည်းငယ်တော့ တစ်ဖက်ကြက်က ကျုပ်ကို ဖိခွပ်တာပေ့ါ။ ကျုပ်ကလည်း သူဖိခွပ်သမျှ နောက်ကိုပြေးပြီး ဆုတ်ဆုတ်ခံပါတယ်။ ဒါပေမယ့် အင်အားချင်းက မမျှတော့ ကျုပ်ချည်း ခံရတာပေါ့ဗျာ။ ဒ့ါကြောင့် ကျုပ်ဂေါင်း(ခေါင်း)ကြီး ဖူးရောင်နေတာ ကျုပ်သိတာပေ့ါ။ နောက်ပြီး မျက်လုံးတွေကလည်း မို့ပြီးအစ်နေပြီ။ တစ်ချက်တစ်ချက် အမြင်တွေ ဝါး...ဝါးလာတယ်။

ဒါပေမယ့် ကျုပ်ဝိုင်းထဲကနေ ထွက်ပြေးဖို့ လုံးဝစိတ်မကူးပါဘူး။ ကြောက်မွေးပါရင် ဇာဂနာနဲ့ ဆွဲနုတ်ပစ်မယ်။ တစ်ခုတော့ရှိတယ်။ ကျုပ်နာလွန်းလို့ မခံနိုင်ရင်တော့ ဥပဒေအရ ကျုပ်ကြက်ဆွဲရဲ့ ကုသမှုခံယူရအောင်လို့ စည်းရောက်အောင်ပြေးမယ်။ ကျုပ်ကြက်ဆွဲက ပြုစုပေးပြီးလို့ ဝိုင်းလယ်စည်းမှာ ပြန်တည်ရင် ကျုပ်ပြန်ခွပ်မယ်။ ဒီလိုပဲ ကျုပ်စဉ်းစားထားတယ်။ ဒါ ပြောက်ကျားစနစ်ပဲ။ တစ်ဖက်ရန်သူကို တစ်ချက်ချင်းခွပ်ပြီး အမှည့်ခြွေရမယ်။ ခုလိုအခြေအနေမျိုးမှာ တစ်ဖက်ကြက်ကို တုံးခနဲလဲသွားအောင် ကျုပ်မခွပ်နိုင်တာ အမှန်ပဲ။ ဒီပွဲကို သရေပွဲဖြစ်အောင် ကျုပ်ဆွဲယူသွားရမယ်။ ကိုယ်ရှုံးနိုင်တဲ့ပွဲ တစ်ပွဲကို အရှုံးမခံဘဲ သရေပွဲဖြစ်အောင် လုပ်ယူတာဟာလည်း နည်းပညာလိုတယ်ဗျ။

ဒီလိုနဲ့ တစ်ဖက်ကြက်ကခွပ်လိုက်၊ ကျုပ်က ကာလိုက်၊ နောက်ကို ဆုတ်လိုက်နဲ့ ခွပ်ရင်း ခွပ်ရင်း တစ်ချက်တစ်ချက် ခေါင်းကို ထိသွားတဲ့ဒဏ်က မသေးတော့ ကျုပ်ခေါင်းတွေ တော်တော့်ကို မူးလာတယ်။ မျက်စိတွေလည်း ဝါးလာတယ်။ ကျုပ်ခေါင်းက သာမန်ထက် နှစ်ဆလောက်ကြီးလာတော့ ကိုယ့်ခေါင်း ကိုယ်မနိုင်တော့ဘူး။ ဒ့ါကြောင့် ကျုပ်တို့နှစ်ကောင်စလုံး ခွပ်ပမ်းပမ်းပြီး ခဏကြက်ခွပ်ရပ်နေတဲ့ အချိန်လေးမှာ ကျုပ်နှုတ်သီးကို မြေကြီးနဲ့ထောက်ပြီး ခဏမှိန်းနေလိုက်တယ်။ အဲဒီလို ခဏမှိန်းနေတုန်း ဖောက် ဆိုတဲ့

အသံတစ်ချက် ကြားလိုက်ရပြီး ကျုပ်ခေါင်းကို လောက်စာ မှန်သလား အောက်မေ့လိုက်ရတယ်။ တစ်ဖက်ကြက်ရဲ့ ခွပ်ချက်က ပြင်းလွန်းတော့ ကျုပ်ခေါင်း ပူကနဲ ဖြစ်သွားပြီး မျက်စိထဲမှာ ကြယ်တွေ လတွေ

မြင်လာလို့ စည်းဝိုင်းရောက်အောင် ဒုတိယအကြိမ် အမြန်ပြေးလိုက်ရတယ်။ ဒါမှလည်း ကျုပ်သခင်က ကျုပ်ကို ကုလို့ရမှာမဟုတ်လား။

စည်းရောက်အောင် မပြေးနိုင်ရင်တော့ ကောက်ကုခွင့်မရှိဘူး။ အဲဒါဆိုရင် ကျုပ်ဝိုင်းထဲမှာတင် သေမှာ။ ဒါကြောင့် ရှိသမျှအင်အားတွေအကုန်ထုတ်သုံးပြီး စည်းရောက်အောင် မနည်းကို ထွက်ပြေးလိုက်ရတယ်။ ကျုပ်ကို ကုပြီးရင်တော့ ပြန်ခွပ်အုံးမှာပေ့ါဗျာ။

ဒါပေမယ့်...ဒါပေမယ့်..ကျုပ်သခင်ရဲ့ လက်ထဲလည်းရောက်ရော ကျုပ်မျက်စိတွေ ပြာလာပြီး တစ်ကိုယ်လုံး ပျော့ခွေသွားတယ်။ ကျုပ်ခေါင်း ကျုပ်မထိန်းနိုင်တော့လို့ ဇက်ကျိုးကျသလိုဖြစ်သွားတယ်။ ကျုပ်ဘာကိုမှ မမြင်တော့ဘူး။ ကျုပ်သခင် ကျုပ်ကိုပြုစုပေးနေတာတွေကိုလည်း ကျုပ်မသိတော့ဘူး။ ဒီ တဒင်္ဂအချိန်လေး

အတွင်းမှာ ကျုပ် စိတ်အစဉ်ဟာလေ ကျုပ် စိတ်အစဉ်ဟာ ။

အခန်း ( ၂ )

ဖြောင်း !...ဖြောင်း !...ဖြောင်း !...ဖြောင်း !...

အောက် အီ..အီး... အွတ်...!

အရှေ့က နေလုံးနီကြီး ထွက်လာစအချိန်မှာ ကျုပ် တောင်ပံတဖြောင်းဖြောင်းခတ်၊ ကျုပ်သခင် တန်းထိုးပေးထားတဲ့ ဝါးလုံးတန်းလေးပေါ် လှမ်းခုန်တက်ပြီး တွန်သံပေးနေကျပါ။ အဲဒီလို ကျုပ် တောင်ပံတဖြောင်းဖြောင်း ရိုက်ခတ်လိုက်ရင် အိပ်တန်းပေါ်မှာ အိပ်နေတဲ့ ကျုပ် ကောင်မလေး မိချော လန့်နိုးလာပြီး

ကတော် !...

ကတော် ! နဲ့ အိပ်တန်းကဆင်းပြေးလာမယ်။ အဲ့ဒီလို မိချော} လန့်ပြီးအိပ်တန်းက ဆင်းပြေးလာရင် ကျုပ်တာဝန်က အစာလေးတစ်ခုခုကို နှုတ်သီးနဲ့ကိုက်၊ ခြေထောက်နှစ်ချောင်းက မြေကြီးကို ယက်ပစ်ပြီး -

{ကွပ် ကွပ်...ကွပ်...ကွပ်} နဲ့ သူလေးကိုမကြောက်အောင် အဝေးကနေ လှမ်းပြီးချော့ပေးနေရုံပဲ။ ကျုပ်တို့

တိရ စ္ဆာန်တွေ လန့်လို့ကတော့ ချော့ပေးရင် ကြောက်စိတ် ပြေလွယ် တယ်ဗျ။ မြင်းတို့ နွားတို့ ကြည့်ပါလား။ ကျွတ်..ကျွတ်!.

ကျွတ်..ကျွတ်!..နဲ့သာ စုတ်သပ်ပေးလိုက်၊ ခဏနေရင်အကြောက်ပြေပြီး အမြီးလေး ယမ်းလာတယ်မဟုတ်လား။ ဒါပေမယ့် လူတွေကြောက်ပြီဆိုရင်တော့ စုတ်သပ်}လို့မရဘူးနော်။

ကျုပ်က တကွပ်ကွပ်နဲ့ ချော့ပေးနေရင် ခဏနေတော ့မိချော ကျုပ်နား တဖြည်းဖြည်းကပ်လာမယ်။ အဲဒီလို ကပ်လာလို့ ကျုပ်က အတောင်တစ်ဖက်ချ၊ သူ့ကိုရစ်ပြီး ဟန်ရေးပြလိုက်ရင် သူအကြောက် ပြေသွားတာပါပဲ။ အဲ့ဒီလို မိချောအကြောက်ပြေပြီး ကျုပ်နား ကပ်လာတဲ့အချိန်လေးဟာ ကျုပ်ရဲ့နေ့စဉ် နံနက်ချိန်ခါ မင်္ဂလာအချိန်

လေး ဆိုပါတော့ဗျာ။

ကျုပ်နာမည်လား !

တာတူး..!

တာတီး မဟုတ်ဘူးနော် တာတူး..! တာတူး..!

ဆည်မြောင်းဌာနမှာ မြေတူးတဲ့အလုပ်သမားတွေကို တာတူး သမားလို့ ခေါ်ကြတယ်။ အဲဒီ တာတူးတဲ့ လူတွေလက်ထဲကနေ ကျုပ်သခင်ဝယ်လိုက်လို့ အဲဒီနာမည်ပေးလိုက်တာလို့ သိရတယ်။ ဇာတိကတော့ မြင်းခြံကပါ။ ကျုပ်က ငယ်ငယ်ကတည်းက သတ်တာ၊ ပုတ်တာ ဝါသနာပါတယ်။

ကျုပ်အရွယ်ရောက်လာတဲ့အချိန် တာတူးတဲ့ လူတွေလက်ထဲ နစ်ပွဲ သုံးပွဲ နိုင်ဖူးတော့ ဒီနယ်တစ်ဝိုက်မှာ တာတူး

ဆိုတဲ့ နာမည်တစ်လုံးရလာတယ်။ ဒါကြောင့် ကျုပ်ရဲ့ အခုလက်ရှိသခင်က ကျုပ်ရဲ့မျိုးဆက်လိုချင်လို့ သူ့ဆီက ကြက်မလေး တစ်ကောင်နဲ့ တွဲပေးထားတယ်။ ကောင်မလေးနာမည်က မိချော တဲ့။ ကျုပ်ထက် တော်တော်ငယ်တယ်။ ကျုပ်ကလည်း ငယ်တာမှ ကြိုက်တာဗျ။

ငယ်လို့ကတော့ နို့ဘူးတိုက်ရတိုက်ရ၊ ဟီး...ဟီး။ နောက်ပြီး ကလေးမုန့်ပေးကြိုက်တယ်လို့ ပြောချင်လည်းပြောတော့။ ကျုပ် မိချောကို မြင်မြင်ချင်း ကြိုက်မိချက်ကတော့ တစ်ပိုင်းကို သေလို့ဗျို့။

ဟော့လူ... မရီ(ရယ်)နဲ့ဦး၊ ကျုပ်ရှင်းပြမယ်။

မိချောရဲ့အလှအပကို စာဖွဲ့ရရင် အရွယ်က ခင်ဗျားတို့ လူတွေ လိုဆိုရင် ၁၆ နှစ်မ အရွယ်မျိုးဗျ။ အသားအရေက ဖြူဝါဝါလေးရယ်။ နောက်ပြီး အကြောလေးတွေဆိုရင် စိမ်းပြီး မြင်နေရတယ်။ မျက်ခုံး မျက်လုံးကလည်း ပြောစရာမလိုဘူး။ ခင်ဗျားတို့စကားနဲ့ တင်စားရမယ် ဆိုရင်တော့ တစ်ခေတ်တစ်ခါက ထင်ပေါ်ကျော်ကြားခဲ့တဲ့

ရုပ်ရှင်မင်းသမီးကြီး (ဒေါ်)နှင်းဆီရဲ့ စင်ရော်တောင်ပံမျက်ခုံးမွေးနဲ့ ရွှေမဝ(ဒေါ်)စန်းစန်းအေးရဲ့ သမင်မျက်လုံးပေါ့။ ခန္ဓာကိုယ် အချိုးအစား ပြောရဦးမလား။ လှယဉ်ကျေးမယ်ဘွဲ့တောင် ရလောက်တယ်။

ကဲ..! ဒါမျိုး ခပ်မိုက်မိုက်ဒီဇိုင်းကိုမှ မကြိုက်ခဲ့ရင် သူများတွေက ကျုပ်ကို လက်ညှိုးပေါင်းတစ်ထောင်နဲ့ထိုး၊ မျက်လုံးပေါင်းတစ်သိန်းနဲ့ကြည့်ပြီး -

ခွင့်သာခိုက်မှ မကြိုက်ချင်ရင် အမိုက်နှင့်ပြင် ရှိလိမ့်လေလား ဆိုပြီး ဝိုင်းသရော်နေကြမှာပေါ့ဗျ။

ဟား ! ဟား ! ဟား !

ဒါမျိုးတော့ သရော်မခံနိုင်ဘူးဗျို့။

ဆက်ပြောလိုက်အုံးမယ်။ ကောင်မလေးက ကျုပ်အပေါ် သံယောဇဉ်ရှိပါတယ်။ ဘယ်နေရာမှာပဲဖြစ်ဖြစ် ကျုပ်တို့နှစ်ကောင် တစ်တွဲတွဲရှိနေတယ်။ ဒါကြောင့် ကျုပ်တို့အတွဲကို ခင်ဗျားတို့ဆီက ဆရာကြီး တက္ကသိုလ်ဘုန်းနိုင်ရဲ့ နှစ်လွှာပေါင်းမှတစ်ရွက်ဆိုတဲ့ စွယ်တော်ရွက်နဲ့တောင် တင်စားသင့်တယ်ဗျ။ ကြက်ဝိုင်းသွားတဲ့နေ့ကလွဲလို့ပေါ့ဗျာ။ အဲဒီလို ကြက်ဝိုင်းသွားရမယ့်နေ့ဆိုရင်လည်း ကျုပ်မှာ စိတ်မဖြောင့်ရပါဘူး။ ညနေပိုင်း အိမ်ကိုပြန်ရောက်ပြီး မိချောကို တွေ့ရမှပဲ ကျုပ်ရင်ထဲက အလုံးကြီးကျတော့တယ်။ အဲ့ဒီလောက်ထိကို ကျုပ်ကလည်း မိချောအပေါ်ချစ်တာ။

ကျုပ်က ကြက်ဝိုင်းရောက်နေပေမယ့် စိတ်က အိမ်ပြန်ချင်လှပြီ။ အိမ်ရောက်ရင် မိချောနဲ့ ချစ်စကားတွေ ဖောင်ဖွဲ့ပြီးပြောကြမယ်။ နောက်ပြီးကြက်ဝိုင်းက ဒဏ်ရာဒဏ်ချက်တွေ ရလာတဲ့ကျုပ်ကို တယုတယ ပြုစုပေးမယ့် မိချောရဲ့အပြုအစုတွေကို ခံချင်လှပြီ။ ဒါကြောင့် ကျုပ်အာရုံထဲမှာ မိချောရဲ့ မျက်နှာလေးကိုဘဲ မြင်နေရတယ်။

အခန်း ( ၃ )

ကျုပ် ခဏသတိလစ်သွားပြီး မကြာခင်မှာပဲ ကျုပ်သခင်ရဲ့ ပြုစုကုသမှုကောင်းလို့ ပြန်ပြီးသတိရလာခဲ့ပါတယ်။ ရီဝေနေတဲ့ ကျုပ်ရဲ့မျက်စိရှေ့မှာ မိချောကို မှုန်ဝါးဝါးမြင်နေရတယ်။ ဒါပေမယ့် ကျုပ်ခေါင်းက ဒဏ်ရာကများတော့ ခေါင်းမထူနိုင်သေးလို့ ခဏမှိန်းနေလိုက်တယ်။ ကျုပ်သခင် ကြက်ဆွဲက ကျုပ်ကို အစွမ်းကုန်

ကြိုးစားပြီး ပြုစုနေတာကိုတော့ သိနေပါတယ်။ ကြပ်ပူတိုက်ပေးလို့ ရေစိုနေတဲ့ ခန္ဓာကိုယ်ဟာ နွေးနွေးထွေးထွေးဖြစ်လာပါတယ်။

လည်ပင်းကဒဏ်ရာတွေကိုလည်း သူ့ပါးစပ်နဲ့ငုံပြီး အာငွေ့ပေးကုထားလို့ နည်းနည်းသက်သာလာတယ်။ ခေါင်းကတော့ မထောင်နိုင်သေးပါဘူး။ လမ်းလျှောက်ဖို့ဆိုတာကတော့ ဝေလာဝေးပေါ့ဗျာ။ ကျုပ် အဲ့ဒီလို သတိ မရတစ်ချက် ရတစ်ချက် ဖြစ်နေတဲ့ အချိန်လေးမှာ ကျုပ်နားထဲ {ပြုန်း} ဆို စူးစူးရှရှ အော်လိုက်တဲ့ အသံတစ်သံ ကြားလိုက်ရတယ်။

{ကရော့ !...ကရော့ !...ကရော့ !...}

{ကတ်...ကတ်...ကတ်...ကတော် !...}

{ကတ်...ကတ်...ကတ်...ကတော် !...}

ဝေဒနာရဲ့ နှိပ်စက်မှုကြောင့် မှိန်းနေရတဲ့ ကျုပ်မျက်လုံး တွေဟာ အဲဒီစူးစူးရှရှ အသံကြားလိုက်ရလို့ ဇီးကွက်မျက်ပြူးဖြစ်သွားရပါတယ်။

ဟာ..!..

ဒါ...ဒါ မိချော လန့်အော်တဲ့အသံပဲ။ ဒီအသံကျုပ် မနက်တိုင်း ကြားနေကျ။ ကျုပ် မမှတ်မိဘဲ နေပါ့မလားဗျ။ မိချော ဘာဖြစ်သလဲ မသိဘူး။ ကျုပ်သွားကူမှ၊ ကျုပ်သွားကူမှ။ မိချောစိတ်ကြောင့် ထင်ပါရဲ့။ ကြက်သီး မွေးညင်းတွေတောင် ထသွားတယ်။ မိချောရဲ့အသံ ကြားကြားခြင်းပဲ ကျုပ်ကိုပြုစုပေးနေတဲ့ ကျုပ်သခင် ကြက်ဆွဲလက်ထဲကနေ ရုန်းပြီး ခုန်ထွက်လိုက်တယ်။ ပြီးတော့ အနီးနားပတ်ဝန်းကျင်ကို ပြာပြာသလဲ၊ {ကျီးကန်း

တောင်းမှောက်} မျက်လုံးမျိုးနဲ့ ကျုပ်ရှာကြည့်လိုက်တော့ အဖိုးကြီး တစ်ဦးရဲ့ လက်ထဲမှာ မိချောကို ပွေ့ပိုက်ထားတာ တွေ့လိုက်ရတယ်။

ခုန သေငယ်ဇောနဲ့ မြောနေတဲ့ကျုပ်၊ ပြုန်းဆို သခင့် လက်ထဲ ကနေ ခုန်ထွက်လိုက်တော့

ကျုပ်သခင်တောင် လန့်သွားပုံရတယ်။ လူတွေမှာ အခံရခက်တဲ့ ဖြစ်ရပ်ဆိုးတွေနဲ့ ပတ်သက်လာရင် တင်စားပြီး ပြောဆိုနေကြတဲ့ ဥပမာ၊ ဥပမေးယျလေးတွေ ရှိတယ်မဟုတ်လား။

ခင်ဗျားတို့ပဲ {မျက်စပ်ပိုးဝင်၊ ဆံတစ်ပင်တင်း၊ ချစ်ခြင်းမယား} ဆို။

ဒါကြောင့် ခုန မိချောကို လန့်အောင်လုပ်တဲ့လူကို ရင်ဆိုင်တွေဖို့ ကျုပ်သခင်လက်ထဲကနေ ခုန်ဆင်းပြီး ကျုပ်ရဲ့ ရှိသမျှ အတွင်းအား တွေကို အစွမ်းကုန် စုပြီး တွန်ပစ်လိုက်တယ်။

{အောက် အီ အီး အွတ် !...}

အော်လိုက်တဲ့ ကျုပ်အသံဗျာ၊ ဒေါသသံတွေ ပါနေလို့လား မသိပါဘူး။ ကျုပ် မကျေနပ်သေးလို့ နောက်တစ်ကြိမ် ထပ်ပြီးတွန်ပစ်လိုက် တယ်။

{အောက် အီ အီး အွတ် !...}

ကျုပ် အဲ့ဒီလို ကျုပ်သခင်လက်ထဲကနေ ထခုန်ပြီး တွန်လိုက်တဲ့ အချိန်မှာ လက်ခေါက်မှုတ်သံတွေနဲ့အတူ လက်ခုပ်သံတွေ တဖြောင်းဖြောင်းနဲ့ ကျုပ်ကို အားပေးသံတွေ ကြက်ဝိုင်းတစ်ခုလုံး ဆူညံသွားတယ်။

{ဟေး...တာတူးကွ !...တာတူး !...}

{ရွှီ !... ရွှီ !...ရွှီ !...}

{ဖြောင်း...ဖြောင်း...ဖြောင်း...ဖြောင်း !...}

လက်ခုပ်သံတွေမစဲမီ ကျုပ် အသင့်နေရာယူလိုက်တယ်။

အမူးပြေအောင်လို့ လည်ဆံမွေးတွေကို ခါလိုက်ပြီး ဇက်ကို ဘယ်ညာချိုးလိုက်တယ်။ ရှိသမျှအင်အားနဲ့ အတောင်ပံကို တဖြောင်းဖြောင်းခတ် မာန်သွင်းလိုက်ပြီး {မိချော}ကို ပွေ့ထားတဲ့ အဖိုးကြီးနားသွား တွန်ပြလိုက်တယ်။ ပြီးမှ ဝိုင်းလယ်ကို လျှောက်လာခဲ့တယ်။ {စိတ်မပူနဲ့။ အစ်ကိုကြီး ဘာမှမဖြစ်ဘူး} ဆိုတဲ့ သဘောပေါ့ဗျာ။

ဒါပေမယ့် ကျုပ်ခေါင်းကြီး ဖူးရောင်လို့ သွေးအလိမ်းလိမ်း ဖြစ်နေတာကိုကြည့်ပြီး မိချော ကျုပ်ကို မျက်ရည်ဝဲနေတဲ့ အကြင်နာမျက်လုံးလေးတွေနဲ့ ကြည့်နေတယ်ဗျ။ သူငိုတော့မယ်။ သူလေး ငိုတော့မယ်။ အဲဒီ အချိန် လေးမှာ ကျုပ်...အတောင်တွေကို တဖြောင်းဖြောင်းရိုက်ပြီး မိချောနားကို မာန်ပါပါနဲ့ နောက်တစ်ခေါက် ထပ်သွားပြီး တွန်ပြလိုက်တယ်။

{အောက် အီ အီး အွတ် !...}

အစ်ကိုကြီး ဘာမှမဖြစ်ဘူး မိချော၊ ဒီဒဏ်ရာလောက်တော့ တာတူး တို့က ပျင်းတယ်လို့ပြောပြီး သူလေးကို နစ်သိမ့်လိုက်ပါတယ်။

ပြီးတော့မှ ကျုပ် ဝိုင်းလယ်ကို လျှောက်လာခဲ့တယ်။

ဒီတစ်ချီ ဝိုင်းလယ်က စည်းကိုသွားနေတဲ့ ကျူပ်ခြေလှမ်းတွေဟာ သိပ်ကို ပေါ့ပါးနေပါတယ်။ နောက်ပြီး ခုနဒဏ်ရာတွေဆိုတာလည်း ကျူပ် နာရမှန်း မသိတော့ပါဘူး။ အခု တစ်ဖက်ကြက်ကိုရင်ဆိုင်ဖို့ ကျူပ်အသင့်ဖြစ်နေပြီ။

စ ပြီ။ ကျူပ်တို့နှစ်ကောင် စခွပ်ပြီ။ အဲဒီအချိန်မှာ {ကရော့ !...ကရော့ !...ကရော့ !..} လို့

လန့်အော်လိုက်တဲ့ မိချောအသံကို ကျူပ် ထပ်ပြီးကြားလိုက်ရတယ်။ ကျူပ် ခွပ်နေရင်းနဲ့ အသံကြားတဲ့ဆီ လှမ်းကြည့်လိုက်တော့ ကျူပ်နဲ့ ခွပ်နေတဲ့ ကြက်နောက်နားက စည်းဝိုင်းမှာ ထိုင်နေတဲ့ အဘိုးကြီး

တစ်ယောက်ရဲ့ လက်ထဲမှာ မိချောကို အခြား ကြက်ဖတစ်ကောင်နဲ့ရောပြီး ပွေ့ထားတာကို ကျူပ် တွေ့လိုက်ရတယ်။ အဲ့ဒီ အခိုက်အတန့် လေးမှာ ကျူပ်ရဲ့ဒေါသဟာ အဆုံးစွန်ထိ ရောက်သွားတယ်။

{ဟာ...ဗျာ..!}

ကျူပ်လေ ကျူပ် ဘာဆိုဘာမှ မမြင်တော့ဘူးဗျို့၊ ဒီအချိန် ကတော့ ကျူပ်ရှေ့မှာ မဲမဲမြင်သမျှ ရန်သူပဲ။ ကျူပ် မိချောစိတ်နဲ့ ဘယ်လိုကဘယ်လို ခွပ်ချလိုက်တယ် မသိပါဘူး။ ကျူပ်နဲ့ ခွပ်နေတဲ့ကြက် ဝိုင်းထဲတင် ပက်လက်ကြီးလန်ပြီး ဆန့်ငင်ဆန့်ငင်ဖြစ်နေပြီ။

စကားမစပ် မေးလိုက်ဦးမယ်။

ခင်ဗျား တရုတ်သိုင်းဝတ္ထုတွေ ဖတ်ဖူးလား။ အဲဒီဝတ္ထုတွေ

ထဲမှာ ရေးနေကျအတိုင်းပေါ့ဗျာ။ {မည်ကဲ့သို့ လှုပ်ရှားလိုက်သည်မသိ} ဆိုတဲ့ စကားအတိုင်းပဲဗျို့၊ ကျူပ်လည်း မစိတ်မှန်ပြီး တစ်ဖက်ကြက်ကို ဘယ်လိုကဘယ်လို ခွပ်ပစ်လိုက်တယ်မသိပါဘူး။ ကျူပ်သတိရလာတဲ့

အချိန်မှာတော့ ကျူပ်နာမည်ကိုအော်ခေါ်ပြီး သြဘာပေးနေတဲ့ အသံတွေကိုပဲ ကြားနေရပါတယ်။

{ဟေး !...တာတူးကွ !...တာတူး !...}

ဒါပေမယ့် ကျူပ် အဲ့ဒီသြဘာသံတွေပေါ်မှာ သာယာမနေနိုင်ဘူး။ {မထူး}ဇာတ် ခင်းလိုက်ရတော့တယ်။ ဒါကြောင့် ရှေ့ကစည်းမှာ ထိုင်နေတဲ့ အဘိုးကြီးရဲ့ လက်ထဲက မိချောနဲ့အတူရောပွေ့ထားတဲ့ ကြက်ဖကိုပါ ကျူပ်လိုက်ခွပ်ပစ်လိုက်တယ်။

အိုး ! ဘာပြော ကောင်းမလဲ။ အဲ့ဒီ ထိုင်နေတဲ့ အဘိုးကြီးပါ ထပြေးရော။ ကျူပ်လည်း မိချောကို မလွှတ်မချင်း လိုက်ခွပ်ပစ်လိုက်တယ်။ ခင်ဗျားတို့လူတွေမှာ {အချစ်အတွက်ဆို အသက်ပင်သေသေ} ဆိုတဲ့ သီချင်းရှိတယ်

မဟုတ်လား။ မကြောပါဘူး။ ကျူပ်သခင်ရဲ့ {တာတူး}လို့ လှမ်းအော် လိုက်တဲ့အသံကြားလိုက်ရပြီး ကျူပ်ရှေ့မှာ မိချောကို လာပြီးပြတယ်။

ပြီးမှ ကျူပ်ကို တကစ်ကစ်နဲ့ ချော့ပြီး ဖမ်းသွားပါတယ်။ ကျူပ်ခွပ်ခဲ့တဲ့ ပွဲထဲမှာတော့ ဒီတစ်ခါ

အောင်ပွဲဟာ အချိုမြိန်ဆုံးပဲဗျ။ ကျုပ်ထက် ကြီးတဲ့ကြက်နဲ့ ခဲခဲယဉ်းယဉ်းခွပ်ခဲ့ရလို့ ကျုပ်မှာ ဒဏ်ရာဒဏ်ချက်တွေ

အများကြီးရခဲ့တယ်။ ဒါတွေကို ကျုပ်ခံနိုင်ရည် ရှိပါတယ်။ ဒီဒဏ်ရာ တွေအတွက် ကျုပ်ပီတိတောင် ဖြစ်ရသေးတယ်။ ဘာဖြစ်လို့လည်းဆိုတော့ အဲ့ဒီနေ့က ကျုပ်သခင်က မိချောနဲ့ ကျုပ်ကို သူ့ရင်ခွင်ထဲမှာအတူပိုက်ပြီး အိမ်ပြန်ခဲ့တယ်လေဗျာ။

ကိုင်း !...အဲ့ဒီလိုအနေအထားမျိုးမှာ ကျုပ်က ဒီဒဏ်ရာ ဒဏ်ချက်တွေကို ဂရုစိုက်နေမတဲ့လား။ ဝေးသေး။ ဒါတွေကို ဂရုစိုက် ပေးမှာက မိချောဗျ၊ မိချော။ ကျုပ်ရဲ့ဒဏ်ရာတွေ မပျောက်မချင်း သူလေးက နေ့စဉ်ကျုပ်နားမှာ လာလာပြီး ပြုစုမှာ။ ဒါ့ကြောင့် ကျုပ်က ဒီဒဏ်ရာတွေ မြန်မြန်ပျောက်သွားမှာကိုတောင် စိုးရိမ်နေရသေးတယ်။ ကြာလေကောင်းလေပေါ့ဗျာ။

အိမ်ရောက်လို့ ကျုပ်သခင်နဲ့ ဝိုင်းထဲမှာ ကျုပ်ခွပ်လိုက်တဲ့ အဘိုးကြီးနဲ့ စကားပြောနေတာ တွေ့တော့မှ တစ်နေ့က အဲဒီ အဘိုးကြီး ကျုပ်သခင်ကို ပြောနေတဲ့စကားသံတွေ ကျုပ်နားထဲ ပြန်ပြီး ကြားလာမိတယ်။ အဲဒီလို သူတို့အချင်းချင်း ပြောဆိုနေကြသံ တွေ ကြားမှပဲ.. မိချော ကြက်ဝိုင်းထဲ ပါလာခဲ့ပုံကို ကျုပ်သိရတော့တယ်။

ဟော့ကောင် မောင်တင် ! မင်းကောင် တာတူးက မိချောကိုသိပ်ချစ်တာကွ၊ ဘယ်သွားသွား တတွဲတွဲဖြစ်နေတာ၊ မိချောတစ်ခုခုကြောင့် လန့်အော်ရင် ဒီကောင် ဘာလုပ်လို့ လုပ်ရမှန်းမသိဘဲ ပျာယာခပ်နေပြီး သူ့ရှေ့က တွေ့ရာမြင်ရာတွေကို ဒေါသတကြီးနဲ့ ခွပ်ပစ်တော့တာပဲ။ သူ့ရဲ့ အဲဒီဒေါသစိတ်ကို တို့ အသုံးချတတ်ရမယ်ကွ။ ဒီတစ်ခါ မင်းရဲ့ကြက် မြို့သစ်ဝိုင်း ချရင် ငါ မိချောကို လွယ်အိတ်ထဲ ဝှက်ယူခဲ့မယ်။ တကယ်လို့များ မင်းကောင် အရေးနိမ့် နေရင် မိချောကို အော်အောင်လို့ သူ့ရဲ့ အတောင်ပံရင်းနှစ်ဖက်ကိုညှစ်လိုက်မယ်။ မိချော အော်သံကြားရင် မင်းကောင် ပြာယာခတ် နေမှာပဲ။ အဲ့ဒီလို ဒီကောင် ပြာယာခတ် နေပြီဆိုရင် သူမြင်သာတဲ့ သူ့ရဲ့ရှေ့စည်းဝိုင်းပေါ်မှာ ငါထိုင်နေမယ်။ ပြီးတော့ မိချောကို တစ်ခြား ကြက်ဖတစ်ကောင်နဲ့တွဲပြီး သူမြင်အောင် ငါ့လက်ထဲ ပိုက်ပြထားလိုက်မယ်။ အဲဒါဆိုရင် မိချောနဲ့ အခြားကြက်ဖတွဲပြီး ပွေ့ထားတာကို မြင်လိုက်တာနဲ့ မင်းကောင် တာတူး... ရည်စား လူလု၊ ဟိုဒင်း..ကြမ်းညပ် (အဲလေ) အူနက္ခခတ် ဖြစ်ပြီး ဒန်တန့်ဒန် ဖြစ်ပြီပေါ့ကွာ။

ဟား !...ဟား !...ဟား ! ဟား !...

ဟောဗျ...ဒီအဘိုးကြီးရဲ့ ရိုက်ချက်ကလည်း အပြင်းစားပဲဗျ။ ကျုပ်ရဲ့ မသိစိတ်ကို လက်တွေ့အသုံးချသွားတာ ပိုင်တယ်ဗျာ ဘာပဲဖြစ်ဖြစ် အဲဒီအချိန်မှာ အဲ့ဒီအဘိုးကြီးကိုတောင် ကျေးဇူး တင်ရမလို ဖြစ်နေပြီ။ အောင်ပွဲရခဲ့တဲ့ ကျုပ်ရဲ့ဘေးမှာ အမြဲနေပြီး ကျုပ်ရဲ့ဒဏ်ရာတွေကို တယုတယပြုစုပေးနေတဲ့ မိချောရဲ့ မျက်နှာလေးကို မြင်နေရတော့ ကျုပ်လေ ဟိုသီချင်းလေးကိုသွားပြီး သတိရမိတယ်ဗျာ။

မိချောရဲ့ အချစ်ရည်ရွှန်းလဲ့နေတဲ့ မျက်ဝန်းလဲ့ပြာပြာလေးတွေ နဲ့ ဆုံမိတိုင်း ရင်ခုန်ပြီး ကျုပ်နားထဲ ကြားနေရတဲ့သီချင်းက -

အမေပြောတဲ့ အမောပြေဆိုတာ...သူ့မျက်နှာလေးပါ

တစိမ့်စိမ့်ကြည့်လို့ မဝသေးပါ ချစ်လွန်းတဲ့သူရာ

အဲ့ဒီ သီချင်းဗျ၊ အဲဒီ သီချင်း။

အခန်း (၄)

အမှန်အတိုင်း ဝန်ခံရရင်တော့ အဲ့ဒီပွဲမှာ ကျုပ်မနိုင်သင့်ပါဘူး။ စာကလေးနဲ့ ဂျိုး (ချိုး)ခွပ်ရသလို ကျုပ်ဘက်က အစစအရာရာနိမ့်ကျခဲ့ပါတယ်။ ဒါပေမယ့် ကျုပ်ပြတ်ပြတ်သားသားကို နိုင်ခဲ့တယ်။ နောက်ဆုံးအချီ အဆုံးအဖြတ် ပေးမယ့်အချိန်မှာ ကျုပ်ဘာကိုမှမမြင်တော့ဘဲ မည်းမည်းမြင်ရင် မျက်စိစုံမှိတ်ပြီး မကြောက်မရွံ့ပိတ်ခွပ်ပစ်လိုက်တယ်။ ကျုပ်ရဲ့ အဲဒီလို ဂမူးရှူးထိုးနဲ့ လိုက်ခွပ်တဲ့ တရစပ်တိုက်စစ်ကို ခင်ဗျားတို့ရဲ့ သေနင်္ဂဗျူဟာစစ်ပညာမှာ ဥသဘဗျူဟာလို့ ခေါ်တယ်မဟုတ်လား။ အဲ့ဒီဗျူဟာကြောင့်ပဲတစ်ဖက်ကြက် ဝိုင်းထဲမှာ မှောက်တော့တာပေါ့ဗျာ။

အဲ့ဒီပွဲနိုင်ပြီးတော့... ကျုပ် စဉ်းစားမိတယ်။ ဒီလောက် ကိုယ့်ထက် အစစအရာရာသာတဲ့ တိုက်ဖက်ကို နိုင်ဖို့ ကျုပ်ကို မမြင်ရတဲ့ စွမ်းအားတစ်ခုက တွန်းအားပေးနေတယ်လို့ ကျုပ် ခံစားမိလိုက်တယ်ဗျ။

ဒါနဲ့ ကျုပ်လည်း အေးအေးဆေးဆေးဖြစ်တဲ့ ညအိပ်တန်း တက်ချိန်ကျတော့ စဉ်းစားကြည့်တာပေါ့နော်။ ငါ့ကို ရှုံးနိမ့်နေရာကနေ အောင်ပွဲခံနိုင်အောင် ဘယ်လို စွမ်းအားမျိုးကများ တွန်းအားပေးလိုက်တာပါလိမ့် ဆိုပြီး စဉ်းစား နေလိုက်တာ။ နောက်ဆုံးကျတော့မှပဲ ကျုပ်လည်း

အို့..ဟိုး !... ဒါ့ကြောင့်ကိုး ! ဆိုပြီး အဲဒီပုစ္ဆာရဲ့အဖြေကို တွေ့ခဲ့တော့တယ်ဗျို့။

အဲ့ဒါကတော့ ကိုယ့် မသိစိတ်ထဲမှာ မိချောအပေါ် ငြိတွယ်နေတဲ့ ကျုပ်ရဲ့

"ချစ်ဇော"ဗျ။

"ချစ်ဇော "

ဟား !...ဟား !...ဟား !...ဟား !..ဟား !...

ကိုကိုလတ် (ဆည်မြောင်း)

ဝန်ခံကတိပြုချက်

ယခင်က မိမိကိုယ်တိုင် ကြက်ပွဲတစ်ပွဲတွင် တွေ့ကြုံခဲ့သော အချစ်ကြီးသည့် တိုက်ကြက်ဖတစ်ကောင်၏ အောင်ပွဲအား သတိရမိ ချိန်တွင် ဂုဏ်ပြုသည့်အနေဖြင့် မိမိကိုယ်မိမိ အောင်ပွဲရ တိုက်ကြက်ဖ တစ်ကောင် အသွင် ပြန်လည်ခံစားရေးဖွဲ့ခြင်း ဖြစ်ပါသည်။
(၂၀၀၈ ခုနှစ် မတ်လထုတ် ရွှေအမြုတေမဂ္ဂဇင်းအမှတ်-၂၂၀၊ စာမျက်နှာ ၁၃၄-၁၃၉ မှ)

လွမ်းတော်မူလို့

ကိုကိုလတ် (ဆည်မြောင်း)

အခန်း (၁)

တကယ်ဆိုရင် ဒီအကြောင်းတွေကို မပြောတော့ဘူးဆိုပြီး 'ကျုပ်' ရေငုံနှုတ်ပိတ် နေသွားမလို့ပါပဲ။ ဒါပေမယ့် ပြောစရာက ပေါ်လာတော့ မပြောမဖြစ်လို့ ပြောလိုက်ရတာပါ။ တခြားမဟုတ်ပါဘူး။ အခုရက်ပိုင်းမှာ "မိဘမေတ္တာဘွဲ့"စာမူ ဖိတ်ခေါ်တဲ့ ကြော်ငြာ တွေအကြောင်း ကျုပ်သခင်နဲ့ သူ့သားနဲ့ ပြောဆိုနေတာ ကြားမိရာကနေ ကျုပ်လည်း ဒီအကြောင်းတွေ ပြောချင်နေတာ ပါးစပ်က ယားနေတာမို့ ခင်ဗျားကို အခုလို ရင်ဖွင့်လိုက်ရတာပါ။

ကျုပ်ပြောတာတွေထဲမှာ အမှားပါရင် ခွင့်လွှတ်ပေါ့ဗျာ။ ကဲ !...ပြောပြီနော်...။

ခင်ဗျားတို့ဟာလေ 'မိဘမေတ္တာဘွဲ့'လို့ ဆိုလိုက်တာနဲ့ လူ့ဘောင်လောကက လူသားမိခင်တွေနဲ့ လူသားဖခင်တွေရဲ့ မေတ္တာ တရား ကြီးမားပုံတွေ၊ သားသမီးတွေအပေါ် အနစ်နာခံပုံတွေကိုပဲ ပြေးပြေးမြင်ပြီး ရေးဖွဲ့နေကြတယ်။ ဒါတောင် မိခင်မေတ္တာဘွဲ့တွေကများပါတယ်။ ဖခင်မေတ္တာဘွဲ့ ရေးတဲ့သူက လက်ချိုးရေလို့ရတယ်။ ထားပါ။

အဲဒီမှာ ကျုပ် မေးခွန်းနှစ်ခု မေးချင်ပါတယ်။

ဟောဒီ သတ္တလောကကြီးတစ်ခုလုံးမှာ သားသမီးတွေအပေါ်ထားတဲ့ မိခင်စိတ်၊ ဖခင်စိတ်ဆိုတဲ့ မေတ္တာတရားဟာ ခင်ဗျားတို့ လူသားတွေမှာပဲ ရှိတယ်လို့ ထင်နေကြသလား...ဆိုတဲ့ မေးခွန်းရယ်။ နောက်ပြီး ကျုပ်တို့ သတ္တဝါလေးတွေမှာ သားသမီးတွေအပေါ် ထားတဲ့မိခင်စိတ်၊ ဖခင်စိတ်တွေ မရှိကြတော့ဘူးလို့များ ခင်ဗျားတို့လူသားတွေ ထင်နေကြသလား ဆိုတဲ့ မေးခွန်းရယ်ပါ။

ဒီမေးခွန်းတွေကို ကျုပ် ဘာဖြစ်လို့မေးချင်သလဲဆိုတော့

"တစ်ခါလာလည်း ဒီလူ့ဘုံခန်းဝါက မိခင်မေတ္တာဘွဲ့ မဲပြာပုဆိုး။ နောက်တစ်ခါလာလည်း ဒီလူ့ဘုံခန်းဝါက ဖခင်မေတ္တာဘွဲ့ မဲပြာပုဆိုး။"

နောက်တစ်ခါ လာပြန်ပြီပော့! " ဆိုလည်း ဒီလူ့ဘုံခန်းဝါက ချစ်ကြိုက်၊ ကွဲညား ချစ်ခြင်းမေတ္တာဘွဲ့ မဲပြာပုဆိုး။ ကျုပ်ကြားဖူးသလောက်ဆိုရင် ခင်ဗျားတို့ဟာ အပ်ကြောင်းကို ထပ်နေပြီဗျ။

ကျုပ်ထပ်မေးပါဦးမယ်။

ခင်ဗျားတို့မှာ ဒီ လူ့လောက ဘဝသရုပ်ဖော် မဲပြာပုဆိုးတွေကလွဲလို့ ရေးစရာ မရှိကြတော့ဘူးလား...!...နောက်ပြီး ကျုပ်တို့လို သတ္တဝါလေးတွေရဲ့ မိဘမေတ္တာဘွဲ့လေးတွေများ ရေးကြဖို့နဲ့ မဂ္ဂဇင်း စာမျက်နှာတွေပေါ်မှာ ဖော်ပြကြဖို့ အစီအစဉ်တွေ ခင်ဗျားတို့ စာရေးဆရာတွေနဲ့ မဂ္ဂဇင်းအယ်ဒီတာတွေမှာ မရှိကြတော့ဘူးလား..!

လို့တောင် တစ်ခါတစ်လေ ကျုပ်မေးချင်စိတ် ပေါက်ပေါက် လာတယ်။

အဟုတ်ပြောတာ။ ခင်ဗျားတို့ လုပ်ပေါက်တွေက မေးခွန်းထုတ်စရာတွေ ဖြစ်နေပြီ။ အခုလို မေးခွန်းထုတ်လိုက်လို့ ကျုပ်ကို လွန်တယ်လို့ ထင်ခဲ့ရင်...။

ကျုပ် ခင်ဗျားကို ထပ်ပြီးမေးလိုက်အုံးမယ်။

'အဲဒီလို သတ္တဝါလေးတွေနဲ့ပတ်သက်တဲ့ မိဘမေတ္တာဘွဲ့တွေကို ရှာဖွေဖော်ထုတ်ပြီးရေးခဲ့တဲ့ စာရေးဆရာ ဘယ်နှစ်ဦးရှိသလဲ' လို့။

ပြောလေဗျာ !...

ရှားပါတယ်၊ တော်တော့်ကို ရှားပါတယ်။

အဲဒီတော့

ကျုပ်က ဘွင်းဘွင်းပဲ ပြောလိုက်မယ်။

ခင်ဗျားတို့ မေတ္တာက 'ရှိုက်သံ' လောက်တင်ရယ်။ ကျုပ်တို့ သတ္တဝါလေးတွေရဲ့မေတ္တာက ခင်ဗျားတို့ 'ရှိုက်သံ' ထက်မလျော့ဘူး။ ခင်ဗျားတို့က ရှိုက်ရုံအဆင့်လောက်နဲ့တင်ပြီးသွားတာ။ ကျုပ်တို့က တစ်ခါတစ်လေ 'ငိုချင်း' အဆင့်ထိ ရှိတယ်။

'ငိုချင်း' တောင်မှ ရိုးရိုး 'ငိုချင်း' မဟုတ်ဘူး။ ရှယ် 'ငိုချင်း'။ ရှယ် 'ငိုချင်း' ဆိုတာ.. ဘိုလိုမှတ်ရရင်တော့ Tragedy ပေါ့ဗျာ။ ခင်ဗျားတို့ရဲ့ဇာတ်သဘင်ကြီးတွေမှာ နောက်ပိုင်း 'အပူတိုက်ခန်း' ကို ပြောတာ။ အဲ့ဒီ အကြောင်းအရာတွေကိုပြောရင် ကျုပ်ကြားဖူးတဲ့ 'ချင်းဖဝေး' ဇာတ်ထုပ်ထဲက မင်းသားကြီး (ဦး) စိန်အောင်မင်းကြီး

'ဟဲ' သလို

'ယာတောရဲ့...အလယ်မှာကွယ်...ငါ...ပြော မယ် ရွှေဘုရင် ရဲ့ ဟဲ့ ဟဲ့ ' ဆိုပြီး

အော် အော် ငိုပစ်လိုက်ချင်တာ။

အဟုတ်။

ဒါကြောင့် ကျုပ်က ဒီအကြောင်းတွေကို မပြောမဖြစ်တော့လို့ ပြောလိုက်ရတာပါလို့ ပြောတာ။ အဲဒီလို ပြောမယ်ဆိုမှတော့ ကျုပ်ရဲ့အကြောင်းကို အစအဆုံး 'က'ကြီးကနေ 'အ' အထိ အဆိုးရော အကောင်းရော ပြောပြမှ ပြည့်စုံတော့မှာပေါ့ဗျာ။ နော့...။

အခန်း ( ၂ )

ကျုပ် တိုက်ငါးတစ်ကောင်ပါ။ 'ကျုပ်' ဆိုပြီး ရင့်ရင့်သီးသီး သုံးလိုက်တာ ဒီကောင် ရိုင်းလှချည်လားလို့ထင်ရင် ကျုပ်ကို နားလည်ခွင့်လွှတ်ပေးပါ။ ကျုပ်က အမြဲတိုက်ခိုက်နေရလို့ အပြောအဆိုနဲ့စရိုက် နည်းနည်းကြမ်းပါတယ်။ သည်းခံပေးပါဗျာ။

ကျုပ်တို့ တိုက်ငါးမှာက အစိမ်းရောင်နဲ့ ဆင်စွယ်ရောင်ဆိုပြီး အဓိက အရောင်နှစ်မျိုး ရှိပါတယ်။ ကျုပ်က ဆင်စွယ်ရောင်။

နာမည်က 'ဗန်ဒို'။

ဗျာ !

မကြားဖူး ဘူး။

ဟုတ်လား..!

ရှိပါတယ်။ ကြက်တိုက်တာရှိသလို ငါးတိုက်တာလည်းရှိပါတယ်။ ရှားတော့ ရှားတယ်ဗျ။ ကျုပ်သခင်လို ရှာရှာပေါက်ပေါက် အကုသိုလ် မီးထွန်းရှာတဲ့ လူတွေလောက်သာ ငါးတိုက်ကြတာပါ။ လူကုံထံ အသိုင်းအဝိုင်းနဲ့ ဘာသာရေးကိုင်းရှိုင်းတဲ့လူတွေကတော့ ရှုတ်ချကြတာပေါ့ဗျာ....နော့။

ကျုပ်ဆိုရင် အရွယ်ရောက်ပြီဆိုကတည်းက ကျုပ်သခင်က တိုက်ဖို့လေ့ကျင့်ပေးတာ၊ အခုဆို ကျုပ်နှုတ်ခမ်းတွေ အသားမာတွေတောင် တည်နေပြီ။ လေ့ကျင့်ခန်းလုပ်ရလွန်းလို့။

ဟေ့လူ !

မရယ်နဲ့လေဗျာ။

ကျုပ် တကယ်ပြောနေတာ။

ခင်ဗျားတို့ လူတွေမှာတင် လေ့ကျင့်ခန်းတွေ ဘာတွေလုပ်ရတာ မဟုတ်ဘူး။ ကျုပ်တို့ တိုက်ငါးတွေလည်း လေ့ကျင့်ခန်းတွေဘာတွေ လုပ်ရတယ်။ ရှာရှာပေါက်ပေါက်ဗျာ၊ ကျုပ်သခင်က ကျုပ်ကို ထရိန်နင်မောင်းတယ်၊ သူမနက် အိပ်ရာထရင်တစ်ခါ၊ ည သူအိပ်ရာ ဝင်ရင် တစ်ခါ၊ တစ်နေ့ နှစ်ခါ ထရိန်နင်(Training)မောင်းတယ်။ ပင်ပန်း လိုက်တာ လွန်ရောပဲ။

သိချင်တယ်!

ဟုတ်လား !

ပြောရမှာပေ့ါဗျာ ခင်ဗျားကသိချင်မှတော့ ကျုပ်ကလည်း ကျုပ်သခင်ရဲ့ ရက်စက်မှုတွေကို ရင်ဖွင့်ချင်တာနဲ့ အတော်ပဲ ဟဲ ဟဲ ဟဲ။

ဒီလိုဗျ၊ ကျုပ်က ကျုပ်သခင်ရဲ့ အိမ်ပေါက်မဟုတ်ဘူး။ ကျုပ် အရွယ်မရောက်တရောက် (ကျုပ်ခန္ဓာကိုယ် အလျား နှစ်လက်မလောက်အရှည်ရှိတဲ့) အချိန်မှာ ကျုပ်ကို ဝါသနာရှင် ကျောင်းသားလေး တစ်ယောက်ဆီက 'သူ' ဝယ်လိုက်တာ၊ ခုဆိုရင် ကျုပ်ရဲ့ခန္ဓာကိုယ် အလျားသုံးလက်မကျော်ကျော် ရှည်လာလို့ အရွယ်ရောက်ပြီလို့ ဆိုနိုင်ပြီပေ့ါဗျာ။

အင်း !...မဆိုးပါဘူး။

အရင်ကောင်လေးနဲ့စာရင် ကျုပ် အစားကောင်း အသောက်ကောင်းလေးတွေ စားရပါတယ်။

ဒါပေမယ့် 'အစားတစ်လုပ်၊ တုတ်တစ်ချက်' ပါဗျာ။ ကျုပ်သခင်က ကျုပ်ကို ကောင်းကောင်းကျွေးပြီး ကောင်းကောင်းနှိပ်စက်တာဗျ။

မနက်မိုးလင်းတာနဲ့ သူမျက်နှာ မသစ်ရသေးဘူး၊ ကျုပ်ကို စ နှိပ်စက်တော့တာပဲ။ ကျုပ်လေ... တစ်ခ ါ...တစ်ခါ အော်အော်ပြီး ငိုပစ်လိုက် ချင်တယ်၊ သိလား...။

ခင်ဗျားတို့ဆီမှာ ဇာတ်ထုပ်တစ်ထုပ်ရှိတယ်မဟုတ်လား !

ဟိုဗျာ...ဘာတဲ့... 'သုမနကျောမှာ ဒဏ်ရာတွေနဲ့...ဟဲ့...ဟဲ့...'ဆိုပြီး မင်းသား'ဟဲ'တဲ့ ငိုချင်းလေးလေ။ ကျုပ်လဲ 'ဗန်ဒို့နှုတ်ခမ်းမှာ..ဒဏ်ရာတွေ နဲ့..ဟဲ့..ဟဲ့..' လို့ ဆိုပြီး 'ဟဲ'လိုက်ချင်တယ်ဗျ။ အဟုတ်။

ဆက်ပြောအုံးမယ်...

ကျုပ်အရွယ်ရောက်တာနဲ့ ကျုပ်သခင်က ကျုပ်ကို အိုးထဲကနေ ရေထည့်ထားတဲ့ "သွေး" ပုလင်းတစ်လုံးထဲကိုပြောင်းပြီး ထည့်လိုက်တယ်။ အစာကိုတော့ အမြဲထည့်ပေး ထားပါတယ်။

ရေတီပေ့ါဗျာ။ တီကောင်အမျှင်လေးတွေပါပဲ။ ကျုပ်နဲ့လေ့ကျင့်ရမယ့် တိုက်ငါးအစိမ်းတစ်ကောင်ကိုလည်း ကျုပ်လိုပဲ သွေးပုလင်းတစ်လုံးထဲကို ပြောင်းပြီးထည့်ထားတယ်။ ကျုပ်တို့ကိုထည့်ထားတဲ့ သွေးပုလင်း နှစ်ပုလင်းကြားမှာ ဂျပ်စက္ကူတစ်ခုခြားပြီး ပုလင်းချင်းထိထားတယ်။ အဲဒီလို သုံးရက်လောက် ကျုပ်တို့နှစ်ကောင်ကို တစ်ကောင်နဲ့တစ်ကောင် မမြင်အောင် ဂျပ်စက္ကူနဲ့ ကာထားပြီး တစ်ကောင်ချင်း ခွဲထားတယ်။

လေးရက်မြောက်တဲ့နေ့မနက် ကျုပ်သခင်အိပ်ရာနိုးတာနဲ့ ဂျပ်စက္ကူကို ဖယ်လိုက်တယ်။ အဲဒီလို ဂျပ်စက္ကူကို ဖယ်လိုက်တော့ ပုလင်းချင်းထိထားတဲ့ ကျုပ်တို့တိုက်ငါးနှစ်ကောင် တစ်ကောင့် တစ်ကောင် မြင်နေရတယ်လေ။ အဲဒီမှာတင် ကျုပ်တို့ရဲ့ ဗီဇသတ္တိအရ တစ်ကောင်နဲ့တစ်ကောင်မာန်စောင်ပြီး နှုတ်ခမ်းနဲ့ ပြေးဆောင့်လိုက်တယ်။

ဒါပေမယ့်ဗျာ....

ပုလင်းခံနေတော့ ကျုပ်နှုတ်ခမ်းနဲ့ ပုလင်းနဲ့ ဆောင့်မိတာပေါ့။ ရန်လိုစိတ်အားကြီးနေတော့ အဲ့ဒီကောင်မြင်ရလေ ပြေးဆောင့်လေနဲ့ကြာတော့ ကျုပ်နှုတ်ခမ်းမှာ အသားမာတွေဖြစ်လာတယ်။ တစ်နေ့နှစ်ကြိမ်ကိုးဗျ။ ကြာတော့ ဖြစ်တာပေါ့။ အဲဒီလို ကျုပ်နှုတ်ခမ်းမှာအသားမာ ဖြစ်အောင်လို့ ကျုပ်ကို တစ်လလောက် ထရိန်နင်မောင်းရတယ်။

ကျုပ်နှုတ်ခမ်းတွေ ခံနိုင်ရည်ရှိလာပြီလို့ သူယုံကြည်လာမှ ကျုပ်ကို တိုက်တာ။

ဗျာ..!

ကျုပ်ရဲ့ ပထမဆုံးပွဲ။

ဟုတ်လား !

မှတ်မိတာပေါ့ဗျာ။ ဘယ့်နယ်ပြောပါလိမ့် ။

အဲဒီပွဲ နိုင်တုန်းကများ ကျုပ်ပျော်လိုက်တာလေ အရမ်းပဲ။ ကျုပ်ရဲ့ ပထမဆုံး အတွေ့အကြုံမို့ ပြောရအုံးမယ်။ တိုက်မယ့်နေ့မရောက်ခင် သုံးရက်လောက်အလိုမှာ ကျုပ်ကို အညောင်းအညာဖြေတဲ့အနေနဲ့ သွေးပုလင်းထဲကနေ ရေသန့်သန့် ထည့်ထားတဲ့ မြေအိုးတစ်လုံးထဲကို ကျုပ်သခင်ကခွဲပြီး သီးသန့်ထားပေးတယ်။ မြေအိုးထဲမှာ တစ်ရက်နားပြီး နောက်ရက်တွေမှာ ကျုပ်ရဲ့ လေ့ကျင့်ဖက်နဲ့ "မာန်" သွင်းခိုင်းတယ်။ "မာန်"သွင်းတယ် ဆိုတာ ကျုပ်တို့နှစ်ကောင်ကို တစ်ကောင့်တစ်ကောင် ရန်စောင်ရုံပဲလေ့ကျင့်ရတာကို ခေါ်တာပါ။ တကယ် မကိုက်ကြရဘူး။ ကျုပ်တို့နှစ်ကောင် ကိုက်မယ်ပြင်ရင် ကျုပ်သခင်က လက်နဲ့ခြောက်ထုတ်ပစ်တယ်။ အဲဒီလို "မာန်"သွင်းထားတော့ ဒီရက်ပိုင်း ကျုပ် အမြဲစိတ်တို နေတာပေါ့ဗျာ။ ဒါပါပဲ။

တိုက်မယ့်နေ့ကျတော့ အခြားတစ်နေရာက ယူလာတဲ့ ကျုပ်ရဲ့တိုက်ဖက်နဲ့ ကျုပ်ကို အိုးအသစ်တစ်လုံးထဲမှာ ထည့်ပေးလိုက် တယ်။

လောင်းကြေးလား !

အဲဒါတော့ ကျုပ် မမှတ်မိတော့ဘူးဗျ။

## အခန်း (၃)

အိုးအသစ်ထဲကို ကျုပ်တို့ရောက်ပြီဆိုတာနဲ့ ကျုပ်တို့နှစ်ကောင် ခန္ဓာကိုယ်ချင်းပူးပြီး တစ်ကောင့်တစ်ကောင် အားစမ်းကြတယ်။ တွန်းတယ်၊ အခွင့်အရေးရရင် ကိုက်လိုက်ကြတယ်။

အောင်မယ်..!

သူလည်း လျှော့မတွက်နဲ့ဗျ။ သူလည်း တော်တော်သန်တယ်။ ကျုပ် မနည်းတွန်းတွန်းပစ်ရတယ်။ သူစွာသွားပြီဆိုရင် ကျုပ်က လိုက်ကိုက်တယ်။ နောက်ပိုင်းသူက ကျုပ်နဲ့မစွာတော့ဘဲ

ပူးကပ်ထားတယ်။ ကျုပ်ကရှေ့တိုးရင် သူက နောက်နည်းနည်းဆုတ်ပြီးခံတယ်။ တောင့်ထားတယ်။ ကျုပ်က နောက်ဆုတ်ရင် သူကရှေ့တိုးပြီး ကျုပ်နဲ့ ကိုယ်လုံးချင်း ပူးကပ်ထားတယ်။အခွာမခံဘူး။

အဲဒီလို ကျုပ်တို့နှစ်ကောင် အားစမ်းနေကြရာကနေ ကျုပ် လျှပ်တပြက် နောက်ကို အဝေးကြီး ဆုတ်ပြေးလိုက်တယ်။ ရုတ်တရက်ဆိုတော့ ဒီကောင် ဘာလုပ်ရမှန်း မသိတော့ဘူး။ အဲဒါကြောင့် သူ့နေရာပဲ ရပ်နေပြီး ကျုပ်ကို မာန်စောင်ကြည့်နေတယ်။ နောက်ပိုင်းမှာတော့ တစ်ကောင် တစ်ကောင် လှည့်ပတ်ချောင်းရင်း တစ်ချိန်မှာ သူနဲ့ကျုပ် ကန့်လန့်ဖြတ် အနေအထား ဖြစ်သွားတယ်။

သူ့ရဲ့ခါးလယ်ဟာ ကျုပ်နှုတ်ခမ်းနဲ့ တည့်တည့်ဖြစ်နေတယ်။ အဲဒီမှာပဲ ကျုပ်ရတဲ့အခွင့်အရေးကို လက်လွှတ်မခံဘဲ မျက်စိနှစ်လုံး စုံပိတ်ကာ တစ်ကိုယ်လုံးမှာရှိတဲ့ အတွင်းအားတွေ အကုန်သုံးပြီး သူ့ရဲ့ ခါးလယ်ကို အရှိန်ပြင်းပြင်းနဲ့ ပြေးဆောင့်ပစ်လိုက်တယ်။

အဲ့ဒါ...ဥဿဘပျူဟာ လေဗျာ။ ခင်ဗျားတို့ရဲ့ စာသံပေသံနဲ့ပြောရရင် 'နွားသိုးကဲ့သို့ ကမူးရှူးထိုး တိုက်ခိုက်ခြင်း'' ဆိုလားပဲ။

မျက်စိစုံမှိတ်ပြီး သူ့ခါးလယ်ကို ကျုပ်ပြေးဆောင့်လိုက်တဲ့အရှိန် ဘယ်သေးလိမ့်မလဲ။ နောက်ပြီး ပုလင်းနဲ့ နေ့စဉ်ဆောင့်ဆောင့်ပြီး လေ့ကျင့်ထားတဲ့ နှုတ်ခမ်းတွေရဲ့ဆောင့်အားကို ဒီကောင် ဘာသားမို့ ခံနိုင်မှာလဲ။ ကျုပ် သူ့ခါးကိုဖြတ်ဆောင့်ပြီး နောက်ကိုပြန်ဆုတ်ရင်း ထပ်ပြီးတိုက်ခိုက်ဖို့ အသင့် နေရာယူလိုက်တယ်။

ဟား..! ဟား..! ဟား..!

ကျုပ်ထင်တဲ့အတိုင်းပဲ၊ ဒီကောင် တွန့်လိမ်နေပြီ။ ခါးနာသွားမှာကိုးဗျ။

ကျုပ် အချိန်ဆွဲမနေတော့ဘူး၊ သူ အဲဒီလို "ဒဏ်" ခံစားနေ ရတုန်း သူ့ရဲ့အမြီးကို ကိုက်ဖြတ်ပစ်လိုက်တယ်။

ဒီကောင် သွားပြီပေါ့ဗျာ။

ငါးရဲ့အားဟာ အမြီးဗျ။ အမြီး။

ဒီကောင် ခါးကလဲနာ၊ အမြီးကိုလဲ အဖြတ်ခံရလို့ တွန့်လိမ်နေတုန်း ကျုပ် သူ့ရဲ့ခန္ဓာကိုယ်အနှံ့ကို လိုက်ကိုက်ပစ်လိုက်တယ်။ ပြောတာပေါ့ဗျ။ ဒီကောင် ဘာသားမို့ ခံနိုင်မှာတုန်း။

ပွဲက သိပ်မကြာလိုက်ပါဘူး။ ဒိုင်ပွဲရပ်နဲ့ ပြီးသွားတယ်။
အဲ့ဒီ ငါးရဲ့သခင်က ရှုံးတဲ့သူ့ငါးကို မြေအိုးထဲကနေ မြန်မြန် ထုတ်ယူသွားတယ်။အဲဒီလို ထုတ်ယူမသွားရင်လည်း ကျုပ်က အသေကိုက်သတ်ပစ်မှာ။ကျုပ်က စနေသား၊ တဇွတ်ထိုးရယ်။ စိတ်ကြီးတယ်ဗျ။နောက်ပြီး နေတက်၊ ရေတက် မွေးထားတာ။ပွဲပြီးတော့ ကျုပ်သခင်က ကျုပ်ကို ဆေးကုပေးတယ်။

ကျုပ်သခင်က ဆေးမြီးတိုလေးတစ်ချို့ တတ်ထားတော့ ကျုပ်ကိုအကိုက်ခံထားရတဲ့ဒဏ်ရာတွေကနေ ရောဂါပိုးမဝင်အောင်နဲ့ အနာမရင်းအောင် တက်ထရာဆိုက်ကလင်းကို ရေနဲ့ဖျော်ပြီး ကျုပ်ကိုတစ်နာရီလောက် ရေစိမ်ပေးထားတယ်။မကြာပါဘူး။ ကျုပ် ဒဏ်ရာတွေ သက်သာသွားပါတယ်။

## အခန်း ( ၄ )

အဲဒီနေ့က ကျုပ်အပျော်ဆုံးဗျ။

ခင်ဗျားတို့ဆီမှာလဲ ရှိတယ်မဟုတ်လား။ ရှင်လိင်ပြန်တဲ့နေ့တို့၊မင်္ဂလာဆောင်တဲ့နေ့တို့ဆို။ အဲဒီနေ့မှာပဲ ကျုပ်ကို ကျုပ်သခင်က မိန်းမပေးစားတယ်။ ကျုပ်က ငါးတိုက်ပွဲမှာ နိုင်လိုက်တော့ ကျုပ်ရဲ့'မျိုး'ကို လိုချင်လို့ သူ့ထဲက ငါးမလေးတစ်ကောင်နဲ့ သားဖောက်ယူတာပေါ့ဗျာ။ ကောင်မလေးက ကျုပ်နဲ့ မျိုးနွယ်တူထဲကပါပဲ။ ဖြူဖြူ တောင့်တောင့်၊ ချောချော၊ ငယ်ငယ်လေး။ 'ချောငယ်လေး' ပေ့ါဗျာ။

ဘိုမလေးအတိုင်းပဲ။ ခင်ဗျားတို့လူတွေလို ပြောရမယ်ဆိုရင်တော့ လုံးကြီးပေါက်လှလို့ ဆိုရမလား၊ ရေဆေးငါးကြီးလို့ ပြောရမလားဘဲ၊ အဲဒီလို စတိုင်မျိုး။ အဲ့ဒီနေ့က ကျုပ်ပျော်လွန်းလို့ ဘာမှ မစားနိုင်တာ အမှန်ပဲဗျို့။

ရွှတ် !

ခင်ဗျားကို တိုးတိုးလေး ပြောရအုံးမယ်။ ကျုပ်..ကောင်မလေးကို သိပ်ပြီး မ'ရစ်' လိုက်ရဘူးဗျ၊ ခဏလေးနဲ့ အိုကေသွားတယ်။

သိတယ်မဟုတ်လား။ ကျုပ်သခင် ကိုကိုလတ်ရဲ့တပည့်ပဲဗျာ။ ခေသူ မဟုတ်ပေ့ါ။ တစ်လလောက်ကြာတော့ ကျုပ်ကောင်မလေး ဗိုက်ထဲက ဉတွေ 'မျိုး' ရင့်လာတယ်။ ကျုပ်အလုပ်ရှုပ်ရတာပေ့ါဗျာ။ ကျုပ်သခင်က ကျုပ်တို့နေတဲ့ ရေအိုးထဲကို မာလကာရွက်တစ်ရွက် ချပေးတယ်။ အဲဒီ မာလကာရွက်အောက်မှာ ကျုပ် 'မြုံ' ထိုးရတယ်။ မြုံထိုးတယ်ဆိုတာ အိုးထဲကို ကျုပ်သခင်ချပေးထားတဲ့ မာလကာရွက်ရဲ့အောက်မှာ ကျုပ် အမြှုပ်လေးတွေ လုပ်ရတာကိုပြောတာ။ အဲဒီ မာလကာရွက် အောက်မှာ အမြှုပ်တွေ တော်တော်များများ တွဲနေပြီဆိုမှ ကျုပ်ကောင်မလေးရဲ့ ခန္ဓာကိုယ်ကို ကျုပ်ရဲ့ခန္ဓာကိုယ်နဲ့ ရစ်ပတ်ပြီး သူ့ဉတွေကို ညှစ်ချ လိုက်ရတယ်။

ဉတွေအောက်ကို ဖွားကနဲ ကျသွားတဲ့အခါ အဲဒီဉတွေကို ကျုပ်က ပါးစပ်နဲ့ငုံငုံပြီး သစ်ရွက်အောက်က မြုံတွေထဲကိုမှုတ်ထုတ်လိုက်ရတယ်။ အဲဒါမှ ဉတွေက အမြှုပ်မှာကပ်နေပြီး သန္ဓေအောင်မှာ။ ကျုပ်ရစ်ပတ်ပြီး ညှစ်ထားလို့ အိုးရဲ့အောက်ခြေမှာမောလို့ နားနေတဲ့ ကျုပ်ကောင်မလေးက နာကျင်တဲ့ဝေဒနာကြောင့် တစ်ခါတစ်လေ စိတ်တိုပြီး သူ့ဉတွေကို ပြန်စားပစ်ချင်တယ်။ အဲဒီအခါမျိုးမှာ ကျုပ်က ခြောက်ရ လှန့်ရတာပေ့ါဗျာ။

သူ့ရဲ့ဉတွေကို ကုန်အောင်ညှစ်ပြီးရင်တော့ ကျုပ်က သူ့ကို သစ်ရွက်မြုံလေးရဲ့ အောက်ကို အဝင်မခံတော့ဘူး။ ခြောက်ခြောက်ထုတ်ရတယ်။ ဉတွေစားပစ်မှာစိုးလို့။ နောက်ရက်မှာတော့ ကျုပ်သခင်က ကျုပ်ကောင်မလေးကို

အိုးထဲကနေ ထုတ်ယူသွားတယ်။ ကျုပ်လဲ ကျုပ်တို့ဇီဝသဘာဝအရ ဖခင်က စောင့်ရှောက်ရတဲ့အမျိုးမို့ ဉတွေအကောင်ပေါက်အောင် ဉတွေကိုငုံပြီး အာငွေ့ပေးလိုက်၊ အမြှုပ်မြုံတွေထဲ မှုတ်သွင်းလိုက်နဲ့ အလှည့်ကျ လုပ်ပေးနေရတယ်။ ပင်ပန်းရကျိုးနပ်ပါတယ်။ ငါးရက်လောက်ကြာတော့ ကျုပ်ပြုစုတဲ့ ဉလေးတွေ အကောင်ပေါက်လာတယ်။

ဒီလိုပေါက်လာပြန်တော့လည်း ကျုပ် မနားရသေးပါဘူး။ ကျုပ်ကလေးတွေ သန်သန်မာမာဖြစ်ဖို့အတွက် သူတို့ကို ကျုပ်ပါးစပ်နဲ့ငုံငုံပြီး အာငွေ့ပေးလိုက်၊ သစ်ရွက်အောက်က မြုံတွေထဲ ပြန်မှုတ်ထုတ်ပေးလိုက်နဲ့ အလှည့်ကျ လုပ်ပေးနေရသေးတယ်။ အဲဒီရက်ပိုင်းတွေမှာ နေ့စဉ်ရက်ဆက် သူတို့လေးတွေကို ပါးစပ်နဲ့ငုံငုံပြီး အာငွေ့ပေး နေရလို့ ကျုပ်ပင်ပန်းပေမယ့် သူတို့လေးတွေ ရေမကူးတတ် ကူးတတ်နဲ့ကူးနေကြရင်း အိုးရဲ့အောက်ခြေကို ပက်လက်လန်လန် ကျသွားတာလေးတွေကို ကြည့်ကြည့်ပြီး ကြည်နူးနေရတယ်ဗျ။

ဖခင်မေတ္တာကြောင့်လား မသိပါဘူးဗျာ။ ဒီလိုနဲ့ သူတို့လေးတွေပေါက်ပြီးလို့ သုံးရက်လောက်အကြာမှာ ကျုပ်ဘဝ ကံဆိုးတော့တာပါပဲ။ ကျုပ်သခင်ကြောင့်ပေါ့ဗျာ။ အတော့်ကို ဗဟုသုတနည်းတဲ့လူဗျ။ ပြောပြန်ရင်လည်း ကျုပ်လွန်ရာကျဦးမယ်။

အခန်း (၅ )

'မကျေနပ်ဘူး၊ လုံးဝ မကျေနပ်ဘူး'

ကျုပ် ခိုင်ထူးသီချင်း ဆိုနေတာမဟုတ်ပါဘူး။ ကျုပ်သခင်ကို မကျေနပ်လို့ အော်နေတာပါ။ ကြည့်ပါဦးဗျာ။ ဘယ်လောက် ရက်စက်လိုက်သလဲ။ ကျုပ်ကို ကျုပ်ရဲ့ကလေးတွေရှိတဲ့ အိုးထဲကနေ ခွဲပစ်ပြီး ရေတီသန့်သန့်လေးတွေ အများကြီးထည့်ထားတဲ့ အိုးအသစ်တစ်ခု ထဲမှာ ထည့်ထားတယ်။

အစာ !

ဟုတ်လား..!

ဘယ်စားနိုင်မလဲဗျာ။ ဖန်ဒို့မှာလည်း အသည်းနဲ့ဥစ္စာ။ စိတ်ထောင်းတော့ ကိုယ်ကြေတာပေါ့။ ကျုပ်ကို ကျုပ်သားသမီးလေး တွေနဲ့ ခွဲထားတယ်လေ။ သူတို့လေးတွေက ကျုပ်ရဲ့ 'သဦး (သားဦး)' လေးတွေဗျ။ သဦးလေးတွေ။

နောက်ပြီး ကျုပ်တို့က အခြားငါးတွေလို မဟုတ်ဘူး။ ဖခင်တစ်ကောင်တည်းက အုပ်ထိန်းရတာ။ ဖခင်ကိုယ်တိုင် မေတ္တာအပြည့်အဝနဲ့ ပြုစုလာခဲ့ရတာ။ ကျုပ်ဘယ်လောက် ပင်ပန်းတယ်မှတ်သလဲ။ ဒါတွေ ကျုပ်ဂရုမစိုက်ပါဘူး။

ခင်ဗျားတို့ပဲ 'သားတို့ရုပ်ရည် သီတာမြည်သား ရေကြည်ချမ်းမြ တစ်ပေါက်ကျက မိဘတို့ဝမ်း ငြိမ်းစတမ်း'...ဆို။ သူတို့လေးတွေ ပေါက်တဲ့နေ့ကစပြီး ကျုပ်ပင်ပန်းရမှန်းမသိတော့ဘဲ အပျော်ကြီး ပျော်နေခဲ့ရတာ။

အခုတော့ ကျုပ်သခင်က ကျုပ်ကို အထင်လွဲသွားတယ်ဗျာ။ ကျုပ် ကလေးတွေပေါက်ပြီး သုံးရက်မြောက်တဲ့နေ့တုန်းက သူ့သားအငယ်ကောင်လေးကို အော်ပြောလိုက်တဲ့စကား ကျုပ်နားနဲ့ ဆတ်ဆတ်ကြားလိုက်ရတယ်။ ဘာတဲ့ ။

'သားရေ ဒီဖန်ဒိုကြီးက အတော်ဆိုးတဲ့ ကောင်ကြီးပဲကွ။ ဖေဖေ ခုနကြည့်နေတာ၊ သူ့ကလေးတွေကို သူပြန်စားနေတယ်။ ကလေးတွေ အကုန်စားမပစ်ခင် သူ့ကို ဖေဖေ ရေအိုးတစ်ခုထဲ ခွဲထားခဲ့မယ်။ ဖေဖေ ခရီးထွက်တုန်း သူ့အိုးထဲ အစာမပြတ်ထည့်ပေး။

သူ့ကလေးတွေရှိတဲ့ အိုးထဲ ပြန်ပြီးမထည့်နဲ့ ကြားလား။ ကလေးတွေနဲ့ အတူထားရင် ဒီကောင် စားပစ်တာနဲ့ ကုန်လိမ့်မယ်' တဲ့။

ကိုင်း !

ကောင်းကြသေးလား။

ကျုပ်ကလေးတွေကို ချစ်လွန်းလို့ ပါးစပ်နဲ့ငုံလိုက်၊ ထွေးထုတ်လိုက်နဲ့ အာငွေ့ပေးနေတာကို ကျုပ်သခင်က သေသေချာချာမကြည့်ဘဲ ကျုပ်စားပစ်တယ်လို့ အထင်လွဲတယ်။ ကျုပ်သခင်ဟာလေ... ရွှေငါးတွေ၊ အခြား အလှမွေးငါးတွေ မွေးနေပြီး ကျုပ်တို့တိုက်ငါးမျိုးဟာ 'ဖအေက သားပေါက်ကလေးတွေကို ထိန်းတယ်'ဆိုတဲ့ အချက်ကို မသိတာ အတော့်ကို ရက်စရာကောင်းတယ်ဗျာ။

အံ့ရောပဲ..!

ဒါနဲ့များ သူက တစ်ခါတစ်လေ ဆရာကြီးပေါက် လုပ်လုပ်နေသေးတယ်။ ကျုပ်သခင်ရဲ့ အထင်လွဲမှားမှုကြောင့် ကျုပ် အထီးကျန်ဘဝရောက်ခဲ့ရတယ်ဗျ။ ကျုပ်သားသမီးတွေနဲ့ ကျုပ်ကို ခွဲထားလိုက်တယ်။ ကျုပ် ဘယ်လောက် ရင်နင့်အောင်ခံစားရမလဲ။ ခင်ဗျား စဉ်းစားသာ ကြည့်ပေတော့။

ကျုပ် တရားမရှိလို့ မဟုတ်ပါဘူး။ 'ချစ်ခင်ပေါင်းသင်း၊ ဆက်ဆံခြင်းကား၊ ကွေကွင်းနောက်ဆုံးရှိချေ၏ '...တဲ့။ ကြားဖူးပါတယ်။ ဒါပေမယ့် အခုဟာက မြန်လွန်းတယ်ဗျာ။ ကျုပ်ကိုယ်တိုင် အထီးရင့်မာကြီးတစ်ကောင်လုံး ပြုစုယုယလို့ ရှင်သန်လာခဲ့ကြတဲ့ ကျုပ်ရဲ့သားဦးလေးတွေကို ကျုပ်အနေနဲ့ တစ်နေ့ မမြင်ရရင် မနေနိုင်အောင်ကို ဖြစ်နေပြီဗျ။

ဖခင်မေတ္တာ။ ဖခင်မေတ္တာ။

အဲဒီလိုပြောရင် ခင်ဗျားက ကျုပ်ကို 'ဖိုးကဲ' လို့ ပြောအုံးမယ်။

ထားပါတော့။

ကျုပ်နောက်ဆုံးပြောချင်တာက ကျုပ် အခု ကျုပ်ရဲ့သားသမီး

လေးတွေနဲ့ ခွဲနေရတဲ့ဝေဒနာကို မခံစားနိုင်တော့ဘူးဗျ။ သူတို့လေးတွေကို လွမ်းလှပြီ။

အဲဒီတော့

ကျုပ် ဘာလုပ်ရမလဲ။

ကျုပ် ဘာလုပ်သင့်သလဲ။
ဆင်ခြင်တုံတရား မရှိဘူးဘဲပြောပြော၊ မိုက်မဲတယ်ပဲဆိုဆို။ဆုံးဖြတ်ချက်တစ်ခု ချလိုက်တယ်ဗျာ။

ခုတော့

ကျုပ်လေ

ကျုပ်

ကျုပ်

ကိုကိုလတ် (ဆည်မြောင်း)

(ကျွန်ုပ်၏ ပတ်ဝန်းကျင်လေ့လာမှုအားနည်းချက်ကြောင့်တိုက်ငါး သားပေါက်လေးများနှင့် ခွဲထားခြင်းခံရသဖြင့် မိမိ၏အမြီးကို မိမိပြန်ကိုက်ကာ အဆုံးစီရင်သွားသော တိုက်ငါးကြီးဖန်ဒို၏ ဖခင်မေတ္တာ ကြီးမားပုံအား ဂုဏ်ပြုသောအားဖြင့် ခံစားရေးဖွဲ့ပါသည်။ တိုက်ငါးကြီးဖန်ဒို ကောင်းရာမွန်ရာ ဘဝသို့ ရောက်ပါစေသောဝ်)
(၂၀၁၀-ခုနှစ်၊ ဖေဖော်ဝါရီလထုတ် 'မဟေသီ' မဂ္ဂဇင်းအမှတ်-၃၀၂၊စာမျက်နှာ ၁၃၆-၁၄၃ မှ)

လထွက်ကလေး မြင်းပေါ်တင်

ကိုကိုလတ်(ဆည်မြောင်း)

အခန်း (၁)
ကျုပ်နာမည် 'ကိုဒွေး' ပါ။
နတ်ကျွန်း (၃)လမ်းမှာ နေပါတယ်။
အလုပ်အကိုင်ကတော့ 'ပိုးထောင်သူ' ပါ။
သတ္တဝါတွေကို ဖမ်းဆီး၊ သတ်ဖြတ်ရောင်းချပြီး အသက်မွေးဝမ်းကြောင်းလုပ်နေရတဲ့သူကို 'မုဆိုး' လို့ ခေါ်ကြတယ်ဆိုရင်ကျုပ်လည်း... မုဆိုးပါပဲ။

ရေထဲမှာနေတဲ့ သတ္တဝါတွေကို အမိုပြုပြီး အသက်မွေးဝမ်းကြောင်းနေရတဲ့ သူတွေကို 'တံငါ' ဒါမှမဟုတ် 'ရေမုဆိုး'လို့ ခေါ်ပြီး ကုန်းပေါ်မှာ ကျက်စားတဲ့ သတ္တဝါတွေကို အမိုပြုပြီး အသက်မွေးဝမ်းကြောင်းနေရတဲ့သူတွေကို 'ကုန်းမုဆိုး' လို့ ခေါ်ကြတယ် မဟုတ်လား...!
အဲ့ဒီလို ခေါ်ကြကြေး ဆိုရင်တော့ -
ကျုပ်ကို 'လေမုဆိုး' လို့သာ ခေါ်လိုက်ကြတော့။

ဘာဖြစ်လို့လည်းဆိုတော့... ကျုပ်ဖမ်းတဲ့ သတ္တဝါက ရေထဲက သတ္တဝါမဟုတ်ဘူး၊ ဒါကြောင့် ကျုပ် 'ရေမုဆိုး' မဟုတ်ဘူး။

ကုန်းပေါ်က သတ္တဝါလည်း မဟုတ်ဘူး၊ ဒါကြောင့် ကျုပ် 'ကုန်းမုဆိုး' လည်း မဟုတ်ဘူး။ ကျုပ်ဖမ်းတာက လေထဲက သတ္တဝါ။ ဒါကြောင့် ကျုပ်က -
'လေ...မုဆိုး' !
'လေ...မုဆိုး' !
ဟား...ဟား...ဟား...ဟား။

နောက်ပြီး...ကျုပ်က ဒို့ပြင် မုဆိုးတွေလို 'လိုင်းကြီးရင်...လေ့အောက်' တို့၊ 'လယ်ကွင်းကိုဖြတ်၊ ရိုးပြတ်ကိုကျော်' တို့... ဘာညာကွိကွတွေ အော်နေစရာလည်း မလိုဘူးဗျ။

ကတ္တရာလမ်းဘေးက စပါးခင်းလေးဘေးနားမှာ ခရမ်းရင့်ရောင် အနုမြူ မီးချောင်းလေးတစ်ချောင်း ထွန်းထားပြီး အေးအေးဆေးဆေး ရေနွေးကြမ်းတစ်အိုးနဲ့ 'ငြိမ့်' နေရုံပဲ။

'ပိုးဖလံမျိုး၊ မီးကိုတိုး' ဆိုတဲ့ ဆိုရိုးစကား ရှိတယ်မဟုတ်လား..!
တစ်ည...တစ်ည...ကျုပ်အလုပ်က ထွန်းထားတဲ့ အနုမြူမီးချောင်းကို လာတိုးတဲ့ "ဗီလား"ကောင်တွေကို ထိုင်ကောက်နေရုံပါပဲ။ မုဆိုးထဲမှာတော့ ဇိမ်ဘဲ...ဇိမ်ဘဲဗျို့။

အခန်း ( ၂ )

ကြုံတုန်း ပြောရဦးမယ်။

'အတုမြင်၊ အတတ်သင်' ဆိုတဲ့စကား သိပ်မှန်တာဗျ။ ကောင်းတဲ့အလုပ် လုပ်တာကို မြင်ရင်သာ... လိုက်ပြီး 'မတု' ရင် ရှိရမယ်။ မကောင်းတဲ့အလုပ်များကျတော့ အတုယူတာ မြန်လိုက် ကြတာဗျာ။

'ဝေါ' ကလူတွေ ကျုပ်တို့ 'သထုံ' ဘက်လာပြီး 'ပိုးထောင်' တာကိုမြင်ပြီးတဲ့နောက်ပိုင်းမှာ ခုဆို... သထုံမှာ 'ပိုးထောင်' တဲ့ လူတွေ မှိုလိုပေါက်လာကြတယ်။ အဲ့ဒီထဲမှာ ကျုပ်လည်း တစ်ယောက် အပါအဝင်ပေ့ါ။

ကျုပ်ရဲ့ ပင်မအလုပ်ကတော့ ဘဏ္ဍာရီပြင်တဲ့ အလုပ်ပါ။ 'ဝေါ'က လူတွေ 'ပိုးထောင်'တာမြင်တာနဲ့ သူတို့လို လိုက်ထောင်ရင်းက တစ်ခါတစ်လေ မြိုးမြိုးမြက်မြက်လေး ရခဲ့ဖူးတာကြောင့် ကျုပ်လည်း ဒီလောကထဲ ခြေစုံပစ် ဝင်လိုက်တော့တာ။ ခုတော့လည်း 'မောင်ကြီးမပြန်နိုင်' ဖြစ်သွားပါပြီ။

ဘဏ္ဍာရီအလုပ်ဘက်ကို။ ကျုပ်တို့ သထုံနယ်မှာ အခုလို မိုးကုန်တဲ့ သီတင်းကျွတ်လဆုပ် (၃)ရက်၊ (၄)ရက်လောက်ကနေစပြီး ကဆုန်၊ နယုန်လောက်အထိ လမိုက်ရက်တွေမှာ 'ပိုး' ထောင်ကြတယ်။ 'ဗီလား' ဆိုတဲ့ ပိုးဖလံ ကောင်မျိုးတွေက လမိုက်ရက်ကျမှ ထွက်ပြီး အနမြူမီးချောင်းကိုတိုးတာ။ လထွက်လာတာနဲ့ ဒီကောင်တွေ အနမြူမီးကို မ'တိုး'တော့ဘူး။ လထွက်လာရင် ပိုးမ'ကျ' တော့လို့ အဲ့ဒီအချိန်ဆိုရင် ကျုပ်တို့လည်း အိမ်ပြန်ရတော့တာ။ လထွက်ချိန်ဟာ ကျုပ်တို့ရဲ့ အိမ်ပြန်ချိန်ပဲဗျို့။

'ပိုးထောင်' တယ်ဆိုတာ စပါးခင်းရှိတဲ့ လယ်ကွင်းဘေးနား လေးမှာ ခရမ်းရင့်ရောင် အနမြူမီးချောင်း တစ်ချောင်း၊ ဒါမှမဟုတ်နှစ်ချောင်းကို ဝါးလုံးတိုင်နဲ့ ကပ်ချိုပြီး လျှပ်စစ်မီး ထွန်းပေးထားတာပါပဲ။ အဲ့ဒီမီးချောင်းကို လာတိုးတဲ့ 'ဗီလား' လို့ခေါ်တဲ့ 'ရေကဒူး'ကောင်တွေကို ဖမ်းတာပါ။ 'ဗီလား' က 'ရေဗီလား' နဲ့ 'ကုန်းဗီလား'ဆိုပြီး နှစ်မျိုးရှိပါတယ်။ ကျုပ်နည်းနည်း ရှင်းပြမယ်နော်။

'ရေဗီလား' ဆိုတာက ပုစဉ်းရင်ကွဲလောင်းလေးတွေပါပဲ။ သူ့ရဲ့ ပေါက်ဖွားကြီးပြင်းရပုံက (၃)ဆင့်တောင် ရှိတယ်။ ပထမအဆင့် ပုစဉ်းရင်ကွဲမက ရေမျက်နှာပြင်ပေါ်မှာ ဉတွေ ဉချလိုက်တယ်။

ဒုတိယအဆင့်မှာ အဲ့ဒီဉလေးတွေက ရေထဲက ရေမှော်တွေ၊ ဗေဒါပင် အမြစ်လေးတွေမှာ သွားကပ်နေပြီး အချိန်တန်တော့ အကောင်ပေါက်လာတယ်။ အဲ့ဒီကောင်ကို 'ဗီလား' လို့ ခေါ်တယ်။ သူတို့လေးတွေက ရေထဲက ပိုးလောက်လန်းလေးတွေတို့၊ ငါးသားပေါက်လေးတွေတို့ကို စားပြီး ရှင်သန်ရတယ်။ နောက်တတိယအဆင့်ကျတော့ အတောင်ပံတွေ ပေါက်လာပြီး ပုစဉ်းရင်ကွဲ ဖြစ်သွားကြတာ။

အဲ့ဒီ ရေဗီလားက အထွားဆုံးကောင်မှ လက်မလောက် အရှည်ပဲ ရှိတာပါ။ ကျုပ်တို့ထောင်တာက အဲ့ဒီ ရေဗီလားမဟုတ်ဘူး။ ပိုးဖလံအုပ်စုဝင်ဖြစ်တဲ့ 'ကုန်းဗီလား'။ သူက အကောင်ကြီးတယ်။ အလျား ၂ လက်မ ကနေ ၃ လက်မ လောက်ထိ ရှည်ပြီး ဗျက်ကတော့ လက်မ ဝက်ကနေ တစ်လက်မအထိ ရှိတယ်။ ကျုပ်တို့ သထုံနယ်ဘက်ကတော့ ဒီကောင်တွေကို 'ဗီလား' လို့လည်းခေါ်တယ်။ 'ရေဂဒူးကောင်' လို့လည်း ခေါ်ကြတယ်။ အခုလိုစထောင်တဲ့ ရာသီဆိုရင် ကျုပ်တို့ သထုံ-မုတ္တမ ကားလမ်းအတွက် 'မောင်းတံဂိတ်' နဲ့ တံတားဖြူ ကြားမှာ 'ပိုးထောင်' ကြတဲ့ အနမြူမီးချောင်းတွေဆိုတာ နည်းမှတ်လို့။ မသိရင် ပွဲဈေးတန်းကြီးလို့ထင်မိကြမှာ။ အဲ့ဒီလောက်ကို များတာ။

အရင်းအနှီးလား...!
သိပ်မများပါဘူး၊ အနုမြူမီးချောင်းရယ်၊ ဘတ္တရီအိုးဘိုးရယ်
ပေါင်းမှ အလွန်ဆုံး တစ်သောင်းခွဲနှစ်သောင်းပေ့ါ။
အို...ဗျာ..!... ဒီငွေလောက်ကတော့ ဗိလား 'ကျ' ရင်
တစ်ညထဲနဲ့ ကျေပါတယ်။ ဒါပေမယ့် မိုးမရွာဘို့နဲ့ လမထွက်သေးဖို့တော့ လိုတာပေ့ါနော်။

ဒီကောင်တွေက မိုးရွာလာရင် မ'ကျ'တော့ဘူး။ နောက်ပြီး လထွက်လာရင်လည်း မ'ကျ' တော့ဘူး။ သိပ်အေးလွန်းရင်လည်းမကျပြန်ဘူးဗျ။ အတော် ဂဂျီဂဂျောင် (ကကျီကကြောင်)များတဲ့ ကောင်တွေပါဗျာ။

လူသက်သက်သာသာနဲ့ ငွေရပေါက်လေး ချောင်နေလို့သာ စိတ်ရှည်ရှည်ထားပြီး ဒီအလုပ် လုပ်နေရတာ။ ကျုပ်စိတ်နဲ့ တော်တော်သည်းခံရတယ်ဗျို့။

အခန်း ( ၃ )
သူများ'အသက်'...ပြောလိုက်ရဦးမယ်။
ဒီကောင်တွေ အကျများတဲ့ညဆိုရင် ကျုပ်တို့လက်ဖျား ငွေသီးတော့တာပဲ။ အဲ့ဒီလို ညမျိုးဆို ကျုပ် တခါတလေ ငွေ လေးငါးခြောက်သောင်းလောက်ထိကို ရခဲ့ဖူးတယ်။ ဒါကလည်း သူတို့ အဖိုအမ မြူးတဲ့ညနဲ့ ကြုံလို့ပါ။

တစ်ရာသီမှာ အဲ့ဒါမျိုး...လေး၊ ငါးခါလောက်ပဲ ကြုံရတတ်တာ။ ကျုပ်ရဲ့ 'ပိုးထောင်' သက်လား!
သုံးနှစ်ရှိပြီ။
ဒီနှစ်ဟာ ဗိလားဈေး အကောင်းဆုံးပဲ။ ဒါကြောင့် တစ်ည တစ်ညဆိုရင် ကျုပ်တို့ ဝင်ငွေဘယ်သေးလိမ့်မလဲ။
ရှူး...! တိုးတိုးနော်။

ခင်ဗျားကို ကျုပ်က ရင်းနှီးလို့ ဒီစကားပြောတာ။ ခင်ဗျား...တခြားလူတွေကို သွားပြီး မောင်းမခတ်လိုက်နဲ့ဦး၊ တော်ကြာ... သထုံတစ်မြို့လုံးက လူတွေအားလုံး ဒီမှာလာပြီး 'ပိုးထောင်' ကြလို့ ကျုပ်တို့ပါ ထမင်းအိုးကွဲနေပါဦးမယ်။

ဒီနှစ်မှာ အထီးဆိုရင် တစ်ကောင် ၆ဝိ/- တောင်ရတယ်။
အမက ၁ဝိ/- ပဲ ရတယ်။
ဗျာ...!
အော်...အထီးအမ ခွဲတာများ ဘာခက်တာမှတ်လို့။ လွယ်မှ လွယ်။

ဗိလားကောင်ကို ပက်လက်လှန်ပြီးကြည့်လိုက်။ သူ့ရဲ့စအိုဝမှာ ဖုံးနေတဲ့ အဖတ်ချွန်ချွန်လေးကို လက်ညှိုးနဲ့စမ်းကြည့်လိုက်လို့ အဲ့ဒီ အဖတ်လေး ပျော့နေရင် အထီး၊ အဖတ်လေးက မာတောင့်တောင့်
လေးဖြစ်နေရင်တော့ အမ။
အင်း ! 'စေ့စေ့တွေးတော့၊ ရေးရေးပေါ်' ဆိုသလိုတစ်ခါတစ်ခါ ကျုပ် 'တွေး' 'တွေး' ကြည့်မိတယ်။
လူတွေ ပြောပါတယ်။

အစားအသောက်နဲ့ ပတ်သက်လာရင် စည်းကမ်းမရှိကြဘူးဗျ။
နောက်ပြီး အစားလည်း ကြမ်းကြတယ်။ ဒါကြောင့်လည်း တစ်ချို့ဆရာတော်ဘုရားကြီးတွေက ကျုပ်တို့လူတွေရဲ့ ပါးစပ်တွေကို'သတ္တဝါတွေရဲ့ သင်္ချိုင်း' လို့ တင်စားပြီး တရားဟောနေကြတာ။အဲ့ဒါလည်း မှန်တာပဲဗျ။တိရစ္ဆာန်တွေကမှ အစားအသောက်နဲ့ပတ်သက်ရင် စည်းကမ်းရှိကြသေးတယ်။

ခင်ဗျား စဉ်းစားကြည့်နော်!
အသားစားတဲ့ တိရစ္ဆာန်တွေက အသားပဲစားတယ်။အသီးအရွက်တို့၊ မြက်တို့ မစားဘူး။
အသီးအရွက်တို့၊ မြက်တို့စားတဲ့ တိရစ္ဆာန်တွေကလည်း အသီး
အရွက်တို့၊ မြက်တို့ပဲ စားကြတယ်။ အသားမစားကြဘူး။ကျုပ်တို့လူတွေကျတော့ အဲ့ဒီလို မဟုတ်ပေါင်။အသီးအရွက်လည်း စားလိုက်တာပဲ။အသားကျတော့လည်း 'ကောင်းမှကောင်း' တဲ့။
အစုံစား သတ္တဝါ... မရှိဘူး မဟုတ်ပါဘူး ရှိပါတယ်။ရှားတော့ ရှားတာပေါ့ဗျာ။ အဲ့ဒီအထဲမှာ ကျုပ်တို့လူတွေလည်း ပါပါတယ်။အစုံစား သတ္တဝါဆိုလို့...သတိရလို့ ပြောလိုက်ရဦးမယ်။
မနစ်က ဆောင်းတွင်းကြီး ကျုပ် ရန်ကုန်က တရုတ်တန်းညဈေးရောက်သွားတော့...ကြဲကြဲဖန်ဖန်ဗျာ 'သင်ပေါင်းပိုး' လို့ ခေါ်တဲ့ အဖြူရောင်ပိုးတုံးလုံးကောင် အရှင်တွေကို ကြော်ရောင်း နေတာတွေ့လို့ ကျုပ် တအံ့တသြဖြစ်မိသေးတယ်။ ဈေးမေးကြည့် တော့ ၁၀ ကောင် ကို ၃၀၀၀ိ/- တဲ့။

ဆောင်းတွင်းကြီး အေးရတဲ့အထဲအဲ့ဒီ သင်ပေါင်းပိုးအရှင်ကောင်တွေကို ဇလုံကြီးထဲ ရေထည့်ပြီးစိမ်ထားတယ်။ အဲဒီဇလုံထဲမှာပဲ သူတို့ အညစ်အကြေးတွေစွန့်ကြတယ်။ အဲ့ဒီပိုးတွေရဲ့ အညစ်အကြေးတွေရှိတဲ့ ရေဇလုံထဲကရေကို ခဏခဏလဲပေးတယ်။ အဲ့ဒီလို အညစ်အကြေးတွေစွန့်ပြီးလို့ သန့်စင်နေတဲ့ သင်ပေါင်းပိုးတွေကို သံပန်းကန်ပြားတစ်ချပ်စီကို ဆယ်ကောင်စီထည့်ပြီး အရှင်လတ်လတ် ဒယ်အိုးထဲက ဆီပူတွေထဲထည့်ကြော်လိုက်တယ်။

မမြင်ရက်စရာပါဗျာ...တစ်ချို့ဆို ပူလွန်းလို့ ထခုန်မတတ် တွန့်လိမ်ပြီးမှ အသေဆိုးနဲ့ သေကြရတာ။ ပိုးတုံးလုံးကောင်တွေ ဆိုတော့လည်း ခြေထောက်မှ မပါတာ၊ ခုန်မရတော့ တွန့်လိမ်ပြီး ဆီပူထဲမှာ သေကြရတာပေါ့။ သေသွားကြတော့လည်း အပူရှိန်ကြောင့် ခန္ဓာကိုယ်အလျားတွေက ရှည်ထွက်လာတာ လက်ညှိုးလောက်ထိရှည်တယ်။ အဲ့ဒါကိုမှ ဆော့စ်နဲ့တို့ပြီး စားကြတယ်။ ကျုပ်ကတော့ မစားရဲလို့ မစားခဲ့ပါဘူး။

ကိုယ်တွေ့ မြင်ခဲ့ဖူးတာကို ပြောပြတာပါ။ အဲဒီမှာပဲ "ငရဲ"ဆိုတာ နောက်ဘဝမှ ရှိတာမဟုတ်ဘူး။ အခုဘဝ
မှာလည်း ကိုယ့်ပတ်ဝန်းကျင်မှာရှိနေတာပါလား...လို့ ကျုပ် သံဝေဂ တစ်ချက် ရလိုက်မိတယ်။

ဘာလဲ..! မှဆိုးပါးစပ်က တရားစကားပြောနေလို့ ခင်ဗျားက ပြုံးဖြီးဖြီးလုပ်နေတာလား!
ကျုပ်က...မုဆိုးသာ ဖြစ်နေတာ ကိုယ်တိုင် သတ်ရဖြတ်ရ တဲ့အလုပ် ဘယ်တော့မှ မလုပ်ဘူး။

ဒါကြောင့်လည်း ကိုယ်တိုင် သတ်ရဖြတ်ရတဲ့ ရေမုဆိုးတို့၊ ကုန်းမုဆိုးတို့ အလုပ်တွေကို ကျုပ်မလုပ်တာ။ ကျုပ်က လူသာကြမ်းတာ၊ စိတ်က နုတယ်ဗျ။

"ဗီလား"ကျတော့ ကျုပ်က သတ်စရာမလိုဘူးလေ။ ဒိုင်သွားပြီး အရှင်သွင်းလိုက်ရုံပဲ။ ဒိုင်ကလည်း မသတ်ဘူး။ သူသေသွားမှာစိုးလို့တောင် မသေအောင် ဂရုတစိုက်နဲ့ ဗီလားအိတ်တစ်ထပ်၊ သူ့အပေါ်က ရေဆွတ်ထားပြီး ဖေဒါပင်ထည့်ထားတဲ့ အိတ်တစ်ထပ် တင်ပေးထားရတယ်။ ဟိုနိုင်ငံရောက်တော့မှပဲ သူတို့တရား သူတို့စီရင်သွားကြတာ။

ဒါတော့ မတတ်နိုင်ဘူးလေဗျာ။ သတ္တဝါတစ်ခု ကံတစ်ခုမဟုတ်လား။ ကျုပ်လက်ထဲမှာ မသတ်မိဘို့ပဲ လိုတယ်။ ကျန်တာကတော့ သူတို့တစ်တွေရဲ့ ကံတရားပဲလို့ ကျုပ်တော့ နှလုံးသွင်း လိုက်တယ်။ သားကျွေးမှု၊ မယားကျွေးမှုလေးတွေက ရှိသေးတယ် မဟုတ် လား။

ည...ည...ကျုပ်အပြန်ကို စောင့်နေကြတဲ့ ပါးစပ်ပေါက် တွေက နည်းတာမဟုတ်ဘူးဗျ။

အခန်း (၄)
'ထိုင်း' မှာတော့ အခု ကျုပ်တို့ဖမ်းတဲ့ ဗီလားတွေကို ဟော်တယ်ကြီးတွေမှာ အထူးဟင်းလျာအဖြစ် ကြော်လှော်ပြီး ဒေါ်လာနဲ့ ရောင်းတယ်လို့ ကြားဖူးပါတယ်။ ဒေါ်လာနဲ့ ရောင်းတယ်ဆိုမှတော့ တော်ရုံလူ ဘယ်ကပ်နိုင်လိမ့်မလဲ။

နောက်ပြီး အဲ့ဒီမှာ ထိုင်းသူဌေးတစ်ဦးကဂိုဒေါင်ကြီးတွေဆောက်ပြီး ဗီလားတို့၊ ကျိုင်းကောင်တို့၊ နံကောင်တို့ကိုအကြီးအကျယ် လှောင်ထားတယ်ဆိုပဲဗျ။ ထိုင်းကလူတွေ ဒီဗီလားတွေကို ဘယ်လိုလုပ်ပြီး စားကြသလဲဆိုတာ ကျုပ်ဖြင့် မစဉ်းစားတတ်ပါဘူးဗျာ။

ဟိုတလောလေးက ကျုပ်ဗီလားကို ကြော်ပြီးစားကြည့်တာ စိမ်းရွှေရွှေအနံ့ကြီးရလို့ ဘယ်လိုမှ စားလို့မရခဲ့ပါဘူး။ ဒါကြောင့် ကျုပ် သွန်ပစ်လိုက်ရတယ်။ ဒါတောင်ပါးစပ်ထဲက စိမ်းရွှေရွှေအနံ့ကြီးက တော်တော်နဲ့ ပျောက်မသွားလို့ကျုပ်မှာ ဝါးလိုက်ရတဲ့ ကွမ်းတွေ။ ပါးစပ်တောင် ထုံးပေါက်ကုန်တယ်။ ကျုပ်က ကွမ်းမှ မစားတာကိုးဗျ။ အဲ့ဒီတော့ ကွမ်းအများကြီးမဝါးဖူးဘူး။ ခု...ဝါးတော့ ပေါက်တာပေါ့။

ရော့! အချမ်းပြေ ရေနွေးကြမ်း တစ်ပန်းကန်လောက် သောက်လိုက်ပါဦးလား !
ဒီကောင်တွေကို လှောင်ရတာတော့ လွယ်တယ်ဗျ။ကျုပ်တို့ ရပ်ကွက်ထဲက ဗီလားပွဲစားနှစ်ဦးဆီကို ကျုပ် ထောင်လို့ရတဲ့ ဗီလားတွေ သွားသွားသွင်းရင်းနဲ့ တွေ့နေရတာ။ ကျုပ်တို့ သွားသွင်းတဲ့ ဗီလားကောင်တွေကို နိုင်လွန်ကြိုး စိပ်စိပ်နဲ့ ယက်ထားတဲ့ ပိုက်အိတ်လေးတွေထဲကို ထည့်ပြီး လှောင်ရတယ်။ အဲ့ဒီပိုက်ထဲကို ဗေဒါပင် သုံးလေးပင်လောက်ထည့်ပေးထားပြီး မကြာမကြာ ရေတောက်တောက်ပေးနေရတယ်။ ရေခြောက်သွားလို့ မရဘူး။ ပိုက်အိတ်မှာ အစိုဓာတ်လေး ရှိနေအောင်လို့အိတ်ထဲထည့်ထားတဲ့ ဗေဒါပင်လေးတွေကို မကြာခဏ ရေတောက်တောက်ပေးနေရတယ်။

သူတို့ရဲ့ ပိုးချေးတွေနဲ့ လုံးထွေးပြီး ညစ်ပတ်နေတယ်ထင်ရင် အဲ့ဒီအိတ်ကို ရေလောင်းပြီး ဆေးပေးရတယ်။
မြဝတီကို တင်တဲ့အခါကျတော့ အဲ့ဒီ ဗီလား ထည့်ထားတဲ့ အိတ်ပေါ်မှာ ရေစိုနေတဲ့ ဗေဒါအိတ်တစ်ထပ် တင်ပေးရတယ်။ ဗီလားအိတ်တစ်ထပ် ဗေဒါအိတ်တစ်ထပ်ပေါ့ဗျာ။ ဒါမှ ဒီကောင်တွေက မသေမှာ။ 'ဝေါ' မြို့မှာက ယိုးဒယားဝယ်လက် ရှိတယ်ဗျ။

ကျုပ်တို့ သထုံဒိုင်က စုကောက်လို့ရတဲ့ ဗီလားတွေကို 'ဝေါ'မြို့ကို ပို့ရတယ်။ 'ဝေါ' ကျတော့ ဗီလားဈေးက တက်သွားရော။ ဒီမှာ (၆၀)တန် အထိးက ဟိုမှာ (၁၂၀) ဖြစ်သွားတယ်။ (၁၀)တန် အမကဟိုမှာ (၃၀)ဖြစ်သွားတယ်။ အဲ့ဒီလောက်ထိ ဈေးက ကွာသွားတာ။ ဟိုနိုင်ငံရောက်သွားရင် ဒီကောင်တွေ ဘယ်လောက်ထိ ဖြစ်သွားမယ် ဆိုတာ ခင်ဗျားမှန်းသာကြည့်တော့။ ဝေါက ဒိုင်ချုပ်က သူ့နား ပတ်ဝန်းကျင်မြို့တွေဖြစ်တဲ့ ပဲခူးတို့၊ ဘုရားကြီးတို့၊ ဒိုက်ဦးတို့၊ ပျဉ်ပုံကြီးတို့ဘက်တွေက လာသွင်းတဲ့ ဗီလားတွေကိုလည်း ဒိုင်ခံပြီး ဝယ်တယ်။ "ဒိုင်နာ"ကားတစ်စီးစာရမှပဲ မြဝတီကို ပို့တာ။ မြဝတီကနေတဆင့် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့က နာမည်ကြီး ဟိုတယ်ကြီးတွေဆီ ပို့ပေးရတာ။

အဲ့ဒီ ဟိုတယ်ကြီးတွေမှာကျတော့ ဒီကောင်တွေ တစ်ပွဲတစ်ပွဲကို ဒေါ်လာနဲ့ ဘယ်နည်းလိမ့်မလဲ။ တော်ရုံလူတွေမစားနိုင်ကြတော့ဘူး...၊ ကုန်သည် ပွဲစားတွေနဲ့ လူချမ်းသာတွေမှပဲ စားနိုင်ကြတော့တာ။

ဟောဗျ!
စကားပြောကောင်းကောင်းနဲ့ ပြောနေလိုက်တာ.. ဟိုမှာ မြသပိတ်တောင်တန်းကြားက 'လ'တောင် ထွက်လာပြီ။
ကျုပ်လည်း မီးချောင်းအောက်က ဗီလားတွေကို လိုက်ကောက်ပြီးရင် ပြန်ဖို့အတွက် ပစ္စည်းလေးတွေ သိမ်းလိုက်ဦးမယ်။

'လ'ထွက်လာရင် ဗီလား မ'ကျ' တော့ဘူးဗျ။ ဒါကြောင့် ကျုပ်တို့က 'လ' ထွက်လာမှာကို ကြောက်တယ်။
ကဲ ! သွားမယ်နော် !

ကိုကိုလတ်(ဆည်မြောင်း)

[၂၀၁၀ ပြည့်နှစ်၊ မေလထုတ် မဟေသီမဂ္ဂဇင်း၊ အမှတ်-၃၀၅စာမျက်နှာ -၁၃၆ မှ ၁၃၉]
[၂၀၁၀ ပြည့်နှစ်၊ မေလထုတ် သရပါမဂ္ဂဇင်း၊ အတွဲ-၂၊အမှတ်-၅၊ စာမျက်နှာ -၆၄ မှ ၆၉]

ဟန်ဆောင်ကာ မှုပုံ

ကိုကိုလတ် (ဆည်မြောင်း)

အခန်း (၁ )

ကျွန်တော့်နာမည် "နဒီ" ပါ။

နာမည်လေးက ကဗျာဆန်လို့ ပျော့ညံ့ညံ့အစားထဲကတော့ မထင်လိုက်ပါနဲ့။ "နဒီ"က ဒီနယ်တစ်ဝိုက်မှာ ပြိုင်ဘက်ကင်းတဲ့နာမည်ကြီး တိုက်ကြက်ဖတစ်ကောင်ပါ။

"နဒီ့" ရဲ့ ကန္တဲ့ကလျနိုင်တဲ့ သွားဟန် လာဟန်ရယ်၊ ဆွဲဆွဲငင်ငင်နဲ့ ချွဲချွဲပျစ်ပျစ် တွန်တတ်တဲ့ အသံရယ်၊ နောက်ပြီး ကြက်မနဲ့တူတဲ့ အမွေးအရောင်တွေရယ်ကြောင့် ကျွန်တော့်သခင် ကိုကိုလတ်က ကျွန်တော့်ကို "နဒီ" ဆိုပြီး ကဗျာဆန်ဆန် မှည့်ပေးထားတာ။

အစ်ကိုတို့လူတွေမှာ ယောကျာ်းရင့်မကြီးတစ်ယောက်လုံးကနေ ကန္တဲ့ကလျ အမူအရာတွေလုပ်ပြပြီး မိန်းမနဲ့တူအောင် ဝတ်စားဆင်ယင်ကြတဲ့သူတစ်ချို့ ရှိတယ်မဟုတ်လား။ သူတို့ကိုခေါ်တာ ကတော့ အမျိုးမျိုးပေါ့နော်။ ဟိုရှေးရှေးတုန်းကတော့ "ပန်းကျတ်" လို့ခေါ်ကြတယ်လေ။ ခုခေတ်မှာတော့ "မိန်းမလျာ" လို့ ခေါ်ကြတယ်။

ဘယ်လိုပဲခေါ်ခေါ်ပေါ့ အစ်ကိုရယ်၊ အဲဒီလူတွေမှာ တစ်ခါတစ်လေ 'မိန်းမစိတ်' ရှိတတ်တာဟာ ရှိတတ်တာပါပဲနော။ "နဒီ"တို့ ကြက်တွေထဲမှာလည်း တစ်ခါတစ်လေ ကြက်မစိတ်ပေါက်နေတတ်တဲ့ ကြက်ဖတချို့ ရှိတယ်။ အစ်ကိုတို့ဆီမှာ မိန်းမစိတ်ပေါက်နေတဲ့ ယောကျာ်းတွေကိုခေါ်တဲ့ ဝေါဟာရရှိသလို "နဒီ"တို့ ကြက်လောကမှာလည်း ကြက်မစိတ်ပေါက်နေတဲ့ ကြက်ဖတွေကိုခေါ်တဲ့ ဝေါဟာရရှိတယ်။ ကြက်မစိတ်ပေါက်နေတဲ့ ကြက်ဖကို "ကြက် မယောင်" လို့ခေါ်တယ် အစ်ကိုရဲ့။ ဒါကလည်း ရှေးကတည်းက ရှိလာခဲ့တဲ့ အခေါ်အဝေါ် တစ်ခုပါ။ များသောအားဖြင့် ကြက်မလေးတွေ အများကြီးထဲမှာ ရောပြီးပေါက်လာတဲ့ ကြက်ဖလေးတွေကနေ "ကြက် မယောင်" ဖြစ်လာတတ်ကြတယ်လို့ "နဒီ" ကြားဖူးတယ်။ "နဒီ"ပြောရင် အစ်ကိုအရမ်းအံ့သြသွားမယ် သိလား။

အစ်ကိုတို့ လူ့လောကမှာတင် မိန်းမလျာ ရှိတာမဟုတ်ဘူး။ "နဒီ"တို့ ကြက်လောကမှာလည်း "ကြက် မယောင်" ဆိုပြီးရှိတယ်။ ဒါဟာ လူသိနည်းတဲ့ ဖြစ်ရပ်တစ်ခုမို့ "နဒီ" ဖွင့်ချပြလိုက်တာပါ။ ဒါတွေက

ဒီခေတ်ကျမှ အထူးအဆန်းအနေနဲ့ ပေါ်လာတာ မဟုတ်ပါဘူး။ ဟိုး...ရှေး..ရှေး...ကတည်းက ဒီလိုမျိုး ရှိခဲ့လို့သာ 'ကြက် မယောင်" ဆိုတဲ့ ဝေါဟာရ ရှိခဲ့တာပေါ့။

"နဒီ" က အဲဒီလို "ကြက် မယောင်" ထဲက တစ်ကောင်ပေါ့အစ်ကိုရယ်။ ဒါပေမယ့် "ဖုန်းကညာတစ်ပါး လုံးရာကပြား" တာပဲ ဆိုပြီး အထင်တော့ မသေးနဲ့နော်။

"နဒီ" တို့က ပျော့ရင်ဖယောင်း၊ မာရင် သံချောင်းပဲ။ စိန်ခေါ်ရင် တိမ်ပေါ်ထိလိုက်မှာ။

အခန်း (၂)

"နဒီ"တို့ တိရစ္ဆာန်လောကက အခေါ်အဝေါ်တွေက တစ်ခါတစ်လေ အသွင်သဏ္ဍာန်ကိုကြည့်ပြီး ခေါ်ကြတယ်။ ဥပမာ နွားတွေရဲ့ အခေါ်အဝေါ်တွေကို ကြည့်ပါလား။ ဂျိုဂုတ် (ချိုကုပ်)တို့၊ဂျိုတယ်လူး (ချိုတယ်လူး)တို့ဆိုတာ သူတို့ရဲ့ ဦးချိုအသွင်သဏ္ဍာန်အရ ခေါ်ကြတာ။ "နဒီ" တို့ တိုက်ကြက်ဖတွေမှာလည်း အသွင်သဏ္ဍာန် ကြည့်ပြီးခေါ်တဲ့ အခေါ်အဝေါ်တို့၊ အမွေးအရောင်ကို ကြည့်ပြီးခေါ်တဲ့ အခေါ်အဝေါ်တို့ရှိတယ်။ "နဒီ" အစ်ကို့ကို နည်းနည်းရှင်းပြမယ်နော်။

"နဒီ" တို့ ကြက်မျိုးတွေရဲ့ ကြက်ဖတွေမှာ ကောက်ရိတ်တဲ့ တံစဉ်လို ကွေးနေတဲ့ အမြီးရှည်ကြီးနှစ်ချောင်းရယ်၊ ခါးတစ်ဖက် တစ်ချက်ဆီကနေ ဘေးကိုကျနေတဲ့ ခဆန်မွေး (ခါးဆံမွေး) ချွန်ချွန် လေးတွေရယ် ပါလေ့ရှိကြတယ်။ ကွေးနေတဲ့ အမြီးရှည်ကြီးနှစ်ချောင်းကို "ဂေါင်မြီး" လို့ခေါ်တယ်။ ကြက်မတွေကျတော့ အဲဒီဂေါင်မြီးနဲ့ခါးဆံမွေး လုံးဝမပါဘူး။

ဒါပေမယ့် တချို့တိုက်ကြက်ဖတွေမှာ အဲဒီ ဂေါင်မြီးနှစ်ချောင်းနဲ့ ခါးဆံမွေးတွေ ပါမလာဘူး။ ဂေါင်မြီးနဲ့ ခါးဆံမွေး ပါမလာတော့ အဲဒီကြက်ဖရဲ့အမြီးက ယပ်တောင်ဖြန့်ထားသလို ပြန့်ကားနေတာ ကြောင့် သူ့ရဲ့ ခန္ဓာကိုယ်ပုံစံက ကြက်မကိုယ်လုံးနဲ့ တူနေတယ်။

ဒါကြောင့် သူ့ကို "မ...ကိုယ်" လို့ ခေါ်တယ်။ "မ...ကိုယ်" လို့ ခေါ်ရာကနေ တစ်စတစ်စနဲ့ "မဂို"လို့ ခေါ်လာကြတယ်။ အဲဒီလို ကြက်မရဲ့ ပုံပန်းသဏ္ဍာန်နဲ့တူနေတဲ့ "မဂို" တွေဟာ တခြားတိုက်ကြက်ဖတွေနဲ့တိုက်ရင် များသောအားဖြင့် ထွက်ပြေးတတ်ကြတယ်။ တခြား တိုက်ကြက်တွေလို တစ်ကောင်နဲ့တစ်ကောင်ခွပ်ရင် ဖွဲမရှိဘူး။ သူတို့အသား နည်းနည်းနာအောင် ခွပ်မိလို့ကတော့ ထွက်ပြေးတဲ့ကြက်က များတယ်။ တစ်ခါတလေတော့လည်း အဲဒီလို "ကြက်မ" ဆန်တဲ့ "မဂို" မျိုးတွေထဲကနေ ထူးချွန်တဲ့ ကြက်သူရဲကောင်းတွေ ပေါ်ထွက်လာတာရှိဖူးပါတယ်။ နဒီတို့ ငယ်ငယ်တုန်းက လက်ပံရွာက "မဂို" ဆိုရင်နာမည် သိပ်ကြီးတာ။ "လက်ပံမဂို" "လက်ပံမဂို" နဲ့ နေတာပဲ။ တော်ရုံတိုက်ကြက်ဖတွေ သူ့ကိုသွားပြီး မတိုက်ရဲကြဘူး။ သူကတိုက်တိုင်းနိုင်တာ။ အသက်ကြီးမှ သေသွားတာ။ တစ်ပွဲမှ မရှုံးဘူးတဲ့။

အဲ့ဒီလို တစ်ခါတလေ တစ်မိပေါက်တစ်ကောင် ထွန်းကားလာတဲ့ "ကြက် မယောင်" တွေထဲမှာ "နဒီ" လည်း အပါအဝင်ပေါ့။ နဒီဆိုရင် ခုထိ ငါးပွဲနိုင်ပြီးပြီ။ တစ်ပွဲမှ မရှုံးဖူးသေးဘူး။

"နဒီ" တို့လို ကြက်မစိတ်ပေါက်နေတဲ့ ကြက်ဖတွေ ထူးချွန်တာ ရှိသလို အစ်ကိုတို့ လူ့လောကက မိန်းမလျာတွေထဲမှာလည်း ထူးချွန် တဲ့သူတွေ ရှိပါတယ် အစ်ကိုရဲ့။ မိန်းမစိတ်ပေါက်တာ ပေါက်တာပဲ၊ ကြိုးစားလို့ ထူးချွန်တာက ထူးချွန်တာပဲ၊ တကယ္လာစီ။ တချို့ဆိုရင် ကမ္ဘာကျော်တဲ့သူတွေတောင်

ရှိတယ်လို့ သူများတွေ ပြောဆိုနေတာကြားဖူးတယ်။ အားကစားသမားတွေထဲကဆိုရင် ထိုင်းနိုင်ငံက ကစ်ဘောက်ဆာသမားလေး။ နာမည်တော့ "နဒီ" မေ့နေတယ်။ မိန်းမလျာပဲ။ ပြိုင်ပွဲဝင်တော့မယ်ဆိုရင် သူ့မျက်နှာကို မိန်းကလေး တစ်ယောက်လို မိတ်ကပ်တွေခြယ်သင့် ဖြီးလိမ်းပြီးမှ ထိုးသတ်တာ။ နိုင်တာများတယ်။ သူထိုးသတ်လို့ရတဲ့ ဆုကြေးတွေနဲ့ သူ့ရဲ့ဘဝကို ယောကျ်ားကနေ မိန်းမအဖြစ် အပြီးအပိုင်ခွဲစိတ်ပြီး ပြောင်းလဲပစ်မှာတဲ့။ ရည်ရွယ်ချက်တော့ကြီးသား။ အခု သူ ထိုင်းနိုင်ငံမှာ နာမည်ကြီးနေတော့ အနောက်နိုင်ငံ ကုမ္ပဏီကြီးတစ်ခုက သူ့ဘဝဇာတ်လမ်းကို ရုပ်ရှင်ရိုက်မလို့တောင် စီစဉ်နေကြပြီဆိုပဲ။

စာပေလောကထဲကဆိုရင် ကမ္ဘာကျော် စာရေးဆရာကြီး ဆမ်းမားဆက်မွန်။ ဂီတအနုပညာလောကထဲကဆိုရင် (Candle in the wind) "'လေထဲက ဖယောင်းတိုင်" သီချင်းကို ကိုယ်တိုင်ရေးစပ်ပြီး ဒိုင်ယာနာ့ ရှာပနမှာ ကိုယ်တိုင် ဂုဏ်ပြုသီဆိုခဲ့တဲ့ အယ်လ်တန်ဂျွန်။ သူဆိုရင် အဲလစ်ဇဘက် ဘုရင်မကြီးကိုယ်တိုင်ချီးမြှင့်တဲ့ "ဆာ"ဘွဲ့တောင် ရထားသေးတယ်။ ဒါကြောင့် အယ်လ်တန်ဂျွန်ကနေဆာအယ်လ်တန်ဂျွန် ဖြစ်သွားပြီ။

ရုပ်ရှင်နယ်ဘက် ကြည့်ဦးမလား၊ ဂျိန်းစ်ဘွန်းဇာတ်ကား For Your Eyes Only (သင့်မျက်လုံးများအတွက်သာ)ထဲက မင်းသမီးလေး၊ သူလည်း မိန်းမအစစ်မဟုတ်ဘူး..တဲ့။ သူ့ဇာတ်ကား 'ပေါက်' သွားပြီးမှ ကမ္ဘာက သူ မိန်းကလေးအစစ် မဟုတ်မှန်း သိကြရတာ။ အဲ့ဒီလောက်ကို သရုပ်ဆောင်တော်တာ။ ဒါက ကမ္ဘာ့အဆင့်တွေကို ပြောတာနော်။

အခန်း (၃ )

"နဒီ"တို့ နိုင်ငံမှာလည်း မိန်းမလျာတွေထဲက ထူးချွန်တဲ့သူတွေရှိပါတယ်။ အလှပြင်တဲ့ လုပ်ငန်းတွေမှာဆိုရင် အများဆုံးပဲ။ မိန်းမ အစစ်တွေထက်တောင် သာတယ်။ ဂီတနဲ့အက အနုပညာတွေထဲက ဆိုရင် "နဒီ"သခင် ပြောပြောနေတဲ့ သူငယ်ရွယ်တုန်းက ကြည့်ခဲ့ဖူးတဲ့ "ငြိမ်းချမ်းငှက်ငယ်ကလေးများ အနုပညာကပွဲအဖွဲ့"။ ကြော်ငြာပေးနေတာ မဟုတ်ဘူးနော်။ သူတို့နဲ့လည်း မသိဘူး။ အဆက်အစပ်လည်း မရှိဘူး။ ဒါကြောင့် သူတို့အဖွဲ့ရဲ့ အနုပညာ ပြောင်းမြောက်မှုအကြောင်းပြောရတာ စိတ်သန့်တယ်။ "နဒီ" သခင်က အရှိကို အရှိအတိုင်း ပြောပြတာ။ သူ့မိတ်ဆွေတွေနဲ့ တွေ့တိုင်း သူခဏခဏ ချီးမွမ်းခန်းဖွင့်နေလို့ "နဒီ" ကြားဖူးတာကတော့...

သူကျောင်းသားအရွယ် လွန်ခဲ့တဲ့ အနှစ်သုံးဆယ်ကျော် လောက်က မန္တလေးမြို့ တရုတ်တန်းမှာ "ဇာလီစိမ့်စိမ့်သူ" ဆိုတဲ့ မိန်းမလျာတစ်ဦး ဦးစီးတဲ့ "ငြိမ်းချမ်းငှက်ငယ်ကလေးများ အနုပညာကပွဲအဖွဲ့" ကပြတာကို ကြည့်ခဲ့ဖူးတယ်တဲ့။ အဲဒီ အဖွဲ့သားတွေအားလုံးဟာ သရုပ်ဆောင် အရမ်းကောင်းကြတာတဲ့။ မိန်းမလိုသရုပ်ဆောင်တဲ့သူကလည်း တကယ့်မိန်းမအစစ်အတိုင်းပဲတဲ့။

အဲဒီအချိန်တုန်းက အသက်ငါးဆယ်ကျော်နေပြီဖြစ်တဲ့ သူ့အမေကို နောက်နေ့မှာ အဲဒီအကြောင်းတွေပြောပြတော့ သူ့အမေက မယုံဘူးတဲ့။ ငါ့ကို လိုက်ပြစမ်းဆိုလို့ နောက်တစ်ပတ် အဲဒီအဖွဲ့

မန္တလေး ပုလင်းဝင်းထဲက မိုးပြဲဇာတ်ရုံမှာ ရုံသွင်းတော့ သူ့အမေကို ခေါ်ပြီး သားအမိနှစ်ယောက် ရှေ့ဆုံးက ပက်လက်ကုလားထိုင်နှစ်လုံးဝယ်ပြီး ကြည့်ကြတယ်တဲ့။ သူ့အမေလည်း မယုံလို့ သံသယမျက်လုံးတွေနဲ့ ကြည့်နေတာပေါ့နော်။ အဲဒီမှာပဲ မှတ်မှတ်ရရ မိန်းမလျာတစ်ယောက်က

အငြိမ့်မင်းသမီးပုံစံဝတ်ဆင်ပြီး "ရွှေပြည်စိုး" သီချင်းနဲ့ စပြီးထွက်လိုက်တာ အဲဒီမင်းသမီး "ရွှေပြည်စိုး" သီချင်းပြီးလို့ ကားလိပ်လည်းချသွားရော သူ့အမေက သူ့သားကို ဘာပြောတယ်မှတ်လဲ။

ငါ့သား ဒီအငြိမ့်မင်းသမီးလေး "ဆို" တာရော၊ "က" တာရော အတော်ကောင်းသားဟဲ့။ အမေ့အသက် ငါးဆယ်ကျော်ပြီ ဒီလို အဆိုရော အကရော နှစ်မျိုးစလုံးကောင်းတာ ဒီတစ်ခါပဲ ကြည့်ဖူးသေးတယ်တဲ့။ (အမှန်က "ရွှေပြည်စိုး" သီချင်းကို ကက်ဆက်နဲ့ဖွင့်ထားပြီး လူက အသံမထွက်ဘဲ ပါးစပ်ကို လှုပ်ရုံပဲလှုပ်တာ)ဒါ...မင်းပြောတဲ့ မိန်းမလျာအဖွဲ့ မထွက်ခင် လာပြီးကူညီ ကပြပေးတဲ့ မင်းသမီးလေးလား။ တော်လိုက်တာ...တဲ့။ သူ့သားက ရယ်ပြီး...၊

အမေ! အဲဒါ မိန်းမအစစ်မဟုတ်ဘူး၊ ယောကျ်ားလို့ ပြောတော့ ငါ မိန်းမတစ်ယောက်လုံး ရှေ့ဆုံးကနေ သေသေချာချာကြည့်နေတာ မိန်းမအစစ်ပါဟဲ့လို့ အမေလုပ်သူက ပြန်ပြောတယ်တဲ့။ ဒါနဲ့... သားလုပ်သူက သူ့အမေကို ဇာတ်စင် နောက် ခေါ်သွားပြီး ခုန "ရွှေပြည်စိုး" သီချင်းနဲ့ သရုပ်ဆောင်သွားတဲ့ မိန်းမလျာနဲ့ မိတ်ဆက်ပေးလိုက်ရတယ်။ အဲဒီမှာ သူ့အမေလေ...

လက်တစ်ဖက်နဲ့ သူ့ရင်ဘတ်ဖိပြီး...

ဘုရား ! ဘုရား !.

ခုနကတကယ့် မိန်းမအတိုင်းပဲ၊ တူလိုက်တာ၊ မင်းတို့ တတ်လည်း တတ်နိုင်ကြတယ်ကွယ်ဆိုပြီး ချီးကျူးခဲ့တယ်တဲ့။ အဲဒီ ငြိမ်းချမ်းငှက်ငယ်ကလေးများအဖွဲ့ကိုလည်း ကြည့်ပြီးရော သူတို့ရဲ့အနုပညာက ဘယ်လောက်ထိ နဒ္ဒီ့သခင် ကိုကိုလတ်ကို ရိုက်ခတ်သွားတယ်မှတ်သလဲ။ အခု...နဒ္ဒီ့သခင် ကိုကိုလတ်ရဲ့ သားသမီးသုံးယောက် စလုံးရဲ့ နာမည်တွေဟာ "ဇာလီလီလတ်" တို့၊ "စမ်းစိမ့်စိမ့်လတ်" တို့၊ "ဇော်နောင်နောင်လတ်"တို့ ဖြစ်ကုန်ရော။ ငြိမ်းချမ်းငှက်ငယ် ကလေးများအဖွဲ့ထဲက သရုပ်ဆောင်တွေရဲ့ နာမည်တွေနဲ့ ဆင်တူအောင် မှည့်ပစ်လိုက်တာတဲ့။ ကောင်းကြရော။ အဲ့ဒီလောက်ထိကို နဒ္ဒီ့သခင် ကိုကိုလတ်က သူတို့အဖွဲ့ကို Crazy(ခရေဇီ) ဖြစ်ခဲ့တာတဲ့။ အဲ့ဒီလို သူတို့အချင်းချင်း ပြောဆိုနေကြတာတွေကို ခဏခဏ ကြားနေရတော့ "နဒီ" လေ...

အင်း !..တော်သေးတာပေါ့။ ကိုယ့်သခင် ကိုကိုလတ်ပါ "ငြိမ်းချမ်းငှက်ငယ်ကလေး" ဖြစ်မသွားလို့... ဆိုပြီး ပြောလိုက် မိပါတယ်။ စိတ်ထဲက။

အခန်း ( ၄ )

"နဒီ" က ဒီနယ်တစ်ဝိုက်မှာ နာမည်ကြီးနေတဲ့ တိုက်ကြက်ဖတစ်ကောင်ဖြစ်လို့ အစ်ကို အခုလိုလာပြီး အင်တာဗျူးတာ "နဒီ"အရမ်းဝမ်းသာပါတယ်။ ကြိုလည်း ကြိုဆိုပါတယ်။ အစ်ကို... သိချင်တာလေးတွေ ဆက်ပြီးမေးလေ။ "နဒီ"ဖေဖေနဲ့အတူ ညနေပိုင်း လေ့ကျင့်ခန်းဆင်းဖို့ အချိန်နည်းနည်း လိုပါသေးတယ်။

"သြော်...နဒ္ဒီ့ကို တိုက်ပွဲတိုင်း အောင်နိုင်စေတဲ့ တိုက်ကွက်လား" အဲဒါကတော့ "ခံစစ်" ပဲ အစ်ကို။

"နဒ္ဒီ" ရဲ့ လက်ဦးဆရာဖြစ်တဲ့ ဖေဖေကိုယ်တိုင်က ခံစစ်ကို အထိုင်ချပြီးမှ တန်ပြန်တိုက်စစ်နဲ့ ကစားဖို့ "နဒ္ဒီ" ကို သင်ပေးထားတယ်။ ဖေဖေက နည်းစနစ်ပိုင်းကို သင်ပေးပြီး "နဒ္ဒီ" သခင်ကတော့ "နဒီ" သက်လုံကောင်းအောင် ထရိန်နင်မောင်းပေးတယ်လေ။ အဆိုအမိန့်တစ်ခု "နဒီ" ကြားဖူးတယ်။

"အကောင်းဆုံးခံစစ် ဟာ တိုက်စစ်" တဲ့။

အဲဒါ...စစ်တိုက်တဲ့ စစ်ပညာရဲ့ သေနင်္ဂဗျူဟာမှာ ပြောတာနော်။ "နဒီ" တို့လို သတ်တဲ့ပုတ်တဲ့ပွဲတွေမှာလည်း အဲဒီဗျူဟာကိုသုံးတယ်။ ဘောလုံးမှာတော့ အဲဒီအဆိုအမိန့်လို မဟုတ်ဘူး။ "ခံစစ်"ခေတ် ကုန်သွားပြီ။ အင်မတန် ခံစစ်ကစားတတ်တဲ့ အီတလီအသင်းတောင်မှ နာမည်ကြီး နည်းပြကြီး 'မာဆယ်လိုလစ်ပီ' ရဲ့ လက်ထက်မှာ ဖွင့်ကစားလာလို့ ကမ္ဘာ့ဖလားတောင် ရသွားပြီလို့ သူများတွေချီးကျူးပြောဆိုနေကြတာ နဒီကြားဖူးတယ်။ ဘောလုံးမှာကျတော့ "အကောင်းဆုံး တိုက်စစ်ကို 'တောင့်'ခံနိုင်သော ခံစစ်မရှိ" တဲ့ အစ်ကိုရဲ့။ ဒါကြောင့်လည်း အခု ဘောလုံးနည်းစနစ်တွေမှာ 'အထောင်တိုက်စစ်မှူး' တို့၊ 'နောက်ချန်တိုက်စစ်မှူး' တို့ဆိုပြီး ထားကုန်ကြပြီတဲ့။ ဒီခေတ်က ဘောလုံးခေတ် ဖြစ်နေလို့ ဘောလုံး နည်းစနစ်နဲ့ မှားမှာလည်း စိုးရသေးတယ်။ ခံစစ်ဆိုတာကတော့ သူများကစပြီး တိုက်တာကို ကိုယ်က နောက်ကို ဆုတ်ဆုတ်ပြေးပြီး ကာကွယ်ရတယ်။ အဲဒီလို ဆုတ်ဆုတ် ပြေးရာမှာ လျှင်မြန်မှု အရေးကြီးတယ်။ ဆုတ်တာနေးရင် ခေါင်းကို ထိသွားနိုင်တယ်။ နွားထိုးကြီးတို့၊ မြင်းခြံတို့၊ ကျောက်ပန်းတောင်းတို့၊ ပုပ္ပားတို့ဘက်ကလာတဲ့ "ကြက်မိုက်ခြေကောင်း" တွေနဲ့ တွေ့လို့များ ခေါင်းကို အခွပ်ခံရရင် ဝိုင်းထဲတင် သေတာများတယ်။ အဲဒီကြက်တွေ က သူတို့အသားကို အနာခံ ဝင်ပူးပြီးမှ ခွပ်တာ။ ဒါကြောင့် သူတို့ကို 'ကြက်မိုက်ခြေကောင်း'လို့ ခေါ်ကြတယ်။ သူတို့ကို အခွပ်ခံရရင်လည်း ခံနိုင်ရည် ရှိကြတယ်။ သူတို့က အပူပိုင်းဒေသကလာတဲ့ ကြက်တွေ ဆိုတော့ အမောခံနိုင်ပြီး သက်လုံကောင်းကြတယ်။ အဲဒီလို ကြက်မျိုး တွေနဲ့များ ပူးပြီးခွပ်လို့ကတော့ သူ့ခြေထောက်နဲ့ ခေါင်းကို ခွပ်မိရင် ဝိုင်းထဲမှာတင် အရုပ်ကြိုးပြတ် ဖြစ်သွားမယ်မှတ်။

ဒါကြောင့် "နဒီ"က ဘယ်လိုကြက်မျိုးနဲ့ခွပ်ခွပ် အနားကို အကပ်မခံဘူး။ သူလှမ်းခွပ်လို့ ရနိုင်မယ့်နေရာမှာ ဘယ်တော့မှ ရပ်မနေဘူး။ အဲဒီထက် ပိုဝေးတဲ့နေရာမှာနေပြီး သူ့ရဲ့အရိပ်အခြည်ကို ကြည့်တယ်။ သူ ရှေ့တက်လာရင် ကိုယ်နောက်ဆုတ်မယ်။ ကိုယ်ကတော့ သူ့ကိုမခွပ်သေးဘူး။ မြူရုံပဲ မြူနေမှာ။ အဲဒီလို သူကခွပ်လိုက်၊ ကိုယ်က နောက်ဆုတ်ပြေးလိုက်နဲ့ နာရီဝက်လောက် ခွပ်လိုက်ရင် သက်လုံက စကားပြောလာပြီ။ သက်လုံမကောင်းတဲ့ ကြက်ဆိုရင် ပါးစပ်ကြီး ဟဟပြီး အသက်ရှူလာပြီ။ ဗိုက်က ဖုတ်လှိုက်ဖုတ်လှိုက်ဖြစ်နေပြီ။ မောလို့။

ကျွန်တော့်ရဲ့ နောက်ကို ဆုတ်ဆုတ်ပြေးတဲ့ ခွပ်ပုံခွပ်နည်းကို ကြည့်ပြီး "နဒီ့" သခင်က ထရိန်နင်ကို အပြည့်မောင်းထားတယ်။ "နဒီ" သက်လုံကောင်းအောင်လို့ ထယ်ဆိုင်ခဲတွေရှိတဲ့ လယ်ကွင်းထဲ မှာ နေကျက်ကျက်ပူတဲ့နေ့ ဆယ့်နှစ်နာရီ၊ တစ်နာရီလောက်ကြီး လယ်ကွင်းထဲမှာ လုံချည်တစ်ထည်ကိုင်ပြီး နောက်ကလိုက်ရိုက်တယ်။ နဒီ ပြေးရတာပေ့ါ။ ထယ်စိုင်ခဲတွေထဲ ပြေးရတာဆိုတော့ ခဏခဏ လဲရော။ အဲဒီလို ခဏခဏလဲတော့ ရင်ညွန့်တွေ၊ ပေါင်တွေမှာ ထည်စိုင်ခဲတွေ စူးလို့ရတဲ့ ဒဏ်ရာတွေဆိုရင် ညိုမည်းနေတာပဲ။ နာရီဝက်လောက်မောင်းတော့ "နဒီ" လည်း အမောဆို့လာပြီး "ဝပ်"နေလိုက်တော့တယ်။ မပြေးနိုင်တော့ဘူး။ အဲဒီတော့မှ ကျွန်တော့်သခင်က ကောက်ယူသွားပြီး အိမ်မှာ ကြပ်ပူတိုက်၊ နနွင်းလိမ်း၊ မန်းဆေးတိုက် လုပ်ပေးတာ။ အဲဒီလေ့ကျင့်ခန်းကို နေ့တိုင်းလုပ်ရတယ်။ ခွပ်ပြီးလို့ ဒဏ်ရာတွေ ပျောက်သွားပြီဆိုတာနဲ့ လေ့ကျင့်ခန်း တွေကို ပြန်ပြီးလုပ်ရတော့တာပဲ။ ဘယ်ဘဝက ဝဋ်ကြွေးလည်း မသိပါဘူး အစ်ကိုရာ။ ကြက်ဖြစ်တာတောင် လေ့ကျင့်ခန်း ဆင်းနေ ရတယ်။

အဲဒီလို လေ့ကျင့်ခန်းတွေ မှန်မှန်လုပ်ခဲ့တဲ့ အကျိုးကျေးဇူးကတော့ "နဒီ" ကြက်ဝိုင်းကို ဆယ်ပတ်လောက် ပတ်ပြေးနိုင်တယ်။မမောဘူး။ အဲဒီလောက် သက်လုံကောင်းအောင်ကို နဒီ့သခင်က ထရိန်နင်မောင်းထားတယ်။ ဒါ့ကြောင့် တစ်ဖက်ရန်သူ မောနေပြီဆိုရင် နဒီက သူ့ကို တကွပ်ကွပ်နဲ့ အသံပေးပြီး သူ့ကို စိတ်ဆိုးအောင်မြူမယ်။ ပြီးရင် သူ့ကိုကြောက်လို့ ပြေးတဲ့ပုံစံမျိုးနဲ့

ပြေးမယ့်ဟန်ပြင်ကြည့်မယ်။

အဲဒီလို ပြေးမယ့်ဟန်ပြင်လို့ သူလိုက်လာရင် "နဒီ" က စည်းဝိုင်းကိုပတ်ပြီး ငါးပတ်ခြောက်ပတ်လောက် ပတ်ပြေးလိုက်တာ။

အဲဒီမှာပဲ နောက်ကနေလိုက်ခွပ်တဲ့ကြက် သက်လုံကွဲပြီး မောလာပြီ။ အဲဒီလို သူမောနေတုန်း ရှေ့ကပြေးနေတဲ့ "နဒီ" က ဇတ်ကနဲ ဘေးနည်းနည်းရှောင်ပြီး တုံ့ကနဲ ရပ်လိုက်တယ်။ နောက်ကနေ နဒီ့ကို လိုက်ခွပ်တဲ့ကြက်က အရှိန်လွန်သွားတယ်လေ။ အဲဒီအခြေအနေမှာ "နဒီ" က သူ့ရဲ့နောက်ကနေလိုက်ပြီး သူ့ခေါင်းကို ခွပ်ချလိုက်တာ...။

အဲ့ဒီကောင် "သေပြီဆရာ.." လို့ အော်ရပြီသာ မှတ်ပေတော့ အစ်ကိုရေ့။

"နဒီ" က သက်လုံကောင်းတဲ့သူဆိုတော့ အားအင်အပြည့်နဲ့ အဲဒီအမောဆို့နေတဲ့ ကြက်ကို ခွပ်လိုက်တာ၊ အိုး..! သူထွက်မပြေးဘဲ ဘယ်နေနိုင်လိမ့်မလဲ။ မပြေးရင် ခေါင်းနဲ့ကိုယ် အိုးစားကွဲသွားမှာပေ့ါ။ "နဒီ" က ကိုယ်ကသာ နွဲ့တာ၊ ခြေထောက်က မနွဲ့ဘူး အစ်ကိုရဲ့။ အဲ့ဒီတိုက်ကွက်က "နဒီ့" ရဲ့ အကြိုက်ဆုံးတိုက်ကွက်ပဲ။ ပထမ "နဒီ" က သူ့ကိုမြှူမယ်။ သူစိတ်ဆိုးလာရင် သူ့ရှေ့ကနေပြေးမယ်။ လေးငါးခြောက်ပတ်လောက်ပြေးပြီး သူမောလောက်ပြီဆိုမှ တုန့်ကနဲ ဘေးကပ်ရပ်လိုက်ပြီး အရှိန်လွန်သွားတဲ့ သူ့နောက်ကနေခေါင်းကို ခွပ်ချလိုက်တာ။

"နဒီ့" ရဲ့ အဲ့ဒီတိုက်ကွက်ကို တော်တော်များများရဲ့ ဝေဖန်သံတွေ နဒီကြားနေရပါတယ်။ "နဒီ" က ကြောက်ချင်ယောင်ဆောင်ပြီး ထွက်ထွက်ပြေးတာဟာ ညစ်ကျယ်ကျယ်လုပ်တာတဲ့။ တကယ်တမ်း သတ္တိရှိတာ မဟုတ်ဘူးတဲ့။ တစ်ဖက်ကြက်ကို လှည့်စားတာတဲ့။

အိုး..! မှိုချိုးမျှစ်ချိုး ပြောလိုက်ကြတာ စုံနေတာပဲ အစ်ကိုရေ့။

စကားမစပ် ပြောရဦးမယ်။ သူများတွေ ပြောဆိုနေကြတာကို နဒီကြားဖူးတာ ပြောတာနော်။ အစ်ကိုတို့ လူတွေမှာလည်း ရှေးတုန်းကဘုရင်တွေ အဲဒီလိုမျိုး နည်းစနစ်တွေနဲ့ အနိုင်ယူခဲ့တာတွေ ရှိပါတယ်တဲ့။ 'ဥတေန'ဇာတ်တော်မှာဆိုရင် စက်ရုပ်ဆင်နဲ့ ဥတေနမင်းကြီးကို မြှူပြီးပြေးတယ်လေ။ အဲဒီစက်ရုပ်ဆင်ကို တကယ့်ဆင်အစစ်မှတ်လို့ မရရအောင် ဖမ်းမယ် ဆိုပြီး ဒေါသတကြီးနဲ့ လိုက်ဖမ်းတဲ့ ဥတေနဘုရင် ရန်သူ့လက်ထဲ ကားခနဲ အဖမ်းခံလိုက်ရတယ် မဟုတ်လား။

နောက်တစ်ခု ရေမန်ကန်းက စောလူးမင်းကို ဖမ်းတာဆိုရင် ပြည်တော်သာကျွန်းပေါ်က ရွံ့နွံအိုင်တွေထဲမှာ ဆင်ရုပ်တွေ လုပ်ပြီးထားတယ်။ နေဝင်ချိန် ညနေပိုင်းမှာ ရေမန်ကန်းက စောလူးမင်းကို စစ်မြှူပြီး အဲဒီ အရုပ်ဆင်တွေရှိတဲ့ ပြည်တော်သာကျွန်းဘက်ကို ဆုတ်ပြေးလာတယ်။ စောလူးမင်းကလည်း နောက်ကနေ ထပ်ချပ်မကွာ လိုက်ရင်းလိုက်ရင်းနဲ့ မိုးချုပ်တော့ ပြည်တော်သာကျွန်းနားရောက်လာတယ်။ အဲဒီမှာပဲ လရောင်အောက်မှာ လှမ်းမြင်နေရတဲ့အရုပ်ဆင်တွေကို တကယ့်ဆင်တွေမှတ်လို့ ချွန်းဖွင့်ပြီး လိုက်တိုက်တဲ့စောလူးမင်း နွံနစ်ပြီး အဖမ်းခံလိုက်ရတယ်လေ။

ခေတ်သစ်သမိုင်းကို ကြည့်ဦးမလား။ စစ်မြှူပြီး ကြောက်ချင်ယောင်ဆောင် နောက်ဆုတ်သွားတဲ့ ရုရှားတပ်တွေနောက်ကို လိုက်တိုက်တဲ့ ဟစ်တလာ့တပ်တွေ ဆိုက်ဘေးရီးယားရဲ့ အေးခဲနေတဲ့ ရာသီဥတုဒဏ်ကို မခံနိုင်လို့ ရှုံးသွားကြရတယ် မဟုတ်လား။ နဒီကြားဖူးတာတွေ ပြောတာနော်။

အဲဒီလိုမျိုး ဖြစ်ရပ်တွေကျတော့ အစ်ကိုတို့လူတွေက စစ်အောင်တဲ့ ရှင်ဘုရင်တွေကို

"ရာဇပရိယာယ်"ကြွယ်တယ်လေး ဘာလေးနဲ့ မြှောက်ပင့်ပြီး ချီးမွမ်းကြတယ်။ တတ်လည်း တတ်နိုင်ကြတဲ့လူတွေ။ အဲ့ဒီ ရှင်ဘုရင်တွေလည်း "နဒီ" တို့လို တိုက်ကွက်မျိုးနဲ့ အနိုင်ရသွားတာပဲ မဟုတ်လား။ သူတို့ကျတော့ "ရာဇပရိယာယ်" ကြွယ်တယ်တဲ့။ "နဒီ" တို့ကျတော့ ကလိန်ကကျစ်ကျတယ်တဲ့။ ညစ်ကျယ်ကျယ် လုပ်တာတဲ့။ ကြောက်ကန် ကန်တာတဲ့။ ကြောက်ချေးပါလို့ ပြေးတာတဲ့။ အို...စုံနေတာပဲ။ တစ်ခုမှ အကောင်းမပါဘူး။ မသာကာညှာညှာတာတာနဲ့ "မာယာ" များတယ်လို့ပြောရင် နားခံသာသေးတာပေါ့ အစ်ကိုရယ်။ နော်... ။

အောက်...အိ...အီး...အွတ်..!

ဟော...!

အစ်ကို ! နဒီသွားတော့မယ်နော်။ အချိန်နည်းနည်းကြာသွားလို့ ကိုကိုက သဝန်တိုပြီး နဒီ့ကို တွန်သံပေး ခေါ်နေပြီ။

ဩော်...! ဒါနဲ့ အစ်ကို့ကို နဒီပြောဖို့ တစ်ခု ကျန်သွားတယ်။

အဲဒါက

ဟို...ဟိုလေ...

နဒီ့မှာ ချစ်သူရှိတယ် အစ်ကိုရဲ့။ ခုန...တွန်သံပေးပြီးခေါ်တာ နဒီ့ရဲ့ ကိုကိုပေါ့။

ပြုံးဖြီးဖြီးကြီး လုပ်မနေပါနဲ့ အစ်ကိုရယ်...။
နဒီတို့မှာလည်း အသည်းနဲ့ပဲဥစ္စာ။

နော...။
ဘိုင့်...ဘိုင် !

ကိုကိုလတ် (ဆည်မြောင်း)

ဝန်ခံကတိပြုချက်
ပုံသဏ္ဌာန်အရ ကြက်မပုံစံဖြစ်ပြီး တစ်ခါတစ်ရံ ကြက်မစိတ်ပေါက်နေတတ်သော်လည်း တိုက်တိုင်း အောင်ပွဲခံခဲ့သောတိုက်ကြက်ဖကြီး "မာယာ" သေဆုံးသည့် ဆယ့်ငါးနှစ်မြောက်နေ့ကို သတိရသော အားဖြင့်လည်းကောင်း၊ မိမိငယ်စဉ်က Crazy (ခရေဇီ) ဖြစ်ခဲ့သော မိုးကြိုးငှက်ငယ်လေးများအဖွဲ့၏ အနုပညာအား ဂုဏ်ပြု လိုသောကြောင့်လည်းကောင်း မိမိကိုယ်မိမိ 'ကြက် မယောင်' တစ်ကောင်အသွင် ခံစားရေးဖွဲ့ခြင်း ဖြစ်ပါသည်။

## ရွှေကျိုးနဲ့ ဒုံးမြင်း

## ကိုကိုလတ် (ဆည်မြောင်း)

### အခန်း (၁)

ဒီအချိန် __ရောက်လာရင် __ကျွန်တော့်စိတ်တွေ __

ဖောက်ဖောက်လာတယ် __ဘယ်လိုပင် ကြိတ်မှိုမရတယ် ___ စိတ်ကိုက ချာချာလည်__

အဲ့ဒီသီချင်းဟာ ကျုပ်ကိုများ စောင်းချိတ်ပြီး ရေးစပ်ထား သလားလို့တောင် ကျုပ် ထင်ခဲ့မိပါတယ်။ ဟုတ်တယ်ဆရာ။ အဲ့ဒီသီချင်းထဲက အတိုင်းပဲ။ ဒီအချိန်ရောက်လာရင် ကျုပ်ရဲ့စိတ်တွေလည်း ဖောက်ဖောက်လာတယ်ဗျ။ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျုပ်ရဲ့မှတ်ကျေနပ်ချက်က တစ်နှစ်လည်းမဟုတ်၊ နှစ်နှစ်လည်းမဟုတ်၊ သုံးနှစ်လည်းမဟုတ်ဆိုတော့ ကျုပ် တော်တော့်ကို ဒေါသဖြစ်နေပြီ။ ဘယ်ကိစ္စရမှာလဲ ဆရာရယ်။ ဟိုကိစ္စပေါ့။ ဆရာတို့ စာရေးဆရာတွေ တစ်ယောက်ပြီး တစ်ယောက် ရေးဖွဲ့နေကြတဲ့ မိဘမေတ္တာဘွဲ့တွေကိစ္စပေါ့။

"အနှိုင်းမဲ့မေတ္တာ"တို့၊ "မြင့်မိုရ်ထက် မြင့်သော" တို့၊ "စုန်ရေ" တို့၊ "ကြီးမားသည့်ထိုမေတ္တာ" တို့၊ "တုနှိုင်းမမှီ" တို့၊ "သီတာရေစင်"တို့၊ "ဘယ်ပန်းချီရေးလို့မမှီ" တို့ ဆိုတဲ့ ခေါင်းစဉ်တွေကသာ အမျိုးမျိုး ပြောင်းလဲသွားတာ ရေးထားတဲ့အကြောင်းအရာတွေက ဒါက ဒါပဲ။

တစ်ယောက်လာလည်း ဒီ လူသားမိခင် ဖခင်တွေရဲ့ သားသမီး တွေအပေါ် ဘယ်လိုချစ်ပုံ၊ ဘယ်လိုအနစ်နာခံပြီး ရှာဖွေကျွေးမွေး ခဲ့ရပုံ။ နောက်တစ်ယောက်လာလည်း ဒီ လူသားမိခင် ဖခင်တွေရဲ့ သားသမီးတွေအပေါ် ဘယ်လိုအသက်ပေးပြီး စွန့်လွှတ်အနစ်နာခံခဲ့ပုံ။ နောက်တစ်ယောက်လာလည်း ထူးမခြားနား။ နောက်တစ်ယောက်လာ လည်း ဒီလူသားမိခင် ဖခင်တွေရဲ့ မေတ္တာဘွဲ့နဲ့ လူသားချစ်သူတွေရဲ့ ချစ်ခြင်းမေတ္တာဘွဲ့တွေပဲ။ ဒီအကြောင်းအရာတွေချည်း

ထပ်ထပ် နေတယ်။

စိတ်မရှိနဲ့နော်။ တချို့တွေ ကြည့်ရတာ "တစ်ခါလာ မဲပြာပုဆိုး" ဇာတ်လမ်းတွေထဲကနေ ဖောက်ပြီးထွက်လာတဲ့ အလှည့်အပြောင်း လေးတွေကိုရေးကြဖို့ "တီ ဆားနဲ့ အတို့ခံရသလို " တွန့်၊ တွန့် နေကြပုံရတယ်။ ကျုပ်အမြင် အခုလို ဂလိုဘယ်လိုက်ဇေးရှင်း (Globalization) ခေတ်ကြီးထဲမှာ အဲ့ဒါ နည်းနည်းများ အန်းတစ်(Antique)ဖြစ်နေသလားလို့ပါ။ နောက်ပြီး အတော်များများက အဲဒီ "ထူးမခြားနား" ဇာတ်လမ်းတွေကိုပဲ အရမ်းခရေဇီ (Crazy) ဖြစ်နေကြပုံရတယ်။ ဟုတ်တယ်ဆရာ။ သူတို့ရဲ့ ရေးပေါက်တွေက တစ်နေ့ တစ်ခြား အဲ့ဒီလိုကို ထင်မြင်စရာတွေ ဖြစ်လာနေပြီ။ တီရှတ္တန်လေး တွေရဲ့ မိဘမေတ္တာဘွဲ့နဲ့ ချစ်ခြင်းမေတ္တာတွေအကြောင်း ရေးကြဖို့ မေ့နေလိုက်ကြတာ၊ "ဖွတ်မေ့ ပုတတ်မေ့" ပဲ။

ဆရာတို့ အနုပညာလောကက လူတွေအားလုံးနီးပါးက ကျုပ်တို့ရဲ့ လိုက်(ဖ်)စတိုင်လ် (Life Style) လေးတွေကို ဥပေက္ခာပြု ကြလွန်းတယ်ဗျာ။ ကျုပ်မကျေနပ်တာ အဲဒါတွေပဲဆရာ။ ဒါကြောင့် ဆရာနဲ့ ဆုံတုန်းမှာ ကျုပ်တို့ တီရှတ္တန်လေးတွေ မှာလည်း အသည်းနဲ့ပါဆိုတဲ့ မိဘမေတ္တာဘွဲ့စစ်စစ် ကျုပ်ရဲ့ ကိုယ်တွေ့ဇာတ်လမ်းလေးကို ရင်ဖွင့်ချင်တာပါ။

## အခန်း (၂)

အဲဒီနေ့က မှတ်မှတ်ရရ ဥပုသ်နေ့။ သူများတွေ ဥပုသ်သီတင်း ဆောက်တည်ပြီး ကုသိုလ်ယူနေတဲ့အချိန်မှာ 'အ'ကုသိုလ်ကို မီးထွန်းရှာတဲ့ ကျုပ်သခင်က ကျုပ်ကိုပွေ့ပြီး ညောင်ကွဲရွာဘက်ကို ထွက်လာတယ်။ ကြက်ပွဲရှိတယ်လေ။ ဗိုလ်ရွေးပွဲတဲ့။ ခုတလော သိပ်နာမည်ကြီးနေတဲ့ မတ္တရာနယ်ဘက်က '
'ဒုံးမြင်း''

ဆိုတဲ့ ကြက်နဲ့ ကျုပ်နဲ့ဗိုလ်လုကြမယ့်ပွဲပေါ့။ ကျုပ်နာမည်က
'ရွှေကြိုး'

တဲ့။ ဒီနယ်တဝိုက်မှာ နိုင်ပွဲ ဆက်နေတဲ့ တိုက်ကြက်ဖ တစ်ကောင်ပါ။ ကျုပ်သခင်က ကျုပ်ကို ဂုဏ်ပြုတဲ့အနေနဲ့ ရွှေသားစစ်စစ်နဲ့ ရွှေကြိုးသေးသေးလေးတစ်ကုံး လုပ်ပေးထားတယ်။ ကြက်ဝိုင်းသွားမယ့်နေ့ဆိုရင် ကျုပ်ရဲ့ ညာဘက် ခြေကျင်းဝတ်မှာ အဲဒီ ရွှေကြိုးလေးကို သုံးလေးပတ် ရစ်ပတ်ပေးပြီးမှ ဝိုင်းကို ပွေ့ချီသွားလေ့ရှိတယ်။ တိုက်ခါနီးကျမှ အဲ့ဒီ ရွှေကြိုးလေး ကိုဖြုတ်တာ။ ဒါကြောင့် ကျုပ်ကို ရွှေကြိုးလို့ ခေါ်ကြတယ်။ ဒုန်းမြင်းနဲ့ ကျုပ်ရဲ့ပွဲက သိပ်ကိုကြည့်ကောင်းမယ့်ပွဲလို့ လူတွေက မျှော်လင့်ထားကြတာဗျ။ ဘာဖြစ်လို့လည်းဆိုတော့ ဂူတစ်ဂူတည်းမှာ ခြင်္သေ့နှစ်ကောင် မအောင်းဘူးလေဗျာ။ ခုတလော သူကလည်း ကျုပ်တို့ကြက်လောကမှာ "ဒုံးမြင်း" ဆိုတဲ့ နာမည်နဲ့ တရှိန်ထိုး တက်လာသလိုကျုပ်ကလည်း ဒီနယ်တဝိုက်မှာ 'ရွှေကြိုး' ဆိုပြီး နာမည်ကြီးနေတော့ ထုံးစံအတိုင်း နာမည်ကြီးကြက်တွေကိုမှ ပွဲသွင်းချင်တဲ့ "ဒွန်ကင်း"တို့လို ကြက်ဒိုင်တွေ ပေါ်လာတာပေါ့ဗျာ။

တစ်ရက်။ မတ္တရာနယ်ဘက်က ဒုံးမြင်းရဲ့ ကြက်ဆွယ် သုံးလေးယောက် ကျုပ်သခင်ဆီ ပေါက်ချလာကြတယ်။ ကြက်ဆွယ်ဆိုတာ တိုက်ဖို့ နီးစပ်နေတဲ့ ကြက်နှစ်ကောင်ကို မတိုက်တိုက်အောင် မြှောက်ပင့် ပြောဆိုပေးပြီး တိုက်ဖြစ်ရင် သူတို့အတွက် ပွဲစီစဉ်ခ၊ လက်ဘက်ရည်ဖိုး တောင်းလေ့ရှိတဲ့ သူတွေကိုခေါ်တာပါ။ ဒီကြက်ဆွယ်ဆိုတဲ့ လူတွေက ကြမ်းပိုးကို

လိပ်၊ လိပ်ကို ကြမ်းပိုးဖြစ်အောင် ပြောနိုင်တဲ့ အာဝဇ္ဇန်းရှိတဲ့လူတွေဗျ။ လူတောသားစကားနဲ့ ပြောရရင် ကျောက်ဆင်းတု တောင် ခေါင်းညိတ်အောင် ပြောနိုင်တဲ့လူတွေ။ အဲဒီ လူတွေက ဒုံးမြင်းရဲ့ အလုံးအထည် (ကိုယ်လုံး)တို့၊ ဒေါက် (အရပ်အမြင့်) တို့၊ အောက်စ (အတက်)အရှည်တို့ကို ပြောပြအပြီးမှာ ကျုပ်သခင်က နောက်ဆယ့်ငါးရက် လောက်ဆိုရင် ဉ်ုး.... လို့လည်း မီးစိမ်းပြလိုက်ရော သူတို့ဝမ်းသာအားရနဲ့ ပြန်သွားကြတယ်။ သူတို့ စိစဉ်တဲ့ပွဲ ဖြစ်ပြီပေါ့ဗျာ။

အဲဒီလူတွေပြန်သွားပြီးတဲ့ နောက်တစ်ရက်ကစပြီး ကျုပ်ကို ကျုပ်သခင်က ကောင်းကောင်း ထရိန်နင် မောင်းတော့တာပါပဲ။ ဒီတစ်ခါပွဲက ချန်ပီယံလုပွဲဆိုတော့ ကျုပ်သခင်က အရင်နည်းစနစ် တွေလို သူ့လက်ကို ရေနည်းနည်းဆွတ်ပြီး ကျုပ်ခန္ဓာကိုယ်နဲ့ လည်ပင်းတို့၊ မျက်နှာတို့၊ ပေါင်တို့ကို ပွတ်သပ်ပေးရုံ၊ ဒူးကို လက်နဲ့ဆုပ်ကိုင်ပေးရုံသာ မဟုတ်တော့ဘဲ အပြင်းအထန်ကို လေ့ကျင့် ပေးတော့တာပဲဗျို့။ လေ့ကျင့်ခန်းတွေက ကြမ်းလွန်းလို့ ကျုပ် သေတောင် သေလိုက်ချင်တယ်။ ကျုပ်မှာ "မိချော" ဆိုတဲ့နှောင်ကြိုးလေးတစ်မျှင် ရှိနေလို့သာ စိတ်လျှော့လိုက်ရတာ။ မရယ်နဲ့။ ကျုပ် အဟုတ်ပြောတာ။ ကျုပ်သခင်ရဲ့ လေ့ကျင့် ခန်းတွေက သူများနဲ့ မတူဘူးဗျ။ တော်တော်ကြမ်းတယ်။ ဘယ်နယ့်ဗျာ၊ ဒီလောက်ပူလောင်နေတဲ့ နေ့လယ် တစ်နာရီလောက်ကြီးမှာ ကျုပ်ကို ထယ်စိုင်ခဲတွေ အများကြီးရှိတဲ့ လယ်ကွင်းကျယ်ကြီးထဲ ခေါ်သွားပြီး နေပူကြီးထဲမှာ ကျုပ်ကိုပြေးခိုင်းတာ။ ကျုပ်အမြီး နောက်ကနေ သူက ပုဆိုးဟောင်းတစ်ထည်ကိုင်ပြီး အဲ့ဒီပုဆိုးနဲ့ လိုက်ရိုက်တာဆိုတော့ ကျုပ်မပြေးလို့ မရဘူးလေဗျာ။ ထည်စိုင်ခဲထဲမှာ ပြေးခိုင်းတာဆိုတော့ ပြေးရင်းလွှားရင်းနဲ့ ခြေထောက်တွေ၊ ဒူးတွေ၊ ပေါင်တွေ၊ ရင်အုပ်တွေမှာ ထည်စိုင်ခဲစူးတဲ့ ဒဏ်ရာတွေ ရလာတယ်။

ဒီလိုဒဏ်တွေကို ခံစားထားဖူးမှ ရေထဲ မိုးထဲမှာ ရမယ့်ဒဏ်ရာတွေကို ခံစားနိုင်မှာ။ ခုလိုအချိန်မှာ ဒီဒဏ်ရာမျိုးတွေကို ခံစားထားတတ်မှ ခွပ်နေတဲ့အချိန်မှာ ရလာမယ့် ဒဏ်ရာတွေကို ခံနိုင်ရည်ရှိမှာ။ နောက်ပြီး ထည်စိုင်ခဲထဲမှာ ပြေးရလို့ မကြာခဏ ခလုတ်တိုက်၊ လဲကျ၊ ပြန်ထ၊ ပြေး၊ ခလုတ်ထပ်တိုက်.. ဆိုတော့ ခြေအနတ်အသိမ်း မြန်လာမယ်။ ဒူးက ကြွက်သားတွေလည်း 'မာ' လာတော့ ဝိုင်းထဲမှာ ကြာကြာရပ်ပြီး ခွပ်နိုင်မယ်လို့ ကျုပ်သခင်က ယုံကြည်ထားတာဗျ။ ဒါကြောင့် ကျုပ်ကို အပြင်းအထန် လေ့ကျင့်ပေးခဲ့တာ။ နောက်ပြီး ကျုပ်ကို ကျုပ်ကောင်မလေး 'မိချော' နဲ့လည်း ခွဲထားသေးတယ်။

သူ့ရည်ရွယ်ချက်က တိုက်မယ့်ရက်ပိုင်းမှာ အင်အားအပြည့်နဲ့ ခွပ်နိုင်အောင်လို့တဲ့။ ဒီကိစ္စမျိုးကျတော့ ကျုပ်သခင်ဟာလေ တော်တော့ကို ကိုယ်ချင်းစာတရား ကင်းမဲ့တဲ့လူဗျ။ သူ့ကျတော့ မိန်းမတွေ မှုလိုပေါက်အောင် ယူထားပြီးကျုပ်ကျတော့

ဟင်း !ဟင်း !

ကျုပ်ကို ပွေ့ပွေ့ပြီး ကြက်ပွဲ၊ ကြက်ပွဲနဲ့ ခေါင်းစဉ်တွေပြုပြီးအိမ်ကနေ ထွက်တယ်။ သူ ဘယ်နေရာတွေ သွားရှုပ်နေတယ်ဆိုတာ ကျုပ်အသိဆုံးပေါ့။ ခု ကျုပ်အလှည့်ကျတော့ ကိုယ်ချင်းမစာဘူး။ ကျုပ်နဲ့ ကျုပ်ကောင်မလေး မိချောကို ခွဲထားတယ်။ အကြောင်းပြချက် က ကြက်ပွဲနီးလို့တဲ့။

ဘာဆိုင်လဲဗျ။ ဒါက ဒါပဲ။ ဟိုဟာက ဟိုဟာပဲဟာ။ တော်ပြီဗျာ၊ တော်ပြီ။ ကျုပ်ဆက်မပြောချင်တော့ဘူး။

ညောင်မြစ်တူးရင် ပုတ်သင်ဥတွေ ပေါ်ကုန်လိမ့်မယ်။ ကျုပ်ပင်ပန်းတာတွေ ဒဏ်ရာရတာတွေကို ဂရုမစိုက်ပါဘူး။ ကျုပ်ရဲ့အချစ်ကလေး မိချောနဲ့ ခွဲထားခံရတာကိုတော့ ကျုပ် လုံးဝမကျေနပ်ဘူး။ ဒါပေမယ့်ဗျာ ကျုပ်မှာ မချစ်သော်လည်း အောင့်ကာနမ်းခဲ့ရပါတယ်။ သူကကျုပ်သခင်ကိုးဗျ။ ဒီလိုနဲ့ (၁၂) ရက်လောက် ကျုပ်ကို ဟဲဗီးထရိန်နင်မောင်းပြီး (၂)ရက်အနားပေးခဲ့တယ်။

နောက်တစ်ရက်မှာတော့ ကျုပ် စိန်ခေါ်ပွဲကြီးကို ရောက်ခဲ့ပါတယ်။

အခန်း (၃)

ညနေ(၃)နာရီလောက်မှာ ညောင်ကွဲရွာထိပ်က ညောင်ပင် ကြီးအောက်ကို ကျုပ်တို့ရောက်သွားတော့ လူတော်တော်စုံနေကြပြီ။ ကျုပ်သခင်နဲ့ အတူပါလာတဲ့ လူ လေးငါးယောက်က ကျုပ်နဲ့ တိုက်မယ့် ကြက်ကို ကျုပ်သခင်ရှေ့ယူလာပြီး ပြတဲ့အချိန်မှာတော့ အဲ့ဒီကြက်ကို ကြည့်ပြီး ကျုပ်အံ့အားသင့်သွားရပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ကျုပ်နဲ့တိုက်မယ့် ဒုံးမြင်းဆိုတဲ့ကြက်က ကျုပ်နဲ့ အလုံးရော၊ ဒေါက်ရော၊ အောက်စရော တူရုံတင်မကဘူး၊ ကျုပ်လိုပဲ အနီရောင်ချင်းပါ တူနေတယ်။ ကျုပ်ရဲ့ ညာဘက်ခြေကျင်းဝတ်မှာ ရွှေကြိုးလေးသာ မပါခဲ့ရင် ကျုပ်တို့နှစ်ကောင်ကို ကျုပ်သခင်တောင် လွယ်လွယ်နဲ့ ခွဲခြားလို့ရမှာမဟုတ်ဘူး။ အဲဒီလောက်ကို တူနေတယ်။ ကုန်ကုန်ပြောမယ်ဗျာ။ အဲဒီ ဒုံးမြင်းဆိုတဲ့ကြက် ကျုပ်ကိုမြင်လို့ အတောင် တဖြောင်းဖြောင်းရိုက်ပြီး မာန်သွင်းတွန်လိုက်တဲ့ အသံတောင်မှ သူက ကျုပ်ကြားဖူးတဲ့ ခင်ဗျားတို့ဆီက ရော့ခ်ဘုရင်ကြီး ဇော်ဝင်းထွဋ် အသံလို နည်းနည်းအက်တက်တက်ကလေး ဖြစ်နေတာက လွဲရင် ကျုပ်တွန်တဲ့အသံနဲ့ တော်တော့ကို တူတယ်လို့ ဝိုင်းထဲက လူတွေ အားလုံး ပြောဆိုနေကြသံတွေ ကျုပ်ကြားနေရတယ်။

ကျုပ် အမြင်မှာလည်း သူနဲ့ကျုပ်ဟာ တော်တော့်ကို တူနေတယ်လို့ ခံစားရပြီး ကျုပ်စိတ်ထဲမှာ မအီမလည်ကြီးနဲ့ ခါတိုင်းပွဲတွေလို သိပ်ပြီး တက်တက်ကြွကြွ ဖြစ်မနေဘူးဗျာ။ ဒါပေမယ့် မကြာခင်မှာ ကျုပ်နဲ့ ဒုံးမြင်းကို ဆယ်တောင် စည်းဝိုင်းလယ်က သတ်မှတ်နေရာမှာ တည်လိုက်တယ်ဆိုရင်ပဲ ကျုပ်လည်း သူ့ဆန်စားမှုတော့ ရဲရပြီပေါ့ဗျာ။ လည်ဆံတွေကို တခါခါလုပ်ရင်း ကျုပ်အသင့် နေရာယူလိုက်ပါတယ်။ သူ့ရဲ့ ပညာ အတိမ်အနက်ကို ဘာမှမသိရသေးလို့ အရမ်းအဝင်အထွက် မလုပ်သေးဘဲ ခေါင်းတခါခါ၊ လည်တခါခါပဲလုပ်ပြီး ခြေနစ်ဘက်နဲ့ မြေကြီးကိုယက်ရင်း သူ့အဝင်အထွက်ကို စောင့်ကြည့်နေလိုက်တယ်။ တစ်ဖက်က တိုက်စစ်ကို မြန်မြန်လာတိုက်အောင် စစ်မြူတဲ့ သဘောပေါ့ဗျာ။ သူစိတ်တိုပြီး ကျုပ်ဆီ တက်ခွပ်အောင်လို့ ကျုပ်က သူ့ကိုမခံချင်အောင် မြူပြနေရုံပဲ လုပ်နေလိုက်တယ်။ ဒါပေမယ့် သူကလည်း "နေ" နိုင်တယ်ဗျ။ ကျုပ်ဆီ 'တက်' မလာတဲ့အပြင်၊ ကျုပ်လုပ်သလို သူကလည်း ကျုပ်ကို ပြန်မြူပြနေတယ်။

ရော်...! ခက်ပြီ။

ခါတိုင်းကြက်တွေဆိုရင် သူတို့ကို အရေးမစိုက် သလိုနဲ့ ကျုပ်က မခွပ်ချင်သလိုလိုလုပ်ပြီး အဲ့ဒီလို မြူပြနေရင် သူတို့က ဒေါသတကြီးနဲ့ ကျုပ်ဆီပြေးပြီး ခွပ်တော့တာဗျ။ ဒီကောင်က ကျုပ်ဆီ ပြေးမခွပ်ပဲ ကျုပ်ကိုတောင် ပြန်မြူပြနေတယ်ဆိုတော့ ကျုပ်နဲ့ ခွပ်ပုံ၊ ခွပ်နည်းပါ လာတူနေတယ်။ နောက်ပြီး ဝိုင်းထဲရောက်နေတာတောင်သူ့စိတ်က တည်တည်ငြိမ်ငြိမ်ပဲဗျ။ ခါတိုင်း ကြက်တွေလို ပြာယာ ခတ်ပြီး ကျုပ်ဆီ ချက်ချင်း 'တက်' မခွပ်ဘူး။ သတိအနေအထားနဲ့ ကျုပ်ကို ပြန်မြူနေတယ်ဆိုတော့ ကျုပ် သူ့ကို သတိထားရပြီပေါ့ဗျာ။ ဒီကောင် "ခေသူမဟုတ်"ဗျ။

အဲ့ဒီလို တစ်ကောင့်တစ်ကောင် မြူနေရာကနေ ကျုပ်သူ့ကို ပညာစမ်းတဲ့အနေနဲ့ ရုတ်တရက် သူ့မျက်နှာဆီတည့်တည့် သုံးချက် လောက်ဆင့်ပြီး ခွပ်ချလိုက်တယ်။

ဟာ..!

သူနောက်ကို ဆုတ်ပြေးသွားတာ မြန်လိုက်တာဗျာ။ ကျုပ်ကြားဖူးတဲ့ ခင်ဗျားတို့ဆီက ဇာတ်မင်းသား

ဦးအောင်မောင်းကြီး ခြေထိုး 'က'တာ ကျနေတာပဲ။ လျှောကနဲကို နောက်ဆုတ်သွားတာဗျ။ သူ အဲဒီလို လျှပ်တပြက် နောက်ကို ဆုတ်ပြေးသွားတော့ ကျုပ် အားနဲ့ဆင့်ပြီး ခွပ်ချလိုက်တဲ့ ခွပ်လုံးတွေက သူ့ကိုမထိဘဲ လေထဲတင် ပျောက်သွား တာပေါ့ဗျာ။ ကျုပ်လည်း အခွပ်ရပ်လိုက်ရော အောင်မယ်..! သူက ကျုပ်ကို တန်ပြန်တိုက်စစ်ဆင်ပြီး လိုက်ခွပ်တယ်ဗျ။ ဘယ်ရမလဲ ကျုပ်ကလည်း သူ့လိုပဲ လျှပ်တပြက် နောက်ကို ဆုတ်ပြေးလိုက်တာပေါ့။ ကျုပ်အပြေးမြန်လို့ သူ့ခွပ်လုံး တွေလည်း လေထဲမှာ ပျောက်သွားပါတယ်။ ကျုပ်ကို တစ်ချက်မှ မထိဘူး။ အဲဒီလိုနဲ့ ကျုပ်တို့နှစ်ကောင် တစ်ကောင့်တစ်ကောင် ပညာ စမ်းရင်း ခွပ်နေရာကနေ နာရီဝက်ကျော်ကျော်လောက် အကြာမှာ ကျုပ်တို့နှစ်ကောင် မောလာကြပြီး ဝိုင်းလယ်မှာ လည်ပင်းချင်း ချိတ်လာကြပါတယ်။ အဲဒီလို လည်ပင်းချင်း ချိတ်နေတုန်းမှာ သူရုတ်တရက် အထက်ကို ထပ်ပျံပြီးအခွပ် သူ့ရဲ့ ပြင်းထန်တဲ့ ရိုက်ခြေက ကျုပ်ရဲ့ခေါင်းကို ထိသွားလို့ ကျုပ်ရှေ့ကို ဟပ်ထိုး လဲကျသွားတယ်။ထိချက်က ပြင်းတော့ ကျုပ်မျက်စိထဲမှာ ကြယ်တွေ လတွေတောင် မြင်လာတယ်။ ဒါပေမယ့် ကျုပ် သတိကိုတော့ မလွှတ်စေရပါဘူး။

အဲဒီလို ကျုပ် ဟပ်ထိုးလဲအကျ မျက်စိတွေ ဝေဝါးနေချိန်မှာ လဲနေတဲ့ကျုပ်ဆီ အရှိန်နဲ့ ရထားကြီးတစ်စင်း ခုတ်မောင်းလာသလို ဒုံးမြင်းပြေးလာတာ မှုန်ဝါးဝါး မြင်လိုက်ရလို့ လဲကျနေရာကနေ ကမန်းကတန်းထပြီး စည်းရောက်အောင် သုတ်ခြေတင် ပြေးလိုက်ရတယ်။ ဒါမှ ကြက်ဝိုင်းရဲ့ သတ်မှတ်ချက်အရ ကျုပ်ကို ကျုပ်သခင်က ကုသခွင့်ရမှာလေ။ ဝိုင်းထဲကနေ စည်းရောက်အောင် မပြေးနိုင်ရင် တော့ ကျုပ်သခင်က ကျုပ်ကို ကောက်ပြီး ကုခွင့်မရှိဘူး။ အဲဒါဆိုရင် ဒီကောင့်ခွပ်ချက်နဲ့ ကျုပ် သေသွားနိုင်တယ်။ ဒ့ါကြောင့် ကျုပ်စည်းရောက်အောင် အမြန်ပြေးလိုက်ရတာ။ စည်းရောက်တော့ ကျုပ်သခင်က ကြက်တောင်နဲ့ ရေဆွတ်ပြီး အာကျုပ် (အာခံတွင်းကိုရှင်း) ပေးတာတို့၊ အစာခွံ့တာတို့၊ ရေတိုက်တာတို့ လုပ်ပေးလို့ ကျုပ်ပြန်ပြီး လန်းလန်းဆန်းဆန်း ဖြစ်လာပါတယ်။ အဲ့ဒီလို ကျုပ်သခင်က ကျုပ်ကို ကုသပေးနေချိန်မှာတော့ နောက်တစ်ချီ သူ့ကို ဘယ်ပုံစံနဲ့ ပြန်ခွပ်မယ်ဆိုတဲ့အစီအစဉ်ကို ကျုပ် စိတ်ကူးနဲ့ ပုံဖော် နေပါတယ်။

အခန်း ( ၄ )

နောက်တချီ ဝိုင်းလယ်မှာ ကျုပ်တို့နှစ်ကောင်ကို တည်လိုက်တော့ ကျုပ်ရဲ့ တိုက်ကွက်ကို ပြောင်းလိုက်တယ်။ ခုနတိုက်ကွက်လိုသူ့ခန္ဓာကိုယ် လှုပ်ရှားပုံကိုကြည့်ပြီး ကြံ့သလိုတိုက်ခိုက်နေရာကနေအခု သူ့ရဲ့ ခန္ဓာကိုယ်လှုပ်ရှားပုံကို မကြည့်တော့ဘဲ သူ့ခြေထောက် နှစ်ချောင်းရဲ့ အရွေ့အလျားကိုပဲ ကျုပ်ကြည့်နေလိုက်တယ်။ သူရှေ့ကို တစ်လှမ်းတိုးလာရင် ကျုပ်နောက်ကို နှစ်လှမ်း ဆုတ်လိုက်တယ်။ သူရှေ့ကို နှစ်လှမ်းတိုးလာရင် ကျုပ်နောက်ကို လေးလှမ်းလောက် ပြေးဆုတ်လိုက်ပြီး သူ့ ခွပ်ချက်ကို ကာကွယ်လိုက်တယ်။ ဒါအကောင်းဆုံး ခံစစ်ပဲ။ ဒါမှ သူ့ရဲ့တိုက်စစ်ကို ကျုပ်တောင့်ပြီး ခံနိုင်မှာ။ သူတိုက်စစ် ပမ်းလာမှ ကျုပ်လျှပ်တပြက် တိုက်စစ်ဆင်မယ်။ အဲ့ဒီလို ခွပ်နေရာကနေ တဖြည်းဖြည်း လေးဆယ့်ငါးမိနစ်လောက် ကြာလာတယ်။ သူ့တိုက်စစ် နည်းနည်းကျလာတာကို ကျုပ်သတိထားမိတယ်။ သူ့အသက်ရှူတာလည်း ပါးစပ်နည်းနည်း ဟ! နေလို့ တော်တော်မောနေပြီဆိုတာ သိလိုက်တယ်။

ကျုပ်ကတော့ သိပ်မမောပါဘူး။ နေပူကြီးထဲမှာ ထယ်စိုင်ခဲတွေထဲ ပြေးထားတဲ့ လေ့ကျင့်ခန်းကြောင့် ထင်ပါရဲ့။ ကြက်ပညာချင်းတူနေကြလို့ ကျုပ်တို့ နှစ်ကောင်စလုံး သတိနဲ့ ခွပ်နေကြရတယ်။ တစ်ကောင့် တစ်ကောင် အမှားမခံဘဲ ပျော့ကွက်ဟာကွက်ကို ချောင်းနေကြပါတယ်။ အဲဒီလိုနဲ့ တစ်ချီမှာတော့ သိပ်မောနေတဲ့ ဒုံးမြင်း စိတ်မရှည်တော့ပဲ ကျုပ်ဆီ ဖွတ်ပြေးပြီး ဝင်ပူးအခွပ်မှာ ကျုပ် သူ့အပူးကို မခံဘဲ နောက်ကို အမြန်ဆုံး ဆုတ်ပြေးလိုက်တယ်။ ပြီးတော့ ကျုပ် ရှိသမျှ အတွင်းအား

သုံးပြီး သူ့ခန္ဓာကိုယ်နဲ့အတူ အထက်ကို ရောပြီးပျံတက်သွားလိုက်တယ်။ တရုတ်သိုင်းကားတွေထဲမှာ ဓားသမားနှစ်ဦး လေထဲရောပျံ တက်သွားပြီး 'ချ' ကြတဲ့ တိုက်ကွက်မျိုးပေါ့ဗျာ။ အဲဒီတိုက်ကွက်ဟာ ကျုပ်အကြိုက်ဆုံး တိုက်ကွက်ပဲ။ ကျုပ်စောင့်နေတာ ဒီအကွက်ပဲ။

အခု ဒီကောင်မောလွန်းလို့ စိတ်မရှည်တော့မှ ကျုပ်ကို ဖွတ်လိုက်ပြီခွပ်တာ။ ကျုပ်တိုက်ကွက်က အဲဒီလို သူ ကျုပ်ကိုဖွတ်လိုက်ခွပ်ရင် ကျုပ်က နောက်ကို အစွမ်းကုန် ပြေးဆုတ်လိုက်မယ်။ ပြီးမှ ကျုပ်ရှိသမျှ အတွင်းအားနဲ့ အပေါ်ကို သူနဲ့အတူ ရောပျံသွားပြီး လေထဲမှာတင် သူ့ကို တစ်ချက်ထပ်ပြီး ခွပ်ပစ်လိုက်တာ။ အဲဒီတိုက်ကွက်ဟာ ခင်ဗျားတို့ဆီက ကမ္ဘာကျော် ကွန်ဖူးဘုရင် 'ဘရုစလီ' ရဲ့ 'တစ်ချက်ခုန်နှစ်ဆင့်ကန်' တိုက်ကွက်မျိုးပေါ့။ ကျုပ်တို့ ကြက်လောကမှာတော့ အဲဒီ တိုက်ကွက်ကို 'ကောင်းကင်ခြေ တိုက်ကွက်'လို့ ခေါ်တယ်ဗျ။

လွယ်လွယ်ပြောရရင်ဗူပုနေ ပေါ့ဗျာ။ သူနဲ့ကျုပ် နှစ်ကောင်ပူးပြီး လေထဲကိုပျံတက် သွားကြတဲ့အချိန်မှာ ကျုပ် ခြေထောက် နှစ်ချောင်း ရဲ့ ကန်ချက်တွေက စီးစီးပိုးပိုးရှိနေလို့ ပစ်မှတ်ကို ထိသွားပြီဆိုတာ ကျုပ်သိလိုက်ပါတယ်။ လေထဲကနေ ဝိုင်းလယ်ကို ကျုပ်တို့နှစ်ကောင် ပြန်အကျ မှာတော့ ဒုံးမြင်းဟာ ကျုပ်ရဲ့အတက်နှစ်ဖက်နဲ့ သူ့နားထဲအထိုးခံ လိုက်ရလို့ မြေကြီးပေါ် ရုတ်တရက် ပက်လက်လန်ကျသွားပြီးခြေထောက်နှစ်ချောင်း မိုးပေါ်ထောင်ကာ အတောင်နှစ်ဘက် တဖြတ်ဖြတ်ရိုက်ရင်း ဆန့်ငင်ဆန့်ငင် ဖြစ်နေပါတယ်။

ဟေး ! ရွှေကြီးကွ၊ ရွှေကြီး..!

ကျုပ်ဘက်က အားပေးတဲ့အသံတွေ တစ်ဝိုင်းလုံး ဆူညံသွားတယ်။ ကျုပ်လည်း ဒုန်းမြင်း ပက်လက်လန်နေပေမယ့် အလောတကြီး သူ့ဆီပြေးပြီး မခွပ်သေးဘဲ အသင့်အနေအထားနဲ့ပဲ သူ့ရဲ့လှုပ်ရှားမှုကို ခဏ ရပ်ကြည့်နေလိုက်ပါတယ်။ အဲဒီလို ရပ်ကြည့်နေတုန်းမှာ ကျုပ်ရဲ့ မျက်လုံးအစုံဟာ လေထဲမှာ ယက်ကန်ယက်ကန်ဖြစ်နေတဲ့ ဒုံးမြင်းရဲ့ ဘယ်ဘက်ခြေထောက်ကို သတိပြုလိုက်မိစဉ်မှာတော့ ကျုပ်ရဲ့ ခေါင်းမွေးတွေ ထောင်သွားပြီး... ကျုပ်ဦးခေါင်းဟာ ချာချာလည်သွားပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ပက်လက်လန်နေတဲ့ ဒုန်းမြင်းရဲ့ ဘယ်ဘက်ခြေကျင်းဝတ်မှာ ဒဏ်ရာအဖု နီနီလေးကို ထင်ထင်ရှားရှား တွေ့လိုက်ရလို့ပါပဲ။ အဲဒီ ဒဏ်ရာကို မြင်လိုက်ရလို့ ကျုပ်ရုတ်တရက် တွေဝေသွားတယ်။ ကျုပ်ဒီဒဏ်ရာကို ကောင်းကောင်းမှတ်မိနေတယ်။ ဘယ်မှာ မြင်ဖူး ပါလိမ့်ဆိုပြီး ကျုပ်စဉ်းစားနေမိတယ်။

ကစ်...! ကစ်...! ကစ်...! ကစ်...!

ဝိုင်းလယ်မှာ လဲကျနေတဲ့ကြက်ကို မျက်တောင်မခတ်ကြည့်ရင်း တွေဝေနေတဲ့ကျုပ်ကို ကျုပ်သခင်က ကျုပ်မျက်နှာရှေ့မှာလက်ဖျစ် ကလေး တဖျောက်ဖျောက်တီး၊ ပါးစပ်ကလည်း တကစ်ကစ် အသံပေးပြီး လဲနေတဲ့ ဒုံးမြင်းကို အသေပြေးခွပ်ပစ်ဖို့ သတိပေးနေပါတယ်။ အရင်ပွဲတွေတုန်းက အဲ့ဒီလို ကျုပ်ခွပ်လိုက်လို့ တစ်ဖက်ကြက်တွေ လဲကျနေရင် ကျုပ်က လဲနေတဲ့ကြက်ဆီ ပြေးပြီး အပိုင်ခွပ် ထည့်လိုက်တော့ ဝိုင်းထဲတင်သေတာ နှစ်ကောင်ရှိသွားပြီ။ အဲဒီတိုက်ကွက်ဟာ ကျုပ်ရဲ့ ပွဲသိမ်းတိုက်ကွက်ပဲ။ အခုလဲ ကျုပ်သခင်က အဲဒီလို ပွဲသိမ်း၊ ဝိုင်းထဲတင် အသေခွပ်အောင်လို့ ကျုပ်ကိုနောက်ကနေ ကုန်းပြီး အမြီးကို လေနဲ့မှုတ်ပေးနေတယ်။ သူ့လက်ကိုလည်း ဆန့်တန်းပြီး ကျုပ်မျက်နှာ ရှေ့မှာ လက်ဖျစ်ကလေး တဖျောက်ဖျောက်တီး၊ ပါးစပ်ကလည်း တကစ်ကစ်နဲ့ အသံပေးပြီး ကျုပ်ကိုရှေ့ တက်ခွပ်ခိုင်းနေတယ်။

ဟေး!ရွှေကြီးကွ ! ရွှေကြီး !

"တက်ခွပ်လေကွာ၊ လဲကျနေတဲ့ 'ကြက် မသာ'ကို ဘာဖြစ်လို့ရပ်ကြည့်နေတာလဲ၊ တက်ခွပ်"

သူတို့ရဲ့ အော်ဟစ် အားပေးသံတွေက ကျုပ်ရဲ့ အတွေးမျှင်စတွေကို ဖုံးလွှမ်းမသွားပါဘူး။ ကျုပ် ဒုန်းမြင်းရဲ့ ဘယ်ဘက်ခြေထောက်က ဒဏ်ရာနီနီဘုလေးကို ကြည့်နေတုန်းမှာပဲ ကျုပ်အာရုံထဲ ဖျပ်ကနဲ သတိရလိုက်ပါတယ်။

ဟာ....! ဒါ....! ဒါ....! သား....! ငါ့သား....! ငါ့ သားလေး ပိုက်ထွေး....!

ကျုပ်မျက်လုံးအိမ်မှာ မျက်ရည်တွေ ဝဲလာပါတယ်။ ကျုပ် ဘာဆက်လုပ်ရမလဲ။ ဒုံးမြင်းဟာ ကျုပ်သားအရင်းပျ၊ ကျုပ်သား အရင်း။

"ဘုရား..ဘုရား ! ကျုပ်သားလေး မသေပါစေနဲ့။

မြန်မြန်ပြန်ပြီး သတိရလာပါစေ"။

ကျုပ် အဲဒီလို ဆုတောင်းစကားတွေ စိတ်ထဲက ရေရွတ်နေတုန်းမှာပဲ မြေပြင်ပေါ်မှာ အတောင်တဖျတ်ဖျတ်ခတ်ရင်း လဲကျနေတဲ့ ကျုပ်ရဲ့သားလေး ဒုံးမြင်း ဒယိမ်းဒယိုင်နဲ့ ထလာပါတယ်။

ဒါပေမယ့် ကျုပ်သူ့ကို ဆက်မခွပ်ပဲ စည်းရောက်အောင် ပြေးဖို့ ခြောက်လှန့် ပေးလိုက်လို့ သူစည်းရောက်အောင် နောက်ဆုတ် ပြေးသွားပြီး ကုသခွင့် ရသွားပါတယ်။

"တော်ပါသေးရဲ့ ကျုပ်သားလေး မသေလို့"

ဒုံးမြင်း စည်းရောက်အောင်ပြေးသွားလို့ ဒုတိယအကြိမ် ကောက်ကုခွင့် ရခဲ့ကြပါတယ်။ ကျုပ်ကို ကုသပေးနေတဲ့ ကျုပ်သခင်နဲ့ ကျုပ်ကိုအားပေးတဲ့ ကျုပ်ရဲ့ပရိသတ်တွေကတော့ လဲကျနေတဲ့ ဒုံးမြင်းကို အသေ ခွပ် မပစ်ရကောင်းလားဆိုပြီး ကျုပ်ကို ပွစိပွစိနဲ့ကျိန်ဆဲပြီး ပြောဆိုနေကြသံတွေဟာ အတိတ်ဆီကို ပြန့်လွင့်နေတဲ့ ကျုပ်ရဲ့စိတ်အစဉ်တွေကိုတော့ မဟန့်တားနိုင်ခဲ့ပါဘူး။

## အခန်း (၅)

ဖြောင်း...! ဖြောင်း...! ဖြောင်း...! ဖြောင်း...!

အောက် အီး အီး အွတ်...!

အရှေ့က နေလုံးနီနီကြီး ထွက်လာပြီဆိုတာနဲ့ ကျုပ်သခင် ဦးမောင်ငယ် တန်းထိုးပေးထားတဲ့ ဝါးလုံးတန်းလေးပေါ် ခုန်တက်ရင်း ကျုပ်..နေမင်းကြီးကို ကြိုဆိုနေကျပါ။ ကျုပ်သခင်က ကြက်တိုက်တာတို့၊ ဖဲရိုက်တာတို့မှာ ဝါသနာသိပ်ကြီးတယ်။ ဒါ့အပြင် ညနေစောင်းလာပြီဆိုရင် ကျုပ်သခင်ရဲ့အိမ်မှာ အရက်ဝိုင်းကစည်နေပြီ။ အဲဒီတုန်းက ကျုပ်သားလေး ပိုက်ထွေးရဲ့ အသက်ရှိလှ နှစ်လသားပေ့ါ။ သူ အဲ့ဒီအရွယ်မှာ ကျုပ်တို့ရဲ့သဘာဝအရ သားခွဲချိန် လေ။ ကျုပ်ဖနီး သူ့မိခင် ကြက်မကြီး ထိန်းကျောင်းရှာဖွေ ကျွေးမွေးရာကနေ ရပ်ဆိုင်းလိုက်ပြီး သူ့ဆီသွားကပ်ရင် ဆိတ်ဆိတ် လွှတ်တဲ့ အချိန်ပေါ့။ ဒါလည်း မိခင်မေတ္တာပါပဲ။ ကိုယ့်အားကိုယ်ကိုးပြီး ရှာဖွေစားသောက်တတ်အောင်

သူ့အနားကို အကပ်မခံတော့ဘဲ ဆိတ်ဆိတ်လွှတ်လို့ သူ့ဘာသာသူ အစာရှာရတော့တယ်။ ကျုပ်သားလေးက သူနဲ့တစ်အုပ်တည်း ကြက်ကလေး ခုနစ်ကောင် ပေါက်ခဲ့ပေမယ့် ကြက်နာကျတဲ့အချိန်နဲ့ မိသွားလို့ သူတစ်ကောင်ပဲ ကျန်ရစ် ခဲ့တယ်။ သူ့အမေ၊ ကျုပ်မိန်းမ 'မိသဲ'က ဂရုစိုက်ပြီး ရှာဖွေကျွေးမွေးသလို ဖအေဖြစ်တဲ့ ကျုပ်ကလည်း တိုက်ကြက်တွေ တတ်သင့်တဲ့ တိုက်ခိုက်နည်းတွေ၊ သတ်နည်း ပုတ်နည်းတွေကို နှစ်လသားအရွယ်ကစပြီး နေ့စဉ် နေထွက်ချိန်မှာ သင်သင်ပေးပါတယ်။

နေထွက်ချိန်မှာ တွန်လိုက်တဲ့ ကျုပ်ရဲ့ တွန်သံဟာ ပိုက်ထွေးရဲ့ မနက်ပိုင်း လေ့ကျင့်ခန်း 'စ'ချိန်ပဲပေါ့။ ညနေ လေးနာရီခွဲ ငါးနာရီ လောက်ကျတော့ ညနေပိုင်း လေ့ကျင့်ခန်း ဆင်းခိုင်းရသေးတယ်လေ။ ကျုပ်က ဒီကောင့်ကို တစ်နေ့နှစ်ကြိမ် လေ့ကျင့်ပေးတယ်။ ကျုပ်က တစ်ဦးတည်းသော ကျုပ်သားလေးကို ကြက်မြှူနည်း၊ ရင်ဆိုင်ခွပ်နည်း၊ နောက်ကိုဆုတ်ပြေးပြီး ခံစစ်ဆင်နည်းနဲ့ ရှေ့ကို တရစပ် တိုက်စစ်ဆင်ခွပ်နည်းကအစ အားလုံးကို သင်ပေးပါတယ်။

တစ်ရက်...ကျုပ်သားလေးကို ကျုပ်တို့တိုက်ကြက်တွေရဲ့ အဌာရသတွေ သင်ပေးနေချိန်မှာ ကျုပ်သား ကြက်ပိစိကွေးလေး ပိုက်ထွေးက လိုက်ခွပ်လို့ ကျုပ်က ကြောက်ချင်ယောင်ဆောင်၊ နောက်ဆုတ်ပြေးပြီး ကျုပ်သားလေးကို ချော့မြှူကစားနေတာကြည့်ပြီး ကျုပ်တို့သခင် ဦးမောင်ငယ်က သူ့သူငယ်ချင်း ဦးသန်းအောင်ကြီးကို

''သန်းအောင်ရေ..!

ဒီမှာ ခေတ်သစ်အဇာတသတ်ကလေးလာကြည့်စမ်း။ ဖအေကို ပြန်ပြန်ခွပ်နေတာ။ ဒီကောင် ကြီးလာရင်တော်တော်ကောင်းမယ့်သဘောရှိတယ်ကွ။ ကြက်ပစ်၊ ကြက်ပုတ်လေးတွေ ကောင်းသလို နောက်ကို အဆုတ်အပြေးလေးတွေလည်းပါတယ်'' လို့ ကြွားလေ့ရှိတယ်။

တခါတလေကျတော့လည်း ကျုပ်သားလေးနဲ့ သူ့အမေနဲ့ ခြေသွေးလေ့ကျင့်တဲ့အနေနဲ့ ခွပ်ကြပါတယ်။ သူ့အမေက တော်တော်လိုတယ်ဗျ။ သားသည်အမေဆိုတော့ ပိုဆိုးတာပေါ့ဗျာ။ တခါသားမှာ သူ့အမေက သူ့သားလေးကို မြှူမြှူပြီး နောက်ဆုတ်ပြေးလို့ သူ့သားက သူ့ကို လိုက်အခွပ်မှာ သူ့အမေလည်း ကျုပ်ပြေးသလို နောက်ကို ဆုတ်..ဆုတ်..ပြေးရင်းနဲ့ သူ့နောက်က ရေကန်ကြီးထဲ ကျသွားလို့ ကျုပ်ဖြင့် အူတက်မတတ် ရယ်ရသေး။

ကျုပ်သားလေး ပေါက်ချိန်မှာ ကျုပ်သခင်က သူ့ကို မနည်းပြုစု ခဲ့ရတယ်။ ဥကပေါက်တုန်းက ဥမှာကပ်နေလို့ ခဲခဲယဉ်းယဉ်း ပြုစု လာခဲ့ရသလို ကြက်နာကျလို့ အခြားညီကိုမောင်နမတွေ သေကုန် ကြတော့လည်း သူတစ်ကောင်ပဲ ကျန်ခဲ့လို့ ကျုပ်တို့သခင်က နည်းနည်း သေးညှက်တဲ့သူ့ကို အမြဲယုယပိုက်ထွေးပြီး ထိန်းကျောင်းလာခဲ့ရတယ်။ ဒါ့ကြောင့် သူ့ကို 'ပိုက်ထွေး'လို့ နာမည်ပေးခဲ့ပါတယ်။

အခန်း (၆ )

တစ်ရက်။ အဲဒီနေ့က မိုးလေး တစ်ပြိုက်နှစ်ပြိုက်လောက် ကျပြီး တစ်နာရီလောက်နေတော့ နေပွင့်လာလို့ ကျုပ်လည်း ပိုးကောင် မွှားကောင်လေးတွေ ရှာရင်းနဲ့ အိမ်နဲ့ ခပ်လှမ်းလှမ်းနေရာကို ရောက်သွားတယ်။ ကျုပ်လိုပဲ ကျုပ်ဇနီး သားသည်အမေ မိသဲ နဲ့ ပိုက်ထွေးတို့ သားအမိနှစ်ကောင်လည်း ကျုပ်နဲ့ ခပ်ဝေးဝေးနေရာမှာမြေကြီးကိုယက်ပြီး အစာရှာဖွေနေကြတယ်။

အဲဒီလို ကျုပ် အစာရှာ နေတုန်းမှာ ကျုပ်နားထဲ အသံတစ်သံ သဲ့သဲ့ကြားလိုက်ရတယ်။

ဖြန်း..! ဖြန်း..! ဖြန်း..!

ပထမတော့ ကျုပ်လည်း ဘာရယ်မဟုတ်ဘဲ အစာရှာနေတဲ့ ဇောနဲ့ ဂရုမပြုမိဘူး။ ခုန ကျုပ်ကြားတဲ့အသံ ခဏရပ်သွားပြီး ထပ်ကြားရပြန်တယ်။

ဖြန်း..!ဖြန်း..! ဖြန်း..!

ဒုတိယအကြိမ် ထပ်ပြီး ကြားရပြန်တော့ ကျုပ်အသံလာရာ

ဆီကို လှမ်းကြည့်လိုက်မိတယ်။

ဟာ..!

ကျုပ် မြင်လိုက်ရတဲ့ မြင်ကွင်းကြောင့် အံ့အားသင့်သွားတယ်။

ကျုပ်မြင်လိုက်ရတာက

ဟို..ဟို..ကျုပ်မိန်းမ။ ပိုက်ထွေးတို့အမေ မိသဲ သူ့ထက် နှစ်ဆလောက်ကြီးတဲ့ စွန်ရဲကြီးတစ်ကောင်နဲ့ လုံးထွေးသတ်ပုတ် နေတာ တွေ့လိုက်ရတယ်။ သူ့ဘေးမှာလည်း ကျုပ်သားလေး ပိုက်ထွေးက ခွေခွေလေး လဲကျလို့။

တောက်...! သိကြရောပေါ့ကွာ။

ကျုပ်ရဲ့ဒေါသက ငယ်ထိပ်ထိ ရောက်သွားတယ်။ ကျုပ်အမြန်ဆုံးနှုန်းနဲ့ အဲ့ဒီ စွန်ရဲကြီးဆီ ပြေးသွားလိုက်တယ်။ ဆရာတို့မှာလည်း "မျက်စပ်ပိုးဝင်၊ ဆံတပင်တင်း၊ ချစ်ခြင်းမယား"လို့ ဆိုထားတယ်မဟုတ်လား။ နောက်ပြီး "မယားထိ ဓားကြည့်" ဆို။

အခုဟာက ကျုပ်မယားကို ထိတာ မဟုတ်ဘူး၊ ကိုယ်ထိလက်ရောက် စော်ကားတာဗျ။ ကျုပ် ရှိသမျှ အတွင်းအားတွေစုပြီး အဲဒီစွန်ရဲကြီးကိုပြေးခွပ်ပစ်လိုက်တယ်။

ခွပ်...! ခွပ်...! ခွပ်...!

ဟား..! ဟား..! ဟား    ! ဟား    !

ပြေးပြီပေါ့ဗျ။ သူကလည်း စွန်ရဲ၊ ကျုပ်ကလည်း "ရွှေကြိုး"ပဲ

ဟာ။ သူ့ထက်မိုက်လို့ ကြက်ပွဲတွေမှာ သတ်၊ ပုတ်နေတာ။ ဝိုင်းထဲတင်နှစ်ကောင်သေအောင် ခွပ်ထားတဲ့ ကျုပ်ရဲ့ "ခြေ"။ ဘယ်သေးလိမ့်မလဲ။

စွန်ရဲကြီးပြေးသွားမှ ကျုပ်လည်း မြေပြင်ပေါ်မှာ သွေးသံရဲရဲနဲ့လဲကျနေတဲ့ ကျုပ်ဇနီး 'မိသဲ'ဆီ ပြေးသွားပြီး ပွေ့ထူလိုက်တယ်။

မိသဲ..! မိသဲ !

ကျုပ် အလန့်တကြားနဲ့ လှုပ်ပြီး ခေါ်လိုက်တော့မှ ပိတ်ထားတဲ့ မျက်စိနှစ်လုံး ဖြေးဖြေးလေး ပွင့်လာပြီး ကျုပ်မိန်းမ မိသဲ ကျုပ်ကို ဘာပြောသလဲဆိုတော့

''အစ်ကို စွန်ရဲကြီး ကုတ်ခြစ်ခဲ့တဲ့ ဒဏ်ရာနဲ့ မြေပြင်ပေါ်ကို ရင်ညွှန့်နဲ့ကျတဲ့ ဒဏ်ရာတွေကြောင့် မိသဲ မနေရတော့ဘူး။ သားခွဲခါစ သားလေးပိုက်ထွေး ကွင်းပြင်ထဲမှာ အစာရှာစားနေလို့ ညီမလည်း လိုအပ်ရင် သူ့ကို ကာကွယ်စောင့်ရှောက်ရအောင် မလှမ်းမကမ်းကပဲ အရိပ်တကြည့်ကြည့်နဲ့ ကြည့်နေတယ်အစ်ကို။ အဲဒီလို ညီမ ခပ်လှမ်းလှမ်းက စောင့်ရှောက်နေတုန်းမှာ ကောင်းကင်ကနေ စွန်ရဲကြီးတစ်ကောင် ရုတ်တရက် ထိုးဆင်းလာပြီး ပိုက်ထွေးကို ထိုးသုတ် လိုက်တယ်။ ညီမလည်း ကြောက်ရမှန်းမသိတော့ဘဲ အဲဒီစွန်ရဲကြီး ပိုက်ထွေးကိုသုတ်ပြီး ကောင်းကင်ပျံအတက်၊ သားဇောနဲ့ ပြေးပြီး အခွပ်မှာ ပိုက်ထွေးကို ကုပ်ထားတဲ့ သူ့ရဲ့ခြေထောက်ကို လှမ်းခွပ်မိလို့ သူ့ခြေထဲကနေ သားလေး ပိုက်ထွေး ပြုတ်ကျသွားတယ်အစ်ကို။ သားလေးက အကျမတော်လို့ ခွေခွေလေး လဲကျနေတုန်းမှာ အဲဒီစွန်ရဲ ကြီးက ဒုတိယအကြိမ် ထပ်သုတ်ဖို့ ကြိုးစားလို့ ညီမလည်း သူ့ကို အနီးကပ် လိုက်ခွပ်ပစ်လိုက်တယ်။ အဲဒီလို ညီမက သူ့ကို ထိထိမိမိနှစ်ခါခွပ်လိုက်တော့ စွန်ရဲကြီးက ညီမဘက်ကို လှည့်လာပြီး ထိုးသုတ်တော့တာပါပဲ။
ညီမလည်း သူ့ခြေသည်းတွေထဲကနေ ဖွတ်ရုန်းကန်လို့ စွန်ရဲကြီး မြေပြင်ပေါ်ကို ဆင်းလာတယ်။ ခုန်ဆွ ခုန်ဆွနဲ့ ညီမဆီပြေးလာပြီး သူ့ရဲ့ သန်မာတဲ့ အတောင်ကြီးတွေနဲ့ညီမရဲ့ခေါင်းကို ဘယ်ပြန် ညာပြန် ရိုက်လိုက်တယ်။ ညီမ မူးပြီးလဲသွားတုန်း ညီမကို သုတ်ချီပြီး ထအပျံ၊ ညီမလည်း ရှိသမျှ အတွင်းအားတွေသုံးပြီး အရုန်းမှာ ကောင်းကင်က ခုလိုပြုတ်ကျပြီး ရင်ညွှန့်နဲ့ကျမိလို့ ဗိုက်ထဲက အရမ်းအောင့်နေတယ်။
တော်ပါသေးရဲ့ ညီမကို ဒုတိယအကြိမ်ထပ်ပြီး ထိုးအသုတ်မှာ အစ်ကိုအချိန်မီ ရောက်လာပြီး ခွပ်လိုက်လို့ စွန်ရဲကြီး အထိနာပြီး ပြေးသွားတာ။ မိသဲ မနေရတော့ဘူး အစ်ကို။ မိသဲ မရှိရင် သားလေး ပိုက်ထွေးကို အစ်ကို့အနေနဲ့ မိခင်မေတ္တာရော၊ ဖခင်မေတ္တာပါ နှစ်မျိုးစလုံး ပေးအပ်ပြီး စောင့် ရှောက် ပေး ပေး''

''မိသဲ..! မိသဲ..!

မိသဲ !

သွားပြီ။ ကျုပ်အသည်းတွေ ကြောင်းဆန်ကုန်ပြီဗျ။ ကြောင်းဆန်ကုန်ပြီ။ ကျုပ်မိန်းမကို ကျုပ် သဲသဲလှုပ် ချစ်လွန်းလို့ မိသဲလို့ နာမည်ပေးထားတာ။ ခု မိသဲ ကျုပ်ကို စွန့်ခွါသွားပြီ။

အဲဒီနေ့ကစပြီး မိတဆိုးသားလေး ပိုက်ထွေးကို ကျုပ် ခါတိုင်းထက်ပိုပြီး ဂရုစိုက်ခဲ့ပါတယ်။

စွန်ရဲကြီး ကောင်းကင်ကို ပျံတက်သွားပြီး မြင်ကွင်းကပျောက်သွားတော့မှပဲ ကျုပ် ပိုက်ထွေးဆီကို ပြေးလာခဲ့တယ်။ လဲနေတဲ့ ပိုက်ထွေးကို ကျုပ် ပွေ့ကြည့်လိုက်တော့ ကောင်းကင်က ပြုတ်ကျတာ အကျမတော်ဖြစ်ပြီး သူ့ရဲ့ ဘယ်ဘက်ခြေထောက် ခြေကျင်းဝတ် သွင်သွင်ကျိုးသွားတာကို တွေ့လိုက်ရပါတယ်။ သားလေးရဲ့ဝေဒနာကိုကြည့်ပြီး ကျုပ်တော်တော်ခံစားရတယ်ဗျာ။ သူ့ခမျာလည်း နာရှာလွန်းလို့ တကျိုကျိုနဲ့ အော်လိုက်တာလေ။ ကျုပ်တို့ရဲ့ အဖြစ်အပျက်တွေကို မြင်လိုက်တဲ့ ကျုပ်တို့သခင်က နာလွန်းလို့ အော်နေတဲ့ သားလေးပိုက်ထွေးကို လာဖမ်းပြီးတော့ ကျိုးသွားတဲ့ သူ့ရဲ့ ဘယ်ဘက်ခြေထောက်ကို မိတ်သလင်ဥတွေ ထုထောင်းပြီး အဝတ်နဲ့စည်းပေးလိုက်တယ်။ ပြီးတော့ ဝါးခြမ်းပြား နှစ်ခုနဲ့ ညှပ်ပြီး ခြေထောက်ကို စည်းပေးထားလိုက်တယ်။ (၁၀) ရက်လောက် အကြာမှာ ဝါးခြမ်းပြားတွေကို ဖြေပေးလိုက်တော့ သားလေး ခြေထောက် နည်းနည်းထောက်နိုင်လာတယ်။

နောက်ထပ် (၇) ရက် လောက်ကြာတော့ လုံးဝထောက်နိုင်လာတယ်။ ဒါပေမယ့် ကျိုးသွားလို့ အရိုးနှစ်ချပြန်ဆက်တဲ့ ခြေကျင်းဝတ်နေရာလေးကတော့ ဇီးစေ့ လောက် ဒဏ်ရာအဖုလေးဖြစ်နေပြီး အနီရောင်သမ်းနေတယ်။

သားလေးရဲ့ခြေထောက်က အဝါရောင်ဆိုတော့ အဲဒီ အနီရောင်ဖုလေးက အထင်းသားကြီးဖြစ်နေပြီး ကျုပ်သားလေးအတွက် သေရာပါဒဏ်ရာ ဖြစ်သွားတာပေါ့ဗျာ။

ကျုပ်သားလေးခြေထောက် ပြန်ကောင်းသွားတော့ ကျုပ်တို့ သားအဖနှစ်ကောင် တစ်နေ့ကို အချိန်နည်းနည်းစီပဲ 'ခွပ်လက်' လေ့ကျင့်ကြတယ်။ အဲဒီလို နဲနဲချင်းလေ့ကျင့်ရင်း တဖြည်းဖြည်းနဲ့ သားလေးရဲ့ ခြေထောက်ဒဏ်ရာဟာ လုံးဝပကတိ အကောင်းပြန်ဖြစ်သွားခဲ့ပါတယ်။ ဒီလိုနဲ့ ကျုပ်တို့သားအဖ 'သားခွဲ'ပြီး ခွပ်လက် ကျင့်နေရာကနေ တစ်လလောက်အကြာ ကျုပ်သားလေး အသက် သုံးလသားအရွယ် တစ်ညနေမှာ ကျုပ်နဲ့ ကျုပ်သားလေး ပိုက်ထွေးနဲ့ ရှင်ကွဲ ကွဲခဲ့ရပါတယ်။ ဖြစ်ပုံက ညနေတိုင်း ကျုပ်သခင်ရဲ့အိမ်ကို အရက်လာသောက်နေကျ ကျုပ်သခင်ရဲ့မိတ်ဆွေ ဦးသန်းအောင်ဆိုတဲ့ လူကြီးက သူ့နားကိုရောက်လာတဲ့ ကျုပ်သားလေးကို ရုတ်တရက်ဖုတ်ကနဲ ဖမ်းယူလိုက်ပြီး သူ့ရဲ့ လွယ်အိတ်ထဲကို ထည့်လိုက်တာ ကျုပ်မြင်လိုက်ရလို့ပါပဲ။

ကျုပ်ဒေါသဖြစ်ပြီး အဲဒီလူကြီးကို လိုက်ခွပ် ပါသေးတယ်။ ဒါပေမယ့် ကျုပ်ကိုပါ ဖမ်းမယ်လုပ်လို့ ကျုပ်ထွက်ပြေးခဲ့ရတယ်။ အဲဒီအချိန်က အိမ်ကလူတွေ ဘယ်သူမှ မသိလိုက်ကြ ဘူးဗျ။ အဲဒီ လူကြီးကလည်း ဒီအိမ်ကို လာနေကျလူဖြစ်နေတော့ သူ့ကို ကျုပ်သားလေး ဖမ်းသွားတဲ့လူလို့ ဘယ်သူမှ မထင်ကြဘူးလေ။

ညပိုင်း ကြက်တွေအိပ်တန်းတက်ချိန်ကျတော့မှဘဲ ကျုပ်သားလေးကိုစွန်ပဲ ချီသွားသလိုလို၊ ခွေးပဲ ကိုက်သွားသလိုလို၊ ကြောင်ပဲ ခုတ်သွား သလိုလိုနဲ့ ကျုပ်သားပျောက်တဲ့ ဇာတ်လမ်း ပြီးသွားခဲ့ပါတယ်။ ဒီလိုနဲ့ကျုပ်လည်း ကျုပ်သခင်အိမ်မှာ ကျုပ်မိန်းမ မိသဲနဲ့ သေကွဲကွဲ၊ ကျုပ်သားလေး ပိုက်ထွေးနဲ့ ရှင်ကွဲ ကွဲပြီး တစ်နှစ်လောက်အကြာ.. ကြက်ဝိုင်းမှာ ကျုပ်သားလေးနဲ့ ပြန်ဆုံရတာပါပဲ။

အခန်း (၇ )

ရွှေကြိုး..! ဝိုင်းလယ်မှာ တည်မယ်။

ကျုပ်ဘယ်လောက် အတွေးတွေလွန်သွားတယ်မသိပါဘူး။ ကျုပ်ကို ကပေးနေတဲ့ ကြက်ဆွဲ ကျုပ်သခင်ကို ဝိုင်းလယ်ဒိုင်ရဲ့ အော်ပြောသံကြားမှပဲ ကျုပ်အတွေးတွေ ရပ်တန့်သွားတယ်။ ကျုပ်သားလေးအပေါ်မှာပဲ စိတ်ကရောက်နေတော့ ကျုပ်သခင် ကျုပ်ကို ပြုစုပေးနေတာတွေကို ကျုပ် သတိမထားမိတော့ပါဘူး။ နောက်ပြီး ကျုပ်သားလေးအပေါ်ကိုလည်း အနိုင်မယူချင်တော့ဘူး။ သူ့ကိုလည်း ဒဏ်ရာအနာတရဖြစ်အောင် ထပ်ပြီး မခွပ်ချင်တော့ဘူး။

ကျုပ်ခွပ်ရင် ကျုပ်သားလေး သေသွားမှာပေါ့ဗျာ။ ကျုပ်ရဲ့ ခြေအတိုင်း အဆကို ကျုပ်သိတာပေါ့။ အခုကို ကျုပ်အတက်နဲ့ သူ့နားတွင်းကို ထိုးမိတာ သူမတ်တပ်ရပ်နိုင်ရင် ကံကောင်းလို့ပဲမှတ်။ မတ်တပ်ရပ်နိုင်ရင်လည်း သူ့နားတွေအုံ၊ မျက်စိတွေ ကြောင်တောင်တောင်ဖြစ်ပြီး ကျုပ်ကို ခွပ်နိုင်မှာ မဟုတ်ဘူးဆိုတာ ကျုပ်သိတာပေါ့။ ကျုပ်က ကျုပ်သားလေးကို မိတဆိုးလေးမို့ သိပ်ချစ်တာဗျ။ သူ့ကို ကျုပ် ဆက် မခွပ်ရက်တော့ဘူး။

နောက်ဆုံး ကျုပ် ဆုံးဖြတ်ချက်တစ်ခု ချလိုက်တယ်။ ကျုပ်က ကျုပ်သားလေးကို လုံးဝတက်ပြီး မခွပ်တော့ပဲ ကျုပ်သားက ကျုပ်ကို လိုက်ခွပ်တဲ့ ခွပ်လုံးခွပ်ကွက်တွေကိုပဲ ကျုပ်သက်သာအောင် ခုခံကာကွယ်ရင်းနဲ့ ညနေ နေဝင်တဲ့အထိ အချိန်ဆွဲသွားဖို့ ဆုံးဖြတ်လိုက် တယ်။ ဒါဟာ ကျုပ်အတွက် အကောင်းဆုံးနည်းလမ်းပဲ။ ဟုတ်တယ်။ ကျုပ်စဉ်းစားမိတာက ကျုပ်အတက်နဲ့ သားလေး'နဒွင်း' (နားတွင်း)ကို ထိုးမိထားလို့ သူခေါင်း တော်တော်နဲ့ ထောင်နိုင်မှာ မဟုတ်ဘူး။ သူ့ကြက်ဆွဲ ကြက်ကုကောင်းရင်တောင် သားလေး မူးနေအုံးမှာ။ သူ့ရဲ့ 'နဒွင်း'ထဲ ကျုပ် အတက်တဆုံး ထိုးသွင်းထားတဲ့ ဒဏ်ရာ ဘယ်သေးလိမ့်မလဲ။ အဲ့ဒီတော့ သူမူးမူးနဲ့ ကျုပ်ကို လိုက်ခွပ်ဦး၊ သူ့ခြေ ဘယ်လိုမှ ပြင်းပြင်းမခွပ်နိုင်တော့ဘူး။

အဲဒီလို သူမူးမူးနဲ့ခွပ်တဲ့ ခွပ်ချက်တွေကို ကျုပ်က ကာကွယ်ပြီး ခံစစ်ကို အထိုင်ချ၊ ခွပ်နေမယ်ဆိုရင် နောက်ခဏကြာရင် နေဝင်ပြီလေ။ အဲဒါဆိုရင် ကျုပ်တို့နှစ်ကောင် သရေကျပြီပေါ့။ ကျုပ်သားလေးကို ကျုပ် ဒီနည်းနဲ့ပဲ အကာအကွယ်ပေးရတော့မယ်။ အဲ့ဒီလိုနဲ့ ကျုပ်နဲ့ ကျုပ်သားလေး တတိယအချီ ဝိုင်းလယ် စည်းပေါ်ကို ရောက်ခဲ့ကြပြန်ပါတယ်။ အဲဒီမှာ ကျုပ်သားလေးရဲ့ အခြေအနေကို မြင်လိုက်ရတော့ ကျုပ် ရင်ထဲနင့်ပြီး မျက်ရည်တွေ ကျလာတယ်။ ကြည့်ပါဦးဗျာ... ကျုပ်သားလေးရဲ့ ဘယ်ဘက် နားထဲက သွေးတွေကျနေတယ်ဗျ။ ပြီးတော့ သူ့အမောက်ကို ကျုပ် အတက်နဲ့ ထိုးမိထားလို့ ကျလာတဲ့သွေးတွေကလည်း မျက်နှာပေါ်မှာ မြင်မကောင်းဘူး။ ကျုပ်သားလေး သွေးအထွက်များနေလို့ ဟန်ပဲရှိတော့တယ်။

ကျုပ်ကို ဒဏ်ရာအနာတရဖြစ်အောင် သူမခွပ်နိုင် တော့ဘူးဆိုတာ ကျုပ် အတတ်သိလိုက်ပါတယ်။ ဒါကြောင့် ကျုပ် သားကို ကျုပ်မခွပ်တော့ပဲ ခြောက်ရုံ၊ လှန့်ရုံ၊ မြူရုံနဲ့ပဲ ကြက်ပွဲကို အချိန်ဆွဲခေါ်သွားပြီး ကြည့်ကောင်းအောင် ထိန်းခွပ်နေခဲ့ပါတယ်။ သူတစ်လုံးခွပ်မှ ကျုပ်တစ်လုံး ကာကွယ်လိုက်ပါတယ်။ သူအခွပ်ရပ် သွားရင် ကျုပ်လည်း မြူသလိုလို လည်ဆံတခါခါလုပ်နေပြီး အချိန်ဆွဲ နေလိုက်ပါတယ်။

"ဟေ့ကောင် မောင်ငယ်..! မင်းကြက်က မလှုပ်နိုင်တော့တဲ့ 'ကြက် မသာ'ကို ကြည့်ပြီး ပြေးတော့မလို့လား"

ဟိုမှာကြည့်စမ်း..! မင်းကောင် ဘက်ဂီယာ သွင်းနေတယ်ကွ။

နောက်ကို ဆုတ် ဆုတ်နေတယ်။ ခါတိုင်းပွဲတွေလို ပွဲသိမ်းတိုက်ကွက် မခွပ်ပဲ ကျုပ်အချိန်ဆွဲ နေလို့ ကျုပ်သခင်ဦးမောင်ငယ်ကို သူ့ရဲ့ဘက်တော်သားတွေက အားမလို အားမရဖြစ်ပြီး အော်နေကြတာပါ။ အေးပေ့ါဗျာ။ တစ်ဘက်ကကြည့်တော့ လက်ဖဝါး၊ တစ်ဘက် က ကြည့်တော့လည်း လက်ဖမိုးပေ့ါ။ ကျုပ်ဘက်ကလည်း ပြန်ကြည့်ကြဦး၊ ကျုပ်နဲ့ ဒုံးမြင်းနဲ့က သားအဖတွေလေဗျာ။ တိရစ္ဆာန်ဆိုပေမယ့် ကျုပ်တို့မှာလည်း အသည်းနဲ့ဗျ။ မှတ်သားတတ်တဲ့ အသိဥာဏ်ရှိတယ်။ အဲဒီလို အသိဥာဏ်ရှိလို့လဲ ဒုံးမြင်းဟာ ကျုပ်သားလေး ပိုက်ထွေးဆိုတာသိတာပေ့ါ။

သူက ငယ်ငယ်လေးနဲ့ ကွဲသွားလို့ ကျုပ်ကို မမှတ်မိပေမယ့် ဖအေဖြစ်တဲ့ ကျုပ်က သူ့ကို မှတ်မိနေတယ်ဗျ။ အဲဒီလိုနဲ့ ကျုပ် အချိန်ဆွဲပြီး ပွဲကို ထိန်းခွပ်သွားတာ ဝိုင်းလယ်မှာ ကျုပ်ကလည်း တက်ပြီးမခွပ်၊ ဒုံးမြင်းကလည်း ကျုပ်ကို တက်မခွပ်နိုင်ဖြစ်ပြီးနေဝင်သွားလို့ အဲဒီပွဲဟာ ဘယ်သူ့ ဘယ်သူမှ အနိုင်မရဘဲ သရေပွဲအဖြစ် ပွဲသိမ်းခဲ့ပါတယ်။

အခန်း (၈ )

ဘုန်း !

ကရော့ !

ဘုန်း !

ကရော့ !

စည်းဝိုင်းထဲမှာ လဲနေတဲ့ကြက်ကို သေအောင် ပွဲသိမ်း တက်မခွပ်လို့ ဒေါသတကြီးဖြစ်နေတဲ့ ကျုပ်သခင်က ကြက်ပွဲလည်း ပြီးရော ကျုပ်ကို တောစပ်တစ်နေရာဆီ ပွေ့ယူသွားတယ်။ ပြီးတော့ အဲ့ဒီတောစပ်မှာ ကျုပ်ရဲ့ခြေထောက်နှစ်ချောင်းကိုကိုင်ပြီး မြေကြီးနဲ့ ရိုက်လိုက်တိုင်း ကျယ်လောင်တဲ့ ရင်ခေါင်းသံကြီးနဲ့ ကျုပ် နာကျင်စွာ အော်ခဲ့ရပါတယ်။ သတိလက်လွတ်နီးပါးလည်း ဖြစ်သွားခဲ့ပါတယ်။ တတိယအကြိမ် ကျုပ်သခင်က ကျုပ်ကို မြေကြီးနဲ့ ကိုင်ရိုက်ပြီးသတ်ဖို့ လေထဲကို အမြှောက်လိုက်မှာတော့ ကျုပ်နားထဲမှာ -

ဟေ့ကောင် မောင်ငယ်..! ဆိုတဲ့ အသံတစ်သံ ကြားလိုက်ပြီး ကျုပ်သခင်ဟာ ကျုပ်ကို ကိုင်မရိုက်တော့ပဲ လွှတ်ချလိုက်ပါတယ်။

ဟာ...! ဆရာ ! လာဗျာ။

"ဆရာဘယ်တုန်းက ဝိုင်းကို ရောက်လာတာလဲ" ဆိုပြီး သူ့ကို ကြက်ပညာတွေသင်ပေးခဲ့တဲ့ သူ့ဆရာကို ကျုပ်နဲ့ ဒုန်းမြင်းရဲ့ ပွဲစဉ်ကဖြစ်ကြောင်းကုန်စင်ကို ရင်ဖွင့်တော့တာပါပဲ။ အဲဒီမှာ သူ့ဆရာက -

ဒီမှာ မောင်ငယ်..!

ဒို့ဟာ ကြက်တိုက်တဲ့ အကုသိုလ် အလုပ်ကို ဒီအသက်အရွယ်ကြီးတွေနဲ့ လုပ်နေကြတာကိုက လွန်လှ ပါပြီကွာ။ ဒါတောင် မကျေနပ်နိုင်သေးပဲ သရေကျတဲ့ကြက်ကိုနိုင်အောင် မခွပ်ရကောင်းလားဆိုပြီး အခုလို ရိုက်သတ်ပစ်တာ ကျတော့ မင်း သိပ်ကို လွန်လွန်းသွားပြီကွ။

နောက်ပြီး မင်းက ကြက်သမား လုပ်နေပြီး သေချာမစူးစမ်းမဆင်ခြင်ဘဲ ကြက်တိုက်ဖို့ တစ်ခုပဲ သိတဲ့ကောင်။ ကိုယ်နဲ့တိုက်မယ့်ကြက်ရဲ့ ဇစ်မြစ်ကိုလည်း မစူးစမ်း မလေ့လာဘဲ တိုက်တယ်။ ခု မင်းတိုက်တဲ့ တစ်ဖက်ကြက်

'ဒုံးမြင်း'က မင်းကြက်'ရွှေကြိုး' ရဲ့ သားကွ။

မင်းကြက်နဲ့ ခွပ်ပေါက်တွေ တူနေလို့ ငါ သေချာ စုံစမ်းပြီးပြီ။ လွန်ခဲ့တဲ့ တစ်နှစ်လောက်က မင်းအိမ်မှာ လာလာနေတဲ့ မင်းသူငယ်ချင်း သန်းအောင်ဆိုတဲ့ကောင် မူးမူးနဲ့ ဖမ်းသွားတဲ့ ပိုက်ထွေး" တဲ့။

"ဗျာ! မနှစ်က ပျောက်သွားတဲ့ ပိုက်ထွေး ! ဟုတ်လားဆရာ!

အေး ! ဟုတ်တယ်။ အဲဒီကြက်ဟာ ပိုက်ထွေးမှ ပိုက်ထွေးအစစ်ကွ။ သန်းအောင် မှုးမှုးနဲ့ မင်းမသိအောင် ဖမ်းသွားပြီး တခြားလူတစ်ယောက်ဆီ ရောင်းစားပစ်လိုက်တာကနေ ဒီနှစ်မှာ ဒုံးမြင်းဆိုပြီး နာမည်ကြီးလာတာပဲ"

"ဩ ! ဒါကြောင့် ရွှေကြိုးက ဝိုင်းထဲ သူ့သား ဒုံးမြင်းလဲနေတဲ့ အချိန်မှာ အသေမခွပ်တာကိုး။ သူ့သားလေးကိုသူ မှတ်မိနေတယ်ပေါ့။

ကျွန်တော် မှားသွားတယ်ဆရာ။ ကျွန်တော် အရမ်းကို မှားသွားပါတယ်။

ရွှေကြိုး ! ရွှေကြိုးရေ ! သား ! ရွှေကြိုး!

တုန်တုန်ရီရီဖြစ်နေတဲ့ ကျုပ်သခင်ရဲ့ နောင်တသံတွေကို ကြားနေရပေမယ့် ကျုပ် သူနဲ့ဝေးရာကို ထွက်ခွာသွားခဲ့ပါတယ်။

မြေကြီးနဲ့ ကိုင်အရိုက်ခံထားရလို့ ကျုပ်ရဲ့ နံဘေးတွေအောင့်ပြီး အသက်ရှူရတာ ကြပ်ကြပ်လာတယ်။ ဒါကြောင့် ကျုပ်ကို လွှတ်ထားပြီး သူ့ဆရာနဲ့ သူနဲ့ စကားလက်ဆုံကျနေကြတုန်းမှာ နီးရာခြုံပုတ်တစ်ခုထဲ ပြေးဝင်အနားယူလိုက်ပြီးတဲ့နောက်မှာတော့ ကျုပ်အသက်ရှူရတာ နည်းနည်းချောင်လာပါတယ်။

အဲဒီနောက် ကျုပ်အမှောင်ထုကို အားပြုပြီး ခြုံပုတ်တွေ တစ်ခုပြီးတစ်ခုထဲ တိုးဝင်ပုန်းလျှိုးခဲ့ပြီး ရက်စက်တဲ့ ကျုပ်သခင်လက်ကနေ လွတ်အောင် ပြေးနိုင်ခဲ့ပါတယ်။

ရွှေကြိုးရေ ! သား !ရွှေကြိုး ! ဆိုပြီး အရူးတစ်ပိုင်းနဲ့ ကျုပ်နာမည်ကို အော်ခေါ်နေတဲ့ ကျုပ်သခင်ရဲ့ ပျားရည်လူး ခေါ်သံ တွေဟာ ကျုပ်နားထဲ သံရည်ပူတွေ လောင်းချခံရသလိုကို ခံစား ခဲ့ရပါပြီ။

ဒါပေမယ့် တစ်ခါတစ်လေမှာ လောကဓံတရားဟာ သိပ်ကို ဆန်းကြယ်ပါလားဆိုတာ အခု ကျုပ်လက်တွေ့ သိလိုက်ရပါတယ်။ တနေ့က ကြက်ပွဲမှာ ကိုယ့်သားအရင်းခေါက်ခေါက်နဲ့ ဆုံတွေ့ခဲ့ရပြီး ရှုံးနိမ့်နေတဲ့ ကျုပ်သားကို သေအောင်ဆက်ပြီး မခွပ်ရကောင်းလားဆိုပြီး သခင်လုပ်သူက ဒေါသတကြီးနဲ့ အသေကိုင်ရိုက်ခံခဲ့ရတဲ့ ဘဝကနေ မသေဘဲ အမှောင်ထုကို အားပြုပြီး ထွက်ပြေးလွတ်မြောက်လာခဲ့ရတဲ့ကျုပ်။

ဟော..! နောက်တစ်နေ့။ ကျုပ် ကံထလာတော့ မိုးလင်းလို့ ခြုံပုတ်ထဲကလည်းထွက်ရော ဆရာ့လို ကြင်နာသနားတတ်တဲ့သူနဲ့ ပက်ပင်းတွေ့ခဲ့ရတယ်လေ။ လူသူမနီးတဲ့ တောအုပ်ကလေးထဲမှာ 'ပြုန်း'ဆို တွေ့လိုက်ရတဲ့ ကျုပ်ကို တကစ်ကစ်နဲ့ ချော့မြှူ ဖမ်းယူ သွားပြီး ရေတိုက်၊ အစာကျွေးရုံတင်မကပဲ ကျုပ်ကိုယ်ပေါ်က ဒဏ်ရာဒဏ်ချက်တွေ အမြန်ပျောက်အောင် မောရိယမန်းဆေးတွေခွံ့၊ ဒါဏ်ရာတွေကို ရေနွေးငွေ့နဲ့ ကျုပ်ထုပ်ထိုးပေးတာတို့အထိ ဂရုတစိုက် ပြုစုပေးလို့ ပြောမပြတတ်အောင် ပီတိဖြစ်ခဲ့ရပြီး ကျုပ်ရဲ့အသက်သခင် ကျေးဇူးရှင် ဆရာ့ကို အထူးပဲ ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ဆရာရယ် ကျုပ်က စကားပြောရင် အကျင့်ပါနေလို့ "ကျုပ်" "ကျုပ်" ဆိုပြီး ရိုင်းရိုင်းစိုင်းစိုင်း ပြောမိတာကိုတော့ ခွင့်လွှတ် ပေးပါနော်။

အခန်း (၉)
အရှေ့အရပ်၌ရှိသော အနန္တစကြာဝဠာ

အနန္တ သတ္တဝါ တို့
"ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ"
"ဒေါသခပ်သိမ်း ငြိမ်းကြပါစေ"

ဟော ! ဘုန်းကြီးကျောင်းက မေတ္တာတောင် "ပို့"နေပြီ။

ဆရာ ပြန်တော့နော်။ ညဥ့်နက်နေပြီ။ ကျုပ် အတွက် စိတ်ချပါ။ ဆရာတော်ကြီးကလည်း ကျုပ်ကို ဒီကျောင်းမှာပဲ ဘေးမဲ့ပေးထားပါ့မယ်လို့ ဆရာ့ကို ပြောထားပြီးပြီပဲ။ ကျုပ် ဒီကျောင်းမှာ လိမ်လိမ်မာမာနေပြီး သာသနာကို အကျိုးပြု တဲ့အနေနဲ့ ကျောင်းသားလေးတွေ နံနက်စောစော ဆွမ်း ထချက် ရအောင် ကျုပ် အချိန်မှန်မှန်တွန်ပြီး နှိုးပေးဖို့ ဆုံးဖြတ်ထားပါတယ်။

အဲ့ဒီလို အချိန်မှန်မှန် တွန်ပေးလို့ရတဲ့ ကုသိုလ်ကောင်းမှုကြောင့် ဘဝဆက်တိုင်းဆက်တိုင်း ဒီလိုအဖြစ်ဆိုးတွေ၊ ဒီလိုဝဋ်မျိုးတွေနဲ့ မကြုံပါရစေနဲ့လို့လည်း ကျုပ် အခါခါ ဆုတောင်းသွားမှာပါ။

အော် ! ဒါနဲ့ ဆရာ !

ဟို ဟိုလေ...

ကျုပ်ကတော့ ဆရာ့လို ကြင်နာသနားတတ်တဲ့သူနဲ့ တွေ့ပြီးဘုရားရိပ် တရားရိပ်ဖြစ်တဲ့ ဟော့ဒီ ဘုန်းတော်ကြီးကျောင်းမှာ အသက်ဘေးမဲ့ ပေးလှူခံရလို့ "ကြက်ပွဲ" ဆိုတဲ့ သတ်တဲ့ ပုတ်တဲ့ လောကထဲကနေ အပြီးအပိုင် လွတ်မြောက်လာခဲ့ပြီး - အေးချမ်းတဲ့..ဘဝလေးကို..ပိုင်ဆိုင်ခွင့်.. ရလာခဲ့ပေမယ့်

ဟင့် ! ဟင့် ! ရှွတ် !

ကျုပ် တရားမရှိလို့ မဟုတ်ပါဘူး ဆရာရယ်။ ကျုပ် တရားမရှိလို့ မဟုတ်ရပါဘူး။ နော်..။

ဒါပေမယ့် ဒါပေမယ့်

ကျန်ရစ်ခဲ့တဲ့ ကျုပ်သားလေး ပိုက်ထွေးအကြောင်း တွေးမိ တိုင်း...

ကျွပ်လေ

ကျွပ်

ကျွပ်

အီး ! ဟီး ! ဟီး ! ဟီး !

အီး ! ဟီး ! ဟီး ! ဟီး !

အနောက်အရပ်၌ရှိသော အနန္တစကြာဝဠာ
အနန္တ သတ္တဝါတို့

အိး !ဟိး !ဟိး !ဟိး !

"ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ"
"ဒေါသခပ်သိမ်း ငြိမ်းကြပါစေ"
"ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ"
"နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ"

တူ.. ဝေ.. ဝေ.. ဝေ.. ဝေ.. ဝေ...

တူ.. ဝေ.. ဝေ.. ဝေ.. ဝေ.. ဝေ...

တူ.. ဝေ.. ဝေ.. ဝေ.. ဝေ.. ဝေ...

ကိုကိုလတ်(ဆည်မြောင်း)

(မိမိ ၉တန်းကျောင်းသားအရွယ်က မန္တလေးမြို့မြောက်ဘက်၊ ညောင်ကွဲကျေးရွာ ညောင်ပင်ကြီးအောက်တွင် ကြုံတောင့်ကြုံခဲ တွေ့ကြုံခဲ့ရသည့် "ရွှေကြိုး" နှင့် "ဒိုးမြင်း" ဖအေနှင့်သားတွေ့ဆုံခဲ့သည့် ကြက်ပွဲအား အခြေခံ၍ မိဘမေတ္တာဘွဲ့ကို ပြန်လည်ခံစား ရေးဖွဲ့ခြင်းဖြစ်ပါသည်။ ကြက်သူရဲကောင်း သားအဖနှစ်ကောင် ဖြစ်လေရာဘဝတိုင်း ဤအဖြစ်မျိုးမှ ကင်းဝေးပြီး ကောင်းရာမွန်ရာ ဘုံဘဝများသို့ ရောက် ကြပါစေသော်။)
(၂၀၁၀-ခုနှစ်၊ ဇူလိုင်လထုတ် ပေဖူးလွှာရသစုံမဂ္ဂဇင်း၊ အတွဲ(၁)၊ အမှတ်(၁၁)စာမျက်နှာ ၁၇၀ - ၁၈၀ မှ)


ရွှေကြီးနှင့် ဒိုးမြင်း
ကိုကိုလတ် (ထည်မြောင်း)